## January to March 2026

"Principles for Christian Service:

Based on the Book of Nehemiah"

*by Rev Dr Nelson Ng'uono Were*

---------------------------------------------------

ကြာသပတေး၊ ဇန်နဝါရီ (၁)
**နေဟမိ ၁း၁-၄**
မာကု ၁၀း၄၂-၄၅

*"သင်တို့တွင် အကဲအမှူးပြုလိုသော သူသည် သင်တို့ အစေခံဖြစ်ရမည်"*

## အမှုတော် ဆောင်ရွက်လိုသော စိတ်နှလုံး (၁)

နေဟမိ မှတ်စာသည် ဗာဗုလုန် ကျွန်ခံရာပြည်မှ ဣသရေလလူများ ပြန်လည်လွတ်မြောက်လာသော အချိန်၌ ဖြစ်ပျက်သောအမှုဖြစ်ပါသည်။ ထိုပြန်လည်လွတ်မြောက်လာခြင်းသည် ဣသရေလလူများအတွက် ဘိုးဘွားပိုင်မြေသို့ ခန္ဓာကိုယ်အားဖြင့် ပြန်လည် အခြေချနေထိုင်ခြင်း သာမက၊ ဘုရားသခင်နှင့် မိသာဟာရဖွဲ့ခြင်း ပြန်လည်တည်ဆောက်ခြင်းလည်း ဖြစ်ပါသည်။ နေဟမိ မှတ်စာသည် ဘုရားသခင်၏အမှုတော် ဆောင်ရွက်ခြင်းအမှုနှင့် ကိုယ်နှင့်စပ်ဆိုင်သောသူတို့၏အမှု ဆောင်ရွက်ခြင်း အကြောင်းဖြစ်ပါသည်။ ဤမှတ်စာထဲတွင် ခေါင်းဆောင်ဖြစ်ဖို့ရန် ကိုယ်တိုင် ကြိုးစားအားထုတ်ခြင်း မပြုသော်လည်း၊ အခြေအနေနှင့် ဘုရားသခင်၏ ခွဲခန့်မှတ်သား လမ်းပြတော်မူခြင်းအားဖြင့် ခေါင်းဆောင်ဖြစ်လာသော လူတစ်ဦး၏အကြောင်းကို တွေ့ရပါသည်။ ထို့ကြောင့်၊ ဤမှတ်စာထဲတွင် "ခရစ်ယာန် အမှုတော်နှင့်ဆိုင်သော၊ ဦးဆောင်မှုနှင့်ဆိုင်သော နည်းဥပဒေသများ" ကို ကျွန်ုပ်တို့အတွက် ဖော်ပြထားပါသည်။

<u>ငါသည် ရှုရှန် နန်းတော်၌ ရှိနေစဉ်</u> (နေဟမိ ၁း၁)။ ဤမှတ်စာသည် အတ္ထုပ္ပတ္တိဖြစ်သည်နှင့်အညီ၊ နေဟမိက မိမိအား ဘုရားသခင်နှင့် သူ့လူမျိုး၏ အမှုတော် ဆောင်ရွက်ဖို့ရန် တွန်းပို့သော အခြေအနေ ဖော်ပြခြင်းဖြင့် စတင်ခဲ့ပါသည်။ ထိုသို့ဖော်ပြစဉ်၊ နေဟမိက အစေခံ၏ စိတ်နှလုံးကို ကျွန်ုပ်တို့အား တစေ့တစောင်း မီးမောင်းထိုးပြခဲ့၏။ နေဟမိသည် သူတပါးကို ဂရုစိုက်တတ်သော စိတ်နှလုံးရှိလျက် ကြိုးစားအားထုတ်ခြင်းရှိသော သူဖြစ်ကြောင်း တွေ့ရပါသည်။ နေဟမိအတွက် အမှုတော် ဆောင်ခြင်း တံခါး ဖွင့်ပေးသော အဖြစ်အပျက်သည် သာလွန် ထူးခြားသော အဖြစ်အပျက် မဟုတ်ဘဲ၊ နေ့စဉ် ပုံမှန်ဖြစ်ပျက်သော သာမန် ရိုးရိုး အဖြစ်အပျက်သာလျှင် ဖြစ်ပါသည်။

<u>ငါသည် သိမ်းသွားခြင်းကို ခံရသော ယုဒလူစုထဲက လွတ်သောသူတို့၏ အကြောင်းအရာ . . . ကို မေးမြန်းလျှင်</u> (နေဟမိ ၁း၂)။ ဤမေးခွန်းအားဖြင့် နေဟမိသည် ကျွန်ခံရာမှ လွတ်မြောက်သော သူများနှင့် ယေရုရှလင်မြို့အခြေအနေကို အလွန် စိတ်ဝင်စားကြောင်း သိရပါသည်။ များသောအားဖြင့် နှုတ်ဆက်ခြင်းကို မေးခွန်း ပုံစံဖြင့် ဖော်ပြတတ်ကြ၏။ "သင်နှင့် သင့်မိသားစု နေကောင်းကြလား" စသဖြင့် နှုတ်ဆက်ခဲ့ကြပါသည်။ သို့သော်လည်း၊ ထိုသို့ နှုတ်ဆက်စဉ် ဝတ်ကျေတန်းကျေ ကျွန်တော်တို့ ပြုသလော (သို့) စိတ်ထဲမှ အထူးဂရုစိုက်ခြင်းဖြင့် ပြုသလော။ နေဟမိ ပြုသော အမှု၊ ယေရုရှလင်မြို့ရိုး တည်ဆောက်ခြင်း၊ ကဲ့ရဲ့ခံရခြင်းကို ပြန်လည် ပြုပြင်ခြင်းနှင့် ဇေရု၏ ဝိညာဉ် ရေးရာ နိုးကြားမှု ဖော်ဆောင်ခြင်းတို့သည် ဟာနန်နှင့် "ယုဒလူအချို့" အား ထိုသို့သော သာမန် မေးခွန်း၊ နှုတ်ဆက်ခြင်းမှ စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပါသည်။ ထိုနှုတ်ဆက်ခြင်းသည် များစွာသော ကျွန်ုပ်တို့အတွက် ဘာမှ မဟုတ်ခဲ့သော်လည်း၊ နေဟမိအတွက်မူ သူကိုယ်တိုင် မသိနားမလည် ခဲ့သော အမှုတော်နှင့် ဦးဆောင်မှုအတွက် လမ်းစဖြစ်ခဲ့ကြောင်း ကျမ်းစာ၌ ဖော်ပြခဲ့ပါ၏။ ဘုရားသခင်၏ အမှုတော်နှင့် ဘုရားလူတို့၏အမှုတော် ဆောင်ရွက်လိုသော စိတ်နှလုံးသည် ဘုရားသခင်၏ဘုန်းတော်ထင်ရှားဖို့ရန် ထိုသို့ ဆောင်ရွက်ရသော အခွင့် အမှန် ရရှိလိမ့်မည်ဖြစ်၏။

**ဆင်ခြင်ရန်** - (၁ ကော ၁၅း၅၈ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်အား အစေခံ စိတ်နှလုံး ပေးသနားတော်မူပါ။

**နေဟမိ ၁း၅-၁၁**

ဒံ ၉း၃-၁၉

*"အကျွန်ုပ်တို့သည် ဒုစရိုက်များကို ရှောင်၍ သမ္မာတရားတော်ကို နားလည်ခြင်း အလိုငှါ၊ အကျွန်ုပ်တို့ ဘုရားသခင် ထာဝရဘုရားထံတော်၌ မတောင်းပန်ဘဲ နေကြပြီတကား"*

## အမှုတော် ဆောင်ရွက်လိုသော စိတ်နှလုံး (၂)

ခရစ်ယာန် အမှုတော်သည် လက်တွေ့ဆောင်ရွက်ခြင်းမှ စတင်သည် မဟုတ်ပါ။ ထိုသို့ ဆောင်ရွက်မည့်သူ၏ စိတ်နှလုံးထဲမှ စတင်ခဲ့ခြင်းဖြစ်ပါသည်။ ခရစ်ယာန် အမှုတော် ဆောင်ရွက်ခြင်းသည် အမှုဆောင်ရွက်မည့်သူ၏ စိတ်နှလုံးထဲမှ မွေးဖွားလာခြင်းဖြစ်ပါသည်။ နေဟမိ၏စိတ်နှလုံးသည် ကြိုးစားအားထုတ်ခြင်း၊ ဂရုစိုက်ခြင်းကို ဖော်ပြသည်သာမက၊ ဆုတောင်းခြင်းနှင့် သမ္မာသတိရှိခြင်း စိတ်နှလုံးကို ဖော်ပြလျက်ရှိပါသည်။ F.B. Meyer က မိမိ ရေးသားသော စာအုပ် "The Secret of Guidance" ထဲတွင်၊ "ဘဝ၏ အကြီးမားဆုံး ဝမ်းနည်းစရာသည် ဆုတောင်းချက် မပြည့်စုံခြင်း မဟုတ်ဘဲ၊ ဆုမတောင်းခြင်းပင်ဖြစ်ပါသည်" ဟု ဆိုခဲ့ပါသည်။

<u>ကောင်းကင်ဘုံ၏ အရှင်ဘုရားသခင့် ရှေ့တော်၌ ဆုတောင်း ခဲ့၏</u> (နေဟမိ ၁း၄)။ နေဟမိသည် မိမိ၏စိတ်နှလုံး လေးလံ စေသော ထိုသတင်းကို ဘုရားသခင်ထံ ဆုတောင်းခြင်းဖြင့် အဦးဆုံး တုန့်ပြန်ခဲ့ပါသည်။ ပြန်လည်ပြုပြင် လိုခြင်း၊ မိမိလူတို့ ကြုံတွေ့ရသော အခက်အခဲ ဖယ်ရှားလိုခြင်း ရှိသောကြောင့် သူသည် ဆုတောင်းခြင်းဖြင့် အစပြုခဲ့ပါသည်။ ကျွန်တော်တို့သည် သူတပါးကို မစလိုသော ဆန္ဒရှိသောအခါ၊ ဆုတောင်းခြင်း မပြုဘဲ အလျင်စလို ဆောင်ရွက်သောအခါ မှားယွင်းမှု ရှိတတ်ပါသည်။ ခရစ်ယာန် အမှုတော် ဆောင်ရွက်ခြင်း၏ အခြေခံ အုတ်မြစ်သည် ဘုရားသခင်ထံ ဆုတောင်းခြင်းနှင့် နာခံခြင်းပင်ဖြစ်ပါသည်။ ယေရုရှလင်မြို့အပေါ် ထားရှိသော စိတ်ဆန္ဒအားဖြင့် နေဟမိ၏ စိတ်နှလုံး ပူပန်ခြင်းကို တွေ့ရသော်လည်း၊ ဘုရားသခင်၏ လမ်းပြခြင်းကို ဆုတောင်းခြင်းဖြင့် ကြိုးစားရှာဖွေခြင်းက သူ၏ သစ္စာရှိမှု စိတ်နှလုံးကို ဖော်ပြလျက်ရှိပါသည်။

နေဟမိ၏ အမှုတော် ဆောင်လိုခြင်း စိတ်ဆန္ဒက ဆုတောင်းခြင်းကို ပြုစေလျက်၊ သူ၏ ဆုတောင်းချက်က သူ၏ ဘုရားသခင် နှုတ်ကပတ်တော် သိကျွမ်းမှုကို ဖော်ပြလျက်ရှိပါသည်။ ထိုသို့ ဆုတောင်းစဉ်၊ သူသည် ဘုရားသခင်၏နှုတ်ကပတ်တရားတော်နှင့် မိမိ၏ အခြေအနေကို မျက်မှောက်ပြုခဲ့ပါသည်။ သူသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဖတ်ရှုလျက်၊ ထိုနှုတ်ကပတ်တော်နှင့် အညီ ဆုတောင်းခဲ့ပါသည်။ Spurgeon က "ဆုတောင်းခြင်း မပြုသော၊ အနည်းငယ်သာ ပြုသော၊ ကျမ်းစာ မဖတ်သော သူသည် စိတ်နှလုံး ဝမ်းမြောက်ခြင်း မရှိသော၊ ခြောက်သွေ့သော အသက်တာ ပိုင်ဆိုင်သောသူ ဖြစ်လိမ့်မည်။ သို့သော်လည်း၊ မိမိ၏ ဘုရားသခင်နှင့် တိတ်တဆိတ် မိသာဟာရဖွဲ့သောသူ၊ ဘုရားသခင်၏နှုတ်ကပတ်တော် နှစ်သက် ဆင်ခြင်သောသူ၊ ခရစ်တော်ထံ မိမိ၏ စိတ်နှလုံး ဆက်ကပ်သောသူမူကား၊ စိတ်နှလုံး ဝမ်းမြောက်ခြင်းနှင့် ပြည့်ဝပါလိမ့်မည်။ သူ၏ စိတ်နှလုံး အတိုင်း၊ သူ၏အသက်တာလည်း ဖြစ်လိမ့်မည်" ဟု ဆိုခဲ့ပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ စိုးရိမ်ပူပန်မှုများကို ဆုတောင်းခြင်းဖြင့် ဘုရားသခင်ထံ ယူဆောင်ခဲ့ပါသလား။

**ဆုတောင်းချက်-** (ဆာလံ ၈၆း၁-၁၁ ကို ဖတ်ပါ)။

စနေ၊ ဇန်နဝါရီ (၃)
**နေဟမိ ၁း၄-၁၁**
ဟေရှာ ၆၁-၈

*"ငါက၊ အကျွန်ုပ်ရှိပါ၏။ အကျွန်ုပ်ကို စေလွှတ်တော်မူပါဟု လျှောက်လေ၏"*

## အမှုတော် ဆောင်ရွက်လိုသော စိတ်နှလုံး (၃)

နေဟမိသည် ထိုသို့ ဆုတောင်းစဉ် ဘုရားသခင်၏နှုတ်ကပတ်တော်၊ မိမိ၏ အခြေအနေနှင့် ဘုရားသခင်၏အမှုတော် ဆောင်ရွက်ခြင်း၌ ကြုံတွေ့နိုင်သော အဆီးအတားများကို သိမှတ်ခဲ့ပါသည်။ သူ၏ဆုတောင်းချက်သည် ကျမ်းစာနှင့် ကိုက်ညီလျက်၊ မိမိကိုယ်တိုင်၏ဆန္ဒ လည်းဖြစ်ပါသည်။ နေဟမိသည် မိမိ၏ အခြေအနေ၊ ဘုရားသခင်၏ ဖြောင့်မတ်တော်မူခြင်း၊ သူတို့၏ အပြစ်များကို သိမှတ်လျက်၊ ယေရုရှလင်မြို့နှင့် လွတ်မြောက်သွားသောသူများအတွက် တစုံတခု ပြုလိုသောသူတို့၏ စိတ်ဆန္ဒကို ဖော်ပြခဲ့ပြီး၊ ထိုအမှုအတွက် ကြုံတွေ့နိုင်သော အဆီးအတားများကိုလည်း သိမှတ်ခဲ့ပါသည်။

<u>အို ဘုရားရှင်၊ . . . ဤလူရှေ့မှာ မျက်နှာရပါမည်အကြောင်း ကယ်မသနားတော်မူပါ</u> (နေဟမိ ၁း၁၁)။ နေဟမိ၏ ဆန္ဒသည် ဘယ်အချိန်၌ လက်တွေ့ဆောင်ရွက်ဖို့ရန် ဆုံးဖြတ်ချက်အဖြစ်သို့ ပြောင်းလဲခဲ့သည်ကို ကျွန်တော်တို့ မသိခဲ့ရပါ။ သို့သော်လည်း၊ ထိုဆုံးဖြတ်ချက်နှင့်အတူ ကြီးမားသော အခက်အခဲ ရင်ဆိုင်ကြုံတွေ့မည်အကြောင်း သိမှတ်ရပါသည်။ ဧသတာ ဝတ္ထုအားဖြင့် ရှင်ဘုရင်၏ အမျက်တော် ထွက်စေခြင်းနှင့် ကြိုတင်အကြောင်းကြားခြင်း မရှိဘဲ ရှေ့တော်သို့ ဝင်ရောက်ခြင်း၏ အန္တရာယ်ကြီးမှုကို သိကြရပြီး၊ နေဟမိ ရင်ဆိုင်ရမည့် အခက်အခဲကိုလည်း ကျွန်တော်တို့ ခန့်မှန်းနိုင်ကြပါသည်။ ခရစ်ယာန် အမှုတော်သည် အဆင်ပြေမှ လုပ်ဆောင်မည့် အမှု မဟုတ်ဘဲ၊ ဆက်ကပ်သော စိတ်နှလုံးဖြင့် ဆောင်ရွက်ရမည့် အမှုဖြစ်ပါသည်။ အဆင်ပြေမှ ယေရှုအတွက် တစုံတခု ဆောင်ရွက်မည့်သူသည် ဘာမှ မဆောင်ရွက်ဘဲ နေပါလိမ့်မည်။ နေဟမိသည် မိမိ၏ စိတ်ပူပန်မှုအပေါင်းနှင့် အနာဂတ်ကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံခဲ့ပါသည်။ ထိုသို့ နေဟမိ ပြုခြင်းသည် မိုက်မဲစွာ ပြုခြင်းမဟုတ်ဘဲ၊ စိတ်အားထက်သန်စွာ မိမိကိုယ်ကို ဘုရားသခင်၏လက်တော်ထဲသို့ ဆက်ကပ်လျက် ဘုရား အသုံးတော်ခံဖြစ်ဖို့ရန် အဆင်သင့် ရှိခြင်းပင်ဖြစ်ပါသည်။ ရှင်ဘုရင်သည် ကြီးမြတ်သော်လည်း လူသားတစ်ဦး ပင်ဖြစ်ပါသည်။ ထို့ကြောင့်၊ ဘုရားသခင် အလိုတော်ရှိလျှင် ထိုဘုရင်ရှေ့တော်၌ မျက်နှာသာ ရမည်ဖြစ်သောကြောင့်၊ ဆုတောင်းသောအခါ၊ "ဤလူ" ဟု ရှင်ဘုရင်ကို ရည်ညွှန်းခဲ့ပါသည်။ ကျွန်တော်တို့သည်လည်း ခက်ခဲသော ကာလ၌ အသက်ရှင်လျက်၊ မိမိကိုယ်စီ လုပ်ဆောင်ရမည့် တာဝန်များ ရှိကြ၏။ နေဟမိ ကဲ့သို့၊ ကျွန်ုပ်တို့၏ လုပ်ငန်း တာဝန်များသည် ခရစ်ယာန် အမှုတော်ဆောင်ခြင်းအတွက် စိန်ခေါ်မှုဖြစ်နိုင်ပါသည်။ သို့သော်လည်း၊ ထိုတာဝန်များကြောင့် ခရစ်ယာန်အမှုတော် ဆောင်ရွက်ခြင်းကို ကျွန်တော်တို့ မပျက်ကွက်ရပါ။ ဆုတောင်းခြင်းဖြင့် ဘုရားသခင်ထံ အပ်နှံလျက်၊ အသင်းတော်၌ အသုံးဝင်သော၊ အကျိုးရှိသော တန်ဆာပလာ ဖြစ်မည်အကြောင်း အခွင့်ကောင်း ပေးသနားတော်မူရန် ဘုရားသခင်ထံ ကြိုးစား ဆက်ကပ်ကြပါစို့။

**ဆင်ခြင်ရန်** - ဘဝသည် ခက်ခဲ ကြမ်းတမ်းသော်လည်း၊ ဆောက်ရွက်လိုသောစိတ်ရှိလျှင် ဘုရားသခင်၏အမှုတော် ဆောင်ရွက်ဖို့ရန် အခွင့်ရှိပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ရှုပ်ထွေးလျက်ရှိသော ဘဝ အလယ်၌ အမှုတော်ဆောင်ရွက်မည့် အချိန် ပိုင်ဆိုင်တွေ့ရှိမည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ မတ် (၃၁)
၂ ပေ ၃း၁၁-၁၈
ဖိလိ ၃း၇-၁၆

*“သွေးဆောင်ရာသို့ လိုက်၍၊ သင်တို့ တည်ကြည်ခြင်းမှ မရွေ့လျော့မည်အကြောင်း”*

## အမှုတော် ဆောင်ရွက်ခြင်းနှင့်ဆိုင်သော သင်ခန်းစာများ (၂)

ကယ်တင်ရှင် ဘုရားသခင်၏အမှုတော် ဆောင်ရွက်ဖို့ရန် အခွင့်ကောင်းကို စောင့်လျက်၊ ကျွန်တော်တို့ ပြင်ဆင်သောအခါ၊ ဝိညာဉ်အရေး၌ ကျဆုံးခြင်းရှိနိုင်ကြောင်းကို မမေ့သင့်ပါ။ သမိုင်းကိုငှင်း၊ မိမိတို့၏ အတိတ်ကိုငှင်း အောက်မေ့လျက်၊ (မိမိကိုယ်တိုင် အပါအဝင်) လူသည် အားနည်းသောသူဖြစ်ကြောင်း သတိထားပါလော့။ ကျွန်တော်တို့သည် သမ္မာသတိရှိကြရပါမည်။ သစ္စာရှိဖို့ လိုပါသည်။ နေဟမိမှတ်စာထဲတွင်၊ ဝတ်ပြုခြင်း၌ လူထု လက်တွေ့ပါဝင် တုန့်ပြန်မှုကို တွေ့ရပြီး၊ ခရစ်ယာန်အသက်တာ၊ ဝတ်ပြုကိုးကွယ်ခြင်းနှင့် အမှုတော် ဆောင်ရွက်ခြင်းတွင် နှုတ်ကပတ်တော်၏ အဓိကကျမှုကို လေ့လာခဲ့ပါသည်။ လူထု လက်တွေ့ တုန့်ပြန် ပါဝင်ခြင်းသည် ဖတ်ရွတ်လျက် အနက်ဖွင့်သော ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဘုရားသခင်၏သားသမီးများ နားလည်သဘောပေါက်ခြင်းမှ အဓိက ပေါက်ပွားလာခြင်းဖြစ်ပါသည်။ နှုတ်ကပတ်တော် ဖတ်ဖို့ရန်၊ ကျက်မှတ်ဖို့ရန်၊ နားလည်သဘောပေါက်လျက် နာခံ လိုက်လျှောက်ဖို့ရန် ဆုံးဖြတ်ချက် ချကြပါစို့။ နေဟမိမှတ်စာမှ၊ အောက်ပါအချက်ကို အောက်မေ့ကြပါစို့၊

<u>သမ္မာသတိရှိခြင်း၊ ဆုံးဖြတ်ချက် ခိုင်မာခြင်း၊ သမ္မာကျမ်းစာ နားလည်သဘောပေါက်လျက် အသီးအခြားနေခြင်း အစဉ် ရှိဖို့လိုအပ်ပါသည်</u>။ နေဟမိ ၈ မှ ၁၃ ထဲ၌ တွေ့ရသော၊ ဝိညာဉ်နှင့်ဆိုင်သော အမှုတော် ဆောင်ရွက်ခြင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်းတွင်၊ ရှေးရိုးစွဲ နည်းလမ်းအတိုင်း မဟုတ်ဘဲ၊ ဘုရားသခင်၏နှုတ်ကပတ်တော်အတိုင်း ဆောင်ရွက်ရပါမည်။ ဝိညာဉ်အသက်တာ တိုးတက် ကြီးထွားခြင်းသည် ပြည့်စုံပြီးဟူ၍ မရှိသော ယုံကြည်သူတိုင်း ကြိုးစားရမည့်အမှု ဖြစ်ပါသည်။ ထို့ကြောင့်၊ ဘုရားသခင်၏နှုတ်ကပတ်တော် ယုံကြည်ကိုးစားခြင်း၊ နာခံ လိုက်လျှောက်ခြင်းသည် ကျွန်ုပ်တို့၏ မပြီးဆုံးနိုင်သော တာဝန်ဖြစ်ပါသည်။ ယဇ်ပုရောဟိတ်မင်း ဧလျာရှိပ်ကို အောက်မေ့ပါလော့၊ သူသည် မြို့ရိုးတည်ဆောက်ခြင်း၌ စံနမူနာပြ ဦးဆောင်ခဲ့သောသူ၊ ကျွန်ခံရာပြည်မှ ပြန်လာခဲ့သော ယဇ်ပုရောဟိတ် ယောရှု၏မြေးဖြစ်ခဲ့သော်လည်း၊ ရောနှောခြင်းအပြစ်ကို ကျူးလွန်ခဲ့ပါသည်။ ဇေရနှင့် လေဝိသားတို့၏ သစ္စာရှိသော နှုတ်ကပတ်တော် ဟောပြောခြင်းအမှုကြောင့် လူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော် နားလည်သဘောပေါက်ခြင်း၌ ကြီးထွားခြင်း ရှိခဲ့ကြသည်ကို မမေ့ပါနှင့်။ သူတို့သည် ဘုရားသခင်ထံ ဆက်ကပ်လျက် အသီးအခြားနေဖို့ရန် ဆုံးဖြတ်လျက် စာချုပ်ရေးထားခဲ့ကြပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော် နာခံခြင်းအားဖြင့်၊ သူတို့သည် ကျမ်းစာနှင့်ကိုက်ညီသော ဝတ်ပြုကိုးကွယ်ခြင်းနှင့် အမှုတော် ဆောင်ရွက်ခြင်းကို ပြုခဲ့ကြပြီး၊ ပညတ်တော်အတိုင်း လိုလိုလားလား ပေးလှူခြင်းဖြင့် ယဇ်ပုရောဟိတ်များနှင့် လေဝိသားတို့ကို ထောက်ပံ့ခဲ့ကြပါသည်။ နောက်ဆုံး၌၊ ထိုအမှုတို့ကို ရောနှောနေထိုင်ခြင်း အပြစ်ကြောင့် ပျက်စီးခဲ့သည်ကို မမေ့ပါနှင့်။ ပြုခဲ့သော ဆုံးဖြတ်ချက်၊ သစ္စာဂတိမှ လျင်မြန်စွာ လမ်းလွဲခဲ့ကြပါသည်။ သူတို့နည်းတူ၊ ကျွန်တော်တို့သည်လည်း ကျဆုံးနိုင်သော လူများဖြစ်ကြပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကသာလျှင် ကျွန်ုပ်တို့ကို သစ္စာရှိလျက်၊ မလဲကျအောင် စောင့်ရှောက်နိုင်၏။ ကျွန်ုပ်တို့၏ မြဲမြံခိုင်မာမှုသည် ခရစ်တော်၏နှုတ်ကပတ်တော်၌ ရပ်တည်မှု ရှိမရှိပေါ်၌ မူတည်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် မိမိသားသမီးများကို လမ်းပြခေါ်ဆောင်တော်မူလိမ့်မည်။
**ဆုတောင်းချက်-** (ဆာလံ ၄၃ ကို အသုံးပြုပါ)။



တနင်္ဂနွေ၊ ဇန်နဝါရီ (၄)
**နေဟမိ ၂း၁-၈**
ဧဇ ၄း၇-၂၄

*“အခွင့်မပေးမည်တိုင်အောင် ထိုသူတို့သည် မြို့ကို မတည်ဘဲ နေစေမည်အကြောင်း အမိန့်တော်ကို ဆင့်ဆိုကြလော့”*

## အမှုတော်အတွက် လိုအပ်သော အကျင့်တရား (၁)

ခရစ်ယာန် အမှုတော်သည် ဘုရားသခင် ဖွင့်ပြတော်မူသော သမ္မာကျမ်းစာ၌ အခြေခံထားရမည်ဖြစ်ပြီး၊ ထိုကျမ်းစာ သွန်သင်ချက်တရား၏ အုပ်စိုး လမ်းပြမှုကို ခံရမည်ဖြစ်ပါသည်။ ဘဝ အသက်တာ၌ ကျွန်တော်တို့ လိုက်လျှောက်သော အကျင့်တရား နှင့် အတွေးအမြင်တို့သည် ကျွန်ုပ်တို့ပြုသော ဆုံးဖြတ်ချက်တွင် အခြေခံထားလေ့ရှိပါသည်။ အခြေအနေနှင့် အဖြစ်အပျက်များက တခါတရံတွင် ကျွန်ုပ်တို့၏ဆုံးဖြတ်ချက်ကို လွှမ်းမိုးထားလေ့ရှိပါသည်။ အရာခပ်သိမ်းနှင့် အဖြစ်အပျက် အလုံးစုံအပေါ်၌ ဘုရားသခင်သည် အဆုံးစွန် အာဏာရှိတော်မူကြောင်း၊ အရာရာတိုင်း၌ ထိုဘုရားသခင်၏ လမ်းပြ ကွယ်ကာ စောင့်ရှောက်တော်မူကြောင်းကိုငှင်း ကျွန်တော်တို့ ယုံကြည်ခဲ့လျှင်၊ ထိုယုံကြည်ခြင်းက ကျွန်ုပ်တို့၏ အသက်တာနှင့် ကိုယ်ကျင့်တရားကို ပုံပြင်လိမ့်မည်ဖြစ်၏။

<u>အထက်က တခါမျှရှေ့တော်၌ ညှိုးငယ်သော မျက်နှာကို မပြဘူး</u> (နေဟမိ ၂း၁)။ ဤနေဟမိ၏ စကားက သူသည် မည်ကဲ့သို့သော သူဖြစ်ကြောင်းကို ဖော်ပြလျက်ရှိပါသည်။ သူ၏စိတ်နှလုံး လေးလံ ပူပန်ခြင်းရှိလျက်၊ အလွန်အရေးကြီးလှသော ဘဝအပြောင်းအလဲဖြစ်စေသော ဆုံးဖြတ်ချက် ချရမည့် အခြေအနေ၌ ရပ်တည်ခဲ့ပါသည်။ မိမိ၏ စိတ်ဆန္ဒ ဖြစ်သော ဘုရားသခင်၏အမှုတော် ဆောင်ရွက်ဖို့ရန် ဘုရားသခင်၏ လမ်းပြ အခွင့်ပေးခြင်းကို စောင့်လျက် နေစဉ်ပင်သူသည် ဘုရင့် နန်းတော်၌ မိမိ၏တာဝန်ကို ကျေပွန်စွာ ထမ်းရွက်လျက်ရှိ၏။ နေဟမိ အလုပ်အကျွေး ပြုစုသော ရှင်ဘုရင်သည် ဧဇရ ၄း၇၊ ၈၊ ၁၁ ၌ ဖော်ပြလျက်သော၊ ယေရုရှလင်မြို့၌ အလုပ် ဆက်မလုပ်ဖို့ရန် အမိန့်ထုတ်ပြန်သော ဘုရင်ဖြစ်ကြောင်း သိမှတ်ရပါသည်။ အခန်းကြီး ၂ ၌ဖြစ်ပျက်သောအမှုသည် ရှင်ဘုရင် ရှေ့တော်၌ မိမိ၏တာဝန်ကို ထမ်းရွက်ဖို့ရန် ခေါ်ခြင်းခံရပြီး၊ ကျေပွန်စွာ နေဟမိ ထမ်းရွက်ခြင်းမှ စတင်သော အမှုများဖြစ်ပါသည်။ အထက်က “ရှေ့တော်၌ ညှိုးငယ်သော မျက်နှာ” မပြဘူးဟု နေဟမိ ဖော်ပြခဲ့ပါသည်။

<u>ဝမ်းနည်းဟန် ရှိပါသည်တကားဟု မိန့်တော်မူလျှင်၊ ငါသည်အလွန်ကြောက်၍</u> (နေဟမိ ၂း၂-၃)။ ရှင်ဘုရင်သည် နေဟမိ စိတ်ဒုက္ခ ခံစားနေရကြောင်း သိတော်မူသဖြင့်၊ ထိုသို့ ဝမ်းနည်းရခြင်း အကြောင်းရင်းကို မေးမြန်းတော်မူခဲ့ပါသည်။ ထိုအခါ၊ နေဟမိသည် အလွန်ကြောက်ရွံ့ခဲ့၏၊ အကြောင်းမှာ သူ၏စိတ်နှလုံး ပူပန်စေသောအမှုသည် အရင်က တားမြစ် အမိန့်ထုတ်တော်မူခဲ့သော အကြောင်း ဖြစ်ပါသည် (ဧဇ ၄း၂၁)။ သူတောင်းလျှောက်မည့်အရာသည် နိုင်ငံရေးနှင့် ပက်သက်သော အရာဟု ထင်မှတ်မည်လော၊ နေဟမိအား သစ္စာဖောက်ဟု မှတ်ယူပါမည်လော။ သို့သော်လည်း၊ နေဟမိသည် ထိုအမှုကို ရှင်ဘုရင်ထံ နိုင်ငံရေးအကြောင်း မဟုတ်၊ လူမှုရေး၊ မိသားစု အရေး အဖြစ် သတိရှိစွာ တင်ပြခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင် ကိုးစားခြင်းသည် ကျွမ်းကျင်မှု ဖယ်ရှားခြင်း မဟုတ်ပါ။
**ဆုတောင်းချက်-** (ဆာလံ ၅၆း၁-၄ ကို အသုံးပြုပါ)။

တနင်္လာ၊ ဇန်နဝါရီ (၅)

**နေဟမိ ၂း၁-၈**

ဒေ ၉း၁-၁၂

*"ဆောင်ရွက်စရာ အမှုရှိသမျှကို ကြိုးစားအားထုတ်၍ ဆောင်ရွက်လော့"*

## အမှုတော်အတွက် လိုအပ်သော အကျင့်တရား (၂)

ခရစ်ယာန် အသက်တာ၏ အခြေခံအုတ်မြစ်သည် ဘုရားသခင်၏ လမ်းပြ ကွယ်ကာ စောင့်ရှောက်တော်မူခြင်းကို ယုံကြည်ကိုးစားခြင်းပင်ဖြစ်ပါသည်။ ထိုယုံကြည်ခြင်းကို ဘဝအခြေအနေတိုင်း၌ လက်တွေ့ ဖော်ဆောင်ရမည်ဖြစ်ပါသည်။ ဆိုလိုသည်မှာ၊ ထိုယုံကြည်ခြင်းက ကျွန်တော်တို့ကို လုပ်ဆောင်ရမည့် တာဝန်ဝတ္တရား ပေးထား၏။ ထိုသို့ ယုံကြည်ခြင်းဖြင့် ဘဝအခြေအနေတိုင်းကို ချဉ်းကပ်သောအခါ၊ ကျွန်တော်တို့သည် မလိုလားအပ်သော ပြဿနာ၊ အန္တရာယ်များကို သတိနှင့် သေချာ ရှောင်ရှားဖို့လိုပါသည်။ ရှင်ဘုရင် ရှေ့တော်၌ အခက်အခဲတွေ့စဉ် ထိုသို့ နေဟမိသည် လိမ္မာပါးနပ်စွာ ရင်ဆိုင်တုန့်ပြန်ခဲ့ပါသည်။ ဤသည်ကား ဘဝ၌ ဘုရားသခင် ယုံကြည်ခြင်းနှင့် လိမ္မာပါးနပ်ခြင်းပင်ဖြစ်ပါသည်။ သို့သော်လည်း၊ ကျွန်ုပ်တို့၏ အမှုအကျင့်နှင့် စိတ်သဘောထား အကြောင်းလည်း ရှိပါသေး၏။

<u>*အထက်က* တခါမျှရှေ့တော်၌ ညှိုးငယ်သော မျက်နှာကို မပြဘူး</u> (နေဟမိ ၂း၁)။ "အထက်က" ဟူသော စကားလုံးက၊ အရင်က နေဟမိ၏ စိတ်သဘောထားနှင့် အကျင့်မည်သို့ ရှိခဲ့ကြောင်းကို ထင်ဟပ် ဖော်ပြခဲ့ပါသည်။ ယနေ့ခေတ် "လောကီအမှု" နှင့် "ဝိညာဉ်အမှု" ခွဲခြားမှုက အချို့ ခရစ်ယာန်များအား ဝိညာဉ်အရေးတွင် သစ္စာရှိဖို့လိုအပ်ပြီး၊ လောကီအမှုတွင် သစ္စာရှိဖို့ မလိုအပ်ဟု ထင်မှတ်စေခဲ့ပါသည်။ သစ္စာရှိခြင်းနှင့် ကြိုးစားအားထုတ်မှုသည် အလုပ်တိုင်း၌ လိုအပ်သော အကျင့်တရားဖြစ်ပါသည်။ ဝိညာဉ်အမှုတွင် လုပ်ဆောင်သောသူအပေါင်းတို့သည် သခင်ဘုရားထံ လုပ်ဆောင်သည်ဟူသော စိတ်သဘောထားဖြင့် လုပ်ဆောင်ကြရ၏။

<u>အဘယ်သို့ တောင်းလျှောက်ချင်သနည်းဟု မေးတော်မူ၏။ . . . ကောင်းကင်ဘုံ၏အရှင် ဘုရားသခင်အား ဆုတောင်းပြီးမှ လျှောက်လေ၏</u> (နေဟမိ ၂း၄)။ ရှင်ဘုရင်၏ မေးခွန်းက နေဟမိ၏ ဝိညာဉ်နှင့်ဆိုင်သော အကျင့်တရားကို ဖော်ထုတ်ခဲ့ပါသည်။ အချို့အမြင်၌ ရှင်ဘုရင်နှင့် နေဟမိ၏ အခြေအနေသည် လောကီအမှုဖြစ်သည်ဟု ထင်မှတ်နိုင်သော်လည်း၊ နေဟမိသည် အသက်တာ၌ ရှိခဲ့သော ဝိညာဉ်အကျင့်တရားကို အခြေခံလျက် တုန့်ပြန်ခဲ့ပါသည်။ ရှင်ဘုရင်၏မေးခွန်းကလည်း သူတို့အကြား၌ ရှိသော ဆက်နွယ်မှုကို ပြသခဲ့ပါသည်။ မိမိ၏ သစ္စာရှိသော အစေခံ၏ စိတ်ခံစားချက်ကို သိလိုသည်သာမက၊ တောင်းလျှောက်လိုသောအရာကိုလည်း သိလိုခဲ့ပါသည်။ ဘုရားသခင်၏ အမှုတော် ဆောင်ရွက်လိုသောသူသည် ဝိညာဉ်နှင့်ဆိုင်သောသူ၊ မိမိ၏ တာဝန်ဝတ္တရား အပေါင်း၌ အလုပ်ကြိုးစားသောသူ၊ သမ္မာသတိရှိသောသူ၊ ဆုတောင်းသောသူ ဖြစ်ရပါမည်။

**ဆင်ခြင်ရန်** - အမှုတော်ဆောင်ရွက်ခြင်းနှင့် ဆုတောင်းခြင်း၌ ကြိုးစားအားထုတ်ခြင်းသည် သစ္စာရှိသော အစေခံ၏လက္ခဏာ ဖြစ်ပါသည်။

**ဆုတောင်းချက်-** အိုအဖဘုရား၊ အကျွန်ုပ်အား ကြိုးစားအားထုတ်သော လက်နှင့် ထက်သန်သော စိတ်နှလုံး ပေးသနားတော်မူပါ။



တနင်္လာ၊ မတ် (၃၀)

**၂ ပေ ၃း၁၁-၁၈**

ဖိလိ ၃း၇-၁၆

*"ယခု မှီသမျှအတိုင်း တနည်းတည်းကျင့်၍ တသဘောတည်း ရှိရကြမည်"*

## အမှုတော် ဆောင်ရွက်ခြင်းနှင့်ဆိုင်သော သင်ခန်းစာများ (၁)

နေဟမိမှတ်စာက ခရစ်ယာန် အမှုတော် ဆောင်ရွက်ခြင်းအတွက် ကျွန်ုပ်တို့အား အလွန်အရေးကြီးသော သင်ခန်းစာများနှင့် နည်းဥပဒေသများ ပေးခဲ့ပါသည်။ ဤမှတ်စာအားဖြင့်၊ နေဟမိ၏ အသက်တာမှ မြို့ရိုး တည်ဆောက်ခြင်းအမှု၌ (နေဟမိ ၁-၆) သူ၏ ဆောင်ရွက်လိုခြင်း၊ အစီအစဉ်ဆွဲခြင်း၊ စီမံကွပ်ကဲခြင်းနှင့် ထိန်းသိမ်း ကွယ်ကာခြင်းတို့ကို ကျွန်တော်တို့ လေ့လာ သင်ယူခဲ့ပါသည်။ ထို့ပြင်၊ လူထု ဝတ်ပြုခြင်း၌ ပါဝင်သော အချက် သုံးချက်ကို လေ့လာလျက်၊ လူထု၏ လက်တွေ့ တုန့်ပြန် အမှုဆောင်ရွက်ခြင်းကို ကျွန်တော်တို့ အထူး လေ့လာခဲ့ကြပါသည်။ ထိုလေ့လာခဲ့သော အချက်များအားဖြင့်၊ ဘုရားသခင်သည် ကျွန်ုပ်တို့အား ကြီးထွားပြောင်းလဲခြင်းရှိမည်အကြောင်း သနားခြင်း ကျေးဇူးပြုလျက်၊ ဉာဏ်ပညာ ပေးသနားတော်မူပါစေ။ အသစ်ပြုပြင်သော ရည်ရွယ်ချက်နှင့် စိတ်အားထက်သန်မှု၊ သမ္မာသတိရှိခြင်းနှင့် ကယ်တင်ရှင် ဘုရားသခင်ထံ ဆက်ကပ်ခြင်း စိတ်သဘော ကျွန်ုပ်တို့၌ ရှိပါစေသော်။ ဤနေဟမိမှတ်စာမှ၊ အောက်ပါအချက်ကို အောက်မေ့ ကြပါစို့၊

<u>ဆောင်ရွက်ခြင်းအမှု အောင်မြင်လျက်၊ ဝိညာဉ်အရေး ကျဆုံးခြင်း ရှိနိုင်ပါသည်</u>။ နေဟမိသည် မိမိစိတ်ထဲ၌ ဘုရားသခင် ထားတော်မူသောအမှု၊ ထိုကြီးသောအမှုကို ဆောင်ရွက်ဖို့ရန်၊ ဆုတောင်းခြင်း၊ စနစ်တကျ အစီအစဉ် ဆွဲခြင်းဖြင့် ယေရုရှလင်မြို့သို့ ရောက်လာခဲ့ကြောင်း သတိရလိုက်ပါ။ ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ဖို့ရန် ဆုတောင်းလျက်၊ အစီအစဉ် ဆွဲလိုက်ပါ။ ဘုရားသခင်သည် သင့်ကို အောင်မြင်မှု ပေးနိုင်၏၊ ပေးလည်း ပေးပါလိမ့်မည်။ ရောက်လာသောအခါ၊ နေဟမိသည် ပြုရမည့်အမှု၏ အကျယ်အဝန်းကို လေ့လာလျက်၊ လူတို့အား ဘုရားသခင်၏အမှုတွက် ထကြဖို့ရန် တိုက်တွန်း နှိုးဆော်ခဲ့ပါသည်။ ထိုအမှု၌ မပါဝင်သင့်သောသူ၊ မဆိုင်သောသူများကို မပါဝင်စေဘဲ၊ မြို့ရိုး တည်ဆောက်ခြင်း၌ ဆောက်လုပ် ဆောင်ရွက်သောသူများကို စီမံ ကွပ်ကဲလျက်၊ အစဉ် အားပေး တိုက်တွန်းခဲ့ပါသည်။ ထိုအမှုတော် ဆောင်ရွက်စဉ် သူကြုံတွေ့ခဲ့သော စိန်ခေါ်မှုများကို မမေ့ပါနှင့်။ သူ့ကို တိုက်ခိုက်သော ရန်သူ၏ မနားတမ်း ကြိုးစားအားထုတ်မှုကိုလည်း သတိရလိုက်ပါ။ အဘယ်သူကို မျိုရမည်နည်းဟု ကျွန်ုပ်တို့၏ရန်သူသည်လည်း လှည့်လည် ရှာဖွေလျက် ရှိကြောင်း သိမှတ်ကြပါစို့ (၁ ပေ ၅း၈)။ ထိုသို့ ရန်သူ၏ သွေးဆောင်ခြင်း၊ ဆန့်ကျင်ခြင်း ခံရစဉ် နေဟမိသည် အစဉ် ဆုတောင်းခဲ့ကြောင်း မမေ့ပါနှင့်။ သူသည် မိမိဆုံးဖြတ်ချက်ကို စွဲကိုင်လျက်၊ အလုပ်ကိုသာ အဓိက အာရုံစိုက် ခဲ့ပါသည်။ ထိုအမှုကို အရာအားလုံးထက် အရေးကြီးဆုံးသောအမှု ဖြစ်သည်ဟု အဆုံးတိုင်အောင် စွဲကိုင်ထားပါသည်။ ရန်သူ၏ သွေးဆောင်ခြင်းကြောင့်သော်၎င်း၊ အဖိုးအခ ပေးလျက် ငှါးထားသောသူများ၏ ခြိမ်းခြောက်ခြင်းကြောင့်သော်၎င်း၊ လမ်းမလွဲဖို့ရန် မိမိကိုယ်ကို သတိပေးခဲ့ပါသည်။ ဘုရားသခင်အတွက် ထိုကြီးသောမှုကို ရက်ပေါင်း ၅၂ ရက်အတွင်း ပြီးစီး ဆောင်ရွက်နိုင်ဖို့ရန် နေဟမိ စတေးခဲ့သော ပေးဆပ်မှုကို မမေ့ပါနှင့်။ ဘုရားသခင် ဆောင်ရွက်စေတော်မူသောအမှု၌ ကျွန်တော်တို့လည်း အောင်မြင်မှု ရရှိနိုင်ပါသည်။ အခက်အခဲနှင့် စိန်ခေါ်မှုအောက်၌ ကျွန်တော်တို့သည် ဘုရားသခင်၏ဘုန်းတော် ထင်ရှားစေဖို့ရန် ဆက်ကပ်ခြင်း၊ ခံနိုင်ခြင်းနှင့် သစ္စာရှိစွာ ကြိုးစားအားထုတ်ခြင်း ရှိဖို့ လိုပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် မိမိချစ်သော သားသမီးများကို လမ်းပြခေါ်ဆောင် တော်မူ၏။

**ဆုတောင်းချက်-** (ဆာလံ ၄၃ ကို အသုံးပြုပါ)။

တနင်္ဂနွေ၊ မတ် (၂၉)
**နေဟမိ ၁၃း၁၅-၃၁**
၁ တိ ၆း၁၁-၁၆

*"ယုံကြည်ခြင်းနှင့်ဆိုင်၍ ကောင်းစွာသောတိုက်လှန်ခြင်းကို ပြုလော့။ ထာဝရအသက်ကို ကိုင်ယူလော့"*

## လူထု ဝတ်ပြုခြင်း၌ ပါဝင်သော အချက်များ (၂၄)

အသက်တာ ပြုပြင်ပြောင်းလဲခြင်းတွင် သမ္မာသတိရှိခြင်းနှင့် ဆုံးဖြတ်ချက် ခိုင်မာခြင်း လိုအပ်သည်သာမက၊ နားလည်သဘောပေါက်ခြင်းလည်း လိုအပ်ပါသည်။ တချို့တဝက် ပြုပြင်ပြောင်းလဲခြင်း ဟူ၍ မရှိနိုင်ပါ၊ အကြောင်းမှာ ထိုအနည်းငယ်သော အချို့ရောနှောခြင်းက အဖွဲ့အစည်းတခုလုံးကို ဖျက်ဆီးတတ်ပါသည်။ နေဟမိသည် ယေရုရှလင်မြို့၌ ဖြစ်ပျက်သောအမှုများကို ရင်ဆိုင်ဖြေရှင်းသောအခါ၊ ထိုအမှုအားလုံး၏ အမျိုးမျိုးသောအချက်များ၊ ဆက်နွယ်မှု မရှိဟု ထင်ရသော အချက်များကိုပင် စီရင်ဖြေရှင်းဖို့လိုပါသည်။ ကျွန်တော်တို့သည် အသက်တာ၏ အချို့သောအချက်ကို လျစ်လျူရှုလျက်၊ သမ္မာတရားနှင့် ဘုရားသခင်အမှု၌ ရပ်တည်ပါသည်ဟု မဆိုနိုင်ပါ။ သမိုင်း၌ ရှင်းလင်းစွာ တွေ့ရသည်မှာ၊ လမ်းလွဲခြင်း၊ မှားယွင်းခြင်းသည် ဘုရားသခင်၏တရားအလုံးစုံကို ငြင်းပယ် တိုက်ခိုက်ခြင်းဖြင့် စတင်သည် ဟုတ်ဘဲ၊ အချို့သောတရားကို ငြင်းပယ်ခြင်းဖြင့် စတင် ခဲ့ခြင်းဖြစ်ပါသည်။

<u>ထိုကာလ၊ . . . စုံဘက်သော ယုဒလူအချို့တို့ကို ငါမြင်၏</u> (နေဟမိ ၁၃း၂၃)။ ဤ ထိမ်းမြားခြင်းအမှု၌၊ လမ်းလွဲခြင်းရှိကြောင်း တွေ့ရပါသည်။ နေဟမိ ၁၀ တွင်၊ လူတို့၏ ဆုံးဖြတ်ချက် မှာ၊ "ကိုယ်သမီးတို့ကို ပြည်သားတို့အား မပေးစား၊ ပြည်သားသမီးတို့ကို ကိုယ်သားတို့အဘို့ မသိမ်း မယူဘဲ နေပါမည်" (နေဟမိ ၁၀း၃၀) ဟူ၍ဖြစ်ပါသည်။ ထိုသို့သော ဆုံးဖြတ်ချက်မှ သွယ်ဖယ်လျက်၊ အဘယ်သို့ အချို့သောသူသည် ဤသို့ ပြုခဲ့ကြပါသနည်း၊ "အာဇုတ် အမျိုး၊ အမ္မုန် အမျိုး၊ မောဘ အမျိုးသမီးနှင့် စုံဘက်၍ . . . သူတို့သားသမီးတို့သည် ယုဒ စကားကို မပြောတတ်၊ အာဇုတ်စကား တဝက် အစရှိသော အသီးအသီး ဘာသာစကားကို ပြောတတ်ကြ၏" (နေဟမိ ၁၃း၂၃-၂၄)။ စံနှုန်း ဥပဒေကို စွဲကိုင်လိုက်လျှောက်ဖို့ရန်၊ သမ္မာသတိရှိခြင်း၊ ဆုံးဖြတ်ချက်ခိုင်မာခြင်းနှင့် နားလည် သဘောပေါက်ခြင်း လိုအပ်ခဲ့ပါသည်။ အချက် တချက် လျစ်လျူရှုခြင်းက အရာအားလုံးကို ပျက်စီး စေနိုင်ပါသည်။ သူတို့၏ လမ်းလွဲမှုကို လူထုက သဘောမပေါက်၊ နားမလည်ခဲ့ကြပါ။ နေဟမိက သူတို့ကို အပြစ်တင် စီရင်လျက်၊ "သင်တို့သည် ကိုယ်သမီးတို့ကို ပြည်သားတို့အား မပေးစားရ။ ပြည်သား သမီးတို့ကို ကိုယ်သားတို့ အဘို့ မသိမ်းမယူရ . . . ဟု ဘုရားသခင်ကို တိုင်တည်၍ ကျိန်ဆိုစေ၏" (နေဟမိ ၁၃း၂၅)။ သမ္မာကျမ်းစာ၌ တွေ့ရသော၊ ရှောလမုန်၏ တပါးအမျိုးသမီးများ မယားအဖြစ်ယူခြင်း၏ ဆိုးကျိုးကို ဖော်ပြလျက် သတိပေးခဲ့ပါသည် (နေ ၁၃း၂၆)။ ထိုမှားယွင်းခြင်း အမှုကို ပြု၍၊ ယဇ်ပုရောဟိတ်မင်း၏မြေးသည် သမ္ဘာလတ်၏ သမီးကို လက်ထပ်ယူခဲ့ပါသည် (နေ ၁၃း၂၈)။ နေဟမိက အသီးအခြားနေခြင်း ပြုရန် တိုက်တွန်းခဲ့ပါသည်။ ထိုယဇ်ပုရောဟိတ်မင်း၏မြေး ကို လူထုအတွက် စံနမူနာအဖြစ် ဖော်ပြခဲ့ပါသည်။ ပေါလုက ၁ တိ ၅း၁၉-၂၀ တွင် ထိုသို့သော အမှုကို ပြုဖို့ရန် တိမောသေအား တိုက်တွန်းခဲ့ပါသည်။ "သူကို ငါနှင်ထုတ်၏" (နေဟမိ ၁၃း၂၈) ဟုဆိုလျက်၊ "ကြွင်းသောသူတို့သည် ကြောက်စေခြင်းငှါ အပြစ်ရှိသောသူတို့ကို လူအပေါင်းတို့ရှေ့မှာ အပြစ်တင်၍ ဆုံးမလော့" (၁ တိ ၅း၂၀) ဟူသောအချက်ကို လက်တွေ့ ဆောင်ရွက်ခဲ့ပြီး၊ "ယုဒ အမျိုးသားတို့ကို တပါးအမျိုးသားအပေါင်းတို့နှင့် ကင်းစင်စေ" (နေဟမိ ၁၃း၃၀) ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ရောနှောခြင်းက ဘုရားသခင်၏အလိုတော်ကို ကျွန်ုပ်၏လိုအင်ဆန္ဒဖြင့် အစားထိုးစေတတ်၏။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်အား ပြုရမည့် ဝတ္တရားကို သိစေတော်မူလျက်၊ သစ္စာရှိမည်အကြောင်း မစတော်မူပါ။



အင်္ဂါ၊ ဇန်နဝါရီ (၆)
**နေဟမိ ၂း၁-၈**
လု ၁၄း၂၅-၃၃

*"သင်တို့တွင် တယောက်သောသူသည် တိုက်ကို တည်မည်ဟု အကြံရှိလျှင်၊ . . . ရှေ့ဦးစွာ ထိုင်၍ ကုန်စရိတ်ကို မချင့်တွက်ဘဲ နေမည်လော"*

## အမှုတော်အတွက် လိုအပ်သော အကျင့်တရား (၃)

ခရစ်ယာန် အမှုတော်သည် ပြုခြင်းဖြင့် မဟုတ်ဘဲ၊ စိတ်နှလုံးမှ စတင်ခြင်းဖြစ်ပါသည်။ နေဟမိ အခန်းကြီး ၁ ထဲတွင် အစေခံ၏ စိတ်နှလုံးကို မြင်တွေ့ခဲ့ရပါသည်။ အခန်းကြီး ၂ တွင်၊ အစေခံ၏ အကျင့်တရား လေ့လာ ဆင်ခြင်ခြင်း၌၊ နေဟမိ၏ စိတ်သဘောထားကို ကျွန်တော်တို့ မြင်တွေ့ခဲ့ရပါသည်။ ထိုစိတ်သဘောထားမှုကား ညှိုးငယ်သောစိတ်ကို မစတော်မူသော သမ္မာသတိရှိခြင်းပင်ဖြစ်ပါသည်။ ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်မည်ဆိုလျှင်၊ ဘုရားသခင်ထံ ချဉ်းကပ်လျက်၊ အလိုတော်နှင့် နှုတ်ကပတ်တရားတော်ကို သိဖို့ ကြိုးစားအားထုတ်ဖို့လိုပါသည်။ ထို့ပြင် ဆောင်ရွက်မည့်အမှုနှင့် ပတ်သက်သောအရာများ၊ လိုအပ်ချက်များကို ကောင်းကောင်း နားလည်သဘောပေါက်ဖို့လည်း အရေးကြီးလှပါသည်။ ဆိုလိုသည်မှာ၊ ခရစ်ယာန် အမှုတော်တွင် သမ္မာသတိရှိခြင်းနှင့် နားလည်သဘောပေါက်ခြင်း စိတ်သဘော လိုအပ်ပါသည်။

<u>ငါကလည်း အရှင်မင်းကြီး . . . အား လျှောက်လေ၏</u> (နေဟမိ ၂း၅)။ နေဟမိသည် ရှင်ဘုရင် သိလိုသောအကြောင်းအရာကို လိမ္မာစွာ၊ ပညာနှင့်ယှဉ်လျက် ပြန်လျှောက်ခဲ့ပါသည်။ သူသည် သစ္စာရှိစွာ၊ ဆက်ကပ်သောအသက်တာဖြင့် ဘုရင့်အမှုကို ထမ်းဆောင်ခဲ့သောကြောင့် ရှင်ဘုရင်၏ မျက်နှာပေးခြင်းကို ခံခဲ့ရပါသည်။ ထို့ပြင် ရှင်ဘုရင်၏မေးခွန်းကို ဘုရားသခင်ထံ ဆုတောင်းခဲ့ပြီးမှ ပြန်လျှောက်ခဲ့ခြင်းဖြင့် နေဟမိသည် သမ္မာသတိရှိသောသူ၊ စိတ်ကြည်လင်သောသူ ဖြစ်ကြောင်း ထင်ရှားလှပါသည်။ ပထမအချက်၊ ရှင်ဘုရင်၏မေးခွန်း၌ မျှော်လင့်ချက်၊ ဝမ်းမြောက်စရာ ထင်ဟပ်ခဲ့သော်လည်း၊ မိမိအား ထိတ်လန့်စေခဲ့သော အရင် မေးခွန်းအတိုင်း (နေဟမိ ၂း၂) ပင် လိမ္မာပါးနပ်စွာ ချဉ်းကပ် လျှောက်တင်ခဲ့ပါသည်။ သမ္မာသတိရှိလျက်၊ မြို့အမည်ကို မဖော်ပြဘဲ၊ "ကျွန်တော် ဘိုးဘေး သင်္ချိုင်းရှိရာမြို့" ဟု လျှောက်ခဲ့၏။

<u>သင်သွားလျှင် အဘယ်မျှ ကာလကြာလိမ့်မည်နည်း</u> (နေဟမိ ၂း၆)။ နေဟမိနှင့် ရှင်ဘုရင်တို့သည် အပြန်အလှန် စကားပြောလျက်၊ နေဟမိက ကောင်းမွန်စွာ ဆင်ခြင် ရေးဆွဲထားသော မိမိ၏အစီအစဉ်ကို လျှောက်တင်ခဲ့ပါသည်။ မိမိလုပ်ဆောင်လိုသောအမှု ပြီးမြောက်ဖို့ အချိန် ဘယ်လောက် လိုအပ်ကြောင်း သေချာ စဉ်းစားခဲ့ပါသည်။ အလုပ်အတွက် အချိန်ဇယား ချပြလျက် (နေဟမိ ၂း၆)၊ မြစ်အနောက်ဘက်၌ ရှိသော မြို့ဝန်များထံ ပြသမည့် (အလုပ်နှင့် ခရီးသွားလာခြင်း အတွက် လိုအပ်သော ထောက်ခံစာများ) ရုံးစာရွက်စာတမ်းများကို တောင်းပြီး (နေဟမိ ၂း၇)၊ အလုပ်အတွက် လိုအပ်မည့် အထောက်အမပေးခြင်းနှင့်ဆိုင်သော စာရွက်စာတမ်းများ၊ လိုအပ်သော ကုန်ကြမ်း ပစ္စည်းများကို ထောက်ပံ့ပေးဖို့ တောင်းလျှောက်ခဲ့ပါသည် (နေဟမိ ၂း၈)။ နေဟမိသည် ရှင်ဘုရင်၏ ဥယျာဉ်တော်မှူး (တောခေါင်း) အမည်ကိုလည်း သိခဲ့ပါသည်။

**ဆင်ခြင်ရန်** - သတိမရှိခြင်းသည် ဝိညာဉ်နှင့် ပြည့်ဝခြင်း မဟုတ်ပါ၊ ကျွန်တော်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကောင်းကောင်း သိမှတ်ကြရပါမည်။

**ဆုတောင်းချက်-** အဖဘုရား၊ ပျင်းရိခြင်း မရှိဘဲ၊ စိတ်အားထက်သန်ခြင်း ရှိမည်အကြောင်း မစတော်မူပါ။

ဗုဒ္ဓဟူး၊ ဇန်နဝါရီ (၇)
**နေဟမိ ၂း၁-၈**
ဇေ ၈း၁၅-၂၀

*"ထိုသူတို့သည် ငါတို့၏ ဘုရားသခင့် တန်ခိုး ကျေးဇူးတော်ကြောင့်၊ . . . ပညာရှိ တယောက် . . . ခေါ်ခဲ့ကြ၏"*

## အမှုတော်အတွက် လိုအပ်သော အကျင့်တရား (၄)

ဘုရားသခင်၏အမှုတော် ဆောင်ရွက်ခြင်း အခွင့်နှင့် အောင်မြင်ခြင်းသည် ဆောင်ရွက်လိုသော စိတ်နှလုံး၊ လိမ္မာပါးနပ်မှု၊ အကျင့်တရား၊ သမ္မာသတိရှိမှု၊ စိတ်ကြည်လင်မှု စသည်တို့၌သာ လုံး၀ မူတည်သည် မဟုတ်ပါ။ ထိုအရာအားလုံးသည် အောင်မြင်သော အမှုတော်အတွက် လိုအပ်သောအရာ ဖြစ်ကြသော်လည်း၊ ထိုအရာအားလုံး ပိုင်ဆိုင်ခြင်းက အောင်မြင်မှုရမည်ဟု အာမ မခံနိုင်ပါ။ အမှုတော် ဆောင်ရွက်ဖို့ရန်နှင့် ဦးဆောင်မှုကို ပြုဖို့ရန် နေဟမိသည် မိမိ၌ အခွင့်ရှိကြောင်း သိရှိသော်လည်း၊ နေဟမိ ၂း၈ ၌ဖော်ပြသော နောက်ဆုံး စာကြောင်းက ထိုအရာများပိုင်ဆိုင်ခြင်းက အောင်မြင်မှုကို အာမ မခံကြောင်း ဖော်ပြထားပါသည်။

<u>ငါ၏ ဘုရားသခင့် တန်ခိုးကျေးဇူးတော်ကြောင့်</u> (နေဟမိ ၂း၈)။ ဤအချက်သည် ဘုရားသခင်၏ အမှုတော် ဆောင်ရွက်ခြင်း၌ အောင်မြင်မှု အုတ်မြစ် ဖြစ်ပါသည်။ ခရစ်ယာန် အမှုတော်နှင့် ခေါင်းဆောင်မှုသည် ဘုရားသခင်၏ ကွယ်ကာလမ်းပြ ပို့ဆောင်မှု လက်တော်အောက်၌ တည်သောအရာဖြစ်ပါသည်။ ထို့ကြောင့်၊ အစေခံ၏ စိတ်နှလုံးနှင့် အကျင့်တရားတွင် ဘုရားသခင် မျက်မှောက်ပြုခြင်း ပါဝင်ရမည်ဖြစ်ပါသည်။ သို့ဆိုလျှင်၊ အသက်တာ၌ ဘုရားသခင်အား မျက်မှောက်ပြုခြင်းနှင့် လမ်းပြကွယ်ကာ စောင့်ရှောက်တော်မူခြင်း ယုံကြည်ကိုးစားခြင်း ရှိသော စိတ်သဘောကား အဘယ်နည်း။ ပထမအချက်ကား၊ ဘုရားသခင်ကို ကိုးစားလျက် ဆုတောင်းခြင်းဖြင့် ချဉ်းကပ်ခြင်း ဖြစ်ပါသည်။ ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်ကိုးစားသောသူသည် အရာရာတိုင်း၌ ဘုရားသခင်၏ လမ်းပြကွယ်ကာမှုကို ရှာဖွေလျက်၊ ကျေးဇူးတော် ချီးမွမ်းခြင်းဖြင့် မိမိလိုအပ်သောအရာများကို ဆုတောင်းခြင်းဖြင့် တောင်းလျှောက်ခြင်း ဖြစ်ပါသည်။ ဒုတိယအချက်ကား၊ ဘုရားသခင်အား မျက်မှောက်ပြုလျက် မိသာဟာရဖွဲ့ခြင်းပင်ဖြစ်ပါသည်။ ဘ၀ ပြဿနာများကို ရင်ဆိုင်ခြင်း၌ ဘုရားသခင် ဖော်ပြတော်မူသော ဉာဏ်ကို မှီခိုအားထားရုံ သာမက၊ လမ်းခရီးတိုင်း၌ ထိုဘုရားသခင်၏ လမ်းပြကွယ်ကာ စောင့်ရှောက်တော်မူခြင်းကို မျက်မှောက်ပြုဖို့ လိုအပ်ပါသည်။ နေဟမိသည် ရှင်ဘုရင် မျက်နှာသာပေးခြင်း ခံရခြင်းကို မိမိ၏ လိမ္မာပါးနပ်မှု၊ ဉာဏ်ပညာကြောင့် မဟုတ်ဘဲ၊ ဘုရားသခင်၏ တန်ခိုးကြီးသော လက်တော်ကြောင့် ဖြစ်သည်ဟု သိမှတ်ခဲ့ပါသည်။ ဤအချက်က မိမိနှင့် ဘုရားသခင်အကြား၌ ရှိသော မိသာဟာရဖွဲ့ခြင်းကို ထင်ဟပ်စေပါသည်။ ဘုရားသခင်က မိမိအား လမ်းပြတော်မူမည်အကြောင်း သိမှတ် ယုံကြည်ခဲ့ပြီး၊ မျက်နှာသာ ပေးခြင်း ခံရသောအခါ၊ ထိုဘုရားသခင်အားဖြင့် ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ "ငါ၏ ဘုရားသခင့် တန်ခိုး ကျေးဇူးတော်ကြောင့်" ဟု ဆိုခဲ့ပါသည်။ "ငါ၏ ဘုရားသခင်" ဟု ဖော်ပြခြင်းက ဘုရားသခင်နှင့် သူ့အကြား၌ ရှိသော ရင်းနှီးသည့် မိသာဟာရ ဖွဲ့ခြင်းကို သေချာ ဖော်ပြလျက်ရှိပါသည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်၏ အောင်မြင်မှု၌ အဘယ်သူကို ကျွန်တော် ချီးမွမ်းပါသနည်း။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်အား ကားတိုင်နှင့် အစဉ် နီးစေတော်မူပါ၊ ကြုံတွေ့ရသော ဘ၀အခြေအနေတိုင်း၌ ကိုယ်တော် မိမိကိုယ်ကို ဖော်ပြတော်မူပါ။



စနေ၊ မတ် (၂၈)
**နေဟမိ ၁၃း၁၅-၃၁**
ဟေဗြဲ ၁၂း၄-၁၃

*"နောက်တဖန် လာ၍ အိပ်လျှင် ဘမ်းဆီးမည်ဟု သူတို့အား သတိပေး၏"*

## လူထု ၀တ်ပြုခြင်း၌ ပါဝင်သော အချက်များ (၂၃)

ဝိညာဉ်အသက်တာ ကြီးထွားပြောင်းလဲခြင်းအမှုတွင်၊ သမ္မာကျမ်းစာနှင့် ကိုက်ညီသော စံနှုန်း စွဲကိုင်ဖို့ သမ္မာသတိရှိဖို့ လိုအပ်သည်နည်းတူ၊ ဆုံးဖြတ်ချက် မြဲမြံခိုင်မာခြင်း၊ စိတ်ဓာတ် ခိုင်မာခြင်း လိုအပ်ပါသည်။ လောကီသဏ္ဍာန်ဆောင်ဖို့ရန် သွေးဆောင်မှု အားကြီးလှသည်ဖြစ်သောကြောင့်၊ ထိုသို့ ဆုံးဖြတ်ချက် ခိုင်မာသောသူသာလျှင်၊ "လောကကိုငင်း၊ လောက၌ရှိသောအရာကိုငင်း၊ မချစ်ကြနှင့်" (၁ ယော ၂း၁၅) ဟူသော ပညတ်ကို လိုက်လျှောက်လျက်၊ ဆန့်ကျင် တိုက်ခိုက်မှုကို ကျော်လွှားနိုင်မည်ဖြစ်ပါသည်။

<u>ဥပုသ်နေ့လွန်သည် တိုင်အောင်၊ ယေရုရှလင်မြို့ တံခါးတို့ကို ပိတ်ထားရမည်အကြောင်း စီရင်၍</u> (နေဟမိ ၁၃း၁၉)။ စည်းမျဉ်းစည်းကမ်း တင်းကြပ်လွန်းသည်ဟု ထင်ရပါသည်၊ သို့သော်လည်း ထိုသို့သော စည်းမျဉ်းစည်းကမ်း ချမှတ် အသုံးပြုခဲ့ဖူးပါပြီ။ ရန်သူ၏ ခြိမ်းခြောက်မှု ခံရသောအချိန်၌ မြို့တံခါးများကို စောင့်ဖို့ အစောင့် ချထားခဲ့ကြပါသည်။ သူတို့၏ လုံခြုံမှုအတွက်၊ "နေမထွက်မီ ယေရုရှလင်မြို့တံခါးကို မဖွင့်စေနှင့်၊ တံခါးစောင့်ရှိစဉ်၊ တံခါးတို့ကို ပိတ်၍ ကန့်လန့်ကျင် ထိုးစေ" (နေဟမိ ၇း၃) ဟု အမိန့်ချထားပါသည်။ ထိုသို့ လုံခြုံမှု ရှိလာ၍၊ ရန်သူ၏ ခြိမ်းခြောက်မှု မရှိတော့သောအခါ၊ လျစ်လျူရှုခြင်း ရှိလာခဲ့ပါသည်။ နေဟမိ ၇ ထဲ၌ တွေ့ရသော၊ ယေရုရှလင်မြို့ လုံခြုံမှုအတွက် ချမှတ်သော အမိန့်ကို သဘောတူခဲ့သောသူတို့သည်၊ ဣသရေလ အမျိုး၏ ဝိညာဉ်အရေး လုံခြုံမှုတွက် နေဟမိ ၁၃ ၌ ဖော်ပြ ချမှတ်ထားသောအမိန့် လိုအပ်မှုကို သိနားလည်ရမည်ဖြစ်ပါသည်။ နေဟမိသည် မင်းများကို အပြစ်တင်သောအခါ၊ ကြုံလာနိုင်သော အန္တရာယ်ကိုလည်း ဖော်ပြ အသိပေးခဲ့ပါသည်။ သာမန်အမှု၊ ဖြစ်ရိုးဖြစ်စဉ်သာ ဖြစ်သည်ဟု လူများ လက်ခံထားသောအမှုက "ပြင်းစွာသော အမျက်တော်ကို ဣသရေလအမျိုး၌ ရောက်စေ" (နေဟမိ ၁၃း၁၈) ခဲ့ပါသည်။ လူတို့သည် ရောနှောနေထိုင်ခြင်းအမှု၏ ဆိုးကျိုးကို မသိမမြင်ခဲ့လျှင်လည်း၊ သူတို့၏လုံခြုံမှုအတွက် နေဟမိသည် လိုအပ်သော စီရင်မှုကို ဆောင်ရွက်ဖို့ လိုပါသည်။ "ကုန်သည်များ၊ ဥစ္စာမျိုးကို ရောင်းသူများတို့သည် ယေရုရှလင်မြို့ပြင်မှာ တခါနှစ်ခါ အိပ်ကြ၏" (နေဟမိ ၁၃း၂၀)။ ထို့ကြောင့်၊ နေဟမိသည် ဆုံးဖြတ်ချက် ခိုင်မာဖို့ လိုအပ်ပါသည်။ ယနေ့ အသင်းတော်၏ ယုံကြည်ခြင်း ဩဝါဒနှင့်ဆိုင်လျက် ရပ်တည်ချက် အခိုင်အမာ မရှိသော သူတို့အား ရင်ဆိုင်ဖို့ရန် စိတ်ဓာတ်ခိုင်မာခြင်း၊ ဆုံးဖြတ်ချက် မြဲမြံခြင်း (အထူးသဖြင့် အသင်းတော် ဦးဆောင်သောသူများ) လိုအပ်ပါသည်။ ထို့ပြင်၊ အသင်းတော်ကို တိုက်ခိုက်လျက်ရှိသော လောကီအရာ၏ သွေးဆောင်မှုကို ရင်ဆိုင် တိုက်လှန်ဖို့ရန် သမ္မာကျမ်းစာနှင့်ကိုက်ညီသော လိုက်နာရမည့်စည်းကမ်းများ ချမှတ်ဖို့ လိုပါသည်။ ဥပုသ်နေ့၌ ရောင်းဝယ်ခြင်းအမှု ပြုခြင်းကို သာမန်ဖြစ်စဉ်အမှုဟု ထင်မြင်သော ပြည်သူပြည်သားများအဖို့ ယေရုရှလင် မြို့တံခါး ပိတ်ခြင်းသည် အလွန်မိုက်မဲသောအမှုဟု မြင်ခဲ့ကြပါလိမ့်မည်။ သို့သော်လည်း၊ နေဟမိသည် ဆုံးဖြတ်ချက် ခိုင်မာစွာ ချလျက် ထိုမြို့ကို ပြုပြင်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - အသီးအပွင့်နှင့် ဝေဆာသော တပည့်တော်ဖြစ်ဖို့ရန် တည်ကြည် မြဲမြံခြင်း မရှိမဖြစ် လိုအပ်ပါသည်။
**ဆုတောင်းချက်-** (နေဟမိ ၁၃း၁၄ ကို အသုံးပြုပါ)။

သောကြာ၊ မတ် (၂၇)
**နေဟမိ ၁၃း၁၅-၃၁**
ယု ၁း၃-၄၊ ၂ ပေ ၂း၁-၃

*“မိစ္ဆာပရောဖက်ရှိကြ၏ . . . မိစ္ဆာဆရာတို့သည် သင်တို့တွင် ရှိကြလိမ့်မည်”*

## လူထု ဝတ်ပြုခြင်း၌ ပါဝင်သော အချက်များ (၂၂)

ဝိညာဉ်အသက်တာ ကြီးထွားခြင်းနှင့် ပြုပြင်ပြောင်းလဲခြင်းသည် ပြည့်စုံပြီဟူ၍ ဘယ်တော့မှ မရှိနိုင်ပါ။ ထိုသို့ ကြီးထွား ပြောင်းလဲသောသူသည် အစဉ် ကြီးထွားခြင်းရှိမည်အကြောင်း သမ္မာသတိရှိဖို့လိုအပ်ပါသည်။ ထိုသို့ အစဉ် ကြီးထွား ရင့်ကျက် ပြောင်းလဲဖို့ လိုအပ်ပါသည်။ အသင်းတော်သမိုင်းတွင်၊ ၁၆ ရာစု အသင်းတော် ပြုပြင်ပြောင်းလဲခြင်းမှစ၍ အသင်းတော်သည် အစဉ် တိုးတက်ပြောင်းလဲခြင်း ရှိကြောင်း တွေ့ရပါသည်။ ခေတ်တိုင်း ခေတ်တိုင်း၌ မိမိတို့၏ ရန်သူကို တိုက်လှန်ခဲ့ပြီး၊ သမ္မာကျမ်းစာနှင့် ကိုက်ညီသော အရင်ခေတ်၏ ယုံကြည်ခြင်း စံနှုန်းနှင့် ဩဝါဒ ဝန်ခံချက်များကို စွဲကိုင်ရင်း၊ ရန်သူ၏ တိုက်ခိုက် ဆန့်ကျင်မှုကို ရင်ဆိုင် ကျော်လွှားခဲ့ကြပါသည်။ နေဟမိသည်လည်း ထိုနည်းတူ ပြုခဲ့ပါသည်။ ယနေ့ ကျမ်းပိုဒ်တွင်၊ ထိုသို့ အစဉ် ကြီးထွားခြင်းရှိမည်အကြောင်း၊ မိမိကိုယ်ကို စမ်းစစ်ခြင်းနှင့် ဆက်ကပ်ခြင်း လိုအပ်ကြောင်း အဓိကဖော်ပြထားပါသည်။

<u>ထိုကာလ၊ ယုဒပြည်မှာ . . . ငါမြင်၍</u> (နေဟမိ ၁၃း၁၅)။ ပဋိညာဉ် ဝန်ခံ ဂတိသစ္စာပြုခြင်းတွင်၊ လူထုသည် မိမိတို့ လိုက်လျှောက်မည့်တရားကို ဖော်ပြခဲ့ကြပါသည်။ ထိုတရားထဲတွင်၊ “ပြည်သားတို့သည် ဥပုသ်နေ့၌ ဥစ္စာ၊ စားစရာကို ရောင်းခြင်းငှါ ယူခဲ့လျှင် . . . မဝယ်” (နေဟမိ ၁၀း၃၁) ဟု ဂတိပြုခဲ့ကြပါသည်။ သို့သော်လည်း၊ အချိန်ကြာလာသောအခါ၊ ထိုဂတိမှ လမ်းလွဲလျက်၊ “အချို့တို့သည် ဥပုသ်နေ့၌ စပျစ်သီး နယ်လျက်၊ ကောက်လှိုင်းကို သွင်းလျက်၊ မြည်းပေါ်မှာ ဝန်ကိုတင်လျက်၊ လုပ်ဆောင်ကြသည်” (နေဟမိ ၁၃း၁၅)။ ဤအဖြစ်အပျက်က “သစ္စာပြု၍ စာချုပ်ကိုလည်း ရေးထားလျက် . . . တံဆိပ်ခတ်ကြ” (နေဟမိ ၉း၃၈) သော သူများကိုပင် လောကီအရာက ဘယ်လောက် လွှမ်းမိုးထားနိုင်ကြောင်းကို ဖော်ပြလျက်ရှိပါသည်။ ခိုင်မာစွာ စွဲကိုင်ခဲ့သော အသင်းတော်၏ ဩဝါဒများကိုပင် အချိန်ကြာလာသောအခါ၊ ဤလောကီအရာ၏ သွေးဆောင်မှု၊ လူ့အတွေးအခေါ်က ယိမ်းယိုင် ပျက်စီးစေနိုင်ပါသည်။ ထို့ကြောင့်၊ ဘုရားသခင်၏လူတို့သည် သမ္မာသတိရှိဖို့ လိုအပ်ပါသည်။ ဥပုသ်နေ့၌ ဖြစ်ပျက်သောအမှုကို နေဟမိကသာလျှင် မြင်သည် မဟုတ်၊ သူကသာလျှင် အလေးထားကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။ ထိုအမှုကို မြင်သော အခြားသူတို့အဖို့ ထိုအမှုသည် သာမန် ဖြစ်ရိုးဖြစ်စဉ်သာ ဖြစ်ခဲ့ပါသည်။ ထိုနည်းတူ၊ ယနေ့ တရားပလ္လင်မှ နှုတ်ကပတ်တရားတော် ဟောပြောခြင်း မရှိခြင်းကို ဖြစ်ရိုးဖြစ်စဉ် တခုအဖြစ် လက်ခံလာခဲ့ကြပါသည်။ တရားပလ္လင်နေရာ၌ ဖျော်ဖြေမှုက နေရာယူလာခဲ့ပြီး၊ သင်းအုပ်ဆရာများ စိတ်ဓာတ်ခွန်အား မြှင့်တင်ရေးသမားများဖြစ်လာခြင်းကို သာမန် ဖြစ်ရိုးဖြစ်စဉ် အဖြစ် လက်ခံလာခဲ့ကြပါသည်။ ဧလျာရှိပ်က ဘုရားသခင် အိမ်တော်၏ ဘဏ္ဍာတိုက်ကို တောဘိ တည်းခိုဖို့ရန် နေရာ ပေးသကဲ့သို့၊ သမ္မာကျမ်းစာနှင့်ကိုက်ညီသောအမှု လွှမ်းမိုးခဲ့သောနေရာ၌ ယနေ့တွင် အသစ်သောအရာများ ဝင်ရောက် အစားထိုးလာကြပါသည်။ သို့တိုင်အောင်၊ လူနည်းစုကသာလျှင်၊ “ယုံကြည်ခြင်းတရား ဘက်မှာ ကြိုးစားတိုက်လှန်ရန်” (ယု ၁း၃) လိုအပ်ခြင်းအကြောင်းကို မြင်တွေ့ခဲ့ကြ၏။

**ဆင်ခြင်ရန်** - “ပြောင်းလဲလျက်၊ အစဉ် ပြောင်းလဲနေခြင်း” ဆိုသည်မှာ အသင်းတော်၌ ကြီးထွားခြင်း၊ ပြစ်ဒဏ်ပေး ဆုံးမခြင်း လက်တွေ့ တည်ရှိခြင်းကို ဆိုလိုပါသည်။
**ဆုတောင်းချက်-** (နေဟမိ ၁၃း၁၄ ကို အသုံးပြုပါ)။




**နေဟမိ ၂း၉-၂၀**
ဆာလံ ၃၇း၂၃-၃၄

*“ကောင်းသောသူ၏ခြေရာတို့ကို ထာဝရဘုရားသည် ပဲ့ပြင်၍”*

## အမှုတော်ကို လက်တွေ့ ချဉ်းကပ်ခြင်း (၁)

ခရစ်ယာန် အမှုတော်အတွက် စိတ်နှလုံး ပြင်ဆင်ခြင်း၊ စိတ်ကြည်လင်ခြင်းနှင့်ခိုင်မာခြင်းများ လိုအပ်ပါသည်။ ထို့ပြင်၊ ထိုအမှုတော်ကို ချဉ်းကပ်ခြင်း၌ အသိဉာဏ်နှင့် သမ္မာသတိရှိခြင်းလည်း လိုအပ်ပါသည်။ ထိုပြင်ဆင်ခြင်း၊ အစီအစဉ်ချမှတ်ခြင်းတို့ကို လက်တွေ့ အကောင်အထည်ဖော်သောအခါ ချဉ်းကပ်ပုံမှားယွင်းခဲ့လျှင် ပျက်စီးတတ်ကြ၏။ အကြောင်းမှာ၊ အမှုတော်ဆောင်ရွက်ခြင်းတွင် ကြိုတင် မမြင်နိုင်သော အခြေအနေနှင့် ရန်သူများ ရှိတတ်ကြပါသည်။ နေဟမိအမှုတွင်၊ သူ၏ ဆောင်ရွက်လိုသော စိတ်နှလုံးနှင့် ဆုတောင်းခြင်းက အမှုတော်ဆောင်ရသော အခွင့်တံခါးကို ဖွင့်ခဲ့ပါသည်။ သူ၏ လိမ္မာပါးနပ်မှု၊ အစီအစဉ် နှင့် ပြင်ဆင်မှုများကြောင့် ရှင်ဘုရင်၏ မျက်နှာသာပေးခြင်းနှင့် ထောက်ပံ့မှုများကို ရခဲ့ပါသည်။ သို့သော်လည်း၊ ယေရုရှလင်မြို့သို့ ရောက်လာသောအခါ၊ ကြိုမသိခဲ့သော အခြားအမှုများ ပေါ်ပေါက်ခဲ့ပါသည်။

<u>ဣသရေလ အမျိုးသားတို့၏အကျိုးကို ပြုစုခြင်းငှါ၊ လူတယောက် လာကြောင်းကို . . . ကြားသော်၊ အလွန်နှလုံးမသာရှိကြ၏</u> (နေဟမိ ၂း၁၀)။ နေဟမိ ရောက်လာခြင်းကို အရာရှိနှစ်ဦးက မကြိုဆို မနှစ်သက်ခဲ့ကြပါ။ ဘုရင့် နန်းတော်မှ ရှင်ဘုရင်၏ ထောက်ခံစာများပါလျက်၊ အခြံအရံများနှင့် သူတို့ရှေ့ ရောက်ရှိလာသောသူကြောင့် သူတို့သည် ဝမ်းနည်းလျက်ရှိခဲ့ကြ၏။ သူတို့၏ မနာလိုခြင်းနှင့် ဝမ်းနည်းခြင်းတို့ကြောင့် မည်သို့သောအမှု ပြုကြမည်ကို ရောက်လာသောအချိန်၌ နေဟမိ မသိခဲ့ရပါ။ ထိုအချိန်၌ နေဟမိ သိသောအရာမှုကား၊ ရှုရှန် နန်းတော်၌ ရှိခဲ့စဉ် မေးမြန်းခဲ့သော အကြောင်းအရာများ၊ မိမိစိတ်နှလုံး၌ ဘုရားသခင်ထားတော်မူသော အမှု၊ ထိုအမှုကို လက်တွေ့ ဆောင်ရွက်ဖို့ရန် ရှင်ဘုရင်ထံမှ ဘုရားသခင်အားဖြင့် အခွင့်ရရှိခြင်း စသည်တို့သာ ဖြစ်ပါသည်။

<u>ငါသည်လည်း၊ ယေရုရှလင်မြို့သို့ ရောက်၍ သုံးရက် နေပြီးမှ</u> (နေဟမိ ၂း၁၁)။ ဤအချက်က နေဟမိ၏ အမှုတော် လက်တွေ့ချဉ်းကပ်ခြင်း နိဒါန်းကို ဖော်ပြလျက်ရှိပါသည်။ သူသည် ထိုကြီးမားသောအလုပ်ကို ချက်ချင်း မဆင်မခြင် စတင်ခြင်း မပြုခဲ့ပါ။ လုပ်ငန်း မစမီ အချိန်ယူခဲ့ပါသည်။ ဦးစွာ တကိုယ်တည်း နေရာဒေသများကို အရင် လေ့လာခဲ့ပါသည်။ ယေရုရှလင် မြို့ရိုးများကို ညအချိန်၌ သွားရောက် လေ့လာခဲ့ပါသည် (နေဟမိ ၂း၁၂-၁၆)။ ထို့နောက်၊ သူသည် ထိုအမှု၌ ပါဝင်ဖို့ရန် အခြားသူများကို ဖိတ်ခေါ်လျက်၊ ခွန်အားပေး တိုက်တွန်းခဲ့ပါသည် (နေဟမိ ၂း၁၇-၁၈)။

**ဆင်ခြင်ရန်** - ပြုသောအမှုနှင့် ပြုသည့်နည်းလမ်း၌ ကျွန်တော် တာဝန်ရှိပါ၏။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏အမှုတော်ကို ဆောင်ရွက်စဉ် ကျွန်ုပ်အကျင့်သည် ကိုယ်တော်၏ဘုန်းတော်ကို ထင်ရှားစေမည်အကြောင်း မစတော်မူပါ။

## အမှုတော်ကို လက်တွေ့ ချဉ်းကပ်ခြင်း (၂)

နေဟမိသည် ဆောင်ရွက်မည့်အမှု၊ မြို့ လေ့လာခြင်းနှင့် ယေရုရှလင်မြို့ရှိ ယုဒ ခေါင်းဆောင်များနှင့် ဆွေးနွေးခြင်း စသည်တို့ကို အချိန်ယူ ဆင်ခြင် လေ့လာခဲ့ပါသည်။ ထိုအချိန်၌ မိမိ၏ ရည်ရွယ်ချက်များကို မည်သူမျှ မပြောပြခဲ့ပါ။ မိမိနှင့်အတူ ပါဝင် အလုပ်လုပ်မည့်သူများကိုပင် မပြောပြခဲ့ပါ။ ထိုသို့ အခြေအနေ လေ့လာခဲ့ပြီးမှသာ၊ လူတို့အား စည်းရုံးခဲ့ပါသည်။ ထိုအခါ အမှုတော် ဆောင်ရွက်ဖို့ရန် လူများ စုဝေးခဲ့ကြပါသည်။ ထိုအမှု ဖြစ်မြောက်ဖို့ရန် နေဟမိက အချက်နှစ်ချက် ဖော်ပြလျက် နိုးဆော်တိုက်တွန်းခဲ့ပါသည်။

<u>ငါတို့ ခံရသော ဆင်းရဲခြင်း . . . ကို သင်တို့ သိမြင်ကြ၏</u> (နေဟမိ ၂း၁၇)။ ပထမ နိုးဆော်ချက်မူကား၊ သူတို့ ခံစားသိမြင်သော လက်တွေ့ အခြေအနေကို ဖော်ပြခြင်းဖြစ်ပါသည်။ သူသည် ခံစားရသော ဆင်းရဲခြင်း၊ ကဲ့ရဲ့ခြင်းနှင့် မြို့ရိုးပျက်စီးခြင်းအကြောင်းကို ကြားသိခဲ့ပြီး (နေဟမိ ၁း၄)၊ ညအချိန် လေ့လာခြင်းအားဖြင့် မိမိကိုယ်တိုင် ထိုအရာတို့ကို မြင်တွေ့ခဲ့ပါသည်။ ထို့ကြောင့်၊ လူထုအား စုဝေးစေလျက်၊ မြို့ရိုးပျက်စီးခြင်း၏ အန္တရာယ်ကြီးမားမှုနှင့် စိတ်မချမ်းသာမှုကို ဖော်ပြခဲ့ပါသည်။ ထိုအခါ၊ သင်တို့ ဟု မသုံးဘဲ၊ "ငါတို့ ခံရသော ဆင်းရဲခြင်း" (နေဟမိ ၂း၁၇) ဟု မိမိကိုယ်ကို သူတို့နှင့်အတူ ပါဝင် ဖော်ပြခဲ့ပါသည်။ ထို့နောက် အမှုတော်ကို အတူတကွ စည်းလုံးစွာ ဆောင်ရွက်ဖို့ရန် တိုက်တွန်း နိုးဆော်ခဲ့ပါသည်။ သူသည် ဆောင်ရွက်လိုသော စိတ်ရှိပြီး၊ ထိုအမှုကို ဆောင်ရွက်ဖို့ရန် ရောက်လာခဲ့ပါသည်။ တဦးတည်း ဆောင်ရွက်ရန် မရည်ရွယ်ခဲ့ပါ။ လူထုအား မိမိနှင့် အတူတကွ ဆောင်ရွက်ဖို့ရန် အလိုရှိခဲ့ပါသည်။ သူတို့၏ အခြေအနေသည် နေဟမိ၏ စိတ်နှလုံးကို နာကျင်စေခဲ့သောအရာ ဖြစ်ပါသည်။ ထို့ကြောင့်၊ သူတို့၏ လုံခြုံ စိတ်ချမ်းသာမှုသည်လည်း နေဟမိ အတွက် ဝမ်းမြောက်စရာအကြောင်း ဖြစ်ပါလိမ့်မည်။

<u>ငါ၏ ဘုရားသခင်သည် ငါ့အားပြုတော်မူသော ကျေးဇူးကို . . . ကြားပြောလေသော်</u> (နေဟမိ ၂း၁၈)။ ထိုအစည်းအဝေး၌ ဖော်ပြသော ဒုတိယအချက်မူကား၊ သူ့ကို ယေရုရှလင်မြို့သို့ လမ်းပြပို့ဆောင်တော်မူသော ဘုရားသခင်၏ ကွယ်ကာစောင့်ရှောက်ခြင်းအကြောင်းဖြစ်ပါသည်။ လူထုသည် အမှုဆောင်ရွက်ခြင်း၌ ဆီးတားခြင်းကို ခံခဲ့ရဖူးပါသည်။ နေဟမိက မိမိအား ယေရုရှလင်မြို့တိုင်အောင် လမ်းပြခေါ်ဆောင်တော်မူသော ဘုရားသခင်၏ လက်တော်အကြောင်းကို ကြားပြောလျက် နိုးဆော်ခွန်အားပေးခဲ့ပါသည်။ နေဟမိထံ မိန့်တော်မူသော ရှင်ဘုရင်၏ စကားကို ကြားသိကြသောအခါ၊ သူတို့၏ ဆုံးဖြတ်ချက် ခိုင်မာခြင်းရှိ၍ မျှော်လင့်ချက် ရှင်သန်ခဲ့ပါသည်။ သူတို့ ခံစားခဲ့သောအရာကိုငင်း၊ ပြောင်းလဲလာမည့်အရာကိုငင်း သိမြင်လာခဲ့ကြပါသည်။ ထိုအခါ၊ လူထုက "ငါတို့သည် ထ၍ တည်ကြကုန်အံ့" (နေဟမိ ၂း၁၈) ဟု တညီတညွတ်တည်း ဆိုကြ၏။

**ဆင်ခြင်ရန်** - ယုံကြည်ခြင်းနှင့် ရည်ရွယ်ချက်၌ စိတ်သဘောတူညီမှုရှိလျှင် လက်တွေ့ ဆောင်ရွက်ဖို့ရန် အခွင့်အရေး ရှိလာမည်ဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ဘုန်းတော်ထင်ရှားဖို့ရန်အတွက် ချစ်ခြင်းနှင့် ကောင်းသောအမှု ဆောင်ရွက်ခြင်း၌ သူတပါးကို တိုက်တွန်းနိုးဆော်မည် အကြောင်း မစတော်မူပါ။





## လူထု ဝတ်ပြုခြင်း၌ ပါဝင်သော အချက်များ (၂၁)

ရောနှော ဝင်ရောက်နေထိုင်ခြင်းကို ဖြေရှင်းရမည့် တခုတည်းသော နည်းလမ်းသည် အသီးအခြားနေခြင်း ပင်ဖြစ်ပါသည်။ သမ္မာကျမ်းစာ သွန်သင်တော်မူသော မိသာဟာရဖွဲ့ခြင်းသည် လူတိုင်းနှင့် ပြုရသောအမှု မဟုတ်၊ ဘုရားသခင်၏နှုတ်ကပတ်တော် သွန်သင်ချက်အပေါ်၌ အခြေခံသော မိသာဟာရဖွဲ့ခြင်း ဖြစ်ရပါမည်။ ရောနှောခြင်းအပြစ်ကို ဖြေရှင်းဖို့ရန် အသင်းတော်သည် ဆုံးမ အပြစ်ပေးခြင်းအမှုကို ပြုရပါမည်။ အသင်းတော်သို့ ရောနှော ဝင်ရောက်လာသော ရန်သူကို ဖြေရှင်းဖို့ရန် အသီးအခြားနေခြင်းကို လက်တွေ့အသုံးပြုလျက်၊ သူ့ကို မောင်းထုတ်ရပါမည်။

<u>ယေရုရှလင်မြို့သို့ ရောက်သောအခါ၊ ဧလျာရှိပ်သည် . . . တောဘိအဘို့ ပြင်ဆင်၍ ဒုစရိုက်ပြုကြောင်းကို ငါကြားသိရ၏</u> (နေဟမိ ၁၃း၇)။ အလျှု ဘဏ္ဍာသိုထားသောအခန်း၌ တောဘိ တည်းခိုခြင်းအမှုသည် နေဟမိ မရှိသောအချိန်၌ ဖြစ်ပွားခဲ့သောအမှုဖြစ်ပါသည်။ ပြန်ရောက်လာသောအခါ၊ နေဟမိသည် ထိုအကြောင်းကို သိ၍၊ ဖြေရှင်းခဲ့ပါသည်။ တောဘိကို လက်ခံခဲ့သော ဧလျာရှိပ်ကိုငင်း၊ မြို့ထဲသို့ တိတ်တဆိတ် ဝင်လာခဲ့သော တောဘိကိုငင်း နေဟမိ ရင်ဆိုင် စီရင်ခဲ့ပါသည်။ သူသည် တောဘိအား ပြတ်သားစွာ စီရင်ခဲ့ပါသည်။ နေဟမိသည် "တောဘိ ဥစ္စာ ပရိကံ ရှိသမျှကို အခန်းထဲမှ ထုတ်ပစ်ပြီးမှ" (နေဟမိ ၁၃း၈)၊ သူ့ကို ယေရုရှလင်မြို့မှ နှင်ထုတ်ခဲ့ပါသည်။ ထိုသို့ တောဘိအား မောင်းထုတ်ပြီးမှ ထိုအခန်းကို သန့်ရှင်းစေလျက်၊ မူလအမှုဖြစ်သော သိုထားရာ အခန်းအဖြစ် ပြန်လည် အသုံးပြုစေခဲ့ပါသည်။ မှားယွင်းသော၊ ရောနှောခြင်းအမှုများကို အရင် ဖယ်ထုတ်ခြင်း မပြုဘဲ၊ စစ်မှန်သော ဝတ်ပြုကိုးကွယ်ခြင်း ပြန်လည် ဖန်တီးဖို့ ခက်ခဲလှပါသည်။ ထို့နောက်၊ "အိမ်တော် ပြင်ခန်းကို အုပ်သော" (နေဟမိ ၁၃း၄) ဧလျာရှိပ်ကို စီရင်ခဲ့ပါသည်။ သူ့ကို တာဝန်မှ ဖယ်ရှားခဲ့ပြီး၊ သူ့နေရာ၌ ယဇ်ပုရောဟိတ်နှင့် လေဝိသားများထဲမှ အခြား ဘဏ္ဍာတော်တိုက်စိုးများကို ခန့်အပ်ခဲ့ပါသည်။ "ထိုသူတို့သည် သစ္စာစောင့်ခြင်း အသရေရှိသည် ဖြစ်၍" (နေဟမိ ၁၃း၁၃) ထိုသို့ ခန့်အပ်ခြင်းဖြစ်ပါသည်။ ထို့ပြင်၊ နေဟမိသည် မင်းများကိုလည်း မိမိတို့၏ တာဝန် လျစ်လျူရှုခဲ့ကြသောကြောင့် အပြစ်တင်ခဲ့ပြီး၊ ဘုရားသခင်၏လူများအကြား၌ တရားသောအမှုကို ဖော်ဆောင်ခဲ့ပါသည်။ ပျက်စီး ယိုယွင်းလျက်ရှိသော ယနေ့ အသင်းတော်တွင် နေဟမိ၌ရှိသော ရဲရင့်ခြင်းနှင့် စိတ်အားထက်သန်ခြင်း အလွန် လိုအပ်လျက်ရှိပါသည်။ ဘုရားသခင်၏အိမ်တော်၌ အရင် ခံစားခဲ့သော ကောင်းကျိုးများ ဆုံးရှုံးလျက်ရှိပါသည်၊ အကြောင်းမှာ ရောနှောခြင်း အပြစ်ကို သမ္မာတရား အတိုင်း ရင်ဆိုင်ဖို့ရန် ရဲရင့်ခြင်းနှင့် နှုတ်ကပတ်တရား အသိဉာဏ် နည်းပါးခြင်းကြောင့် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ခက်ခဲလျက် နာကျင်စရာကောင်းသော်လည်း၊ ကျမ်းစာအတိုင်း အသီးအခြား နေခြင်းနှင့် ပြစ်ဒဏ်ပေး ဆုံးမခြင်းကို အသင်းတော်၌ ကျင့်သုံးရမည်ဖြစ်၏။

**ဆုတောင်းချက်-** (နေဟမိ ၁၃း၁၄ ကို အသုံးပြုပါ)။

*"အကြင်သူသည် မိမိ တည်ကြည်လျက်နေသည်ဟု မိမိထင်မှတ်၏။ ထိုသူသည် မလဲခြင်းငှါ သတိပြုစေ"*

## လူထု ဝတ်ပြုခြင်း၌ ပါဝင်သော အချက်များ (၂၀)

အသီးအခြားနေခြင်းသည် အဖြစ်မနေ ပြုရမည့်အမှုဖြစ်ကြောင်း ဤကျမ်းချက်၌ ရှင်းလင်းစွာ တွေ့ရပါသည်။ ဘုရားသခင်၏ အိမ်တော်၌ငှင်း၊ ထိုအိမ်တော်၌ အမှုဆောင်ရွက်သောသူများ၌ ရောနှောနေခြင်းကို တွေ့ရသည်ဖြစ်သောကြောင့်၊ ထိုရောနှောနေခြင်း၏ ဆိုးကျိုးကိုလည်း မြင်တွေ့ရပါသည်။ နေဟမိ ၁၃ ၌တွေ့ရသော၊ တောဘိ၏ တိတ်တဆိတ် ဝင်ရောက်နေထိုင်ခြင်းက သန့်ရှင်းမှုကို ဖျက်ဆီးလျက်ရှိပါသည်။ ရောနှောနေထိုင်ခြင်း၏ဆိုးကျိုးကို လူထုအကြား ဘုရားသခင်၏ နှုတ်ကပတ်တော် ဝမ်းမြောက်စွာ၊ လိုလိုလားလား နာခံလိုခြင်း မရှိတော့အောင် ပြောင်းလဲမှုကို ဖြစ်စေကြောင်း ထင်ရှားစွာ တွေ့ရပါသည်။

<u>ယဇ်ပုရောဟိတ် ဧလျာရှိပ်သည် တောဘိနှင့် ပေါက်ဘော်တော်သည် ဖြစ်၍</u> (နေဟမိ ၁၃း၄)။ ဧလျာရှိပ်၏ နာမည်ကို နေဟမိ ၃း၁၊ ၂၀ တွင်၊ ပထမဆုံး တွေ့ရပြီး၊ သူသည် မြို့ရိုး တည်ဆောက်ခြင်းအမှု၌ စံပြအဖြစ် ဦးဆောင်သော ယဇ်ပုရောဟိတ်မင်းဖြစ်ပါသည်။ နေဟမိ ၁၂း၁၀ တွင်၊ သူ့နာမည် ပြန်တွေ့ရပြီး၊ သူသည် ယဇ်ပုရောဟိတ်မင်း ယောရှု၏မြေးဟု ဖော်ပြခဲ့ပါသည်။ နေဟမိ ၁၂း၁၀ နှင့် နေဟမိ ၁၃း၂၈ ၌တွေ့ရသော ဧလျာရှိပ်သည် တဦးတည်းဖြစ်ပါသည်။ ထို့ကြောင့် ကျမ်းစာသွန်သင်ချက်ဖြစ်သော အသီးအခြားနေခြင်းကို လက်တွေ့ ဆောင်ရွက်ဖို့ လိုအပ်ခဲ့ခြင်းဖြစ်ပါသည်။ ရောနှောနေထိုင်ခြင်းအမှုကို ဘုရားသခင်၏အမှုတော် ဆောင်ရွက်ခြင်း၌ ဦးဆောင်လျက် ကြီးသောအမှုကို ပြုခဲ့သောသူ တယောက်က ကျူးလွန်ခဲ့ပါသည်။

<u>အခန်းကြီးကို တောဘိအဘို့ ပြင်ဆင်၏</u> (နေဟမိ ၁၃း၅)။ နေဟမိ ၁၀ မှ ၁၂ တွင်၊ လူထု၏ ဝိညာဉ်ရေးရာ ကြီးထွားမှုအကြောင်းကို တွေ့ရပါသည်။ ဝတ်ပြုကိုးကွယ်ခြင်းအမှုနှင့် လူထုယူဆောင်လာသော ပူဇော်သက္ကာတို့ကို အဆင်ပြေစွာ၊ သစ္စာရှိစွာ စီမံဆောင်ရွက်ဖို့ရန် နည်းဥပဒေ ချမှတ်ခဲ့ကြပါသည်။ သို့သော်လည်း၊ ဗိမာန်တော်၌ တောဘိ နေထိုင်ခြင်းကြောင့် ထိုအမှုအားလုံး ပြောင်းလဲခဲ့ရပါသည်။ လူထု လိုလိုလားလား ယူဆောင်လာသော အလှူများကို သိုထားသော အခန်းကို၊ မြို့ရိုး တည်ဆောက်ခြင်းဖြစ်သော ဘုရားသခင်၏အမှုတော် ဆောင်ရွက်ခါစမှစ၍ မုန်းတီးသော စိတ်ဖြင့် ဆန့်ကျင် ဆီးတားခြင်းအမှုကို ပြုခဲ့သော သူတဦး တည်းခိုသောအခန်း ဖြစ်လာခဲ့ပါသည်။ ထိုသိုထားသော အလှူများသည် (တောဘိ တည်းခိုဖို့အတွက် ဖယ်ထုတ်ခဲ့ကြ၏) လူထု၏ ဘုရားသခင် အပေါ်သစ္စာရှိမှု၊ နှုတ်ကပတ်တော် နာခံခြင်းအမှု သက်သေဖြစ်သည်သာမက၊ ဘုရားသခင် နှုတ်ကပတ်တော် ဟောပြောခြင်းအမှု ဆောင်ရွက်သောသူများ ထောက်ပံ့ဖို့ရန် ဖြစ်ပါသည်။ ရောနှောနေထိုင်ခြင်းအမှု၏ ဝိညာဉ်ရေးရာ ဆိုးကျိုးကို မြင်တွေ့ရပါသည်။ ထို နှုတ်ကပတ်တရားတော် ဟောပြောခြင်းအမှု ဆောင်ရွက်မည့်သူများသည် မိမိတို့၏တာဝန်ကို ထားခဲ့ပြီး၊ "အသီးအသီး မိမိတို့ လယ်ယာသို့ ပြေးသွားကြသည် . . . သူတို့ ခံအပ်သော စားစရာ ရိက္ခာကို မခံမရ" (နေဟမိ ၁၃း၁၀) သောကြောင့် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဝိညာဉ်ပိုင်း ခေါင်းဆောင်များပင်လျှင် အပြစ်ကျူးလွန်နိုင်၏။ အားလုံး သမ္မာသတိ ရှိဖို့လိုပါသည်။

**ဆုတောင်းချက်-** (အသင်းတော်၌ သမ္မာသတိရှိသော ခေါင်းဆောင်များနှင့် အသင်းသူအသင်းသားများ ရှိမည်အကြောင်း ဆုတောင်းပါ)။





*"သင်တို့မူကား၊ ယေရုရှလင်မြို့တွင် ဘာမျှ မဆိုင်မပိုင်၊ မှတ်စရာသက်သေ မရှိ"*

## အမှုတော်ကို လက်တွေ့ ချဉ်းကပ်ခြင်း (၃)

လေ့လာခြင်းအမှု နေဟမိ ဆောင်ရွက်ခြင်းတွင် ထိုကြီးမြတ်သောအမှုအတွက် လူများကို နိုးဆော် စည်းရုံးခြင်းပြုသည်သာမက၊ အလွန် အရေးကြီးသောအမှု တခုဖြစ်သည့် အမှုတော်ကို နှောင့်ယှက် နှောင့်နှေး စေမည့် ကြားနေလူများကိုလည်း ဖော်ထုတ်ခဲ့ပါသည်။ တခါတရံတွင်၊ အမှုတော် မဆောင်လိုသော၊ ဘုရားသခင်၏အမှုတော်ကို နှောင့်ယှက်လိုသော သူများသည် ရန်သူကဲ့သို့ မလာဘဲ၊ မိတ်ဆွေကဲ့သို့ ဟန်ဆောင်လျက် လာတတ်ကြ၏။ အလုပ်ကြိုးစားသော်လည်း၊ အတွေ့အကြုံနည်းသော သူများကို ထိုသို့သောလူများက လမ်းလွဲစေတတ်ပါသည်။ အထူးသဖြင့် သင်းအုပ်ဆရာ အမှုတော်ဆောင်ခြင်း၌ ထိုသို့ ဖြစ်တတ်ပါသည်။ ယေရုရှလင်မြို့သို့ ရောက်ပြီးနောက် နေဟမိသည် မလိုအပ်ဘဲ သတင်းမပေါက်ကြားအောင် သတိကြီးစွာ လှုပ်ရှားခဲ့ပါသည်။ သို့သော်လည်း၊ "ဣသရေလ အမျိုးသားတို့၏အကျိုးကို ပြုစုခြင်းငှါ၊ လူတယောက်လာကြောင်းကို" သမ္ဘာလတ် ကြားသိလျက်၊ အလွန်နှလုံးမသာ ရှိခဲ့၏။ ထို့ကြောင့် ထိုသူအကြောင်းကိုလည်း နေဟမိသည် အနီးကပ် လေ့လာလျက် အချိန်ယူခဲ့ပါသည်။

<u>ထိုသတင်းကို ဟောရနိလူ သမ္ဘာလတ် . . . ကြားလျှင်၊ ပြက်ယယ်ပြု၍ . . . ကဲ့ရဲ့လျက် ဆိုကြ၏</u> (နေဟမိ ၂း၁၉)။ နေဟမိသည် အလုပ်လုပ်ဖို့ လူတို့ကို စည်းရုံး နိုးဆော်ခဲ့ပါသည်။ ထိုအချိန်၌ သမ္ဘာလတ်နှင့် တောဘိ အပြင်၊ အငယ် ၁၀ ၌ မတွေ့ရသော "အာရပ် အမျိုးသား ဂေရှင်" (နေဟမိ ၂း၁၉) ပါဝင်လာခဲ့ပါသည်။ အလွန်စိတ်မသာဖြစ်ခဲ့ကြသော ထိုသူတို့သည် ကျွန်ုပ်တို့အား "ပြက်ယယ်ပြု၍ . . . ကဲ့ရဲ့" ခဲ့ကြပါသည်။ နေဟမိ၏ အစီအစဉ်ကို သိကြသောအခါ၊ သူတို့သည် နေဟမိကို ပြက်ယယ်ပြုလျက်၊ အလုပ်မစမီကတည်းက လူတို့အား စိတ်ပျက်စေဖို့ရန် ကြိုးစားခဲ့ကြ၏။ ထိုသို့ သမ္ဘာလတ်တို့အဖွဲ့က လူတို့အား စိတ်ပျက်အားလျော့စေခြင်း မပြုမီ၊ နေဟမိက ခွန်အားပေး နိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။ လူတို့ စိတ်ပျက်အားလျော့ခြင်းကြောင့် ကောင်းသောအမှု မစတင်နိုင်၊ မဆောင်ရွက်နိုင်ဘဲ ရှိခဲ့သော အချိန်များစွာ ရှိခဲ့ပါလိမ့်သည်။

<u>ဘုရားသခင်၏ကျွန်ဖြစ်သော ငါတို့သည် ထ၍ တည်မည်</u> (နေဟမိ ၂း၂၀)။ နေဟမိ၏ ဆုံးဖြတ်ချက်သည် ပြတ်သားလှပါသည်။ ဘုရားသခင်၏အမှုတော်ကို လူတိုင်းဆောင်ရွက်၍ မရပါ။ လူအချို့သည် ဘုရားသခင်၏အမှုတော်၌ "ဘာမျှ မဆိုင် မပိုင်" ကြပါ (နေဟမိ ၂း၂၀)။ ထို ဘုရားသခင်၏အမှု၌ ပါဝင်ခွင့် လုံးဝ မရှိကြပါ။ ဘုရားသခင်၏အမှုတော် အောင်မြင်ခြင်းနှင့် အစေခံများ၏ ခွန်အားများသည် လူအရေအတွက်၌ မတည်၊ အထောက်အပံ့ ငွေရေးကြေးရေး၌ တည် မနေပါ။ မိမိ၏အမှုတော်ကို အောင်မြင်စေတော်မူသော၊ မိမိ၏အမှုတော်ဆောင်များကို လမ်းပြကွယ်ကာ စောင့်မတော်မူသောသူသည် ဘုရားသခင်သာလျှင် ဖြစ်တော်မူ၏။ ဘုရားသခင်၏ အစေခံတို့သည် အမှုတော်မြတ် ဆောင်ရွက်ခြင်း၌ ရပ်တည်မှု ရှိရပါမည်။ နေဟမိ ပြုသကဲ့သို့ ဘုရားသခင်၏အမှုတော်မြတ်၌ ရန်သူတို့သည် ဘာမှ လုပ်စရာ မရှိ၊ ထိုအမှုနှင့် ဘာမှ မဆိုင်ကြပါ။

**ဆင်ခြင်ရန်** - ယေရှုအတွက်၊ ရပ်တည်ကြ၊ ကိုယ်တော်၏ခွန်အားဖြင့် ရပ်တည် ကြလော့။

**ဆုတောင်းချက်-** အဖဘုရား၊ ကြောက်ရွံ့မှုကို အောင်နိုင်သော ခွန်အား ပေးတော်မူလျက်၊ မြဲမြံစွာ ရပ်တည်မည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ ဇန်နဝါရီ (၁၁)

**နေဟမိ ၂း၉-၂၀**

ဇေဖက် ၂း၁-၁၀

*"ထို့ကြောင့် ဘုရားသခင်၏ကျွန်ဖြစ်သော ငါတို့သည် ထ၍ တည်မည်"*

## အမှုတော်ကို လက်တွေ့ ချဉ်းကပ်ခြင်း (၄)

နေဟမိ လုပ်ဆောင်သောအမှုသည် ယေရုရှလင် မြို့ရိုးတည်ဆောက်ခြင်းဖြစ်သော်လည်း၊ ဝိညာဉ်အမှုနှင့် ဆိုင်သော အလုပ်ဖြစ်ပါသည်။ ပြင်ဆင်သောကာလ အလုပ် မစတင်မီ ယခုအချိန်ထိ၊ နေဟမိသည် ဘုရားသခင်၏ လမ်းပြကွယ်ကာတော်မူခြင်းလက်တော်ကို မျက်မှောက်ပြုလျက် သိမှတ်ခဲ့ပါသည်။ ဤအချက်က ဘုရားသခင်၏အမှုတော် ဆောင်ရွက်ဖို့ရန် လက်တွေ့ချဉ်းကပ်မှုသည် ဝိညာဉ်နှင့်ဆိုင်သော အမှုဖြစ်ကြောင်း ဖော်ပြလျက်ရှိပါသည်။

အမှုတော် ချဉ်းကပ်ခြင်းတွင် မိမိကိုယ်ကို နှင့် ဆောင်ရွက်မည့်အမှုအပေါ် ထားရှိသော စိတ်သဘောထားသည် အလွန် အရေးကြီးလှပါသည်။ ကောင်းသောအမှုဖြစ်သည့်တိုင် မှားယွင်းစွာ ချဉ်းကပ်မိလျှင် နောက်ဆုံး၌ ပျက်စီးခြင်း ကြုံတွေ့ရမည်ဖြစ်ပါသည်။

<u>ကောင်းကင်ဘုံ၏ အရှင်ဘုရားသခင်သည် ငါတို့ကို အခွင့်ပေးတော်မူမည်</u> (နေဟမိ ၂း၂၀)။ နေဟမိ၏ အမှုတော် ချဉ်းကပ်လေ့လာခြင်းသည် မှန်ကန်သော ချဉ်းကပ်ခြင်းဖြစ်လျက်၊ လူတိုင်း ပါဝင်ဆောင်ရွက်ရမည့် အမှု မဟုတ်ကြောင်း ဖော်ပြခဲ့ပါသည်။ ယုံကြည်ခြင်း မရှိသော သူများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းက ဘုရားသခင်၏အမှုတော်ကို အောင်မြင်စေသည် မဟုတ်ပါ။ နေဟမိသည် သူတို့ လုပ်ဆောင်မည့်အလုပ်နှင့် လုပ်ဆောင်မည့်သူများကို သေချာ လေ့လာပြီးနောက်၊ ထိုအလုပ်၌ ပြက်ယယ်ပြုသောသူ၊ ကဲ့ရဲ့သောသူများ လုံးဝ မပါဝင်သင့်၊ လုံးဝ သူတို့နှင့် မဆိုင်ကြောင်း ဆုံးဖြတ်ချက် ချခဲ့ပါသည်။ သူတို့ လုပ်ဆောင်မည့်အလုပ်သည် ဘုရားသခင်၏အမှု ဖြစ်သောကြောင့်၊ ဘုရားသခင်၏ဘုန်းတော်ထင်ရှားဖို့ လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ဘုရားသခင်၏ အစေခံများသာလျှင် ထိုအမှုဆောင်ရွက်ခြင်း၌ ပါဝင်ကြရမည်ဖြစ်ပါသည်။ ထို့ကြောင့်၊ နေဟမိက၊ "ဘုရားသခင်၏ကျွန်ဖြစ်သော ငါတို့သည် ထ၍ တည်မည်" ဟု နိုးဆော် တိုက်တွန်းခဲ့ပါသည်။

ဘုရားသခင်၏ အစေခံကျွန်တို့သည် ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ကြသော်လည်း၊ မိမိတို့၏ ခွန်အား၊ ဉာဏ်ပညာဖြင့် လုပ်ဆောင်ကြသည် မဟုတ်၊ ယုံကြည်ခြင်းဖြင့် လုပ်ဆောင်ခဲ့ကြပါသည်။ "ကောင်းကင်ဘုံ၏ အရှင်ဘုရားသခင်သည် ငါတို့ကို အခွင့်ပေးတော်မူမည်" (နေဟမိ ၂း၂၀) ဟူသော ယုံကြည်ခြင်းဖြင့်၊ ဘုရားသခင်၏မစတော်မူခြင်းကို ကိုးစားလျက် ဆက်ကပ်ခဲ့ကြပါသည်။ ထိုအမှု ဆောင်ရွက်သောသူအပေါင်းတို့သည် မိမိအလိုအလျောက် ပါဝင်ဆက်ကပ်သောသူများ ဖြစ်ကြပါသည်။ မိမိကိုယ်ကျိုးကို မရှာဘဲ၊ မိမိတို့၏အချိန်နှင့် ခွန်အားကို ပေးဆပ်ခဲ့ကြပါသည်။ ဘုရားသခင်အတွက်၊ ဘုရားသခင်၏လူတို့အတွက် ဆောင်ရွက်ခဲ့ကြ၏။ ထိုအမှုကို ဘုရားသခင် ယုံကြည်ခြင်းဖြင့် ချဉ်းကပ်ကြပြီး၊ မိမိကိုယ်ကို ဆက်ကပ်လျက် ဆောင်ရွက်ခဲ့ကြ၏။ ဤသည်ကား ဘုရားတရား အမှု၏ အနှစ်သာရဖြစ်ပါသည်။ မြို့ရိုး တည်ဆောက်ခြင်းအမှုသည် ဝိညာဉ်နှင့်ဆိုင်သောအမှုဖြစ်၍ ဘုရားသခင်ကို ကိုးစားခြင်းဖြင့် ယုံကြည်ခြင်းရှိသောသူများကသာလျှင် ဆောင်ရွက်ရမည့် အမှုဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင် ယုံကြည်ခြင်းနှင့် ဆက်ကပ်ခြင်းဖြင့် အမှုတော်ကို ချဉ်းကပ်ပါ။

**ဆုတောင်းချက်-** အို အဖဘုရား၊ ကိုယ်တော်၏အမှုတော်ကို သစ္စာရှိစွာ ဆောင်ရွက်မည် အကြောင်း မစတော်မူပါ။



အင်္ဂါ၊ မတ် (၂၄)

**နေဟမိ ၁၃း၁-၁၄**

ရောမ ၁၆း၁၇-၂၀

*"ညီအစ်ကိုတို့ . . . သူတို့ကို မှတ်၍ ရှောင်ကြလော့"*

## လူထု ဝတ်ပြုခြင်း၌ ပါဝင်သော အချက်များ (၁၉)

နေဟမိမှတ်စာ ဖတ်ကြားခြင်းက အဓိက အချက်နှစ်ချက် ဖော်ပြခဲ့ကြောင်း ရှင်းလင်းစွာ တွေ့ရပါသည်။ ပထမ အခန်းကြီး ၆ ခန်းတွင်၊ နေဟမိနှင့် ဣသရေလအမျိုးသားများ၏ မြို့ရိုး တည်ဆောက်ခြင်းအမှုကို အဓိက ဖော်ပြခဲ့ပါသည်။ အခန်းကြီး ၈ မှ အဆုံးထိတွင်၊ နေ ၈း၈၊ ၁၈၊ ၉း၃ နှင့် ၁၃း၁ ၌တွေ့ရသော၊ "ပညတ္တိ ကျမ်းစာကို ဘတ်ရွတ်ကြ၏" ဟု ဖော်ပြသော၊ မောရှေ၏ ပညတ္တိ ကျမ်းစာ ဖတ်ကြားခြင်း အကြိမ်ကြိမ် တွေ့ရပါသည်။ လူထု စည်းဝေး ဝတ်ပြုကိုးကွယ်ခြင်း၌ ပါဝင်သော တတိယအချက်ဖြစ်သည့်၊ လူထု လက်တွေ့ တုန့်ပြန်မှုသည် ဘုရားသခင်၏နှုတ်ကပတ်တရားတော် ဖတ်ကြားခြင်း၊ အနက်ဖွင့်ခြင်းကို တုန့်ပြန်ခြင်းပင်ဖြစ်ပါသည်။ ထိုသို့ နှုတ်ကပတ်တော် ဖတ်ရွတ်ခြင်း၊ အနက်ဖွင့်ခြင်းအား မည်သို့ လူတို့ တုန့်ပြန်လျက် အမှုပြုကြသည်ကို နေဟမိ အခန်းကြီး ၁၀ နှင့် ၁၃ တွင် ဖော်ပြခဲ့ပါသည်။ ယခု နောက်ဆုံး အခန်းကြီးတွင်၊ သမ္မာကျမ်းစာ ဖော်ပြသော စံနှုန်း လိုက်လျှောက်ခြင်း အရေးပါမှုနှင့် အကျိုးရှိမှုများကို ဖော်ပြခဲ့ပါသည်။

<u>ထိုနေ့ရက်ကာလ၌ မောရှေ၏ ပညတ္တိကျမ်းစာကို လူများရှေ့မှာ ဖတ်ရွတ်သောအခါ</u> (နေဟမိ ၁၃း၁)။ နှုတ်ကပတ်တော် ကြားနာခြင်းအားဖြင့် လူတို့ပြုသောအမှုသည် ပြီးဆုံးခြင်း မရှိ၊ ဆက်လက် ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ နှုတ်ကပတ်တော် နာခံခြင်းအမှု၌ သမ္မာသတိရှိခြင်း လိုအပ်ပါသည်။ နှုတ်ကပတ်တော်ဖတ်ကြားခြင်းဖြင့် တာဝန်ကို သိကြရပြီး၊ လက်တွေ့ လိုက်လျှောက်ဖို့ လိုအပ်ပါသည်။ ထိုအမှုပြုခြင်းကို ရန်သူသည် အစဉ် ဆန့်ကျင်သည်ဖြစ်သောကြောင့်၊ ဘုရားသခင်၏လူတို့အား လှဲကျဖို့ရန်နှင့် အမှုတော်ကို ဆီးတားဖို့ရန် အသစ်သော သွေးဆောင်မှု နည်းလမ်းကို ရှာကြံသည်ဖြစ်သောကြောင့်၊ သမ္မာသတိရှိဖို့ အစဉ်လိုအပ်ပါသည်။

<u>ယဇ်ပုရောဟိတ် ဧလျာရှိပ်သည် တောဘိနှင့် ပေါက်ဘော်တော်သည် ဖြစ်၍</u> (နေဟမိ ၁၃း၄)။ မြို့ရိုးတည်ဆောက်ခြင်း ပြီးစီးသောအချိန်မှစ၍ ထိုအမှုကို ဆီးတားသော ရန်သူတို့ကို ဖော်ပြခြင်း မရှိတော့ပါ။ သို့သော်လည်း၊ သူတို့သည် နောက်ဆုတ် အရှုံးပေးခဲ့ကြသည်ဟု မဆိုလိုပါ။ သူတို့သည် သန့်ရှင်းသော မြို့ထဲသို့ ရောနှော ဝင်ရောက် နေထိုင်ခဲ့ကြပါသည်။ ထိုသို့ သူတို့ နေထိုင်ကြသည့်အကြောင်းကို၊ ဘုရားသခင်၏နှုတ်ကပတ်တော် ဖတ်ကြားလျက်၊ သူတို့နှင့်ရောနှောနေထိုင်သော သူများနှင့် ကွာလျက် အသီးအခြား နေရမည်ဟူသော တာဝန်ကို သိမှတ်ကြသောအချိန်၌သာ သိခဲ့ကြခြင်းဖြစ်ပါသည်။ အသီးအခြားနေခြင်းအမှုကို ယနေ့တွင် လျစ်လျူရှု မေ့လျော့ခဲ့ကြပါသည်။ ထို့ကြောင့်၊ ထိုလျစ်လျူရှုခြင်းက ကျွန်ုပ်တို့၏ ဘုရားသခင် အမှုတော်ဆောင်ရွက်ခြင်း၊ အသင်းတော်၏ အမှုတော်နှင့်အကျိုးကို များစွာ ဖျက်ဆီးလျက်ရှိပါသည်။

**ဆင်ခြင်ရန်** - ကျမ်းစာအတိုင်း အသီးအခြားနေခြင်းသည် ဘုရားသခင်၏နှုတ်ကပတ်တရား နာခံခြင်း ဖြစ်ပါသည်။

**ဆုတောင်းချက်-** အို အဖဘုရား၊ ကျမ်းစာအတိုင်း အသီးအခြားနေခြင်းကို လက်တွေ့လိုက်လျှောက်မည်အကြောင်း ရဲရင့်ခြင်း ပေးသနားတော်မူပါ။

တနင်္လာ၊ မတ် (၂၃)

**နေဟမိ ၁၂း၄၄-၄၇**

၃ ရာ ၁၃း၃၁-၃၄

*“သာမည လူတို့ကို မြင့်သောအရပ်တွင် ယဇ်ပုရောဟိတ် အရာ၌ ထပ်၍ ခန့်ထား၏”*

## လူထု ဝတ်ပြုခြင်း၌ ပါဝင်သော အချက်များ (၁၈)

ယေရုရှလင်မြို့၌ ဖြစ်ပျက်သော ပြောင်းလဲမှုနှင့် တိုးတက်မှုတို့ကြောင့်၊ စနစ်တကျ ပြုပြင်ပြောင်းလဲ ဖွဲ့စည်းမှု အချို့လိုအပ်ခဲ့ပါသည်။ ဘုရားသခင်နှင့် ဘုရားသခင် အိမ်တော်အပေါ် ထားရှိသော လူတို့၏ စိတ်အားထက်သန်မှု၊ ဘုရားသခင်ထံ သန့်ရှင်းစေခြင်းနှင့် ဆက်ကပ်မှုတို့ကြောင့် လူတို့သည် ကျေးဇူးတော် ချီးမွမ်းလျက် ဝတ်ပြုကိုးကွယ်ခြင်း ပြုခဲ့ကြပါသည်။ ထိုအခါ၊ ပေးလှူသောအလှူနှင့် ဆယ်ဘို့တဘို့ များပြားလာခဲ့ပါသည်။ ထို့ကြောင့်၊ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်ခဲ့ပါသည်။ လူတို့၏ သစ္စာရှိစွာ ပေးကမ်း စွန့်ကြဲသည့်အရာကို သစ္စာရှိစွာ ထိန်းသိမ်းစောင့်ရှောက်လျက်၊ စနစ်တကျ စီမံဆောင်ရွက်ဖို့ လိုအပ်ပါသည်။

<u>ထိုအခါ . . . ဘဏ္ဍာတိုက်များကို အုပ်ရသော တိုက်စိုးတို့ကို ခန့်ထားကြ၏</u> (နေဟမိ ၁၂း၄၄)။ လူတို့၏ အလှူ ပေးကမ်းခြင်းသည် သမ္မာကျမ်းစာနှင့် ကိုက်ညီသော လူထုဆောင်ရွက်ရမည့်အမှုဖြစ်ပြီး၊ ဘုရားသခင်၏စကားကို နာခံခြင်း၊ သစ္စာရှိခြင်းနှင့် ဆက်ကပ်ခြင်းကို ပြသလျက်ရှိ၏။ ဖတ်ရှုတ်သော ဘုရားသခင်၏နှုတ်ကပတ်တော် နားလည်သဘောပေါက်ခြင်းကြောင့် ထိုသို့ ပေးလှူကြခြင်းလည်းဖြစ်ပါသည်။ ဆယ်ဘို့တဘို့နှင့် အဦးသီးသောအသီး ပေးလှူခြင်းအမှုနှင့်ဆိုင်သော တရားကို မောရှေက တရားဟောရာကျမ်း ၂၆း၁-၁၁ ထဲတွင် ဖော်ပြခဲ့ပါသည်။ လူတို့သည် ဘုရားသခင် ပေးတော်မူသော ဂတိတော်ပြည် အမွေကို ခံရသောကြောင့်၊ ဘုရားသခင်ထံ ဝမ်းမြောက်ခြင်းဖြင့် ကျေးဇူးတော်ချီးမွမ်းလျက် ပြုကြရပါမည်။ ဤအမှုကို နှုတ်အားဖြင့်၎င်း (ဘိုးဘေးတို့ထံ ထားတော်မူသော ကျေးဇူးတော် ပဋိညာဉ်အပေါ် ဘုရားသခင်၏ သစ္စာရှိခြင်းကို သိမှတ်လျက် နှုတ်ဖြင့်ဖော်ပြခြင်း)၊ အမှုပြုခြင်းအားဖြင့်၎င်း (အဦးသီးသော အသီး တတောင်း ပေးလှူလျက်၊ ထိုအသီးကို ယဇ်ပုရောဟိတ်သည် လက်ခံပြီး၊ ယဇ်ပလ္လင် ရှေ့၌ ထား၍၊ ပဋိညာဉ်ကို ဝန်ခံ ကြေငြာရပါမည်) ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ဝိညာဉ်နှင့်ဆိုင်သော ပွဲတော်များ၌ ယူဆောင်လာကြသော ထိုအလှူများနှင့် ပတ်သက်၍ အမှုတော်ဆောင်များ (ယဇ်ပုရောဟိတ်များနှင့် လေဝိသားများ) ထောက်ပံ့ခြင်းအမှု၌ လိုအပ်ချက်များ ရှိခဲ့ပါသည်။ ထို့ကြောင့်၊ “ယဇ်ပုရောဟိတ်နှင့် လေဝိသား ခံအပ်သော ပူဇော်သက္ကာ၊ အဦးသီးသော အသီး၊ ဆယ်ဘို့တဘို့ကို မြို့နယ်ကျေးလက်ထဲက သိမ်းယူ၍ သိုထားစရာ ဘဏ္ဍာတိုက်များကို အုပ်ရသော တိုက်စိုးတို့ကို ခန့်ထားကြ၏” (နေ ၁၂း၄၄)။ ပေးလှူသောအရာများကို ကောင်းမွန်စွာ လက်ခံ သိုထားကြပြီး၊ တရားသဖြင့် အသုံးပြုလျက်၊ သန့်ရှင်းစွာ ထိန်းသိမ်းထားပါသည်။ ထိုဘဏ္ဍာတိုက်ကို အုပ်ရသော တိုက်စိုးတို့သည် ယဇ်ပုရောဟိတ်နှင့် လေဝိသားများ ဖြစ်ရပါမည်။ ထို့ပြင်၊ သူတို့သည် မိမိတို့၏ တာဝန်ကို သစ္စာရှိစွာ၊ ဝမ်းမြောက်စွာ ဆောင်ရွက်ကြရပါမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အိမ်တော်ကို ဘုရားသခင်၏နှုတ်ကပတ်တော်အတိုင်း စီမံရမည်ဖြစ်၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်တို့အား သစ္စာရှိသော အမှုတော်ဆောင်များ ပေးသနားတော်မူလျက်၊ သူတို့ကို ထောက်ပံ့နိုင်မည်အကြောင်း မစတော်မူပါ။



တနင်္လာ၊ ဇန်နဝါရီ (၁၂)

**နေဟမိ ၂း၁၇-၃း၅**

ဟေဗြဲ ၆း၉-၁၂

*“သင်တို့ရှိသမျှသည် . . . ထိုသို့သော လုံ့လဝီရိယကို ထုတ် . . . ခြင်းငှါ ငါတို့သည် အလိုရှိကြ၏”*

## အမှုတော် ဆောင်ရွက်ဖို့ ဖိတ်ခေါ်ခြင်း (၁)

မြို့ရိုး တည်ဆောက်ခြင်းနှင့် ပြီးစီးခြင်းသည် နေဟမိနှင့် ဣသရေလအမျိုးသားများ ဘုရားသခင်နှင့် အမှုတော်၌ ဆက်ကပ်မှုကို ဖော်ပြသော သက်သေပင်ဖြစ်ပါသည်။ နေဟမိ ၂း၂၀ ၌ တွေ့ရသည်အတိုင်း၊ ဘုရားသခင်သည် မိမိလူတို့အား အခွင့်ပေးတော်မူလျက်၊ ဘုရားသခင်၏အစေခံကျွန်တို့သည် ထ၍ အမှန် တည်ဆောက်ခဲ့ကြ၏။ ထိုအမှု ပြီးစီးခြင်းသည် နေဟမိ၏ လေ့လာဆင်ခြင်မှု၊ လိုအပ်သော ကြိုဆင်ပြင်ဆင်မှုနှင့် အမှုတော် ချဉ်းကပ်မှုတို့၏ အကျိုးရှိမှု သက်သေလည်း ဖြစ်ပါသည်။ ဤအချက်များအားဖြင့် ဘုရားသခင်၏အမှုတော် ဆောင်ရွက်ခြင်း၌ အောင်မြင်သော ဦးဆောင်မှုနှင့် လက်တွေ့ ဆောင်ရွက်မှု အဆင့်ဆင့်ကို လေ့လာနိုင်ပါသည်။

<u>သင်တို့မူကား၊ ယေရုရှလင်မြို့တွင် ဘာမျှ . . . မှတ်စရာသက်သေ မရှိ</u> (နေဟမိ ၂း၂၀)။ ဘုရားသခင်၏အမှုတော်မြတ်၌ ပါဝင်သော ထိုအစေခံ အမှုတော်ဆောင်များ၏နာမည်များ မှတ်သားခြင်း ခံရကြကြောင်း တွေ့ရပါသည်။ သူတို့၏နာမည်များကို ကျွန်တော်တို့ မှန်ကန်စွာ မမြွက်ဆို နိုင်သည့်တိုင်၊ “ထိုသို့ပြုသောအားဖြင့် နာမတော်ကိုထောက်၍ ပြသော မေတ္တာကို၎င်း၊ ဘုရားသခင်သည် မေ့လျော့သည်တိုင်အောင် အဓမ္မအမှုကို ပြုတော်မူသည် မဟုတ်” (ဟေဗြဲ ၆း၁၀) ဟူသော အချက်ကို ကျွန်တော်တို့အား အမှတ်ရစေပါ၏။ ဆိုလိုသည်မှာ၊ ဘုရားသခင်သည် သူတို့ပြုသောအမှုကို၎င်း၊ သူတို့ကို၎င်း မေ့လျော့တော်မမူ။ သူတို့၏တဦးချင်း နာမည်များ၊ အဖွဲ့လိုက်နာမည်များ မှတ်သားထားပါသည်။ သူတို့ တတ်ကျွမ်းသော ပညာများကိုလည်း ဖော်ပြထားပါသည်။ သူတို့ပြုသောအမှုများကိုလည်း မှတ်သားဖော်ပြထားပါသည်။ သူတို့ပြုသောအမှုသည် မေ့လျော့ခြင်း မရှိသည်ဖြစ်သောကြောင့်၊ တမန်တော် မိန့်တော်မူသကဲ့သို့ “သခင်ဘုရား၏ အမှုတော်ကို ဆောင်ရွက်၍ အကျိုးကြီးသည်ကို သိမှတ်” (၁ ကော ၁၅း၅၈) ရပါသည်။

<u>သို့ရာတွင်၊ တေကောမင်းတို့သည် မိမိတို့အရှင်၏ အမှုကို ဝိုင်းညီ၍ မပြုကြ</u> (နေဟမိ ၃း၅)။ ဤမှတ်တမ်းတင်ခြင်းတွင်၊ နေဟမိ၏ ဖိတ်ခေါ် တိုက်တွန်းခြင်းကို ကြားသိသော်လည်း၊ “မိမိတို့အရှင်၏အမှုကို ဝိုင်းညီ၍ မပြု” သော အုပ်စုလည်း ဖော်ပြခြင်း ခံရပါသည်။ ဘုရားသခင်သည် သစ္စာရှိသော ငယ်သားကောင်းများနှင့် သူတို့ပြုသောအမှုကို သိမှတ်သကဲ့သို့၊ ဆိုးယုတ် မိုက်မဲ လျက်ပျင်းရိသော ငယ်သားများကိုလည်း မှတ်ထားတော်မူ၏။ ထိုအမှု၌ ထိုသူတို့ မပါဝင်ကြခြင်း အကြောင်းရင်းကို ဖော်ပြ မထားပါ။ သေချာသည်မှာ သူတို့ကိုယ်တိုင် မပါဝင်လိုကြခြင်းပင်ဖြစ်ပါသည်။ သူတို့၏ ငယ်သားများကို ပါဝင်စေကြပြီး၊ သူတို့ကိုယ်တိုင် မပါဝင်ခဲ့ကြပါ။ အမှန်မှာ၊ လူအပေါင်းတို့သည် ဘုရားသခင်၏အမှုတော်မြတ်၌ ပါဝင်လိုခြင်း ရှိကြရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အောင်မြင်မှုရဖို့ရန် ပြင်ဆင်ခြင်းနှင့် အမှန်တကယ် လုပ်ဆောင်မှု လိုအပ်၏။

**ဆုတောင်းချက်-** အို အဖဘုရား၊ ကိုယ်တော်၏အမှုတော် ဆောင်ရွက် လိုသောဆန္ဒ ပေးသနားတော်မူလျက်၊ ဆောင်ရွက်ဖို့ရန် အစဉ် အသင့် ရှိမည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ ဇန်နဝါရီ (၁၃)
**နေဟမိ ၃း၁-၅**
၁ ကော ၃း၉-၁၅

*“ငါတို့သည် ဘုရားသခင့်ထံ၌ အလုပ်လုပ်သော သူချင်းဖြစ်ကြ၏”*

## အမှုတော် ဆောင်ရွက်ဖို့ ဖိတ်ခေါ်ခြင်း (၂)

အမှုတော် ဆောင်ရွက်ဖို့ ဖိတ်ခေါ်ခြင်းသည် ဆောင်ရွက် ဆက်ကပ်ခြင်းနှင့် ပေါင်းစပ်မိသောအခါ အောင်မြင်မှု ဖြစ်ပေါ်လာ၏။ အမှုပြုဖို့ ထသောသူတို့သည် ဆက်ကပ်ခြင်းနှင့် ထိုအမှုကို ဆောင်ရွက်ခဲ့ကြပါသည်။ သူတို့ ကျွမ်းကျင်သော အမှု မဟုတ်သည့်တိုင် ဆောင်ရွက်ဖို့ရန် အခွင့်ကို စောင့်လျက် ကြိုးစား ဆောင်ရွက်ခဲ့ကြပါသည်။

<u>ထိုအခါ ယဇ်ပုရောဟိတ်မင်း ဧလျာရှိပ်သည်၊ မိမိညီအစ်ကို ယဇ်ပုရောဟိတ်တို့ နှင့်တကွ ထ၍၊ တည်ဆောက် ခဲ့ကြ၏</u> (နေဟမိ ၃း၁)။ နေဟမိ ၃း၁ တွင်၊ ဣသရေလလူများအပေါ် နေဟမိ၏ ဖိတ်ခေါ် နိုးဆော်မှု၏ အကျိုးသက်ရောက်မှုနှင့် ဘုရားသခင်၏အမှုတော်အတွက် သူတို့၏ ယုံကြည်ခြင်းနှင့် ဆက်ကပ်မှုကို တွေ့ရပါသည်။ ထိုနိုးဆော် တိုက်တွန်းမှုမှာ လက်ရှိ ယေရုရှလင်မြို့ အခြေအနေနှင့် ကဲ့ရဲ့ခံရခြင်းကို ဆင်ခြင်ဖို့ရန် နှင့် ထိုအမှုအတွက် ယုံကြည်ခြင်းဖြင့် ထလျက် တစုံတခု ဆောင်ရွက်ဖို့ရန် ဖြစ်ပါသည်။ ဘုရားသခင်၏အစေခံကျွန်တို့သည် ထ၍ အမှုဆောင်ရွက်လျက်၊ ထိုအမှုကို ဘုရားသခင် အောင်မြင်စေမည်အကြောင်း ယုံကြည်ကြရပါမည်။ ဧလျာရှိပ်နှင့် ယဇ်ပုရောဟိတ်များက မည်သို့သော စိတ်ထားဖြင့် အမှုတော် ဆောင်ရွက်ရမည်ကို ပြသခဲ့ကြ၏။ သူတို့၏ တာဝန်မဟုတ်သော်လည်း၊ သူတို့သည် ထ၍ တည်ဆောက်ခဲ့ကြ၏။ သူတို့သည် ဗိမာန်တော် အမှုတော်ဖြစ်သော၊ ယဇ်ပူဇော်ခြင်းအတွက် ခွဲခန့်ခြင်းခံရသောသူများ ဖြစ်ကြပါသည်။ သို့သော်လည်း လက်ရှိဆောင်ရွက်စရာရှိသော ယေရုရှလင် မြို့ရိုး တည်ဆောက်ခြင်း၌ သူတို့ ဆောင်ရွက်သင့်သော အမှုကို စိတ်ပါလက်ပါ ဆောင်ရွက်ခဲ့ကြပါသည်။

<u>သိုးတံခါးကို ပြင်လျက်၊ တံခါးခုံ၊ တံခါးထုပ်၊ တံခါးရွက်တို့ကို ထူထောင် ဆွဲထား၍ . . . ဟာနနေလ ပြအိုးတိုင်အောက် ပြင်ကြ၏</u> (နေဟမိ ၃း၁)။ နေဟမိ ၂း၂၀ ၌ တွေ့ရသော နိုးဆော် ဖိတ်ခေါ်မှုကို နာခံလျက်၊ ယုံကြည်ခြင်းဖြင့် ထ၍ တည်ဆောက်ခဲ့ကြ၏။ သူတို့သည် ဘုရားသခင်၏ အစေခံကျွန်များဖြစ်ကြောင်း ဖော်ပြလျက်၊ ကောင်းကင်ဘုံ အရှင်ဘုရားသခင်က သူတို့နှင့် သူတို့ ပြုသောအမှုကို အောင်မြင်ခြင်း ပေးတော်မူမည်အကြောင်း ယုံကြည်ခဲ့ကြ၏။ ထို့ပြင် ဘုရားသခင် ပေးတော်မူသော တာဝန်ကို ထမ်းဆောင်လျက် သူတို့ ပြုသောအမှုကို သန့်ရှင်းစေခဲ့ကြ၏။ လက်ရှိ သူတို့ပြုသောအမှုသည် မြို့ရိုးတည်ဆောက်ခြင်းဖြစ်သော်လည်း၊ ဝိညာဉ်နှင့်ဆိုင်သောအမှု ဖြစ်ပါသည်။ ဝိညာဉ်ရေးရာ၊ ဘာသာတရားနှင့်ဆိုင်သောအမှု ဖြစ်ပါသည်။ ယေရုရှလင်မြို့သည် ဘုရားသခင်က မိမိနာမတော် တည်စေဖို့ရန် ရွေးချယ်ထားသော၊ ဘုရားသခင်၏မြို့ ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ခရစ်ယာန် အမှုတော်၌ ပါဝင်ဆောင်ရွက်ခြင်းသည် မရှိမဖြစ် လိုအပ်သောအရာ ဖြစ်ပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ မစတော်မူခြင်းကို ကိုးစားလျက်၊ အမှုတော်မြတ်၌ အကောင်းဆုံး ပါဝင်နိုင်အမည်အကြောင်း မစတော်မူပါ။



တနင်္ဂနွေ၊ မတ် (၂၂)
**နေဟမိ ၁၂း၂၇-၄၃**
တရား ၂၀း၁-၇

*“အိမ်သစ်ဆောက်၍ ဘုရားသခင်၌ မအပ်ရသေးသောသူ ရှိလျှင်”*

## လူထု ဝတ်ပြုခြင်း၌ ပါဝင်သော အချက်များ (၁၇)

မြို့ရိုး ပြီးစီးမှုသည် ကြီးမားသော အောင်မြင်မှုဖြစ်ပါသည်။ ဆန့်ကျင်မှုနှင့် ခြိမ်းခြောက်မှု ကြား၌ စိတ်အားထက်သန်မှု၊ ဆက်ကပ်မှုနှင့် ဘုရားသခင်၏မစတော်မူခြင်းဖြင့် ပြီးစီးခဲ့ခြင်းဖြစ်၏။ အလွန် ခက်ခဲသောကာလ၊ အစာခေါင်းပါးသောကာလ၌ ဆောင်ရွက်ခဲ့ခြင်းလည်း ဖြစ်ပါသည်။ သူတို့ပြုသောထိုအမှုကို ဘုရားသခင်ထံ ဆက်ကပ်ခဲ့ကြပါသည်။ နူနာကိုးဦးကဲ့သို့ (ယေရှု သန့်ရှင်းစေတော်မူသော နူနာဆယ်ဦးမှ)၊ ကျွန်ုပ်တို့၏ဆုတောင်းချက် ပြည့်စုံသောအခါ၊ ဝမ်းမြောက်ခြင်း ရှိလျက်၊ ခံရသော ဘုရားသခင်၏ကျေးဇူးတော်နှင့် ဂရုဏာတော်ကို မေ့လျော့လျက်၊ ကျေးဇူးတော် ချီးမွမ်းခြင်း မပြုဘဲ ကျွန်တော်တို့ နေတတ်ကြပါသည်။ သို့သော်လည်း၊ သူတို့သည် မမေ့ခဲ့ကြပါ။ အနုမောဒနာပြုခြင်း အစီအစဉ်ပြုဖို့ရန် သူတို့၏ဝိညာဉ်ခေါင်းဆောင်များက လမ်းပြခဲ့ကြပါသည်။

<u>ယေရုရှလင်မြို့ရိုးကို အနုမောဒနာပြုသောအခါ၊ . . . လေဝိသားတို့ကို ရှာ၍ သူတို့ နေရာ အရပ်ရပ်တို့က . . . ယေရုရှလင်မြို့သို့ ခေါ်ကြ၏</u> (နေဟမိ ၁၂း၂၇)။ လူထုသည် နေဟမိ ၈၊ နေဟမိ ၉ နှင့် ၁၀ တို့၌ ပြုခဲ့သကဲ့သို့၊ တဖန် စုဝေးခဲ့ကြပါသည်။ သူတို့သည် “ခွက်ကွင်း၊ စောင်း၊ တယောနှင့် တီးမှုတ်လျက်၊ သီချင်းဆိုလျက်၊ ဝမ်းမြောက်ခြင်း၊ ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့်တကွ အနုမောဒနာ ပြုအံ့သောငှါ” (နေဟမိ ၁၂း၂၇) လာရောက် စုဝေးခဲ့ကြပါသည်။ အရာရာတိုင်း၌ ဘုရားသခင်၏ကျေးဇူးတော် ချီးမွမ်းခြင်းသည် အဓိကကျသောအမှုဖြစ်ပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်ထံ ဆက်ကပ်သောသူများဖြစ်ကြသည်အတိုင်း၊ ကျွန်ုပ်တို့၏ အောင်မြင်မှုများကိုလည်း ဘုရားသခင်ထံ ဆက်ကပ်ဖို့လိုပါသည်။ ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေဖို့ရန် အရာခပ်သိမ်းကို ပြုရမည်ဖြစ်သောကြောင့်၊ အရာခပ်သိမ်းကို ဘုရားသခင်၏ဘုန်းတော်ထင်ရှားဖို့ ဆက်ကပ်နိုင်ရမည် ဖြစ်ပါသည်။ ဆောင်ရွက်သောအမှု ပြီးစီးသောအခါ၊ ကျေးဇူးတော်ကို ချီးမွမ်းလျက် ဘုရားသခင်ထံ မဆက်ကပ်နိုင်မည့်အမှုကို မပြုမိမည်အကြောင်း ကျွန်တော်တို့ သတိထားရပါမည်။ ကျွန်တော်တို့သည် မိမိကိုယ်ကို ဘုရားသခင်ထံ ဆက်ကပ်လျက်၊ ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေဖို့ရန် မိမိ၏အချိန်၊ ပိုင်ဆိုင်သောအရာများနှင့် အရည်အချင်းများကို အသုံးပြုလျက် ကြိုးစား အားထုတ်ကြသည်ဖြစ်သောကြောင့်၊ ထိုသို့ ပြုသောအမှုသည် ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်တကွ ဘုရားသခင်ထံ ဆက်ကပ်၍ မရသောအမှုဖြစ်ခဲ့လျှင် မည်သို့ဖြစ်လိမ့်မည်နည်း။ ပြုသောအမှု ပြီးစီးသောအခါ၊ ကျွန်ုပ်တို့၏ အမှုတော်ဆောင်ဆရာများ၊ ခရစ်ယာန် ညီအစ်ကိုများတို့ကို ဖိတ်ခေါ်လျက် ဘုရားသခင်ထံ ကျေးဇူးတော် ချီးမွမ်းခြင်း အစီအစဉ် ပြုနိုင်ပါမည်လော။ မြို့ရိုး ပြီးစီးသောအခါ၊ လေဝိသားများ (နေ ၁၂း၂၇)၊ သီချင်းသည်များ (နေ ၁၂း၂၈-၂၉)၊ မင်းများ (နေ ၁၂း၃၁-၃၄)၊ ယဇ်ပုရောဟိတ်များ (နေ ၁၂း၃၅-၃၆) နှင့် ဧဇရသည် ပျော်ရွှင်စွာ ကျေးဇူးတော် ချီးမွမ်းဖို့ရန် (နေ ၁၂း၃၈-၄၀)၊ ယဇ်ပူဇော်ဖို့ရန် (နေ ၁၂း၄၃)၊ “ကိုယ်ကိုငင်း၊ လူများ၊ မြို့တံခါး၊ မြို့ရိုးကိုလည်း စင်ကြယ်စေကြ” (နေ ၁၂း၃၀) သော အမှုတော် ဆောင်များက ဦးဆောင်လျက် စုဝေးခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - ဝမ်းမြောက်စွာ သန့်ရှင်းသောအမှု ဆောင်ရွက်နိုင်ခြင်းသည် မင်္ဂလာ ဖြစ်ပါ၏။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ ဂရုဏာတော်ကြောင့် ဝမ်းမြောက်လျက် ကျေးဇူးတော် ချီးမွမ်းမည်အကြောင်း မစတော်မူပါ။

*"မြင့်သော အရပ်၌ ခန့်ထားသော ယဇ်ပုရောဟိတ်တို့ကိုလည်း ဗေသလမြို့မှာ နေရာချ၏"*

# လူထု ဝတ်ပြုခြင်း၌ ပါဝင်သော အချက်များ (၁၆)

နောက်ဆုံး အခန်းကြီး နှစ်ခန်းထဲတွင်၊ လူထု လက်တွေ့ ဆောင်ရွက်သောအမှု၊ ဘုရားသခင်ထံ သန့်ရှင်းစေခြင်းနှင့် ဆက်ကပ်ခြင်းကို ဆက်လက် ဖော်ပြခဲ့ပါသည်။ နေဟမိ ၁၂ အစတွင်၊ ကျွန်ခံရာမှ ဇေရုဗဗေလနှင့်အတူ ပြန်လာခဲ့ကြသော လေဝိသားနှင့် ယဇ်ပုရောဟိတ်များ နာမည်စာရင်းကို ဖော်ပြခဲ့ပါသည်။ ဤအချက်က ဘုရားသခင်၏အိမ်တော် အမှုတော်နှင့် ဝတ်ပြုခြင်းကို ထာဝရဘုရား ရွေးနှုတ်တော်မူသော သူများက ဆောင်ရွက်နိုင်ကြောင်း ဖော်ပြခဲ့ပါသည်။ ယခု နာမည် စာရင်းထဲတွင်၊ အရင် ဖော်ပြခဲ့ပြီးသော နာမည်များလည်း ပြန်လည် ပါဝင်လာခဲ့ပါသည်။ ဆိုလိုသည်မှာ၊ ဝတ်ပြုခြင်း အမှုတော်ကို ဘုရားသခင် ခန့်ထားတော်မူသော၊ အရည်အချင်း ပြည့်မီသောသူအပြင်၊ အောက်ဖော်ပြပါ လူများကလည်း ဆောင်ရွက်နိုင်ပါသည်၊

(၁) ကုရု အမိန့်ကြောင့်၊ ပြန်လာသောသူ (နေဟမိ ၇ နာမည်စာရင်းတွင်)၊

(၂) လူတို့၏အမှုကို ဆောင်ရွက်သောသူ (နေဟမိ ၈-၉ နာမည်စာရင်းတွင်)၊

(၃) လူထုကို ကိုယ်စားပြုလျက်၊ ပဋိညာဉ် ဝန်ခံ၍ သစ္စာဂတိပြုလျက်၊ ဘုရားသခင်ထံ လူတို့အား သန့်ရှင်းစေခြင်းအမှု၌ ဦးဆောင်သောသူ (နေဟမိ ၁၀ နာမည်စာရင်းတွင်)၊

(၄) ယေရုရှလင်မြို့ထဲသို့ လိုလိုလားလား ပြောင်းရွှေ့နေထိုင်သောသူ (နေဟမိ ၁၁ နာမည်စာရင်းတွင်)။

<u>လေဝိသားမူကား . . .</u> (နေဟမိ ၁၂း၈)။ နေဟမိမှတ်စာထဲ၌တွေ့ရသော လူမျိုးစာရင်း ဖော်ပြချက် အသီးသီး၌ တစ်ကြိမ်မက ဖော်ပြခြင်းခံရသော သူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်၊

(၁) မသေယ၊ နေဟမိ ၃း၂၃ထဲ၌ ဆောက်လုပ်သောသူများနှင့်အတူ ဖော်ပြခြင်းခံရ၏၊ နေဟမိ ၈း၄၊ ၇ ထဲတွင်၊ လူတို့အား နားလည်သဘောပေါက်စေသော လေဝိသားများနှင့်ငှင်း၊ နေဟမိ ၁၀း၂၅ ထဲတွင်၊ သစ္စာဂတိပြု စာချုပ် ရေးမှတ်သော လေဝိသားများနှင့်ငှင်း၊ ဘုရားသခင် အိမ်တော်၌ ချီးမွမ်းသော သီချင်းသည် နှစ်စုနှင့်ငှင်း (နေဟမိ ၁၂း၄၀-၄၁) အတူ ဖော်ပြခြင်းခံရခဲ့ပါသည်။

(၂) ကာဒမေလ၊ နေဟမိ ၇း၄၃ တွင်၊ ပြန်လာသောသူများနှင့်ငှင်း၊ နေဟမိ ၉း၄-၅ တွင်၊ မောရှေ၏ ပညတ္တိကျမ်း အနက်ဖွင့်သော လေဝိသားများနှင့်ငှင်း၊ နေဟမိ ၁၀း၉ တွင်၊ သစ္စာဂတိပြုသော လေဝိသားများနှင့်ငှင်း၊ နေဟမိ ၁၂း၈၊ ၂၄ တွင်၊ လေဝိသားများနှင့်ငှင်း အတူအကွ ဖော်ပြခြင်းခံရ၏။

(၃) ဗာနိ၊ နေဟမိ ၃း၁၇ တွင်၊ ဆောက်လုပ်သောသူများနှင့်ငှင်း၊ နေဟမိ ၈း၇ တွင်၊ လူထုကို နားလည် သဘောပေါက်စေခဲ့သော လေဝိသားများနှင့်ငှင်း၊ နေဟမိ ၉း၄-၅ တွင်၊ မောရှေ၏ ပညတ္တိကျမ်း ဖတ်ရွတ် အနက်ဖွင့်သော လေဝိသားများနှင့်ငှင်း၊ နေဟမိ ၁၁း၂၂ တွင်၊ သစ္စာဂတိပြုသော၊ ယေရုရှလင်မြို့ထဲ၌ နေထိုင်သော လေဝိသားများနှင့်ငှင်း အတူဖော်ပြခြင်း ခံခဲ့ရပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်နာမည် ရေးမှတ်သောအရပ်က ကျွန်ုပ်အကြောင်းကို ဖော်ပြ၏။
**ဆုတောင်းချက်-** ချီးမွမ်းထိုက်သောအရာကို ရွေးချယ်နိုင်မည်အကြောင်း အကျွန်ုပ်အား ဉာဏ်ပညာ ပေးသနားတော်မူပါ။





*"သင်တို့သည် ခရစ်တော်၏ကိုယ် ဖြစ်ကြ၏။ အသီးအသီး အင်္ဂါတော်ဖြစ်ကြ၏"*

# အမှုတော် ဆောင်ရွက်ဖို့ ဖိတ်ခေါ်ခြင်း (၃)

နေဟမိ ၃ ထဲ၌ တွေ့ရသော မြို့ရိုးတည်ဆောက်ခြင်းသည် စနစ်တကျ စီမံ ခွဲခန့်လျက်၊ စိတ်ပါလက်ပါ ကြိုးစားအားထုတ် ဆောင်ရွက်ခြင်း၏အကျိုးကို ဖော်ဆောင်သော သက်သေလည်း ဖြစ်ပါသည်။ နာမည်များနှင့် လုပ်ဆောင်ရန်အမှု မှတ်သား ချမှတ်ခြင်းက စနစ်တကျ အစီအစဉ်ဆွဲခြင်း၊ နိုးကြားတက်ကြွသော ဦးဆောင်မှုကို ဖော်ပြပြီး၊ ထိုသို့သော စနစ်တကျ စီမံခွဲခန့်ခြင်း၏အကျိုးကို ဖော်ညွှန်းလျက်ရှိပါသည်။ ထို့ပြင်၊ ဆက်ကပ်ခြင်း၊ စိတ်သဘော ညီညွတ်ခြင်းနှင့် ဆုံးဖြတ်ချက် ခိုင်မာစွာဖြင့် အမှုဆောင်ရွက်ခြင်း၏အကျိုးကိုလည်း ဖော်ပြလျက်ရှိပါသည်။

<u>သူတို့ နောက်မှ</u> (နေဟမိ ၃း၂)။ "သူတို့ နောက်မှ" နှင့် "သူ့နောက်မှ" ဟူသော စကားစုကို အပိုဒ်ငယ် ၂၊ ၄၊ ၅၊ ၇၊ ၉၊ ၁၀၊ ၁၂၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉ တို့၌ အကြိမ်များစွာ တွေ့ရပါသည်။ ဤအချက်ကလည်း အမှု ဆောင်ရွက်ခြင်း၌ လိုအပ်သော ဦးဆောင်မှု၊ စီမံခန့်ခွဲမှုအပြင်၊ လုပ်ဆောင်သောသူများ၏ ညီညွတ်မှုတို့ကို ဖော်ပြလျက်ရှိပါသည်။ ဦးဆောင်မှုနှင့် စီမံခန့်ခွဲမှုတွင် ထိုစကားစုက လက်တွေ့ လုပ်ဆောင်မှုနှင့် အနီးကပ်ကြီးကြပ်မှုကို ဖော်ပြခဲ့ပါသည်။ ထိုမြို့ရိုး တည်ဆောက်ခြင်း အလုပ်သည် အလွန် ကြီးမားသောအမှုဖြစ်သောကြောင့်၊ လုပ်အားများစွာ လိုအပ်ခဲ့ပါသည်။ နေဟမိသည် ထိုအမှုအတွက် လူတို့ကို စည်းရုံးလျက်၊ နိုးဆော် အားပေးသည်သာမက၊ လက်တွေ့လုပ်ဆောင်ဖို့ရန် လူများ ဆုံးဖြတ်ကြသောအခါ၌လည်း၊ ထိုသူတို့အား တာဝန် အတိအကျ ခွဲဝေ ချမှတ်ခဲ့ပါသည်။

ထို့ပြင် နေဟမိ ၃ တွင်၊ အသီးသီး ကျရာ တာဝန် ထမ်းဆောင်ကြသော ထိုမြို့ရိုး တည်ဆောက်ခြင်း လုပ်ငန်း တိုးတက်မှုကို ဖော်ပြလျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်သောသူများ၊ ဆောင်ရွက်သည့် နေရာ နှင့် ဆောင်ရွက်သည့်အမှုတို့ကို သေချာ ဖော်ပြခဲ့ပါသည်။ သူတို့ လုပ်ဆောင်သည့်အမှု၏ တိုးတက်မှုနှင့် မည်မျှ လုပ်ဆောင်ကြသည်ကိုလည်း ဖော်ပြခဲ့၏။ ဤအချက်များက လက်တွေ့ အမှု လုပ်ဆောင်သောအခါ၊ ကြီးကြပ်ကွပ်ကဲမှု တာဝန် မည်သို့ ဆောင်ရွက်ရမည်ကို ဖော်ပြလျက်ရှိပါသည်။ ထိုအခါ၊ ဆောင်ရွက်သောအမှုသည် အောင်မြင်မှု ရှိမည်ဖြစ်ပါသည်။

ဦးဆောင်သူ၏တာဝန်သည် လုပ်ဆောင်မည့် တာဝန် ခွဲဝေမှုဖြင့် ပြီးဆုံးသည် မဟုတ်ပါ။ ဆက်လက် ကြီးကြပ်ဖို့လိုပါသည်။ နေဟမိသည် ခွဲဝေ ပေးခဲ့သော တာဝန်ကိုငှင်း၊ လုပ်ဆောင်သောသူများကိုငှင်း သိရုံသာမက၊ သူတို့ လုပ်ဆောင်သောအလုပ်၏ တိုးတက်မှုကိုလည်း ဆက်လက် ကြည့်ရှုခဲ့ပါသည်။ ကျမ်းစာ သွန်သင်သော ဦးဆောင်မှုအတတ်ပညာသည် အမှုတော်၌ ပါဝင်ဖို့ရန် ဖိတ်ခေါ် နိုးဆော်ခြင်း၊ တာဝန် ခွဲဝေ ပေးအပ်ခြင်းသာ မဟုတ်၊ လက်တွေ့ လုပ်ဆောင်သောအခါ တိုးတက်မှုရှိအောင် ကြပ်မတ်ခြင်းနှင့် ကြိုးစားလုပ်ဆောင်သူများအား အသိအမှတ်ပြု ချီးကျူးခြင်းလည်း ပါဝင်ပါသည်။

**ဆင်ခြင်ရန်** - တာဝန်ကျေပွန်သော ခေါင်းဆောင်ကောင်းသည် စနစ်ကျသော အမှုတော်ကို ဖန်တီး တတ်၏။
**ဆုတောင်းချက်-** (အသင်းတော်ရှိ သင်၏သင်းအုပ်ဆရာများနှင့် ခေါင်းဆောင်များအတွက် ဆုတောင်းပေးပါ)။

ကြာသပတေး၊ ဇန်နဝါရီ (၁၅)
**နေဟမိ ၃း၁-၁၅**
ဧဖက် ၄း၁-၁၆

*"အဆစ်အပိုင်းများတို့သည် အားဖြည့်သဖြင့်၊ တကိုယ်လုံးသည် စေ့စပ်ထုံးဖွဲ့လျက်၊ အသီးအသီး အင်္ဂါများ ကိုယ်ငန်းကိုယ်တာအတိုင်း ပြုပြင်သည်နှင့်အညီ"*

## အမှုတော် ဆောင်ရွက်ဖို့ ဖိတ်ခေါ်ခြင်း (၄)

မြို့ရိုး တည်ဆောက်ခြင်းနှင့် ဆောက်လုပ်သောသူ နာမည်စာရင်း မှတ်သားခြင်းတို့သည် ဘုရားသခင် အစေခံကျွန်များ၏ စည်းလုံးမှုနှင့် အတူအကွ လုပ်ဆောင်မှု၊ ထိုသို့သော ညီညွတ်မှု၏ အကျိုးကို ဖော်ပြသော သက်သေဖြစ်ပါသည်။ ဘုရားသခင်၏အမှုတော် အောင်မြင်မှု အတွက် ထိုသို့သော စည်းလုံး ညီညွတ်မှု အရေးကြီးကြောင်းနှင့် လိုအပ်ကြောင်းကို ပြသလျက်ရှိပါသည်။ မိမိအလိုအလျောက် လုပ်ဆောင်သောသူတိုင်းသည် တာဝန်ပေးအပ်ခြင်း ခံရကြပြီး၊ မိမိကျရာတာဝန်ကို အသီးသီး ထမ်းရွက်ခဲ့ကြပါသည်။ ခရစ်တော် ကိုယ်၌ ပါဝင်သော အင်္ဂါအသီးသီးတို့သည်လည်း ထိုခရစ်တော် ကိုယ်၏ လုပ်ဆောင်မှု၌ မိမိကျရာ တာဝန် ဆောင်ရွက်ကြရပါမည်။ ထို့ကြောင့်၊ ခရစ်တော် ကိုယ်တခုလုံး၏အကျိုးအတွက်နှင့် ကြီးထွားဖို့ရန် ယုံကြည်သူတိုင်း၌ မိမိ ဆောင်ရွက်ရမည့် တာဝန် ရှိကြပါသည်။ ထိုအမှုဆောင်ရွက်ခြင်း၌ လုပ်ဆောင်သောသူများသည် အသီးသီးသော၊ မတူညီသော အမှုကို ဆောင်ရွက်ခဲ့ကြရပါသည်။ ထိုအသီးသီးသော လူများ၏ လုပ်ဆောင်မှု ပေါင်းစပ်ခြင်းဖြင့် လူတဦးတည်း မလုပ်ဆောင်နိုင်သော ကြီးသောအမှုကို ပြီးမြောက်စေခဲ့ပါသည်။

<u>သူတို့ နောက်မှ</u> (မေဟမိ ၃း၂)။ ဤ စကားစု ကလည်း အမှုဆောင်ရွက်ခြင်း၌ စည်းလုံး ညီညွတ်ခြင်းကို ဖော်ပြခဲ့ပါသည်။ ယေရုရှလင် မြို့ရိုး ပတ်ပတ်လည်၌ တာဝန် ချထားသော အလုပ်သမားများ စာရင်းကလည်း အသီးသီး မိမိတို့ ကျရာတာဝန် ထမ်းရွက်ခြင်းနှင့် စည်းလုံးခြင်းကို ဖော်ပြပါသည်။ အသီးသီးသော အပိုင်းများကို အသီးသီးသော လူများက ဆောင်ရွက်ကြ၏၊ ယဇ်ပုရောဟိတ်မှစ၍ (နေဟမိ ၃း၁)၊ လှည့်စားခြင်းကြောင့် ယောရှုက စီရင်ခဲ့သော ဂိဗောင်မြို့သားများ (နေဟမိ ၃း၇ နှိုင်း - ယောရှု ၉း၂၇)၊ ပန်းတိမ်သမားနှင့် ဆေးသမားများ (နေဟမိ ၃း၈) နှင့် အုပ်စိုးသောသူများ (နေဟမိ ၃း၉၊ ၁၂၊ ၁၄) လည်း၊ မိမိတို့ ကျရာတာဝန်ကို ထမ်းရွက်ခဲ့ကြ၏။ အပိုင်းအသီးသီး၌ အသီးသီးသောအလုပ်ကို လုပ်ဆောင်ကြရပါသည်။ မြို့ရိုး တည်ဆောက်ခြင်း (နေဟမိ ၃း၈၊ ၁၃၊ ၁၉၊ ၂၀၊ ၂၄၊ ၂၅၊ ၂၇)၊ ပြအိုး တည်ဆောက်ခြင်း (နေဟမိ ၃း၁၊ ၁၁၊ ၂၅၊ ၂၆၊ ၂၇)၊ ထို့ပြင် တံခါးခုံ၊ တံခါးထုပ်၊ တံခါးရွက် ထူထောင်ခြင်း (နေဟမိ ၃း၁၊ ၃၊ ၆၊ ၁၃၊ ၁၄၊ ၁၅၊ ၂၆၊ ၂၈၊ ၂၉၊ ၃၁၊ ၃၂) ဟူ၍ အသီးသီးရှိပါသည်။ အချို့သည် ထူထောင် တည်ဆောက်ကြပြီး၊ အချို့သည် တပ်ဆင်လျက်၊ အချို့သည် ပြင်ကြ၏ (နေဟမိ ၃း၁၊ ၃၊ ၆၊ ၁၃၊ ၁၄၊ ၁၅)။ ပြင်ကြ၏ ဟူသော စကားလုံးကို နေဟမိ ၃း၅ မှ ၃း၃၂ အထိ အပိုဒ်ငယ်တိုင်း လိုလို တွေ့ရပါသည်။ ယဇ်ပုရောဟိတ်တို့သည် တမျိုးတည်း မဟုတ်၊ သုံး လေးမျိုး လုပ်ဆောင်ကြ၏။ ထို့ပြင် ဇာနောမြို့သားများ (နေဟမိ ၃း၁၃)၊ ဗာရုတ် (နေဟမိ ၃း၂၀) နှင့် ယေဒါယ (နေဟမိ ၃း၁၀) တို့သည် အခြားသူများထက် ပို၍ အားထုတ်လျက်၊ ရှည်လျားသော အပိုင်းကို ကြိုးစား လုပ်ဆောင်ခဲ့ကြ၏။ ထိုအခါ၊ သူတို့အားလုံး စည်းလုံး ဆောင်ရွက်မှုဖြင့် မြို့ရိုး တခုလုံး တည်ဆောက် ပြီးစီးခဲ့ကြ၏။

**ဆင်ခြင်ရန်** - မိမိကျရာတာဝန် ထမ်းရွက်သောသူသည် အများအတွက် ဆောင်ရွက်သောသူ ဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ အမှုတိုင်းကို သတိပြုလျက် ကြိုးစား ဆောင်ရွက်လျက်၊ ကယ်တင်ရှင် သခင်ဘုရား၏ ဘုန်းတော် ထင်ရှားစေမည်အကြောင်း မစတော်မူပါ။



သောကြာ၊ မတ် (၂၀)
**နေဟမိ ၁၁း၂၅-၃၆**
မာလ ၃း၆-၁၈

*"ရှေ့တော်တွင် စာရင်း၌ မှတ်သားလျက်ရှိ၏"*

## လူထု ဝတ်ပြုခြင်း၌ ပါဝင်သော အချက်များ (၁၅)

လူတိုင်း ယေရုရှလင်မြို့၌ နေထိုင်ရမည် မဟုတ်ပါ။ ယေရုရှလင်မြို့၌ လူများ နေထိုင်ကြခြင်းအားဖြင့် အခြားမြို့ရွာများကို လုံးဝ စွန့်ပစ်ရမည် ဟူ၍ မဆိုလိုပါ။ ထို့ကြောင့်၊ ချင့်ချိန်မှု လိုအပ်ပါသည်။ အခြား ယုဒမြို့ရွာတို့သည်လည်း အမွေဆက်ခံမည့် ဂတိတော်ပြည်၌ ပါဝင်သော နယ်မြေဖြစ်ပါသည်။ နေဟမိ ၁၁ ဒုတိယပိုင်းတွင်၊ ယေရုရှလင်မြို့မဟုတ်သော၊ အခြားမြို့ရွာ ကျေးလက်တို့၌ (နေဟမိ ၁၁း၂၅) နေထိုင်သော သူများကို ဖော်ပြထားပါသည်။ အမျိုးအလိုက် ဖော်ပြခြင်း မဟုတ်ဘဲ၊ ယေရုရှလင်မြို့၏ အဘယ်အရပ်၌ နေသောသူဟူ၍ တည်နေရာအရပ် အလိုက် ဖော်ပြခဲ့ပါသည်၊ (၁) နေဟမိ ၁၁း၂၅-၂၈ တွင်၊ ယေရုရှလင်မြို့ တောင်ဘက်အရပ်ရှိ မြို့ရွာများ၌ နေသောသူများကို ဖော်ပြလျက်၊ (၂) နေဟမိ ၁၁း၂၉-၃၀ တွင်၊ ယေရုရှလင်မြို့ အနောက်ဘက်ရှိ မြို့ရွာများ၌ နေထိုင်သောသူများနှင့်၊ (၃) နေဟမိ ၁၁း၃၁-၃၆ တွင်၊ ယေရုရှလင်မြို့ မြောက်ဘက်၊ ဗယာမိန်ပြည်၌ နေထိုင်သောသူများကို ဖော်ပြထားပါသည်။

နေဟမိ ၁၁ ထဲ၌ တွေ့ရသော နာမည်စာရင်း ဖော်ပြခြင်းမှ သင်ယူနိုင်သော သင်ခန်းစာ မှုကား၊ ဘုရားသခင် အိမ်တော်နှင့် ဘုရားသခင် လူတို့၏အကျိုးအတွက် ပေးဆပ်သောအရာတိုင်းသည် ဖြုန်းတီးခြင်း မဟုတ်၊ မေ့လျော့ခြင်း ခံရသည် မဟုတ်ပါ ဟူသောအချက်ဖြစ်ပါသည်။ ကျွန်တော်တို့သည် ဝိညာဉ်အသက်တာနှင့် လောကီအသက်တာဟူ၍ ခွဲခြားတတ်ကြပါသည်။ ထို့ကြောင့်၊ ဆုံးဖြတ် ရွေးချယ်သောအမှုက ဝိညာဉ်အသက်တာ ကြီးထွားခြင်းနှင့် အမှုတော် ဆောင်ရွက်ခြင်းအပေါ် သက်ရောက်မှု ရှိနိုင်ပါသည်။ အသီးအခြားနေလျက်၊ ဆက်ကပ်ခြင်း အသက်တာ ပိုင်ဆိုင်လိုသောသူတို့သည် သူတို့ နေထိုင်မည့် လူ့အသိုင်းအဝိုင်းသာမက၊ (နေဟမိ ၁၀း၃၀ ထဲမှ ထိမ်းမြားခြင်းကဲ့သို့သော) လူမှု ဆက်ဆံရေးနှင့် (နေဟမိ ၁၀း၃၁ ထဲမှ အရောင်းအဝယ် အမှုကဲ့သို့သော) စီးပွားရေးနှင့် ပတ်သက်သည့်အရာများကို ထည့်စဉ်းစားတတ်ကြပါသည်။ သူတို့၏ ဝိညာဉ်အသက်တာ ကြီးထွားမှုနှင့် တိုးတက်မှုတို့သည် သူတို့ ရွေးချယ်သောအမှု၌ တည်မှီလျက် ရှိပါသည်။ ထို့ကြောင့်၊ အချို့သောအရာကို လိုလိုလားလား စွန့်လွှတ်လျက်၊ အမှုတော်ကို ဆောင်ရွက်ခဲ့ကြပါသည်။ ထိုသို့အားဖြင့်၊ ဘုရားသခင်နှင့် သူတို့၏ မိသာဟာရဖွဲ့ခြင်း၊ အချင်းချင်း မိသာဟာရဖွဲ့ခြင်း ကြီးထွား တိုးတက်မှု ရှိခဲ့ပါသည်။ ထို့ပြင်၊ ဘုရားသခင်၊ ဘုရားသခင်၏မြို့၊ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် အိမ်တော် အပေါ် ထားရှိသော သူတို့၏ချစ်ခြင်းသည် မေ့လျော့ခြင်း မခံရခဲ့ပါ။ သူတို့ပြုသော အမှုနှင့် ပေးဆပ်မှုကို ဘုရားသခင် လက်ခံလျက်၊ မေ့တော် မမူခဲ့ပါ။ ယခု စာရင်းထဲ၌ မပါသောသူတို့သည် ထိုသို့ ပေးဆပ်မှု မရှိသော၊ အမှုတော် မဆောင်ရွက်သောသူများဖြစ်ပါသည်။ ခရစ်တော်က၊ "အကြင်သူသည် မိမိအသက်ကို ကယ်ဆယ်ခြင်းငှါ အလိုရှိ၏။ ထိုသူသည် အသက်ရှုံးလိမ့်မည်။ အကြင်သူသည် ငါ့ကြောင့်၎င်း၊ ဧဝံဂေလိတရားကြောင့်၎င်း၊ အသက်ရှုံး၏၊ ထိုသူသည် မိမိအသက်ကို ကယ်ဆယ်လိမ့်မည်" (မာကု ၈း၃၅) ဟု မိန့်တော်မူ၏။

**ဆင်ခြင်ရန်** - (၁ ရာ ၂း၃၀ ကို ဖတ်ပါ)။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်အား ကိုယ်တော်၏အမှုတော် ဆောင်ရွက်ခြင်း၌ ရောင့်ရဲခြင်း နှင့် ဝမ်းမြောက်ခြင်း ပေးသနားတော်မူပါ။

ကြာသပတေး၊ မတ် (၁၉)
**နေဟမိ ၁၁း၁-၂၄**
ဆာလံ ၈၄

*“အိမ်တော်၌ နေသောသူတို့သည် မင်္ဂလာရှိပါ၏”*

## လူထု ဝတ်ပြုခြင်း၌ ပါဝင်သော အချက်များ (၁၄)

နေထိုင်မည့်အရပ် ရွေးချယ်မှုသည် မိမိသဘောဖြစ်ပြီး၊ များစွာသော လူတို့သည် အချက်အမျိုးမျိုးကို စဉ်းစားလျက် ထိုသို့ ရွေးချယ်တတ်ကြ၏။ အနည်းငယ်သောသူ သာလျှင်၊ မိမိတို့၏ ဝိညာဉ်အတွက် စဉ်းစား၍ ရွေးချယ်တတ်ကြပါသည်။ မြို့ရိုး တည်ဆောက်ပြီးစီးသောအခါ၊ လူနည်းစုသာလျှင် မြို့ထဲ၌ နေထိုင်ခဲ့ကြပါသည် (နေဟမိ ၇း၄)။ ဘုရားသခင်က နေဟမိ၏ စိတ်နှလုံးထဲ၌ လူအများ မြို့ထဲ၌ နေထိုင်စေလိုသော ဆန္ဒ ထားတော်မူခဲ့ပါသည်။ နေဟမိ ၁၁ ထဲတွင်၊ ယေရုရှလင်မြို့၌ နေထိုင်မည့် လူစာရင်းကို ဖော်ပြထားပါသည်။

<u>ထိုအခါ လူအများတို့တွင် မင်းလုပ်သော သူတို့သည် ယေရုရှလင်မြို့၌ နေကြ၏</u> (နေဟမိ ၁၁း၁)။ လူထုသည် ခေါင်းဆောင်များ၏ ဦးဆောင်မှုဖြင့်၊ ပြုခဲ့ကြသော ဂတိသစ္စာကို လိုက်လျှောက်ဖို့ရန် ဆက်ကပ်ခြင်းရှိကြပြီး၊ ယေရုရှလင်မြို့၌ လူများစွာ နေထိုင်ဖို့ရန် ကြိုးစားဆောင်ရွက်ခဲ့ကြပါသည်။ ဦးဆောင်သော မင်းတို့နှင့် ကြွင်းသော သူအချို့တို့သည် ယေရုရှလင်မြို့ထဲ၌ နေထိုင်ခဲ့ကြ၏။ ထိုသို့ နေထိုင်သော သူများ၏ စာရင်းမှာ၊ (၁) ယုဒအမျိုး (နေဟမိ ၁၁း၄-၆)၊ (၂) ဗင်္ယာမိန် အမျိုး (နေဟမိ ၁၁း၇-၉)၊ (၃) ယဇ်ပုရောဟိတ်များ (နေဟမိ ၁၁း၁၀-၁၄)၊ (၄) လေဝိအမျိုး (နေဟမိ ၁၁း၁၅-၁၈)၊ (၅) တံခါးစောင့်များ (နေဟမိ ၁၁း၁၉-၂၀)၊ (၆) ဘုရား ကျွန်များ (နေဟမိ ၁၁း၂၁)၊ နှင့် (၇) သီချင်းသည်များ (နေဟမိ ၁၁း၂၂-၂၄) စသည်တို့ဖြစ်ကြပါသည်။ ထိုသို့ နေရာပြန်လည်ချထားမှုကို စာရေးတံချခြင်းဖြင့် ဆောင်ရွက်ခဲ့ကြပါသည်။ ထိုသို့ ပြုခြင်းမှာ၊ လူတို့သည် မြို့ထဲ၌ မနေလိုကြသောကြောင့် မဟုတ်ပါ၊ အကြောင်းမှာ၊ ထိုသို့ ဆောင်ရွက်ပြီးစီးသောအခါ၊ “ယေရုရှလင်မြို့၌ နေခြင်းငှါ အလိုလို ဝန်ခံသောသူ အပေါင်းတို့ကို၊ လူများတို့သည် ကောင်းကြီးပေးကြ၏” (နေဟမိ ၁၁း၂)။ ထို့ကြောင့်၊ မိမိတို့၏ ဝိညာဉ်အရေးကို အလေးထားလျက် ယေရုရှလင်မြို့ထဲ၌ နေထိုင်ဖို့ ရွေးချယ်သောသူတို့သည် ဝမ်းမြောက်စွာ နေရာချထားခြင်း ခံရကြကြောင်း တွေ့ရပါသည်။ ယေရုရှလင်မြို့သည် “သန့်ရှင်းသော မြို့” ဖြစ်သောကြောင့် ဝိညာဉ်အရေးအတွက် ကောင်းကျိုးရှိသောအရပ်ဖြစ်ပါသည်။ ထို့ပြင်၊ မြို့လုံခြုံမှုအတွက်လည်း တာဝန်ယူခဲ့ကြပြီး၊ မြို့ထဲ၌ နေထိုင်သောသူအပေါင်းတို့သည် “မိမိတို့အရပ် မိမိတို့ အိမ် အဘက်တချက်၌ ကင်းစောင့်ခဲ့ကြပါသည်” (နေဟမိ ၇း၃)။ မိမိတို့ အလိုဆန္ဒကို မလိုက်ဘဲ၊ ဝိညာဉ် ကောင်းကျိုးအတွက် ထိုသို့ ရွေးချယ်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုသို့ မြို့ထဲ၌ နေထိုင်သောသူတို့ကို ဖော်ပြခဲ့ပါသည်။ ထိုသို့ ယေရုရှလင်မြို့ထဲသို့ နေထိုင်ဖို့ရန် သူတို့သည်၊ (၁) “မိမိတို့ ဆိုင်ရာအရပ်” ယုဒမြို့ရွာမှ မိမိတို့ အရင် နေအိမ်ကို စွန့်ပစ်ခဲ့ရ၏ (နေဟမိ ၁၁း၃)၊ (၂) သူတို့သည် ယေရုရှလင်မြို့ထဲသို့ နေရာချထားခြင်း ခံရသောကြောင့်၊ “ဘုရားသခင်၏ အိမ်တော်၌ ပြင်အမှုကို ကြည့်ရှု စီရင်” (နေဟမိ ၁၁း၁၆) သော လေဝိသားများကဲ့သို့၊ အပိုတာဝန်များကို ထမ်းရွက်ခဲ့ကြရပြီး၊ အရင် လွတ်လပ်သော ဘဝကို စွန့်လွှတ်ခဲ့ကြရပါသည်။

**ဆင်ခြင်ရန်** - သင့် ဝိညာဉ်အသက်တာ အကောင်းဆုံး ကြီးထွားနိုင်မည့် အရပ်၌ နေထိုင်ပါ။

**ဆုတောင်းချက်-** (ဝိညာဉ် အသက်တာအတွက် လိုအပ်သောအရာများကို ရွေးချယ်နိုင်မည် အကြောင်း ဉာဏ်ပညာ တောင်းလျှောက်ပါလော့)။



သောကြာ၊ ဇန်နဝါရီ (၁၆)
**နေဟမိ ၃း၁၆-၃၂**
ရောမ ၁၂း၁-၁၃

*“အားထုတ်ခြင်းအရာမှာ ပျင်းရိခြင်း မရှိဘဲလျက်၊ စိတ်တန်းသဖြင့် သခင်ဘုရား၏ အလိုတော်သို့ လိုက်၍ အားထုတ်ကြလော့”*

## အမှုတော် ဆောင်ရွက်ဖို့ ဖိတ်ခေါ်ခြင်း (၅)

တခါတရံ၊ အသင်းတော်၏ အမှုတော်ဆောင်ရွက်ခြင်း နှောင့်နှေးလျက်ရှိတတ်ပါသည်။ အကြောင်းမှာ ဆောင်ရွက်မည့်အမှု များ၍ လုပ်ဆောင်မည့်သူ နည်းသောကြောင့်ဖြစ်ပါသည်။ ကျွန်တော်တို့ ပြုရမည့်အမှုကိုပင်၊ ကိုယ့်တာဝန် မဟုတ်၊ အသင်းတော်၏ အချိန်ပြည့်အမှုတော်ဆောင်များ ပြုရမည့်အမှုဟု မှတ်ယူတတ်ကြပါသည်။ အမှန်မှာ၊ ခရစ်တော်၏ကိုယ် အင်္ဂါဖြစ်သော ကျွန်တော်တို့အားလုံး ပြုရမည့်အမှု ဖြစ်ပါသည်။ အသင်းတော်၏ အမှုတော်ကို ကျွန်တော်တို့ အသင်းသူ အသင်းသား အားလုံးက ဘုရားသခင်၏အလိုတော်အတိုင်း၊ ဘုရားသခင် ဘုန်းတော် ထင်ရှားဖို့ရန် မိမိတတ်စွမ်းသမျှဖြင့် အကောင်းဆုံး ကြိုးစား လုပ်ဆောင်ခဲ့ကြလျှင် ပိုမို ထိရောက်လိမ့်မည်ဖြစ်ပါသည်။ နေဟမိ ၃ တွင်၊ ယေရုရှလင်မြို့၏ အခြေအနေက တွန်းပို့ ဖော်ထုတ်သော လူအမျိုးမျိုးတို့၏ အသီးသီးသော ဉာဏ်ပညာနှင့် ခံစားရသော ဆုကျေးဇူးများကို ဘုရားသခင်၏ အမှုတော်အတွက် ပါဝင် အသုံးပြုကြခြင်းကို တွေ့ရပါသည်။

<u>သူ့နောက်မှ . . . ပြင်၏</u> (နေဟမိ ၃း၁၆)။ နေဟမိ ၃း၁၆၊ ၁၇၊ ၁၈၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၉၊ ၃၀၊ ၃၁ တို့၌ တွေ့ရသော “သူ့နောက်မှ” ဟူသော စကားစုက မြို့ရိုး တည်ဆောက်ခြင်း အမှု၌ ပါဝင်ကြသော လူတို့၏နာမည်ဖော်ပြခြင်းသာမက၊ စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်ကြခြင်းနှင့် ပြုသောအမှု တိုးတက်မှုကို ဖော်ပြလျက်ရှိပါသည်။ “ဣသရေလအမျိုးသားတို့၏ အကျိုးကို ပြုစုခြင်းငှါ၊ လူတယောက် လာကြောင်း” ဟု နေဟမိ ၂း၁၀ ၌ ဖော်ပြသည်အတိုင်း နေဟမိသည် တဦးတည်း ရောက်လာခဲ့ပါသည်။ ယခု နာမည် ဖော်ပြခြင်း ခံခဲ့သောသူများသည် မည်သို့ “ကြီးသော ဆင်းရဲခြင်း၊ ကဲ့ရဲ့ခြင်းကို ခံ” (နေဟမိ ၁း၃) လျက် နေထိုင်ခဲ့ကြပါသနည်း။ အဘယ့်ကြောင့်၊ နေဟမိ ရောက်လာမှသာ “ခံရသော ဆင်းရဲခြင်းကို” သိမြင်ခဲ့ကြပါသနည်း (နေဟမိ ၂း၁၇)။ နေဟမိအပေါ် ဘုရားသခင်၏ကျေးဇူးတော်နှင့် လမ်းပြကွယ်ကာစောင့်ရှောက်ခြင်း လက်တော်ကို သိမြင်ကြပြီး (နေဟမိ ၂း၁၈)၊ သူတို့အားလုံး အတူတကွ ပြုရမည့်အမှုတော်ကို နားလည်ကြသောအခါ၊ နေဟမိ၏ ဦးဆောင် ကြပ်မတ်မှုအောက်၌ သူတို့သည် စည်းလုံးညီညွတ်စွာ လုပ်ဆောင်ခဲ့ကြပါသည်။ ဤအလွန် အရေးကြီးသော သင်ခန်းစာကို သိမှတ်မည်အကြောင်း ကျွန်ုပ်တို့အား ဘုရားသခင် မစတော်မူပါစေသော်။ လူတို့သည် မိမိ၏အမှုနှင့် ကိုယ်ကျိုးကိုသာ ကြည့်တတ်ကြ၏။ ထိုအခါ၊ ဘုရားသခင်၏အမှုတော်နှင့် ခရစ်ယာန်အမှုတော်သည် ထင်သလောက် အောင်မြင်မှု မရှိခဲ့ပါ။ ထို့ကြောင့်၊ ခရစ်တော်၏ကိုယ်၌ အင်္ဂါချင်းဖြစ်သော အသင်းသူ အသင်းသားတိုင်းသည် မိမိ၏တာဝန်ကို ထမ်းရွက်လျက်၊ သူတပါး မပြုခဲ့သောအမှုကိုပင် ကြိုးစား ဆောင်ရွက်လျက် အချင်းချင်း ကူမခြင်းဖြင့်၊ ဘုရားသခင်၏ဘုန်းတော်ထင်ရှားဖို့အတွက်၊ ခရစ်တော်၏ကိုယ်ဖြစ်သော အသင်းတော် ကြီးထွားစေခြင်းအမှုကို ညီညွတ်စွာ လုပ်ဆောင်ရပါမည်။

**ဆင်ခြင်ရန်** - အတူအကွ ကြိုးစားအားထုတ် ဆောင်ရွက်ခြင်းဖြင့် ဘုရားသခင်ဘုန်းတော် ထင်ရှားခြင်း တည်းဟူသော အကျိုးရှိသည့် အမှုတော်ကို ဖြစ်မြောက်စေ၏။

**ဆုတောင်းချက်-** အဖဘုရား၊ ပြုနိုင်သောအမှုအားဖြင့် ကိုယ်တော်၏အမှုတော်ကို ဆောင်ရွက်မည်အကြောင်း နှိမ့်ချသော စိတ်နှလုံး ပေးသနားတော်မူပါ။

စနေ၊ ဇန်နဝါရီ (၁၇)
**နေဟမိ ၄း၁-၆**
၄ ရာ ၁၈း၁၇-၃၇

*"မြို့ရိုးပေါ်မှာ ထိုင် . . . သောသူတို့ရှိရာသို့ စေလွှတ်တော်မူသည် မဟုတ်လော"*

## ဆန့်ကျင်မှုကြား၌ အမှုတော် ဆောင်ရွက်ခြင်း (၁)

အမှုတော် ဆောင်ရွက်ခြင်း၌ ဘုရားသခင်၏ ထောက်မ ပြုစုကျွေးမွေးခြင်း အစဉ် ရှိပါ၏။ ဘုရားသခင်၏အမှုတော် ကြိုးစား ဆောင်ရွက်သောသူသည် ဘုရားသခင်၏အလိုတော် ပြည့်စုံစေမည်အကြောင်း ကျေးဇူးပြုခြင်း ခံရလိမ့်မည်ဖြစ်ပါသည်။ တဘက်တွင်၊ ထိုအမှုတော် ဆောင်ရွက်ခြင်း၌ ဘုရားသခင်၏အစေခံများသည် ဆန့်ကျင်မှုနှင့် အခက်အခဲများကို ကြုံတွေ့ ရင်ဆိုင်ရမည်ဖြစ်ပါသည်။ ဝိညာဉ်အမှုတွင် ဝိညာဉ်တိုက်ပွဲ အစဉ် ဆင်နွှဲဖို့ရှိပါသည်။ မိမိစိတ်နှလုံးထဲ၌ ဘုရားသခင် တင်တော်မူသော ဝန်ထုပ်အကြောင်းနှင့် ဘုရားသခင် လမ်းပြလျက် အခွင့်ပေးတော်မူခြင်း အကြောင်းကို ဤသို့ ဖော်ပြခဲ့ပါသည်၊

(၁) သူ့ စိတ်ဆန္ဒ၊ ရှင်ဘုရင် ရှေ့၌ ဖော်ပြခွင့်ပေးတော်မူခြင်း၊
(၂) သူ့ အစီအစဉ်၊ ရှင်ဘုရင်ထံ တောင်းလျှောက်သော အထောက်အပံ့နှင့် ထောက်ခံစာများ အခွင့်ပေးတော်မူခြင်း၊
(၃) သူ့ ခရီးစဉ်၊ ယေရုရှလင်မြို့သို့ ချောမောစွာ လမ်းပြတော်မူခြင်း၊ နှင့်
(၄) သူ့ ကြိုးစားအားထုတ်မှု၊ လူထုအား လူတို့အား ထ၍ အမှု ဆောင်ရွက်ဖို့ရန် နိုးဆော်တိုက်တွန်းဖို့ရန် ကျေးဇူးပြုတော်မူခြင်းတို့ ဖြစ်ပါသည်။

<u>ငါတို့သည် မြို့ရိုး တည်ကြောင်းကို သမ္ဘာလတ်သည် သိတင်း ကြားသောအခါ၊ အလွန်ဒေါသအမျက် ထွက်၍</u> (နေဟမိ ၄း၁)။ "ဣသရေလ အမျိုးသားတို့၏ အကျိုးကို ပြုခြင်းငှါ၊ လူတယောက် လာကြောင်းကို" (နေဟမိ ၂း၁၀) ကြားသိခဲ့သည့် သတင်းကဲ့သို့ပင်၊ ယခု မြို့ရိုး တည်ဆောက်ခြင်း တိုးတက်မှု သတင်းသည် ကြားသိသော သူအပေါင်းအတွက် သတင်းကောင်း မဟုတ်ခဲ့ပါ။ ထိုသို့၊ ကြီးမြတ်သောအမှုတော် တိုးတက်ခြင်းရှိသောအခါ၊ ရင်ဆိုင် ကျော်ဖြတ်ရမည့် အခက်အခဲနှင့် ဆန့်ကျင်မှုများ ရှိလာခဲ့ပါသည်။

<u>ယုဒလူတို့ကို ပြက်ယယ်ပြုလျက်</u> (နေဟမိ ၄း၁)။ ဘုရားသခင်၏ရန်သူများ စုဝေးလျက်၊ ထိုအမှု ရှေ့မဆက်နိုင်အောင် ဆီးတားဖို့ရန် ရည်ရွယ် ကြိုးစားခဲ့ကြ၏။ ဘုရားသခင်၏လူတို့သည် ထိုအမှုတော်၌ စိတ်အားထက်သန်ခြင်း မရှိမည်အကြောင်း၊ စိတ်ယိုင်လျက် စိတ်ပျက်စေခြင်းငှါ ပြက်ယယ်ပြုခဲ့ကြ၏။ ဘုရားသခင်၏လူဖြစ်သော ယုဒလူတို့သည် အားနည်းလှကြောင်း၊ ပြုသောအရာသည်လည်း ခိုင်ခံ့မှု မရှိကြောင်း ပြက်ယယ်ပြုခဲ့ကြပါသည်။ ယနေ့ ကျွန်ုပ်တို့၏ ရန်သူတို့သည်လည်း ထိုနည်းကို အသုံးပြုတတ်ကြ၏။ ဘုရားသခင်၏အမှုတော် ဆောင်ရွက်ခြင်း၌ ခရစ်ယာန်တို့၏ ယုံကြည်ခြင်း ယိမ်းယိုင်စေဖို့ရန် အမျိုးမျိုး ကြိုးစားခဲ့ကြပါသည်။ ချစ်သော ခရစ်ယာန်၊ ထိုသို့သော ကဲ့ရဲ့ခြင်း၊ ပြက်ယယ်ပြုခြင်းကြောင့် လမ်းမလွဲ လိုက်ပါနှင့်၊ ခရစ်ယာန် ယုံကြည်ခြင်းနှင့် အမှုတော်ကို မရှက် လိုက်ပါနှင့်။ ထိုသို့သော ကဲ့ရဲ့ခြင်းကို များစွာသော ယုံကြည်သူများ ခံခဲ့ရပါသည် (ဟေဗြဲ ၁၁း၃၆)။ ခရစ်တော် ကိုယ်တိုင်လည်း ထိုသို့ ခံခဲ့ရပါသည် (ယောဟန် ၉း၂၈၊ မာကု ၁၅း၃၁)။

**ဆင်ခြင်ရန်** - မသဲ ၁၀း၂၄၊ ၃၂-၃၃ ကို ဖတ်ပါ။
**ဆုတောင်းချက်-** "အပြစ်သွေးဆောင်ရာသို့ မလိုက်မပါ စေဘဲ၊ မကောင်းသော အမှုအရာမှ ကယ်နှုတ်တော်မူပါ။"



ဗုဒ္ဓဟူး၊ မတ် (၁၈)
**နေဟမိ ၁၀း၂၈-၃၉**
ကမ္ဘာ ၂၈း၁၀-၂၂

*"ယာကုပ်သည် သစ္စာပြုလေ၏"*

## လူထု ဝတ်ပြုခြင်း၌ ပါဝင်သော အချက်များ (၁၃)

ပညတ္တိကျမ်းထဲ၌ ဖော်ပြထားသည်အတိုင်း ဝတ်ပြုခြင်း ကောင်းမွန်စွာ ပြုနိုင်မည် အကြောင်း၊ သူတို့၏ ဆက်ကပ်မှုသည် အလွန် မွန်မြတ်လှပါသည်။ သူတို့ပြုသော ဂတိသစ္စာကို သိမှတ်လျက်၊ အမှန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိခဲ့ကြပါသည်။ ဘုရားသခင်၏ တရားတော် အတိုင်း အသက်ရှင်ဖို့ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ပညတ်တရား၌ တွေ့ရသော အချို့ လမ်းညွှန်ချက်တို့ သည် ဘုရားသခင်၏အိမ်တော်၊ ဝတ်ပြုကိုးကွယ်ခြင်းနှင့် ဆိုင်သောအရာများဖြစ်ပါသည်။ အကြောင်း မှာ၊ ဗိမာန်တော် ပြန်လည် တည်ဆောက်ဖို့ ရှိသေးသည်ဖြစ်သောကြောင့်၊ ဘုရားသခင် ဝတ်ပြုခြင်းနှင့် ဆိုင်သော တရားများကို လိုက်လျှောက် ပြည့်စုံစေဖို့ရန် လိုအပ်သောအရာများကို ပြင်ဆင်ခဲ့ကြပါ သည်။

<u>ငါတို့ ဘုရားသခင်၏ အိမ်တော်ကို ငါတို့သည် စွန့်ပစ်၍ မထားရကြ</u> (နေဟမိ ၁၀း၃၉)။ ဘုရားသခင် အိမ်တော်သည် အဆောက်အအုံ မဟုတ်ပါ။ ကျောက်တုံးကို ခေါင်းအုံးလျက် အိပ်ပျော်သော ယာကုပ်သည် နိုးလာသောအခါ၊ "ဤအရပ်ကား၊ အခြားမဟုတ်၊ ဘုရားသခင်၏ ဘုံဗိမာန်" (ကမ္ဘာ ၂၈း၁၇) ဟု ဆိုခဲ့ပါသည်။ ဘုရားသခင်၏အိမ်တော်ကို၊ မြင်နိုင်သော အဆောက်အအုံ၊ ပါဝင်သော အသင်းသား အရေအတွက်၊ ပြင်ဆင် ခြယ်သ မွမ်းမံခြင်းတို့ဖြင့် သတ်မှတ်၍ မရပါ။ ဘုရားသခင်၏ အိမ်တော်သည် ဝိညာဉ်နှင့်ဆိုင်သော၊ စိတ်သဘောကြည်ညိုခြင်းနှင့် ဆိုင်သောအရာ ဖြစ်ပါသည်။ ထို့ကြောင့်၊ ဘုရားကျောင်း အဆောက်အအုံ မရှိ၊ ကြွယ်ဝချမ်းသာသော အသင်းသား မရှိသည့်တိုင်၊ ပြုရမည့် အမှုတော်အတွက်၊ အမှုတော် ဆောင်ရွက်သော ယဇ်ပုရောဟိတ်များနှင့် လေဝိသားတို့အား ထောက်ပံ့ဖို့ရန်အတွက် ကျမ်းစာသွန်သင်ချက်နှင့် ကိုက်ညီသော၊ ဘုရားသခင် လက်ခံတော်မူသော အထောက်အပံ့ပေးခြင်းနှင့်ဆိုင်သော တရားများကို ချမှတ်ခဲ့ကြပါသည်။ "ငါတို့ ဘုရားသခင်၏ အိမ်တော်အမှု" (နေဟမိ ၁၀း၃၂) အတွက်၊ အထောက်အပံ့ လိုအပ်သော စာရင်း မူကား၊ (၁) ယဇ်ပလ္လင်အတွက် မီးမွေးစရာထင်း (နေဟမိ ၁၀း၃၃-၃၄)၊ (၂) ထာဝရဘုရား၏ အိမ်တော်၌ အမှုတော် ဆောင်ရွက်သော ယဇ်ပုရောဟိတ်များ (နေဟမိ ၁၀း၃၅-၃၆)၊ (၃) မြို့တိုင်း၌ နေထိုင်ကြသော သူများနှင့် ယဇ်ပုရောဟိတ်များကို အထောက်အမပေးသော လေဝိသားများ (နေဟမိ ၁၀း၃၇-၂၈)၊ နှင့် (၄) သန့်ရှင်းရာ ဌာနတော် တန်ဆာများ ရှိသောနေရာ၌ အမှုဆောင်ရွက်သည့် အစောင့်များနှင့် သီချင်းသည်များ (နေဟမိ ၁၀း၃၉) စသည်တို့ဖြစ်ကြပါသည်။ နှုတ်ကပတ်တော် အတိုင်း အသက်ရှင်ပါမည်ဟု သစ္စာဂတိပြုခြင်းတွင်၊ ဘုရားသခင် ခန့်အပ်တော်မူသော အမှုတော် ဆောင်များနှင့် အမှုတော်အတွက်လိုအပ်သော အထောက် အပံ့ပေးလှူခြင်း ပါဝင်ပါသည်။ သူတို့ပြု သော သစ္စာဂတိအပေါ် ဆက်လက် သစ္စာရှိမည်အကြောင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော် ဆက်လက် နားလည်ဘောပေါက်ဖို့ လိုအပ်ကြောင်း၊ ဆက်လက် လေ့လာရမည်ဖြစ်ကြောင်း သိမှတ် ခဲ့ကြပါသည်။ ထို့ကြောင့်၊ သူတို့အတွက် ကျမ်းစာ ဖတ်ပေးသောသူ၊ ရှင်းပြသောသူများ၊ ဝတ်ပြုခြင်း၌ ဦးဆောင်သောသူများ သစ္စာရှိမှု အပေါ်မှာ သူတို့ မှီခိုလျက်ရှိပါသည်။ ယနေ့ အသင်းသားတို့သည် မိမိတို့၏ တာဝန်ကို ကျေပွန်စွာ ထမ်းရွက်မည်အကြောင်း၊ အမှုတော်ဆောင်တို့သည် သစ္စာရှိစွာ အမှုတော် ဆောင်ရွက်ဖို့ လိုအပ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အိမ်တော် မဟုတ်သော၊ ဘုရားကျောင်း ရှိနိုင်ပါသည်။
**ဆုတောင်းချက်-** (အသင်းတော်အကြောင်း မှန်ကန်စွာ သိလျက်၊ အမှုတော်မြတ်၌ ပါဝင်နိုင်ဖို့ရန် ဆုတောင်း ပါလော့)။

**နေဟမိ ၁၀း၂၈-၃၉**
၁ ကော ၅း၆-၁၁

*"အနည်းငယ်သော တဆေးသည်
မုန့်စိမ်းတပုံလုံးကို ဖောင်းကြွစေတတ်သည်"*

## လူထု ဝတ်ပြုခြင်း၌ ပါဝင်သော အချက်များ (၁၂)

ကြွသရေလူလူတို့သည် ခိုင်မာသော ဆုံးဖြတ်ချက်ချလျက် စည်းလုံးစွာ ထိုသို့ မိမိကိုယ်ကို သန့်ရှင်းစေခြင်းအမှုအတွက် လက်တွေ့ စတင် ဆောင်ရွက်ခဲ့ကြပါသည်။ လူ့အမြင်ဖြင့် ကြည့်မည်ဆိုလျှင်၊ သူတို့၏ အချို့သော ဆုံးဖြတ်ချက်သည် အလွန်ခက်ခဲသောအမှုဖြစ်သော်လည်း၊ ဆုတောင်းခြင်း၊ သစ္စာဂတိပြုခြင်းဖြင့် ရှင်းလင်းပြတ်သားစွာ ဖော်ပြခဲ့ကြပါသည်။

<u>ကိုယ်သမီးတို့ကို ပြည်သားတို့အား မပေးစား၊ ပြည်သားသမီးတို့ကို ကိုယ်သားတို့အဘို့ မသိမ်းမယူဘဲ နေပါမည်</u> (နေဟမိ ၉း၃၀)။ "အနည်းငယ်သော တဆေးသည် မုန့်စိမ်း တပုံလုံးကို ဖောင်းကြွစေတတ်" (ဂလာ ၅း၉) တတ်သည်ဖြစ်သောကြောင့်၊ ရောနှောနေခြင်းသည် ဆုံးဖြတ်ချက်အားလျော့စေနိုင်ကြောင်း သူတို့ သိခဲ့ကြပါသည်။ ထို့ကြောင့်၊ အရာရာတိုင်း၌ ထိုပြည်သားများနှင့် ကွာလျက် အသီးအခြားနေဖို့ ဆုံးဖြတ်ခဲ့ကြ၏။ ဘုရားသခင် နှစ်သက်သောအမှုနှင့် မိမိတို့၏ ဝိညာဉ်အသက်တာ လုံခြုံမှုအတွက် အဘယ်အဖိုးအခ မဆို ပေးဖို့ရန် အသင့်ရှိလျက်၊ မိမိတို့၏ ယုံကြည်မှုဆုံးဖြတ်ချက်ကို လက်တွေ့ ဆောင်ရွက်ဖို့ရန် စိတ်အားထက်သန်ခဲ့ကြပါသည်။ ထို့ကြောင့်၊ ထိမ်းမြားခြင်းအမှု၌ ထိုပြည်သားတို့နှင့် ရောနှော ပေးစားခြင်း မပြုလိုကြပါ (နေဟမိ ၁၀း၃၀)။ စီးပွားရေး၌ သူတို့သည် ဘုရားသခင်ကို ရိုသေဝတ်ပြုခြင်းဖြင့် ဥပုသ်နေ့၌ အခြားအမှု မပြုဖို့ရန် ဆုံးဖြတ်ခဲ့ကြ၏။ ဥပုသ်နေ့ကို ညစ်ညူးစေသောသူတို့အား အားမပေးခဲ့ပါ။ တရားဟောရာကျမ်း ၁၅ ၌တွေ့ရသည့်အတိုင်း၊ ကြွေးယူခြင်းနှင့် ပြန်ဆပ်ခြင်းအမှုတို့တွင် ဘုရားသခင်၏ လမ်းညွှန်ချက်များကို လိုက်နာဖို့ ဆုံးဖြတ်ချက်ချခဲ့ကြပါသည်။ ထို့ကြောင့်၊ စီးပွားရေးအမှု၌လည်း လူတို့၏နည်းလမ်းဖြင့် မဟုတ်ဘဲ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်အတိုင်း ပြုကြမည်ဖြစ်ပါသည် (နေဟမိ ၁၀း၃၁)။

<u>ကိုယ်အဘို့ စီရင်ထုံးဖွဲ့ကြ၏</u> (နေဟမိ ၁၀း၃၂)။ ကူညီထောက်ပံ့မှုနှင့်ဆိုင်သော ဘုရားသခင်၏ ပညတ်တရားများ လိုက်လျှောက်ရန်သာမက၊ ဘုရားသခင် အိမ်တော်အမှုအတွက် ထောက်ပံ့မှုများ ဆောင်ရွက်ဖို့ရန် ရည်ရွယ်ခဲ့ကြပါသည်။ အကြောင်းမှာ၊ ထိုကာလ အခြေအနေ၏ စိန်ခေါ်မှုများကြောင့်၊ အခက်အခဲ ကြုံတွေ့သော ကာလ၌ အမှုတော် ဆောင်ရွက်နိုင်ဖို့ရန် ဖြစ်၍ (နေဟမိ ၅ ထဲ၌ ဖော်ပြသော အစာခေါင်းပါးမှုနှင့် ဆင်းရဲမှုကို သတိရပါလော့)၊ အခွန် ကောက်ခဲ့ကြပါသည် (နေဟမိ ၁၀း၃၂-၃၃)။ ထို့ပြင်၊ စာရေးတံပြုခြင်းဖြင့် အဆွေအမျိုးအလိုက် ယဇ်ပလ္လင်ပေါ်မှာ မီးမွေးစရာ ထင်းကို မိမိကျရာအချိန်၌ တလှည့်စီ ယူဆောင်လာကြရမည်ဖြစ်ပါသည် (ကွန်ကျမခံမီ ထိုအမှုသည် ဘုရားကျွန်များ၏တာဝန် ဖြစ်ခဲ့ပါသည်)။ ထိုသို့ ပြုခြင်း၏ရည်ရွယ်ချက်မှာ၊ ဝတ်ပြုခြင်းအမှု ကောင်းမွန်စွာ ပြုနိုင်ဖို့ရန် မိမိတို့ တတ်နိုင်သောအမှု၌ ပါဝင်ကြခြင်း ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်သည် လူ့ဘဝကို တန်ဖိုးရှိစေပြီး၊ မှန်ကန်သော ဆုံးဖြတ်ချက် ချဖို့ရန် မစတော်မူ၏။

**ဆုတောင်းချက်-** (မှန်ကန်စွာ နေထိုင် ကျင့်ကြံလျက်၊ ဘုရားသခင်၏အမှုတော်၌ ပါဝင်နိုင်ဖို့ရန် ဆုတောင်းပါ)။





**နေဟမိ ၄း၁-၆**
၂ ကော ၁၂း၈-၁၀

*"ငါသည် အားနည်းသောအခါ
တန်ခိုးနှင့် ပြည့်စုံလျက်ရှိ၏"*

## ဆန့်ကျင်မှုကြား၌ အမှုတော် ဆောင်ရွက်ခြင်း (၂)

သမ္မာလတ်၏ ဆန့်ကျင်မှုသည် ရပ်တန့် မသွားပါ။ မြို့ရိုးတည်ဆောက်ခြင်း အလုပ်တိုးတက်သည် နှင့်အမျှ ဆန့်ကျင်မှုသည်လည်း ကြီးထွားလာခဲ့ပါသည်။ နေဟမိ ၄ ၌ တွေ့ရသော၊ ဆန့်ကျင်မှု၊ ဆောင်ရွက်သောအမှု တိုးတက်မှုနှင့် နေဟမိနှင့် တည်ဆောက်သောသူများ၏ တုန့်ပြန်မှု စသည့်အချက်များအားဖြင့်၊ ကျွန်တော်တို့သည် ခရစ်ယာန် အသက်တာနှင့် အမှုတော် ဆောင်ရွက်ခြင်းတွင် အမျိုးမျိုးသော ဆန့်ကျင်မှုအကြား၌ မည်သို့ ယုံကြည်ခြင်း မြဲမြံစွာ ရပ်တည်လျက် အမှုတော် ဆက်လက် ဆောင်ရွက်မည်အကြောင်း တန်ဖိုးရှိသည့် သင်ခန်းစာများ သင်ယူနိုင်ပါသည်။

<u>အားမရှိသော ထိုယုဒလူတို့သည် အဘယ်သို့ ပြုကြမည်နည်း</u> (နေဟမိ ၄း၂)။ ဤ မေးခွန်းသည် မြို့ရိုး တည်ဆောက်သောသူများအား စိတ်ဓာတ် ခွန်အား ကျစေဖို့ရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။ ယေရုရှလင်မြို့သို့ ပြန်လာခဲ့သော ယုဒလူများကို ပြသနာရှာလျက် စိတ်ဓာတ်ကျစေဖို့ရန် ကျွန်ခံရာပြည်မှ ပြန်လာပြီးနောက် ရေးသားသော ကျမ်းစာတို့တွင် ထိုသို့သော စကားကို ဆန့်ကျင်သူများက ပြောတတ်ကြပါသည်။ ဗိမာန်တော် တည်ဆောက်ခြင်းအကြောင်း၌လည်း၊ ဇာခရိက၊ "အမှုငယ်ပြုသော နေ့ရက်ကို အဘယ်သူသည် မထီမဲ့မြင် ပြုရသနည်း" (ဇာ ၄း၁၀) ဟု ဆိုခဲ့ပါသည်။ ဗိမာန်တော် အုတ်မြစ် ချသောအခါ၌လည်း၊ ဝမ်းမြောက်ခြင်းနှင့် ငိုကြွေးခြင်း နှစ်မျိုးစလုံး မြင်တွေ့ရပါသည်။ "အသက်ကြီး၍ အရင် ဗိမာန်တော်ကို မြင်ဘူးသော . . . သူတို့သည် . . . ကြီးစွာသော အသံနှင့် ငိုကြွေးကြ၏။ လူအများတို့သည်လည်း ဝမ်းမြောက်သောစိတ်နှင့် ကြွေးကြော်ကြ၏" (ဧဇ ၃း၁၂)။ ဟဂ္ဂဲသည် ဇေရုဗဗေလ၊ ယောရှုနှင့် ကျန်ကြွင်းသောသူတို့အား အားပေးဖို့ရန် စေလွှတ်ခြင်း ခံရသောအခါ၊ "ယခု အဘယ်အရာကို မြင်သနည်း။ နှိုင်းယှဉ်လျှင် သင်တို့ မျက်မှောက်၌ အဘယ်မျှမဟုတ်သကဲ့သို့ ဖြစ်သည် မဟုတ်လော့" (ဟဂ္ဂဲ ၂း၃) ဟု ဖော်ပြခဲ့ပါသည်။ မှန်ပါ၏၊ ကျွန်တော်တို့သည် သေးငယ်သောအရာကို ကဲ့ရဲ့လှောင်ရှိကြပြီး၊ နှိုင်းယှဉ် သုံးသပ်ခြင်းပြုခြင်းတို့ကြောင့် အမှုတော် ဆက်လက် မဆောင်ရွက်လိုဘဲ ရှိတတ်ကြပါသည်။ တခါတရံတွင်၊ သံသယ စိတ်နှင့် ကြောက်ရွံ့ခြင်း စိတ်များ ဝင်လာပြီး၊ ဘာမှ မလုပ်နိုင်တော့ဘဲ ထိုရှုပ်ထွေးသောအမှုကို ဖြေရှင်းဖို့ရန် ဘာမှ မလုပ်မကိုင်နိုင်တော့ဘဲ ရှိတတ်ပါသည်။ ဘုရားသခင်၏ ကျေးဇူးတော်နှင့် ဉာဏ်တော်ကို ကိုးစားခြင်း မရှိတော့ဘဲ၊ မိမိ၏ ခွန်အားကို ကိုးစားခြင်းဖြင့် ဘုရားသခင်၏ဂုဏ်တော်ကို ရိုသေ လေးစားခြင်း မပြုဘဲ နေတတ်ကြပါသည်။ ကျွန်တော်တို့ အစဉ် မှတ်ထားရမည်မှာ၊ ဘုရားသခင်၏အမှုတော် ပြီးစီး ဆောက်ရွက်ခြင်းသည်၊ "ဗိုလ်ခြေအားဖြင့် မဟုတ်၊ အာဏာတန်ခိုး အားဖြင့် မဟုတ်၊ ငါ့ဝိညာဉ် အားဖြင့်" (ဇာ ၄း၆) ဖြစ်ကြောင်း ဘုရားသခင် မိန့်တော်မူ၏။ စိတ်ရှုပ်ထွေးသောအချိန်၌၊ "ငါသည် သင်တို့နှင့်အတူ ရှိ၏" (ဟဂ္ဂဲ ၂း၅) ဟု မိန့်တော်မူသော ဘုရားသခင်၏ ဂတိတော်ကို ကိုးစားလျက်၊ ကျွန်တော်တို့သည် အားယူလျက် အမှုတော်ကို ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ယုံကြည်ခြင်း၊ ရဲရင့်ခြင်းနှင့် လိမ္မာပါးနပ်ခြင်းတို့သည် ခရစ်ယာန် အမှုတော်အတွက် လိုအပ်သောအရာများ ဖြစ်ကြပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ အမှုတော်မြတ်၌ အစဉ်မြဲမြံစွာ ရပ်တည်လျက်၊ စိတ်အားထက်သန်ခြင်း ရှိမည်အကြောင်း မစတော်မူပါ။

*"ထိုမြို့ကို တည်ပြန်၍
မြို့ရိုးကိုလက်စသတ်လျှင်"*

## ဆန့်ကျင်မှုကြား၌ အမှုတော် ဆောင်ရွက်ခြင်း (၃)

သမ္ဘာလတ်နှင့် သူ့မိတ်ဆွေတို့သည် မြို့ရိုးတည်ဆောက်ခြင်းအမှုကို ဆန့်ကျင်ခဲ့ကြ၏။ ထိုအမှုကို ရပ်တန့်စေခြင်းငှါ စုဝေးခဲ့ကြပါသည်။ တည်ဆောက်သောသူတို့သည် ထိုအမှုကို ဆောင်ရွက်ဖို့ရန် နေဟမိက အခန်းကြီး ၂ ထဲတွင် ဖိတ်ခေါ်လျက် နိုးဆော် အားပေးခဲ့ပြီးဖြစ်ပါသည်။ တဘက်တွင်၊ သမ္ဘာလတ်နှင့် သူ၏မိတ်ဆွေတို့က ထိုသူတို့၏ စိတ်ဓာတ် ကျစေဖို့ရန် ဆန့်ကျင်ကဲ့ရဲ့ခဲ့ကြပါသည်။ ယုံကြည်ခြင်း စကားဖြင့် အားပေးခြင်း ခံရသော ထိုသူတို့သည် ယခုအခါ စိတ်ဓာတ် ကျစေခြင်းငှါ ရန်သူများ၏ သံသယ စကားများဖြင့် နှောင့်ယှက်ခြင်း ခံရကြပါသည်။ ဆောင်ရွက်သောအမှု တိုးတက်ခြင်းသည် ခန္ဓာကိုယ် ခွန်အား၌သာ တည်သည် မဟုတ်ဘဲ၊ စိတ်ဝိညာဉ် ခွန်အား၌ တည်သည်ဖြစ်သောကြောင့်၊ ရန်သူတို့သည် စိတ်ဓာတ်ခွန်အား ကျစေဖို့ရန် ရည်ရွယ်ပြီး ကဲ့ရဲ့လျက် ပြက်ယယ်ပြုခဲ့ကြပါသည်။

<u>ကိုယ်ကို ခိုင်ခန့်စေမည်လော</u> (နေဟမိ ၄း၂)။ ဤ မေးခွန်းသည် ယုဒလူမျိုးများ၏ နိုင်ငံရေး အကြောင်းဖြစ်ပါသည်။ ထို့ကြောင့်၊ သမိုင်းကြောင်းနှင့်လည်း ဆိုင်သော အမှုဖြစ်ပါသည်။ ဧဇရ ၄ ထဲတွင်၊ ဗိမာန်တော် တည်ဆောက်ခြင်းကို ရှင်ဘုရင် ရပ်တန့်စေဖို့ရန် နိုင်ငံရေး ပုန်ကန်မှု ရှိလာနိုင်သည် ဟူသော အချက်ကို အသုံးပြုခဲ့ ကြပါပြီ။ ယခု မြို့ရိုး တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းအမှု၌ ယုဒလူတို့အား စိတ်ဓာတ်ကျစေဖို့ရန် ထိုအချက်ကို သမ္ဘာလတ်က အသုံးပြုလိုခဲ့ပါသည်။ ရှင်ဘုရင်ရှေ့၌ ယုဒလူများအား မှားယွင်းသော စွပ်စွဲချက်ဖြင့် အောင်နိုင်ခဲ့သည့်အတိုင်း၊ ယခု၌လည်း ထိုသို့သော မှားယွင်းသည့် စွပ်စွဲချက်ကို ပြန်လည် အသုံးပြုခဲ့ပါသည်။ ဤအမှုကို ဆောင်ရွက်ခြင်း မပြုမည်အကြောင်း ရှင်ဘုရင်က အမိန့်ထုတ်ထားသည် မဟုတ်လော၊ ထိုအမိန့်ကို ဆန့်ကျင်ကြသည် မဟုတ်လော။ ထိုသို့ "မိမိ အမျိုးသားချင်း၊ ရှမာရိ တပ်သား ရှေ့မှာ" ပြောဆိုခြင်းသည် (နေဟမိ ၄း၂) ဆောက်လုပ်သောသူများအား စိတ်ဓာတ်ကျစေရန်သာမက၊ ကြောက်ရွံ့ခြင်း ရှိစေရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ ဆောက်လုပ်သောသူများသည် နိုင်ငံရေးအကြောင်းကြောင့် မဟုတ်ဘဲ၊ သူတို့ နေထိုင်ရာ၊ "ယေရုရှလင်မြို့ ပျက်စီးခြင်း" (နေဟမိ ၂း၁၇) အခြေအနေကို သိမြင်ကြသောကြောင့်ငှင်း၊ ဘုရားသခင်၏ လမ်းပြ စောင့်ရှောက်တော်မူခြင်း လက်တော် မြင်တွေ့ကြသောကြောင့်ငှင်း (နေဟမိ ၂း၁၈) ထိုသို့ အားယူ၍ လုပ်ဆောင်ကြခြင်းဖြစ်ပါသည်။ ထို့ပြင် ရှင်ဘုရင်၏ အခွင့်ပေးတော်မူခြင်း သတင်းကိုလည်း ကြားသိခဲ့ကြ၏ (နေဟမိ ၂း၂၀)။ ဤအမှုသည် နိုင်ငံရေး မဟုတ်၊ ပုန်ကန်ရန် ရည်ရွယ်ခြင်းလည်း မဟုတ်ပါ။ ဘုရားသခင် ပြုတော်မူသော အမှုပင်ဖြစ်ပါသည်။ အဘယ် စွပ်စွဲ ဆန့်ကျင်ခြင်းကမျှ ဆီးတားနိုင်မည်မဟုတ်ပါ။ ဘုရားသခင်က ဆောင်ရွက်သောသူများကို မစတော်မူလိမ့်မည်။ လူတို့သည် ကျွန်တော်တို့ကို မတရားစွပ်စွဲလျက်၊ နားလည်မှု လွဲသည့်တိုင်၊ ဘုရားသခင် လက်ခံတော်မူ၍ အခွင့် ပေးတော်မူလျှင်၊ ကျွန်တော်တို့သည် အမှုတော်ကို ဆောင်ရွက်ရပါမည်။

**ဆင်ခြင်ရန်** - ("ဂတိတော်မြတ်၌ တည်နေပါ၏" ဟူသော ချီးမွမ်း သီချင်း စသားများကို ဆင်ခြင် နှလုံးသွင်းပါလော့)။

**ဆုတောင်းချက်-** အို အဖဘုရား၊ ဘဝ၏ ဒုက္ခအခက်အခဲများကြား၌ ကိုယ်တော်၏ ကျေးဇူးတော်ကို ယုံကြည်ကိုးစားလျက်၊ မြဲမြံသော ယုံကြည်ခြင်း ရှိဖို့ရန် မစတော်မူပါ။





*"သင်တို့သည် ထိုသူတို့အထဲမှ ထွက်၍
အသီးအခြား နေကြလော့"*

## လူထု ဝတ်ပြုခြင်း၌ ပါဝင်သော အချက်များ (၁၁)

ဆက်ကပ်ခြင်းနှင့် သန့်ရှင်းစေခြင်းအမှုကို ယုံကြည်သူအသက်တာ၌ အမျိုးမျိုး တွေ့ရပါသည်။ ဥပမာအားဖြင့်၊ ထိမ်းမြားခြင်း သစ္စာဂတိပြုခြင်း၊ ရေဗတ္တိဇံ မင်္ဂလာ သစ္စာပြုခြင်း၊ ယုံကြည်ခြင်း ဝန်ခံခြင်း သစ္စာဂတိပြုခြင်း စသည်တို့ပါဝင်ပါသည်။ ထိုအမှုတွင်၊ မေးခွန်းနှင့်အဖြေများ ပါရှိသော်လည်း၊ ထိုစကားလုံးများ ဖတ်ရွတ် ဝန်ခံရုံသာသာ မဟုတ်ပါ။ လက်တွေ့ လိုက်လျှောက် ကျင့်သုံးခြင်း လိုအပ်ပါသည်။ ထိုအချက်ကို နေဟမိ ၁၀ ၏ဒုတိယပိုင်းတွင် တွေ့ရပါသည်။

<u>ကြွင်းသောသူ၊ ယဇ်ပုရောဟိတ်၊ လေဝိသား၊ တံခါးစောင့်၊ သီချင်းသည်၊ ဘုရားကျွန် အစရှိသော ဘုရားသခင်၏တရားကို စောင့်အံ့သောငှါ၊ ထိုပြည်သားတို့နှင့် ကွာသော သူအပေါင်းတို့သည်</u> (နေဟမိ ၁၀း၂၈)။ ဤအပိုင်းတွင်၊ ထိုပဋိညာဉ် ဝန်ခံခြင်းအမှု၌ ကြွင်းသောသူများ ပါဝင်လာကြကြောင်း တွေ့ရပါသည်။ ထိုသူတို့အား၊ "ထိုပြည်သားတို့နှင့် ကွာသော သူအပေါင်း" (နေဟမိ ၁၀း၂၈) ဟု သန့်ရှင်းစေခြင်း၊ အသီးအခြားနေခြင်းကို ပေါ်လွင်စေသော စကားစုဖြင့် ဖော်ပြခဲ့ပါသည်။ ဤ အသီးအခြားနေခြင်းတွင် သန့်ရှင်းစေခြင်း နှစ်မျိုးပါဝင်ပါသည်။ ပထမအချက်မှုကား၊ မောရှေ၏ ပညတ္တိကျမ်း၌ တွေ့ရသည့်အတိုင်း (နေဟမိ ၉း၂) ဝတ်ပြုကိုးကွယ်ခြင်းအတွက်နှင့် နေဟမိက သမ္ဘာလတ်အား "သင်တို့မူကား၊ ယေရုရှလင်မြို့တွင် ဘာမျှ မဆိုင်မပိုင်၊ မှတ်စရာသက်သေ မရှိ" (နေဟမိ ၂း၂၀) ဟု ဆိုခဲ့သည့်အတိုင်း မြို့ရိုးတည်ဆောက်ခြင်းအတွက်၊ ထိုပြည်သားတို့နှင့် ကွာလျက် အသီးအခြားနေရမည်ဖြစ်ပါသည်။ ထို့ပြင်၊ အသီးအခြားနေခြင်းအမှုသည် သန့်ရှင်းစေခြင်းအမှုလည်းဖြစ်၍ ဘုရားသခင်၏တရားကို စောင့်အံ့သောငှါ (နေဟမိ ၁၀း၂၈)၊ အသီးအခြား ဆက်ကပ်ခြင်းဖြစ်ပါသည်။ အိမ်ထောင်ဦးစီး ယောကျ်ားတို့သည် မိမိတို့၏ မိသားစု (ဇနီး၊ သားသမီးများ) ကို အုပ်စိုးလျက် သွန်သင်ရမည်ဖြစ်၍၊ ထိုဂတိသစ္စာပြုခြင်းအကြောင်းကို နားလည်သဘောပေါက်ကြဖို့ရန် ရှင်းပြလျက်၊ ပါဝင်စေကြရမည်ဖြစ်ပါသည်။ ထို့ပြင်၊ သူတို့၏ အသီးအခြားနေခြင်းအမှု၏ ဒုတိယ အချက်သည် မိသာဟာရဖွဲ့ခြင်းအတွက်ဖြစ်ပါသည်။ အသီးအခြားနေခြင်းတွင်၊ သူတို့သည် "ညီအစ်ကို . . . တို့၌ မှီဝဲလျက်" နေခဲ့ကြပါသည် (နေဟမိ ၁၀း၂၉)။ ထိုပြည်သားတို့နှင့် ကွာသော အခါ၊ "ဘုရားသခင်၏ တရားတော်အတိုင်း ကျင့်ပါမည်ဟူ၍ငှင်း . . . ကျိန်ဆိုလျက် သစ္စာဂတိထား ကြ" (နေဟမိ ၁၀း၂၉၊ ၃၁) သော ညီအစ်ကိုတို့နှင့် ထိုတရား အလင်းအောက်၌ အတူတကွ နေထိုင်ခြင်းဖြစ်ပါသည်။ သူတို့သည် တူညီသော သစ္စာဂတိ၊ တူညီသော ပညတ်တရားကို လိုက်လျှောက် ကျင့်သုံးရမည်ဖြစ်၍ ဘုရားသခင် တဆူတည်း၏ အမှုတော်ကို ဆောင်ရွက်ကြမည် ဖြစ်သောကြောင့်၊ ထိုထာဝရဘုရား၏ စကားတော်ကို နာခံကြရမည်ဖြစ်သောကြောင့်၊ ထိုညီအစ်ကိုတို့ကို မှီဝဲကြရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - (၁ ယော ၁း၇ ကို ဖတ်ပါ)။

**ဆုတောင်းချက်-** အဖဘုရား၊ သားသမီးများကို ဝိညာဉ်အရေး၌ သွန်သင်ဆုံးမလျက် ဘဝတသက်တာ ပြင်ဆင်ပြုပြင်မည်အကြောင်း အကျွန်ုပ်အား ဉာဏ်ပညာ ပေးသနားတော်မူပါ။

တနင်္ဂနွေ၊ မတ် (၁၅)
**နေဟမိ ၁၀း၁-၂၇**
ယောရှု ၂၄း၁၆-၂၈

*"ယောရှုသည် ထိုနေ့၌ လူများတို့နှင့် ပဋိညာဉ် ပြု၍ . . . စီရင်ထုံးဖွဲ့ချက်ကို ထားလေ၏"*

## လူထု ဝတ်ပြုခြင်း၌ ပါဝင်သော အချက်များ (၁၀)

လူထု စုဝေး ဝတ်ပြုခြင်း၌ ပါဝင်သော တတိယအချက်ဖြစ်သည့်၊ လူထု၏ လက်တွေ့ တုန့်ပြန်ခြင်းနှင့် ပတ်သက်ပြီး၊ နေဟမိ ၈ တွင်၊ နှုတ်ကပတ်တော်ကို အထူးဖော်ပြခဲ့ပြီး၊ နေဟမိ ၉ တွင်၊ ဆုတောင်းခြင်းကို ဖော်ပြခဲ့ပါသည်။ နေဟမိ ၁၀ တွင်၊ အခြား လက်တွေ့ တုန့်ပြန်မှု တခုဖြစ်သည့်၊ ဘုရားသခင်အတွက် ဆက်ကပ်မှုနှင့် သန့်ရှင်းစေခြင်း ဖြစ်ပါသည်။ နေဟမိ ၉ ထဲ၌ တွေ့ရသော ဆုတောင်းခြင်းသည် သမိုင်းကြောင်းနှင့် ဘုရားသခင်၏နှုတ်ကပတ်တော် သိကျွမ်းခြင်းသက်သက် မဟုတ်၊ ဘုရားသခင်၏ဂုဏ်တော်နှင့် လူတို့၏ အပြစ် ဖော်ပြရုံသက်သက်လည်း မဟုတ်ခဲ့ပါ။ သမ္မာကျမ်းစာဖတ်ရွတ် နားထောင်ခြင်းအားဖြင့်၊ ဘုရားသခင်၏ဂုဏ်တော်များနှင့် သူတို့၏ အပြစ်များကို သိမှတ်သည်သာမက၊ လူတို့၏ အားနည်းမှုနှင့် မိမိတို့၏ တာဝန်ဝတ္တရားများကိုလည်း သိမှတ်ခြင်းဖြင့်၊ မိမိကိုယ်ကို အသစ်တဖန် ဆက်ကပ်ခြင်းနှင့် သန့်ရှင်းစေခြင်းဖြစ်ပါသည်။ ဘုရားသခင်နှင့် ပဋိညာဉ်အားဖြင့် အသစ်တဖန် ဆက်နွယ်လျက်၊ (ဘုရားသခင်၏ လမ်းပြတော်မူခြင်းနှင့် မစတော်မူခြင်းကို ကိုးစားလျက်) ထိုဘုရားသခင်နှင့် အတူသွားလာဖို့ရန်နှင့် မိမိတို့၏ တာဝန်ကို ကျေပွန်စွာ ထမ်းရွက်ဖို့ရန် ကြိုးစားအားထုတ်ဖို့ ဆက်ကပ်ခဲ့ကြခြင်း ဖြစ်ပါသည်။

<u>ထိုအကြောင်းအရာများကို ငါတို့သည် ဆင်ခြင်ပြီးမှ၊ သစ္စာပြု၍ စာချုပ်ကိုလည်း ရေးထားလျက်</u> (နေဟမိ ၉း၃၈)။ ပဋိညာဉ် စာချုပ် သစ္စာပြုခြင်းသည် လူမျိုးကို ကိုယ်စားပြုသော ဝိညာဉ်ရေးနှင့် နိုင်ငံရေး ခေါင်းဆောင်များအားဖြင့် ဘုရားသခင်ထံ အမျိုးအလိုက် ဆက်ကပ်ခြင်း ဖြစ်ပါသည်။ နှုတ်ကပတ်တရားတော် ကြားနာခြင်းအားဖြင့်၊ သူတို့ စိတ်ထဲ၌ ဆုံးဖြတ်ချက်ချသော အချက်များကို စာအားဖြင့် ရေးမှတ်ထားခဲ့ကြပါသည်။ သမ္မာကျမ်းစာ၌ ဖော်ပြသော ဘုရားသခင်၏ ပညတ်တရားများကို နာခံ လိုက်လျှောက်မည်အကြောင်း ဆုံးဖြတ်ချက် ချခဲ့ကြပါသည်။ ဘုရားသခင်၏ ဂရုဏာတော်နှင့် သစ္စာရှိခြင်းကို ကိုးစားယုံကြည်လျက်၊ မိမိတို့၏ တာဝန်ကိုယ်စီကို ကျေပွန်စွာ ထမ်းရွက်ဖို့ရန် ဝန်ခံသဘောတူလျက် တံဆိပ်ခတ်ခဲ့ကြပါသည်။ ထို့ပြင်၊ ဘိုးဘေးများကဲ့သို့ လမ်းလွဲ၍ ပုန်ကန်ခြင်းကို ပြုလျှင်၊ ဘုရားသခင်၏ ဆုံးမစီရင်ခြင်းကို ခံရမည်ဟုလည်း သိမှတ်ခဲ့ကြပါသည်။ ထို တံဆိပ်ခတ်သောသူများမှုကား၊

(၁) လူထု ခေါင်းဆောင်၊ နေဟမိနှင့် ဇိဒကိယ (နေဟမိ ၁၀း၁)။ နေဟမိအား ပေရသိ ဂုဏ်ပုဒ်ဖြစ်သည့် "ပြည်အုပ်မင်း" ဟု ဖော်ပြခဲ့ပါသည်။

(၂) ထို့နောက်၊ ယဇ်ပုရောဟတ်များ (နေဟမိ ၁၀း၂-၈) နှင့် လေဝိသားများ (နေဟမိ ၁၀း၉-၁၃) ဖြစ်ကြပါသည်။ သူတို့သည် ပညတ္တိကျမ်းစာကို ဖတ်ရွတ်ခြင်း၊ ရှင်းပြခြင်းအမှုကို ဝမ်းမြောက်စွာ၊ စိတ်ပါစွာ ဆောင်ရွက်မည့်သူများဖြစ်ကြပါသည် (နေဟမိ ၈-၉)။

(၃) ထို့နောက်၊ လူ့ အကြီးအကဲများ (နေဟမိ ၁၀း၁၄-၂၇) ဖြစ်ကြ၏။ သူတို့သည် ယေရုရှလင်မြို့သို့ ပြန်လာကြသော အဆွေအမျိုးများကို ကိုယ်စားပြုသောသူများဖြစ်ကြပါသည်။

**ဆင်ခြင်ရန်** - (သု ၁၄း၃၄ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** (၁ တိ ၂း၁-၄ ၌ တွေ့ရသော ပေါလု၏ သွန်သင်ချက်အတိုင်း ဆုတောင်းပါ)။



အင်္ဂါ၊ ဇန်နဝါရီ (၂၀)
**နေဟမိ ၄း၁-၆**
တရား ၂၆း၁-၁၀

*"ထိုအသီးကို သင်၏ဘုရားသခင် ထာဝရဘုရား ရှေ့တော်၌ ထားရမည်။ ရှေ့တော်၌လည်း ကိုးကွယ်ခြင်းကို ပြုရမည်"*

## ဆန့်ကျင်မှုကြား၌ အမှုတော် ဆောင်ရွက်ခြင်း (၄)

သမ္ဘာလတ်နှင့် သူ၏မိတ်ဆွေတို့သည် ယုဒလူတို့နှင့် သူတို့ လုပ်ဆောင်သောအမှုကို နေရာစုံ ဆန့်ကျင် တိုက်ခိုက်ခဲ့ပါသည်။ သူတို့၏ စွပ်စွဲမှုအပေါင်းတို့သည် မှားယွင်းချက်များသာ ဖြစ်ပါသည်။ သူတို့၏ ရည်ရွယ်ချက်မှာ မြို့ရိုး တည်ဆောက်ခြင်း ရပ်တန့်စေရန် ဖြစ်ပါသည်။ ထို့ကြောင့်၊ လုပ်ဆောင်သောသူများ၏ စိတ်အာရုံကို အမျိုးမျိုး ရှုပ်ထွေးစေလျက် အလုပ် မလုပ်နိုင်ရန် နှောင့်ယှက်ခဲ့ကြ၏။ များသောအားဖြင့်၊ လူတို့သည် ဝေဖန် စွပ်စွဲမှုကို ပုံမှန် မတုန့်ပြန်နိုင်ကြပါ။ ထို့ကြောင့်၊ ကျွန်တော်တို့သည် ဝေဖန်သောသူ လက်ခံသည်ဖြစ်စေ၊ မလက်ခံသည်ဖြစ်စေ၊ ကောင်းမွန်စွာ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်နှင့် ပြုသောအမှုကို ကွယ်ကာလျက် ပြောဆို တုန့်ပြန်ရပါမည်။ ထိုသို့ ပြုသောအခါ၊ ကျွန်တော်တို့ အလွန် သတိထားရပါမည်။ ဘုရားသခင်၏ ခေါ်တော်မူခြင်း ခံလျက်၊ အလိုတော်အတိုင်း ပြုသောအမှုတွင်၊ ကျွန်တော်တို့သည် လူတို့၏အလိုကို မလိုက်ဘဲ၊ စိတ်ဓာတ်ကျခြင်း မရှိဘဲ၊ ကြိုးစားလျက် ဆက်လက် လုပ်ဆောင်ကြဖို့ လိုအပ်ပါသည်။

<u>ယဇ် ပူဇော်မည်လော</u> (နေဟမိ ၄း၂)။ ဤ မေးခွန်းသည် ဝိညာဉ်နှင့်ဆိုင်သောအရာ ဖြစ်ပါသည်။ ဘဝ အသက်တာ တခုလုံးသည် ဝိညာဉ်နှင့်ဆိုင်သောအမှု ဖြစ်ပါသည်။ မြို့ရိုး တည်ဆောက်သောသူများက၊ "ကောင်းကင်ဘုံ၏ အရှင်ဘုရားသခင်သည် ငါတို့ကို အခွင့် ပေးတော်မူမည်" (နေဟမိ ၂း၂၀)၊ ငါတို့သည် ထ၍ တည်မည်ဟု ဆုံးဖြတ်ချက် ချခဲ့ပါသည်။ ဘုရားသခင်၏ မစတော်မူခြင်း သက်သေသည် အမှု ပြီးစီးခြင်းဖြစ်၍၊ ကျေးဇူးတော် ချီးမွမ်းခြင်းသည် ဝတ်ပြု ကိုးကွယ်ခြင်း၊ ယဇ် ပူဇော်ခြင်းနှင့် ပြီးစီးသောအမှု ဘုရားသခင်ထံ ဆက်ကပ်ခြင်းပင် ဖြစ်ပါလိမ့်မည်။ ထို့ကြောင့်၊ "ယဇ် ပူဇော်မည်လော" (နေဟမိ ၄း၂) ဟု ဆိုကြ၏။

လူတို့သည် သူတပါး၏ ယုံကြည်ခြင်း၊ ဘုရားသခင် ကိုးစားခြင်းကို ကဲ့ရဲ့တတ်ကြ၏။ မိမိ၏ ဘုရားသခင်ကို သိသောသူတို့သည် ထိုဘုရားသခင်အား သူတို့ ကွယ်ကာပေးဖို့ မလိုကြောင်းလည်း သိကြပါသည်။ ဘုရားသခင်ကို ယုံကြည်ကိုးစားလျက်၊ ကျေးဇူးတော်နှင့် မစတော်မူခြင်းကို ကိုးစားသောသူတို့သည် အဘယ် ဆန့်ကျင်မှုကြား၌ဖြစ်စေ ဘုရားသခင် ဖော်ပြတော်မူသော အလိုတော်ကို နာခံလျက် အမှုတော်မြတ်၌ အစဉ် တည်ကြည် ဆက်ကပ်ခြင်း ရှိရပါမည်။ "ကယ်လွှတ်နိုင်သော ဘုရားကား၊ အဘယ် ဘုရား ရှိသနည်း" ဟူသော မေးခွန်းကို သစ္စာရှိရှိ တုန့်ပြန်ခဲ့သော ဒံယေလ၏ မိတ်ဆွေ သုံးဦး ကဲ့သို့၊ ဘုရားသခင်ကိုသာ ကိုးကွယ် ဝတ်ပြုခြင်းသည် အကောင်းဆုံး တုန့်ပြန်မှုဖြစ်ပါသည်။ ထိုသို့သော ဆုံးဖြတ်ချက်ကို နေဟမိ ဖိတ်ခေါ် တိုက်တွန်းနိုးဆော်ခဲ့စဉ် တည်ဆောက်သောသူများက ပြသခဲ့ပါသည်၊ "ကောင်းကင်ဘုံ အရှင်ဘုရား သခင်သည် ငါတို့ကို အခွင့်ပေးတော်မူမည်။ ထို့ကြောင့် ဘုရားသခင်၏ ကျွန်ဖြစ်သော ငါတို့သည် ထ၍ တည်မည်" (နေဟမိ ၂း၂၀) ဟု ဆိုခဲ့ကြ၏။ ထို့ကြောင့်၊ ဝေဖန်မှုကြား၌လည်း သူတို့ပြုရမည့်အမှုမှာ စကား အခြေအတင် ပြန်ပြောခြင်း မဟုတ်ဘဲ၊ "လုံ့လဝိရိယကို ထုတ်၍ . . . အဆုံးတိုင်အောင်" (ဟေဗြဲ ၆း၁၁) တည်ကြည်စွာ ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - (ဒံ ၃း၁၆-၁၈ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** (ဟေရှာ ၃၇း၁၄-၂၀ ထဲမှ ဟေဇကိ၏ ဆုတောင်းချက်ကို အသုံးပြုပါ)။

ဗုဒ္ဓဟူး၊ ဇန်နဝါရီ (၂၁)
**နေဟမိ ၄း၁-၆**
လု ၁၄း၂၅-၃၃

*"တိုက်ကို တည်မည်ဟု အကြံရှိလျှင် . . . ကုန်စရိတ်ကို မချင့်တွက်ဘဲ နေမည်လော"*

## ဆန့်ကျင်မှုကြား၌ အမှုတော် ဆောင်ရွက်ခြင်း (၅)

ခရစ်ယာန် အမှုတော် ဆောင်ခြင်းသည် အလွန် ပေးဆပ်ဖို့ လိုအပ်သောအမှု ဖြစ်ပါသည်။ လိုအပ်သောအရာ တောင်းဆိုချက်များ သေချာ ဆင်ခြင် သုံးသပ်မှု မရှိဘဲ အမှုတော်ထဲသို့ ဝင်ရောက်သောသူသည် အမှားကြီးမှား ပါလိမ့်မည်။ ခရစ်တော်က မိမိနောက်တော်သို့ လိုက်မည့်သူသည် ရှေ့ဦးစွာ "အဖိုးအခကို ထွက်ချက်" (လု ၁၄း၂၈) လျက်၊ "မိမိကားတိုင်ကို ထမ်းရွက်" (လု ၁၄း၂၇) ရမည်ဟု ရှင်းလင်းစွာ မိန့်တော်မူခဲ့၏။ သမ္မာလတ်နှင့် သူ့မိတ်ဆွေတို့သည် မြို့ရိုး တည်ဆောက်ခြင်း အလုပ်၏ ခက်ခဲမှုကို သိခဲ့ကြပြီး၊ ထိုအခက်အခဲ၌ သူတို့၏ဆန့်ကျင်မှုကို ထပ်၍ ပေါင်းထည့်ခဲ့ကြပါသည်။ သူတို့ အမြင်၌ ထိုအမှုသည် ကြီးမားလှပြီး၊ ယုဒလူတို့သည် အားနည်းခြင်း ရှိခဲ့ကြ၏။ ယုဒလူတို့သည် ထိုအမှုနှင့် အပျက်အစီး အမှိုက်ပုံကို မည်သို့ ကိုင်တွယ်၍ သမ္မာလတ်နှင့် သူ့မိတ်ဆွေတို့၏ဆန့်ကျင်မှုကို မည်သို့ ရင်ဆိုင်ပါမည်နည်း။

<u>တနေ့ခြင်းတွင် လက်စသတ်မည်လော။ ကျွမ်းလောင်သော ကျောက်တို့ကို အမှိုက်ပုံများထဲက ထုတ်၍ ပြုပြင်မည်လော</u> (နေဟမိ ၄း၂)။ ဤနောက်ဆုံး မေးခွန်း နှစ်ချက်သည် အမှု ပြီးစီး ဆောင်ရွက်နိုင်မည့် အစွမ်း ခွန်အားနှင့်ဆိုင်လျက် မေးခွန်းဖြစ်ပါသည်။ မြို့ရိုး တည်ဆောက်ခြင်းသည် အခက်အခဲများစွာ ရင်ဆိုင်ဖို့လိုသော အမှုဖြစ်ပါသည်။ အချို့သော အခက်အခဲများသည် ညအချိန်၌ နေဟမိ လေ့လာစဉ်အခါ မြင်တွေ့ခဲ့သောအရာများဖြစ်ပါသည်။ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း အပြင် နေဟမိ ၂း၁၃-၁၄ နှင့် ၄း၂၊ ၁၀ တွင် ဖော်ပြသည်အတိုင်း အမှိုက်များစွာ ရှင်းလင်းဖို့ ရှိခဲ့ပါသည်။ တည်ဆောက်သောသူတို့သည် ထိုအမှုကို သိမှတ်ကြပါသလား၊ သူတို့ ဆောင်ရွက်နိုင်ပါမည်လော။ မပြီးစီးမီ စိတ်ပျက်ကြပါမည်လော။ ထိုသို့ လုပ်ဆောင်စဉ် အားအင် ကုန်ခမ်း လက်လျော့ကြပါမည်လော။ လုပ်ဆောင်မည့်အမှုကို ကြိုတင် ဆင်ခြင် ခဲ့ကြပါသလား။ ထိုသို့ တည်ဆောက်စဉ် အမှိုက်ပုံထဲမှ ချောက်ခဲဟောင်းများကို ပြန်လည် အသုံးပြုကြပါမည်လော။ သမ္မာလတ် ဆိုခဲ့သည်အတိုင်း၊ "ကျွမ်းလောင်သော ကျောက်တို့ကို အမှိုက်ပုံများထဲက ထုတ်၍ ပြုပြင်မည်လော။" များစွာသော ခရစ်ယာန်တို့သည် သူတို့ လုပ်ဆောင်မည့် အမှုတော်၏ အဖိုးအခကို ကြိုတင် ဆင်ခြင် ချင့်တွက်ခြင်း မပြုခဲ့ကြပါ။ ထိုသို့ အဖိုးအခ ပေးဖို့ လိုအပ်လာသောအခါ၊ မပြီးစီးဘဲ အမှုတော်ကို ပစ်ထား တတ်ကြ၏။ ထို့ကြောင့် သေချာ ကြိုတင် ဆင်ခြင် သုံးသပ်ဖို့ လိုအပ်ပါသည်။ ဘုရားသခင်အတွက် စတင်ခဲ့သော အမှုကို ဘုန်းတော်ထင်ရှားစေဖို့ရန် အဆုံးထိ ဆောင်ရွက်ရပါမည်။ တည်ဆောက်သော မြို့ရိုး မပြီးစီးဘဲနေခဲ့လျှင်၊ ယုဒလူတို့သည် အဘယ်မျှလောက် ပို၍ ကဲ့ရဲ့ခြင်း၊ ပြက်ယယ်ပြုခြင်း ခံရကြလိမ့်မည်နည်း။ ဘုရားသခင် မစတော်မူမည်ဟု ကြွေးကြော်ပြီးမှ မပြီးစီးဘဲ ပစ်ထားခဲ့ကြလျှင်၊ ဘုရားသခင်၏နာမတော်ကို ဘယ်လောက် အရှက်ရစေကြပါလိမ့်မည်နည်း။ ထိုသို့ အမှုပြုစဉ် ကဲ့ရဲ့ခြင်း ခံခဲ့ကြသည်ဖြစ်၍ မပြီးမစီး ပစ်ထားခဲ့ကြလျှင် အဘယ်မျှလောက် ပို၍ ကြီးမားသော ကဲ့ရဲ့ခြင်းကို ခံခဲ့ကြပါလိမ့်မည်နည်း။

**ဆင်ခြင်ရန်** - အမှုတော် မဆောင်ရွက်မီ ထိုင်လျက် အရင် စဉ်းစား ဆင်ခြင်တွက်ဆပါလော့။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏အမှုတော်ကို သတိဖြင့် ကြိုးစားချဉ်းကပ်မည် အကြောင်း ကျွန်ုပ်တို့အား ဉာဏ်ပညာပေးသနားတော်မူပါ။



စနေ၊ မတ် (၁၄)
**နေဟမိ ၉း၄-၃၈**
၃ ရာ ၈း၄၆-၅၃

*"သူတို့ ဆုတောင်း ပဌနာပြုသော စကားကို ကျိန်းဝပ်တော်မူရာ ကောင်းကင်ဘုံ၌ နားထောင်၍"*

## လူထု ဝတ်ပြုခြင်း၌ ပါဝင်သော အချက်များ (၉)

လုံးဝ ယိုယွင်းပျက်စီးခြင်းနှင့် မိုက်မဲမှုသည် လူ့ဇာတိသဘောပင်ဖြစ်ပါသည်။ ဂတိတော်ပြည်၌ နေထိုင်သောအချိန်၌လည်း သူတို့သည် ထိုပျက်စီးယိုယွင်းသော ဇာတိသဘောကို ထင်ရှား ပေါ်လွင် စေခဲ့ကြပါသည်။ ဘုရားသခင်သည် အစဉ် သစ္စာရှိတော်မူပြီး၊ လူတို့သည် အပြစ်ပြုလျက် ရှိကြပါသည်။

<u>သို့ရာတွင်၊ အမိန့်တော်ကို နားမထောင်၊ ပုန်ကန်လျက်</u> (နေဟမိ ၉း၂၆)။ ထွက်မြောက်ရာကျမ်း ကာလနှင့် ဂတိတော်ပြည်၌ နေထိုင်ခဲ့စဉ်ကာလတိုင်အောင် ဘုရားသခင်သည် သူတို့ပေါ် ဆက်လက် စိတ်ရှည်တော်မူလျက် ဂရုဏာတော်ပြသလျက်ရှိပါသည်။ ဂတိတော်ပြည်၌ နေထိုင်စဉ် ဘုရားသခင်နှင့် သူတို့အကြား ဆက်နွယ် လည်ပတ်မှုကို ဤသို့ အကျဉ်းချုပ် ဖော်ပြနိုင်ပါသည်။ (၁) <u>အမျက်ထွက်စေခြင်း</u> (နေဟမိ ၉း၂၆)၊ သူတို့သည် အမိန့်တော်ကို နားမထောင်၊ ပုန်ကန်လျက် တရားတော်ကို ကျောနောက်သို့ ပစ်ထားကြ၏။ (၂) <u>ဆုံးမခြင်း</u> (နေဟမိ ၉း၂၇)၊ ဆင်းရဲခံရဖို့ရန်၊ သူတို့ကို နှောင့်ရှက် သောသူတို့လက်သို့ ဘုရားသခင် အပ်တော်မူ၏။ (၃) <u>တောင်းလျှောက်ခြင်း</u> (နေဟမိ ၉း၂၇)၊ ထိုသို့ ဆင်းရဲခံရသောအခါ၊ မစတော်မူဖို့ရန် ဘုရားသခင်ထံ အော်ဟစ်ခဲ့ကြပြီး၊ ဘုရားသခင်က သနားတော်မူလျက် ကယ်နှုတ်တော်မူခဲ့၏။ (၄) <u>ကယ်နှုတ်တော်မူခြင်း</u> (နေဟမိ ၉း၂၇)၊ ထိုအခါ၊ ဘုရားသခင်သည် ရန်သူလက်မှ ကယ်လွှတ်သော ကယ်တင်ရှင်တို့ကို ပေါ်ထွန်းစေတော်မူ၏။ ဂတိတော်ပြည်ကို ဝင်ရောက်ပိုင်ဆိုင်သောအချိန်မှစ၍ ကျွန်ခံရာပြည်သို့ သွားရောက်သောအချိန်အထိ၊ ဣသရေလ အမိုင်းသည် ထိုသို့ လည်ပတ်နေခဲ့ပါသည် (နေဟမိ ၉း၂၈-၂၉)။ သူတို့ သမိုင်း၏ သက်သေခံချက်ဟူမူကား၊ သူတို့သည် ပြစ်မှားသောသူ၊ ပုန်ကန်သော လူမျိုး ဖြစ်ခဲ့သော်လည်း၊ ဘုရားသခင်သည် သူတို့အပေါ် စိတ်ရှည်လျက်၊ သနားခြင်း ဂရုဏာတော်ကို ပြသတော်မူခဲ့ပါသည် (နေဟမိ ၉း၃၀-၃၁)။

<u>သို့ဖြစ်၍၊ အိုအကျွန်ုပ်တို့၏ ဘုရား</u> (နေဟမိ ၉း၃၂)။ ထိုသမိုင်းကြောင်းမှ သူတို့၏ ဇာတိသဘောကို သိမှတ်ခဲ့ကြပါသည်။ ထိုသို့ မိမိတို့၏ အပြစ်၊ ပုန်ကန်မှုတို့ကို ဝန်ခံလျက် ဘုရားသခင်ထံ ချဉ်းကပ်လျက်၊ ပဋိညာဉ်ကို အသစ်တဖန် ဝန်ခံလိုကြပါသည်။ ထိုသို့ ပြုသောအခါ၊ သဘောတရား ပြုကြသည် မဟုတ်၊ မိမိတို့၏ မထိုက်တန်ခြင်းကို ဝန်ခံသည်သာမက၊ ဘုရားသခင်၏ တန်ခိုးတော်၊ သစ္စာရှိတော်မူခြင်း၊ တရားမျှတခြင်းတို့ကို သိမှတ်ဝန်ခံခဲ့ကြပါသည် (နေဟမိ ၉း၃၂-၃၃)။ ထို့ပြင်၊ ထိုပဋိညာဉ်ပေါ်၌ မိမိတို့၏ သစ္စာမရှိခြင်းကိုလည်း သိမှတ်လျက်၊ အသစ်သော ပဋိညာဉ် မဟုတ်ဘဲ၊ ထိုပဋိညာဉ်ကိုပင် တဖန်ဝန်ခံလိုကြခြင်းဖြစ်ပါသည် (နေဟမိ ၉း၃၄-၃၅)။ ထိုပဋိညာဉ်၏အကျိုးကို ခံစားရဖို့ရန် ဘုရားသခင်အား လုံးဝယုံကြည်ကိုးစားခြင်း ရှိရမည်အကြောင်း သူတို့ သိမှတ်ဝန်ခံခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ ဂရုဏာတော်နှင့် မစတော်မူခြင်းကို ကိုးစားလျက်၊ ကိုယ်တော်ထံ ပြန်သွားကြပါစို့။
**ဆုတောင်းချက်-** (ဆာလံ ၅၁း၅-၁၀ ကို အသုံးပြုပါ)။

## လူထု ဝတ်ပြုခြင်း၌ ပါဝင်သော အချက်များ (၈)

ဘုရားသခင်၏ဂုဏ်တော်နှင့် ပြုတော်မူသောအမှုများ ဤဆုတောင်းခြင်း၌ ဖော်ပြသော အခါ၊ လည်ပင်းခိုင်မာသော၊ အပြစ်ရှိသော၊ လုံးဝ ထိုက်တန်မှုမရှိသော လူမျိုးနှင့် ဆန့်ကျင်လျက် ယှဉ်တွဲ ဖော်ပြခဲ့ပါသည်။ ဘုရားသခင်သည် မိမိကိုယ်ကို သစ္စာရှိသောသူ၊ တန်ခိုးရှိတော်မူသောသူ အဖြစ် ရှင်းလင်းစွာ ဖော်ပြတော်မူသော်လည်း၊ သူတို့၏တုန့်ပြန်မှုအရ သူတို့ ခံထိုက်သော အရာသည် အမျက်တော်နှင့် စီရင်ခြင်းသာလျှင် ဖြစ်ပါသည်။

<u>သို့ရာတွင် အကျွန်ုပ်တို့ ဘိုးဘေးတို့သည် မာနထောင်လွှား၍</u> (နေဟမိ ၉း၁၆)။ ဆုတောင်းမှု၌ ဖော်ပြသော တတိယအချက်သည် စိတ်ရှည်ခြင်း၊ မေတ္တာဂရုဏာနှင့် ပြည့်စုံခြင်း အကြောင်း ဖြစ်ပါသည်။ ဤလမျိုးသည် ကောင်းသောအမှုကို မပြု၊ ထိုက်တန်ခြင်း မရှိ၊ အပြစ်ပြုသောသူ ဖြစ်သော်လည်း၊ ဘုရားသခင်သည် သူတို့နှင့်အတူ ပါရှိတော်မူလျက်၊ ပြုစုထောက်ပံ့ မစတော်မခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။ လူ၏ လုံးဝယိုယွင်း ပျက်စီးခြင်း နှင့်လုံးဝ ဆန့်ကျင်ဖက်ဖြစ်သော၊ ဘုရားသခင်၏ ဂုဏ်တော်များကို အထူး ဖော်ပြခဲ့ပါသည်။ ယခု ဆုတောင်းချက်ထဲတွင်၊ အပြစ်ဝန်ခံခြင်း၊ "ဘိုးဘေး" တို့ပြစ်မှားခဲ့သောအမှု၊ ကျူးလွန်သောအမှုနှင့် သက်ဆိုင်သောသူများဖြစ်ကြောင်း ဝန်ခံခဲ့ကြပါသည်။ ဤလူမျိုး၏ နာမခံခြင်း၊ စိတ်နှလုံး ခိုင်မာခြင်း၊ မာနထောင်လွှားခြင်းနှင့် ပုန်ကန်ဆန့်ကျင်ခြင်းတို့က ဘုရားသခင်၏ သနားခြင်း ဂရုဏာတော်၊ ကျေးဇူးတော်နှင့် စိတ်ရှည်ခြင်းတို့ကို အထူးထင်ရှားစေတော်မူခဲ့၏ (နေဟမိ ၁၉း၁၇)။

<u>သူတို့သည် နွားသငယ် အရုပ်ကို သွန်း၍ . . . သင်၏ ဘုရားဖြစ်တော်မူ၏ ဟုဆိုလျက်</u> (နေဟမိ ၉း၁၈)။ သူတို့သည် နာခံမှု မရှိသည်သာမက၊ စိတ်နှလုံးခိုင်မာလျက်၊ မာနထောင်လွှားသောသူ ဖြစ်ကြပါသည်။ ရောမဩဝါဒစာထဲ၌ ပေါလု ဖော်ပြခဲ့သည်အတိုင်း၊ "သမ္မာတရားကို အဓမ္မဖြင့် ဆီးတားနှိပ်စက်သောသူ" (ရောမ ၁း၁၈)၊ ဘုရားမဲ့ နေခြင်းအမှု၊ တရားကို လွန်ကျူးသောသူ ဖြစ်ကြပါသည်။ ဘုရားသခင်၏ ကယ်နှုတ်တော်မူခြင်း၊ အတူပါရှိတော်မူခြင်း၊ ကျွေးမွေးပြုစု စောင့်ရှောက်ခြင်းကို ခံရခဲ့ကြသော်လည်း၊ သူတို့သည် "မဖောက်ပြန် မပျက်စီးနိုင်သော ဘုရားသခင်၏ ဂုဏ်တော်ကို ပယ်လျက်၊ . . . ရုပ်တုတို့ကို ဘုရားသခင်အရာ၌ ချီးမြှောက်ကြ၏" (ရောမ ၁း၂၃)။ သို့သော်လည်း၊ ဘုရားသခင်သည် ထိုသို့သော ဆန့်ကျင်မှုအကြား၌ပင် သစ္စာရှိတော်မူလျက်၊ မိမိ၏ပဋိညာဉ်ကို စောင့်လျက် သူတို့ကို မစ ပြုစုတော်မူခဲ့ပါသည်။ ဘုရားသခင်သည် သူတို့နှင့်အတူ ဆက်လက် ပါရှိတော်မူလျက် (နေဟမိ ၉း၁၉)၊ လမ်းပြ ဆုံးမတော်မူသော မိမိ၏ဝိညာဉ်တော်ကိုလည်း သူတို့ထံမှ ရုပ်သိမ်းတော် မမူခဲ့ပါ (နေဟမိ ၉း၂၀)။ ထိုနှစ်ပေါင်း ၄၀ လုံးလုံး သူတို့ကို အစဉ် ကျွေးမွေး ပြုစု မစတော်မူခဲ့ပါသည် (နေဟမိ ၉း၂၁)။ ခိုင်ခံ့အားကြီးသော နိုင်ငံများအပေါ်၌ သူတို့ကို အောင်မြင်မှု ပေးတော်မူခဲ့လျက်၊ အာဗြဟံထံ ထားတော်မူသော ဂတိတော်ပြည်ကို အမွေအဖြစ် ပေးတော်မူခဲ့ (နေဟမိ ၉း၂၂-၂၅)။ ဘုရားသခင်သည် ဂရုဏာတော်နှင့် ပြည့်စုံလျက်၊ အမှန် စိတ်ရှည်တော်မူ၏။

**ဆင်ခြင်ရန်** - သူတို့နည်းတူ၊ ကျွန်တော်တို့သည်လည်း ပျက်စီးယိုယွင်းသော၊ စိတ်နှလုံးခိုင်မာသော သူများဖြစ်ကြပါသည်။
**ဆုတောင်းချက်-** (ဆာလံ ၅၁း၁-၄ ကို အသုံးပြုပါ)။





## ဆောင်ရွက်လိုခြင်း၊ ဆုတောင်းလိုခြင်း စိတ်သဘော (၁)

ဘုရားသခင်၏အမှုတော် ဆောင်ရွက်ခြင်း၌ အခက်အခဲနှင့် ဆန့်ကျင်မှု ကြုံတွေ့ခြင်းသည် ကြောက်ရွံ့ရမည့် အကြောင်းတရား မဟုတ်ပါ။ ထိုအရာတို့သည် သမ္မာသတိနှင့် ဆုတောင်းခြင်းဖြင့် ခရစ်ယာန်အမှုတော်ကို ချဉ်းကပ်ဖို့ရန် အကြောင်းရင်းပင်ဖြစ်ပါသည်။ ဘုရားသခင်၏ ရန်သူတို့သည် မည်သို့ ဆန့်ကျင်ခြင်းအမှုကို စတင်သည်ကိုဋင်း၊ ထိုဆန့်ကျင် တိုက်ခိုက်မှုအကြား၌ ဘုရားသခင်၏ အမှုတော်သည် မည်သို့ တိုးတက်ခြင်းရှိသည်ကိုဋင်း ကျွန်တော်တို့ သိမြင်ခဲ့ပြီးဖြစ်ပါသည်။ ဘုရားသခင်၏ အစေခံကျွန်တို့သည် ထိုဆန့်ကျင်မှုကို မည်သို့ ကိုင်တွယ် အောင်မြင်ခဲ့ပါသနည်း။ ထိုသို့သော တိုက်ခိုက် ဆန့်ကျင်ခြင်း အကြား၌ ထိုခက်ခဲ ကြီးမြတ်သော အမှုကို မည်သို့ ပြီးစီး ဆောင်ရွက် နိုင်ခဲ့ပါသနည်း။ နေဟမိက ထိုသို့သော ဆန့်ကျင် တိုက်ခိုက်မှုကို မည်သို့ တုန့်ပြန်လျက် အမှုတော်ကို စိတ်ဓာတ် ခိုင်မာစွာ မည်သို့ ဆောင်ရွက်ခဲ့ကြကြောင်းကို ဖော်ပြခဲ့ပါသည်။

<u>အို အကျွန်ုပ်တို့ ဘုရားသခင်၊ နားထောင်တော်မူပါ။ အကျွန်ုပ်တို့သည် မထီမဲ့မြင်ပြုခြင်းကို ခံရပါ၏</u> (နေဟမိ ၄း၄)။ ဘုရားသခင်၏လူတို့သည် ဆုတောင်းခြင်း အသက်တာ ပိုင်ဆိုင်သောသူများ ဖြစ်လျက်၊ ဘုရားသခင်၏အိမ်တော်သည် ဆုတောင်းရာ အိမ်တော်ဖြစ်ရပါမည်။ အရာရာတိုင်း၊ အခြေအနေတိုင်း၌ ကျွန်တော်တို့သည် ဆုတောင်းကြရပါမည်။ နေဟမိသည် ဆုတောင်းခြင်းဖြင့် ဘုရားသခင်အား ခေါ်ခဲ့ပါသည်။ အောက်ပါအချက်များကို အခြေခံလျက် ဆုတောင်းခဲ့ပါသည်၊

(၁) ဘုရားသခင်နှင့် ဆက်နွယ်မှု (အကျွန်ုပ်တို့၏ ဘုရားသခင်)
(၂) ဘုရားသခင် ယုံကြည်ကိုးစားခြင်း (နားထောင်တော်မူပါ - ဘုရားသခင် နားညောင်းတော်မူ၏)
(၃) အခြေအနေ၊ အဖြစ်အပျက် (အကျွန်ုပ်တို့သည် မထီမဲ့မြင်ပြုခြင်းကို ခံရပါ၏)

ဘုရားသခင်၏ အမှုတော် ဆောင်ရွက်ကြစဉ် ကြုံတွေ့ကြရသော အခက်အခဲများကြောင့် တရားသဖြင့် စီရင်ဖို့ရန်နှင့် မစတော်မူမည်အကြောင်း တောင်းလျှောက်ခဲ့ပါသည်။ ဘုရားသခင်၏ အမှုတော်ကို ကျွန်တော်တို့ ဆောင်ရွက်လျှင် ထိုအမှုတော်အတွက် လိုအပ်သော ဘုရားသခင်၏ မစတော်မူခြင်း၊ လမ်းပြပြုစုခြင်းနှင့် ကွယ်ကာခြင်းများကို တောင်းလျှောက်နိုင်ပါသည်။

<u>မြို့ရိုးကို တည်သော သူတို့၏ စိတ်ကို နာစေခြင်းငှါ ပြောတတ်ကြပါသည်တကား</u> (နေဟမိ ၄း၅)။ ခရစ်ယာန် အမှုတော်နှင့် ဆုတောင်းခြင်းသည် လက်တွဲလျက်ရှိပါသည်။ သို့သော်လည်း၊ ဆုတောင်းခြင်းသည် ဘုရားသခင်၏အလိုတော်နှင့် ကိုက်ညီမှုရှိရပါမည်။ ထို့ကြောင့်၊ ဆုတောင်းသောသူသည် မိမိကိုယ်ကို စစ်ကြောခြင်းပြုရပါမည်။ နေဟမိသည် မိမိ၏ဖြောင့်မတ်ခြင်းကို မကိုးစား၊ မိမိကိုယ်ကျိုးအတွက် မဟုတ်ဘဲ၊ ဘုရားသခင်၏အမှု နှင့် သန့်ရှင်းခြင်းကို အမှီပြုလျက် တရားမျှတမှုအတွက် ဘုရားသခင်ထံ တောင်းလျှောက်ခြင်းကို ပြုခဲ့၏။ ဆန့်ကျင်သောသူသည် ဆောက်လုပ်သော သူများကို ဆန့်ကျင်သည် မဟုတ်ဘဲ၊ ထိုအမှုကို ဆောင်ရဖို့ရန် လမ်းပြလျက် အခွင့်ပေးတော်မူသော ဘုရားသခင်ကို ဆန့်ကျင်လျက် ရှိပါသည်။

**ဆင်ခြင်ရန်** - ("ကိုယ်တော်အတွက် တစုံတခု" ဟူသော သီချင်း စာသားကို ဆင်ခြင် ပါလေ့)။
**ဆုတောင်းချက်-** အို ထာဝရဘုရား၊ "ကိုယ်တော်၏ စိတ်သဘော၊ သစ္စာရှိသော စိတ်နှလုံးကို ကျွန်ုပ်အား ပေးသနားတော်မူပါ။"

## ဆောင်ရွက်လိုခြင်း၊ ဆုတောင်းလိုခြင်း စိတ်သဘော (၂)

လက်တွေ့ မလုပ်ဆောင်လိုသောကြောင့် ဆုတောင်းသည် မဟုတ်။ အကူအညီ လိုအပ်သောအချိန်၌ ကျေးဇူးတော် တောင်းလျှောက်ခြင်းနှင့် ဘုရားသခင် ကိုးစားခြင်းသည် အားနည်းခြင်း နှင့် မတူညီပါ။ ဘုရားသခင်၏အမှုတော် ဆောင်ရွက်စဉ် ဆန့်ကျင်ခြင်း ကြုံတွေ့ကြသောအခါ၊ ဘုရားသခင်၏ အစေခံကျွန်တို့သည် အားလျော့ခြင်း မရှိခဲ့ကြပါ။ နေဟမိသည် ဆုတောင်းလျက်၊ လူတို့သည် အမှုတော်ကို ဆက်လက် ဆောင်ရွက်ခဲ့ကြ၏။ စစ်မှန်သော ယုံကြည်ခြင်းဖြင့် ဆုတောင်းခြင်းသည် ကြိုးစားအားထုတ်မှုနှင့် စိတ်အားထက်သန်မှုကို ဆီးတားခြင်း မပြု၊ အားလျော့ စေသည် မဟုတ်ပါ။ အခက်အခဲ ရင်ဆိုင်ကြုံတွေ့သောအချိန်၌ပင် ဆုတောင်းခြင်းက တာဝန် ဝတ္တရား မကျေပွန်ဖို့ရန် လုံးဝ အားပေးတော်မမူ။

<u>ငါတို့သည် မြို့ရိုးကို တည်ကြ၏</u> (နေဟမိ ၄း၆)။ ခရစ်ယာန် အမှုတော်၌ စိတ်အားထက်သန်မှုနှင့် လက်တွေ့ လုပ်ဆောင်မှု ပါဝင်ပါသည်။ ဘုရားသခင်၏ အလိုတော်နှင့် လမ်းပြတော်မူခြင်းကို စိတ်အားထက်သန်စွာ ရှာဖွေခြင်း၊ ဘုရားသခင်၏အမှုတော်ကို ဘုရားသခင် ဘုန်းတော် ထင်ရှားဖို့ စိတ်အားထက်သန်စွာ ကြိုးစား ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ထိုအကြောင်းကို နေဟမိ ၄း၆ ထဲတွင် ကျွန်ုပ်တို့အတွက် ဖော်ပြထားပါသည်။ နေဟမိသည် ယေရုရှလင်မြို့ အခြေအနေ ကြောင့် စိတ်လေးသဖြင့်၊ ဆုတောင်းခဲ့၏ (နေဟမိ ၁း၄)။ ရှင်ဘုရင်ထံ တောင်းလျှောက်ခြင်း မပြုမီ၊ ဆုတောင်းခဲ့ပါသည် (နေဟမိ ၂း၄)။ အမှုဆောင်ရွက်စဉ် ဆန့်ကျင်ခြင်း ကြုံတွေ့သောအခါ၊ ဆုတောင်းခဲ့ပါသည် (နေဟမိ ၄း၄)။ နေဟမိနှင့် ဆောက်လုပ်သောသူတို့သည် ဆုတောင်းခြင်းနှင့် အမှုဆောင်ရွက်ခြင်း၌ ဆုံးဖြတ်ချက် ခိုင်မာစွာ ချလျက်၊ စိတ်အားထက်သန်စွာ လက်တွေ့ ဆောင်ရွက် ခဲ့ကြပါသည်။ ထိုအချက်ကို သူတို့ ပြုသောအမှု တိုးတက်ခြင်း၌ ထင်ရှားစွာ တွေ့ရပါသည်၊ "မြို့ပတ်လည် မြို့ရိုးတဝက် တိုင်အောင် ပြီးလေ၏" (နေဟမိ ၄း၆)။

<u>တည်လုပ်သော သူတို့သည် စေတနာ ကြီးသောကြောင့်</u> (နေဟမိ ၄း၆)။ ခရစ်ယာန် အမှုတော်ကို စိတ်ဓာတ် ခိုင်မာစွာ ကြိုးစားအားထုတ်လျက် ဆောင်ရွက်ရပါမည်။ ဘုရားသခင်၏ အမှုတော် ဆောင်ရွက်ခြင်း စိတ်သဘောတွင်၊

(၁) ဘုရားသခင်အကြောင်း သိခြင်း၊ ဘုရားသခင်အား မျက်မှောက်ပြုခြင်း၊ ဆောင်ရွက်ရမည့် အမှု ချဉ်းကပ်သောအခါ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် လမ်းပြတော်မူခြင်းကို ကိုးစားခြင်း၊ နှင့်

(၂) ဘုရားသခင်၏အမှုတော် ဆောင်ရွက်ဖို့ရန် ဆက်ကပ်ခြင်း၊ အပြင်ပိုင်း အန္တရာယ်အယှက်နှင့် အတွင်းပိုင်း စိတ်အားငယ်ခြင်းနှင့် ကြောက်ရွံ့မှု ခံစားသောအခါ၌ပင် ဘုရားသခင်ထံ ဆက်ကပ်ခြင်း ပင်ဖြစ်ပါသည်။

ထိုသို့ အမှုတော် ဆောင်ရွက်စဉ် ကြုံတွေ့ရသော အခက်အခဲ အဆီးအတားတို့သည် ကျွန်ုပ်တို့ကို ဆုတောင်းဖို့ရန် တွန်းပို့လေ့ရှိပါသည်။ ထို့ပြင်၊ ဘုရားသခင်၏ ဉာဏ်ပညာ၊ တန်ခိုးတော် နှင့် ထောက်မတော်မူခြင်းကို ကိုးစားစေလျက်၊ ဘုရားသခင်၏လက်တော်ထဲသို့ ကျွန်ုပ်တို့အား ဆက်ကပ်စေခဲ့ပါသည်။ ကဲ့ရဲ့ခြင်းနှင့် ဆန့်ကျင်ခြင်း ကြုံတွေ့သောအခါ၊ နေဟမိနှင့် ဆောက်လုပ်သောသူတို့သည် ဆုတောင်းလျက်၊ အမှုတော်ကို ဆက်လက် လုပ်ဆောင်ခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ အစေခံများတို့သည် အခြေအနေတိုင်း၌ ဘုရားသခင်အား ယုံကြည် ကိုးစားခြင်း ရှိကြရပါမည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော့်ကို အစဉ် ကိုးစားလျက်၊ အကောင်းဆုံး ဆောင်ရွက်မည် အကြောင်း မစတော်မူပါ။





## လူထု ဝတ်ပြုခြင်း၌ ပါဝင်သော အချက်များ (၇)

နေဟမိ ၉ ထဲမှ ဆုတောင်းချက်က သူတို့၏ ဘုရားသခင် ဂုဏ်တော်အကြောင်း သိကျွမ်းခြင်းကို ဆက်လက် ပြသခဲ့ပါသည်။ ဘုရားသခင်အား ဖန်ဆင်းရှင်၊ အရာခပ်သိမ်း ထိန်းသိမ်း စောင့်ရှောက်သော အရှင်၊ ရွေးနှုတ်တော်မူသော အရှင်သခင်ဟု ဖော်ပြခဲ့ပြီးမှ၊ မိမိလူမျိုးဖြစ်သော၊ သူတို့၏အသက် အမွေ မျိုးဆက်သစ်များအပေါ် ဘုရားသခင် ပြုသောအမှုကို ဖော်ပြခဲ့ကြပါသည်။

<u>အကျွန်ုပ်တို့၏ ဘိုးဘေးများ ခံရသော ညှဉ်းဆဲခြင်းကို မြင်၍</u> (နေဟမိ ၉း၉)။ ဆုတောင်းချက်တွင်၊ ဘုရားသခင်ကို သိမှတ်ဖော်ပြပြီးမှ၊ ရွေးကောက်တော်မူသော မိမိအမျိုးအပေါ် ပြုသောအမှုကို အထူးဖော်ပြခဲ့ကြပါသည်။ ထိုသို့ပြုခြင်းသည် သူတို့၏ သမိုင်းကြောင်း ပြန်လည်ဖော်ပြခြင်း၊ ဓမ္မဟောင်း ပြန်လည် ဖော်ပြခြင်းဖြစ်ပါသည်။ သူတို့၏ လွတ်မြောက်ခြင်းသည် ဘုရားသခင်၏ လက်တော် ပြုသောအမှုဖြစ်ကြောင်း (နေဟမိ ၉း၉-၁၁) ဝန်ခံခဲ့ကြပြီး၊ ဘုရားသခင်၏ တန်ခိုးတော်၊ ပဋိညာဉ်ကို သစ္စာရှိစွာ စောင့်ရှောက်ပြည့်စုံစေသောသူ ဖြစ်ကြောင်း ထပ်၍ ဖော်ပြခဲ့ပါသည်။ ထိုလွတ်မြောက်ခြင်းကို ဆောင်ရွက်ဖို့ရန်၊ ဘုရားသခင်သည် ညှဉ်းဆဲခြင်းကို မြင်၍ အော်ဟစ်သော အသံကို ကြားတော်မူ၏ (နေဟမိ ၉း၉)။ ထို့နောက်၊ မိမိ၏ နာမတော်၊ သတင်းတော်သည် "ယနေ့တိုင်အောင် ကျော်စောလျက်ရှိ" အတိုင်း (နေဟမိ ၉း၁၀)၊ အံ့ဘွယ်သောအမှု၊ နိမိတ်လက္ခဏာတို့ကို ပြခဲ့ပါသည်။ ထို့ပြင်၊ ပင်လယ်ကို ခွဲတော်မူလျက်၊ ဖါရို စစ်သားများကို နှစ်မြုပ်စေတော်မူ၏ (နေဟမိ ၉း၁၁)။

<u>ထိုမှတပါး၊ . . . သူတို့ကို ပို့ဆောင်တော်မူ၏</u> (နေဟမိ ၉း၁၂)။ အဲဂုတ္တုပြည်မှ လွတ်မြောက်ခြင်းအကြောင်း ဖော်ပြပြီးနောက်၊ တောထဲ၌ သူတို့နှင့်အတူ ဘုရားသခင် ပါရှိတော်မူခြင်း၊ ပြုစုကျွေးမွေးတော်မူခြင်းကို ဖော်ပြခဲ့ကြပါသည် (နေဟမိ ၉း၁၂-၁၅)။ တဖန်၊ ဘုရားသခင်၏ တန်ခိုးတော်နှင့် ပဋိညာဉ်နှင့်ဆိုင်သော သစ္စာတော်ကို ဝန်ခံဖော်ခဲ့ကြပါသည်။ သူတို့နှင့်အတူ ဘုရားသခင် ပါရှိတော်မူခြင်းကို၊ မြင်နိုင်သော အရာ "နေ့အချိန်၌ မိုးတိမ်တိုင် . . . ညအချိန်၌ . . . မီးတိုင်" အားဖြင့် (နေဟမိ ၉း၁၂) ပါရှိတော်မူ၏။ ထိုအရာအားဖြင့်၊ ဘုရားသခင်သည် သူတို့၏ လမ်းခရီးကို ဦးဆောင် စောင့်ရှောက်တော်မူခဲ့၏။ ထိုတိုင် ရွေ့သောအခါ၊ ခရီးဆက်ဖို့ရန် သူတို့၏ တဲများကို ဖြုတ်ခဲ့ကြပြီး၊ ရပ်သော အခါ ခရီးနားဖို့ရန် တဲဆောက်ခဲ့ကြပါသည်။ မွတ်သိပ်ခြင်းနှင့် ရေငတ်ခြင်း အတွက် ပြေစေဖို့ရန် မုန့်နှင့် ရေကို ဘုရားသခင် မစတော်မူခဲ့ပါသည် (နေဟမိ ၉း၁၅)။ ထို့ပြင်၊ ဝိညာဉ်အားဖြင့်လည်း ဘုရားသခင် အတူပါရှိတော်မူခဲ့ပါသည်။ ထိုအတူပါရှိတော်မူခြင်းကို "ကိုယ်တော်ကိုယ်တိုင်လည်း" ဟူသော အသုံးအနှုန်းကို ပညတ်တော်နှင့် ဥပုသ်နေ့ရက်တော် တရား (နေဟမိ ၉း၁၃၊ ၁၄) ပေးခြင်းအမှု၌ အသုံးပြုခဲ့ပါသည်။ ထိုတရားသည် သူတို့၏ အသက်တာနှင့် ဝတ်ပြုခြင်းအတွက် အထုံးအဖွဲ့ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အတူ ရှိတော်မူမည်အကြောင်း ဂတိတော်ရှိ၏ (မသဲ ၂၈း၂၀)။

**ဆုတောင်းချက်-** (ဆာလံ ၅၁း၁၁ ကို အသုံးပြုပါ)။

ဗုဒ္ဓဟူး၊ မတ် (၁၁)
**နေဟမိ ၉း၄-၃၈**
၃ ရာ ၈း၄၆-၅၃

*"သူတို့ ဆုတောင်း ပဌနာပြုသော စကားကို ကျိန်းဝပ်တော်မူရာ ကောင်းကင်ဘုံ၌ နားထောင်၍"*

## လူထု ဝတ်ပြုခြင်း၌ ပါဝင်သော အချက်များ (၆)

တမန်တော်များက တမန် ၆ ထဲတွင် ဖော်ပြခဲ့သော၊ ဆုတောင်းခြင်းနှင့် နှုတ်ကပတ်တော် ဟောပြောခြင်း ဆက်နွယ်မှုကို နေဟမိ ၉ ထဲတွင် တွေ့ခဲ့ရပါသည်။ သူတို့၏ နှုတ်ကပတ်တော် အဓိကထားမှုက မှန်ကန်စွာ ဆုတောင်းမှုကို ဖြစ်စေခဲ့ပါသည်။ သူတို့၏ဆုတောင်းချက်က သူတို့၏ ဘုရားသခင် နှုတ်ကပတ်တော် သိကျွမ်းခြင်း၊ မောရှေ၏ ပညတ္တိကျမ်းထဲမှ ဘုရားသခင်၏ ဘိုးဘေးများအပေါ် ပြုသောအမှု သိကျွမ်းခြင်း စသည်တို့ကို ထင်ရှားစေခဲ့ပါသည်။ သူတို့၏ဆုတောင်းချက်က စစ်မှန်သော ဆုတောင်းခြင်းကို ဖော်ပြလျက်ရှိပါသည်။

<u>ထိုအခါ လေဝိသား . . . တို့သည် ပလ္လင်ပေါ်မှ ရပ်၍ သူတို့၏ ဘုရားသခင် ထာဝရဘုရားအား ကြီးစွာသော အသံနှင့် ကြွေးကြော်ကြ၏</u> (နေဟမိ ၉း၄)။ နှုတ်ကပတ်တော်ထဲ၌ ဖော်ပြထားသည့် ဘုရားသခင် ဝတ်ပြုခြင်း၌ ပါဝင်သောအချက်အတိုင်း၊ လေဝိအမျိုးသားတို့သည် ဝတ်ပြုခြင်းကို ဦးဆောင်လျက် အပြစ်ဝန်ခံခြင်း၊ ဆုတောင်းခြင်း အစီအစဉ်များ ပါရှိပါသည်။ သူတို့၏ဆုတောင်းချက်တွင်၊ ဘုရားသခင်သည် အသက်ရှင်သော၊ စစ်မှန်သော ဘုရားဖြစ်ခြင်းအကြောင်း၊ ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူလျက်၊ ဖန်ဆင်းသောအရာအားလုံးကို ဆက်လက် ပြုစု စောင့်ရှောက်တော်မူခြင်း အကြောင်းများကို သိမှတ် ဖော်ပြခဲ့ကြပါသည်။ ထို့ကြောင့်၊ သူသာလျှင် ဝတ်ပြုကိုးကွယ်ခြင်း ခံထိုက်တော်မူသော ဘုရားဖြစ်ပါသည် (နေဟမိ ၉း၆)။ ထို့နောက်၊ ဘုရားသခင်သည် ကျေးဇူးတော်နှင့်ပြည့်စုံလျက်၊ အမျိုးများထဲမှ အာဗြဟံကို ရွေးနှုတ်တော်မူလျက် လူမျိုးတမျိုးဖြစ်စေပြီး၊ ဂတိတော်ပြည်ကို ပေးတော်မူသော၊ ပဋိညာဉ်ကို သစ္စာရှိစွာ စောင့်တော်မူသော ဘုရားဖြစ်ကြောင်း ဖော်ပြခဲ့ကြပါသည် (နေဟမိ ၉း၇-၈)။

ထိုဘုရားသခင်၏ ဂုဏ်တော်နှစ်ပါးဖော်ပြခြင်းအားဖြင့်၊ သူတို့သည် ဘုရားသခင်၏ ဖန်ဆင်းရှင်ဖြစ်ခြင်းအကြောင်း၊ အရာခပ်သိမ်းကို အုပ်စိုးတော်မူခြင်းအကြောင်း သိကျွမ်းသည်သာမက၊ အာဗြဟံကို ရွေးနှုတ်လျက်၊ ကောင်းကြီးပေးပြီး၊ ပြုတော်မူသော ပဋိညာဉ်အတိုင်း အာဗြဟံ၏မျိုးဆက်ကို ဆက်လက်ကောင်းကြီးပေးခြင်းဖြင့် ပဋိညာဉ်ကို စောင့်သော၊ သစ္စာရှိတော်မူသော ဘုရားဖြစ်ခြင်းအကြောင်းကိုလည်း သိကျွမ်းခဲ့ကြကြောင်း ထင်ရှားပါသည်။

(၁) ထိုအချက်ကို ဓမ္မဟောင်း ဆုတောင်းချက်တွင် အကြိမ်ကြိမ်တွေ့ရပါသည်။ ရှောလမုန်၏ ဗိမာန်တော် ဆုတောင်းချက် (၃ ရာ ၈း၂၃) နှင့် ယောရှဖတ်၏ဆုတောင်းချက် (၆ ရာ ၂၀း၆-၇) နှင့် ဆာလံတို့ (ဆာလံ ၂၀၅း၅-၁၁) ၌ တွေ့ရပါသည်။

(၂) ဂတိတော်ပြည်သို့ မဝင်ရောက်မီ ပဋိညာဉ် ပြန်လည် ဖော်ပြချက် (တရား ၂၉း၁-၁၃) နှင့် ယောရှု ၂၄း၁-၁၅ ၌ နယ်မြေ ပိုင်ဆိုင် မခွဲဝေမီ အချိန်တို့၌ ထိုအချက်ကို အခြေခံတရားအဖြစ် ဖော်ပြခဲ့ပါသည်။

(၃) ထိုတရားသည် ဘုရားသခင်အား ချဉ်းကပ်ဖို့ရန် သူတို့ကို ရဲရင့်ခြင်း ရှိစေခဲ့ပါသည်။

**ဆင်ခြင်ရန်** - ခရစ်တော်သည် အကျွန်ုပ် ထာဝရ နှစ်သက် ပျော်မွေ့ရာ ဖြစ်ပါသလား။
**ဆုတောင်းချက်-** (ဆာလံ ၃၆း၉-၁၀ ကို အသုံးပြုပါ)။



စနေ၊ ဇန်နဝါရီ (၂၄)
**နေဟမိ ၄း၇-၁၁**
၂ ကော ၁၁း၁၆-၃၃

*"ကိုယ်နှမ်းရိသောအဖြစ်ကိုသာ အကြောင်းပြု၍ ဝါကြွားမည်"*

## ဆောင်ရွက်လိုခြင်း၊ ဆုတောင်းလိုခြင်း စိတ်သဘော (၃)

ဘုရားသခင်၏အမှုတော် ဆန့်ကျင်ကြခြင်းအမှုတွင်၊ ပြုနေကျ နည်းလမ်းကို အသုံးပြုလျက် အကြိမ်ကြိမ် ကြိုးစားကြသည်ကို သိမှတ်ဖို့ လိုပါသည်။ အခက်အခဲ တခု ကျော်လွှားနိုင်ခြင်းသည် နောက်ထပ် အခက်အခဲ ဆန့်ကျင်မှု မကြုံတွေ့ရတော့ဟု မဆိုလိုပါ။ အမှုတော် ဆောင်ရွက်ခြင်း၌ အခက်အခဲနှင့် ဆန့်ကျင်မှုသည် ဘယ်တော့မှ ပျောက်ကွယ်သွားမည် မဟုတ်ပါ။ သို့သော်လည်း၊ ဆန့်ကျင်မှုကြား၌ အမှုတော်သည် အစဉ် တိုးတက်ခြင်း ရှိပါလိမ့်မည်။ ထိုတိုးတက်ခြင်းကလည်း ဆန့်ကျင်မှုအားကို လျော့စေမည် မဟုတ်ပါ။ ဆောက်လုပ်သောသူများသည် အလုပ်ကို ကြိုးစားလုပ်၍ တိုးတက်မှု ရှိလေလေ၊ သမ္ဘာလတ်နှင့် သူ၏မိတ်ဆွေတို့သည် ထိုအမှုကို ရပ်တန့် စေဖို့ရန် ဆက်လက် ကြိုးစားခဲ့ကြ၏။

<u>သမ္ဘာလတ်နှင့် တောဘိ၊ အစရှိသော အာရပ်လူ၊ အမ္မုန်လူ၊ အာဇုတ်လူ</u> (နေဟမိ ၄း၇)။ ထိုဆန့်ကျင်ခြင်းအမှုတွင်၊ ဆန့်ကျင်သူ ပို၍ များပြားလာခဲ့ပါသည်။ ထိုဆန့်ကျင်သူများ၏ နာမည် ဖော်ပြချက်ကို ကြည့်လျှင် ထင်ရှားလှပါသည်။ နေဟမိ ၂း၁၀ တွင်၊ သမ္ဘာလတ်နှင့် တောဘိကိုသာ ဖော်ပြခဲ့ပါသည်။ နေဟမိ ၂း၁၉ တွင်၊ ဂေရှင် ကိုငင်း၊ ၄း၁-၂ တွင်၊ ရှမာရိ တပ်သားများကိုငင်း တွေ့ရ၏။ ယခု နေဟမိ ၄း၇ တွင်၊ တည်ဆောက်ခြင်းအမှု တိုးတက်ခြင်းကြောင့် အလွန်ဒေါသထွက်သော အာရပ်လူ၊ အမ္မုန်လူနှင့် အာဇုတ်လူများ ပါဝင်လာခဲ့ကြပါသည်။

<u>ထိုအမှုကို ဖျက်မည်ဟု တညီတညွတ်တည်း တိုင်ပင်ကြ၏</u> (နေဟမိ ၄း၈)။ ဘုရားသခင်၏ အမှုတော် ဆန့်ကျင်သော ရန်သူတို့၏ စည်းလုံးမှုကို ထင်ရှားစွာ မြင်တွေ့ရပါသည်။ သူတို့၏ တခုတည်းသော ရည်ရွယ်ချက်သည် ထိုမြို့ရိုး တည်ဆောက်ခြင်းအမှုကို ရပ်တန့်စေရန်ဖြစ်ပါသည်။ သူတို့၏ စည်းဝေး တိုင်ပင်မှုသည်လည်း ထိုတည်ဆောက်ခြင်းအမှုကို တားဆီးရန်ဖြစ်ပါသည်။ ထို့ကြောင့်၊ ဘုရားသခင်၏အစေခံကျွန်တို့သည်လည်း စိတ်ဓာတ် ခိုင်မာစွာ ဆက်လက် ကြိုးစားအားထုတ်လျက် ထိုမြို့ရိုး တည်ဆောက်ခြင်းအမှု ဆောင်ရွက်ခြင်းဖြင့် တုန့်ပြန်ရမည်ဖြစ်ပါသည်။ ထိုသူတို့က ဘုရားသခင်၏အမှုတော်ကို ပြက်ယယ်ပြုလျက်၊ "သူတို့ တည်သော ကျောက်ရိုးကို တောခွေး ထိခိုက်လျှင်၊ ပြိုလဲလိမ့်မည်" (နေဟမိ ၄း၃) ဟု ကဲ့ရဲ့ခဲ့ကြပါသည်။ သို့သော်လည်း၊ ဘုရားသခင်၏ မစတော်မူခြင်းနှင့် ကျေးဇူးတော်ကြောင့်၊ အားနည်းသည်ဟု ကဲ့ရဲ့ခြင်းခံရသော ထိုဘုရားသခင်၏အမှုတော်သည် ဘုရားသခင်၏ဘုန်းတော် ထင်ရှားဖို့ရန် ဆက်လက် တိုးတက်ခြင်း ရှိလျက် အသီးအပွင့် ဝေဆာလိမ့်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အမှုတော်သည် ဆန့်ကျင်ခြင်း ကြား၌ အစဉ် ကြီးထွားလျက် ရှိမည်ဖြစ်ပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏အမှုတော် ဆောင်ရွက်ခြင်း၌ ကျွန်တော်သည် အစဉ် စိတ်အားထက်သန်ခြင်း ရှိမည်အကြောင်း မစတော်မူပါ။

## ဆောင်ရွက်လိုခြင်း၊ ဆုတောင်းလိုခြင်း စိတ်သဘော (၄)

ကဲ့ရဲ့ခြင်းနှင့် ပြက်ယယ်ပြုခြင်း ခံရပြီးနောက် ထိုမြို့ရိုးတည်ဆောက်ခြင်းအမှုသည် စစ်ပွဲခြိမ်းခြောက်ခြင်းဖြင့် ဆန့်ကျင်ခြင်း ခံရ၏။ ဆိုလိုသည်မှာ၊ ကဲ့ရဲ့ခြင်း ခံရစဉ်ပင် ထိုအမှုသည် ကောင်းမွန်စွာ တိုးတက်မှုရှိခဲ့ကြောင်း သေချာလှပါသည်။ ထို့ကြောင့်၊ တခါတရံတွင် ဆောင်ရွက်သောအမှု တိုးတက်မှုကို ကြုံတွေ့ရသော ဆန့်ကျင်မှုဖြင့် မြင်တွေ့နိုင်ပါသည်။ သို့သော်လည်း၊ ရန်သူ၏ ကဲ့ရဲ့ခြင်းက စိတ်ဓာတ်ကျစေဖို့ရန် ရည်ရွယ်ခြင်းဖြစ်သောကြောင့်၊ ဆောင်ရွက်သောအမှု အစစ်အမှန်ကိုမူ ဖော်ပြခြင်း မရှိပါ။ ဆန့်ကျင်ခြင်း၊ ခြိမ်းခြောက်ခြင်း အရှိန်မြင့်တက်ခြင်းက ဆောင်ရွက်သောအမှု တိုးတက်ခြင်းကို ပေါ်လွင်စေပါသည်။ ဆောက်လုပ်သောသူတို့၏ တုန့်ပြန်မှုမှာ ပို၍ ကြိုးစားအားထုတ်ခြင်း ဖြစ်ပါသည်။

<u>သို့ရာတွင် ငါတို့သည် ငါတို့၏ ဘုရားသခင်ကို ဆုတောင်း၍</u> (နေဟမိ ၄း၉)။ ဘုရားသခင်၏အမှုတော်ကို ဆန့်ကျင်ခဲ့ကြသော်လည်း လုပ်ဆောင်သောသူတို့၏ ဆက်ကပ်မှု အားလျော့ မသွားခဲ့ပါ။ ရန်သူ များပြားလာခဲ့သော်လည်း၊ လုပ်ဆောင်သောသူတို့သည် ဆုံးဖြတ်ချက် ခိုင်မာလျက်၊ ဆုတောင်းခြင်းဖြင့် ရင်ဆိုင်ခဲ့ကြပါသည်။ ထို့ကြောင့်၊ ရန်သူများပြားလာခြင်း၊ ဆန့်ကျင်မှု အင်အားတိုးပွါးလာခြင်းကြောင့် ဘုရားသခင်၏အမှုတော် ဆောင်ရွက်သောသူတို့သည် အားမလျော့ဘဲ မိမိတို့၏တာဝန်ကို ကျေပွန်စွာ ဆက်လက် ထမ်းရွက်ရပါမည်။ ဆုတောင်းခြင်းဖြင့် အစပြုသော အမှုတော်သည် ဆုတောင်းခြင်းဖြင့် ဆက်လက် ရပ်တည်ရပါမည်။ ဆုတောင်းခြင်းသည် ယုံကြည်ခြင်းကို ခိုင်မာစေပြီး၊ အမှုတော် ဆောင်ရွက်ခြင်း၌ ဆက်လက် ဆုတောင်းခြင်းကို ဖြစ်စေပါသည်။ သူတို့သည် အခက်အခဲ ရင်ဆိုင် ကြုံတွေ့သောအခါ ဆုတောင်းခဲ့ကြပြီး၊ ဆန့်ကျင်ခြင်း ကြီးထွားလာသောအခါ၊ ဆက်လက် ဆုတောင်းခဲ့ကြပါသည်။ ခရစ်ယာန် အသက်တာနှင့် အမှုတော် ဆောင်ရွက်ခြင်းတွင် ဆုတောင်းခြင်းကို မဖြစ်မနေ အစဉ်ပြုဖို့ လိုပါသည်။

<u>ရန်သူကြောင့် နေ့ညဉ့်မပြတ် ကင်းစောင့်ထားကြ၏</u> (နေဟမိ ၄း၉)။ ခြိမ်းခြောက်မှု ကြီးထွားလာသောအခါ၊ သူတို့သည် ပို၍ ဆုတောင်းခဲ့ကြပြီး၊ ပို၍ သတိရှိလာခဲ့ကြပါသည်။ ရန်သူ ပြုသော အမှုအားဖြင့် သူတို့ ပြုသော အမှု၏ကြီးမြတ်မှုကို ပိုနားလည်ခဲ့ကြပါသည်။ ထို့ကြောင့်၊ သူတို့ ဆောင်ရွက်သောအမှုကို ကာကွယ်ဖို့ရန် ပို၍ သတိရှိလာခဲ့ကြပါသည်။ ကြီးမြတ်သော အမှုတော်ကို ဆောင်ရွက်ခဲ့ကြပြီး၊ ဆက်လက် မလုပ်ဆောင်ဖို့ရန် ခြိမ်းခြောက်ခြင်း ခံခဲ့ကြသော်လည်း၊ ထိုအမှုကို ဆက်လက် ဆောင်ရွက်ခဲ့ကြပြီး၊ တာဝန် ပိုလာခဲ့သောလည်း ကြိုးစားအားထုတ်လျက် မိမိတို့၏တာဝန်ကို စိတ်အားထက်သန်စွာ ထမ်းရွက်ခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - ဖျက်ဆီးဖို့ ကြိုးစားနေသော ရန်သူကို တိုက်လှန်လျက် အမှုတော် တိုးတက်ခြင်းကို ကာကွယ်ဖို့ လိုအပ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ အမှုတော် ဆောင်ရွက်စဉ် ဆုတောင်းလျက် အစဉ် စောင့်လျက်နေမည်အကြောင်း ခွန်အား ပေးသနားတော်မူပါ။





## လူထု ဝတ်ပြုခြင်း၌ ပါဝင်သော အချက်များ (၅)

နေဟမိ ၉ ၌ တွေ့ရသော လူထု စုဝေးခြင်းသည် တဲတော်ပွဲ ဆင်နွဲစဉ် ဖတ်ကြားလျက် အနက်ဖွင့်ခဲ့သော နှုတ်ကပတ်တော်အား တုန့်ပြန်ခြင်းဖြင့် စုဝေးကြခြင်းဖြစ်ပါသည်။ ပညတ်ထားသော ပွဲကဲ့သို့ပင်၊ ယခု စုဝေးခြင်းတွင် ဘုရားသခင်၏နှုတ်ကပတ်တော်သည် အဓိကကျပါ၏။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို တမင် လှစ်လျူလျက်၊ နှုတ်ကပတ်တော် ဖတ်ရွတ်ခြင်း၊ ရှင်းပြခြင်း အစား၊ အခြားသောအမှုကို ဦးစားပေး လုပ်ဆောင်သော လူထု စုဝေးခြင်းကို ခရစ်ယာန် လူထု အစည်းအဝေး (သို့) လူထု ဝတ်ပြုခြင်းဟု မခေါ်ထိုက်ပေ။

<u>မိမိတို့ နေရာ၌ ရပ်နေ၍ မိမိတို့ ဘုရားသခင် ထာဝရဘုရား၏ ပညတ္တိ ကျမ်းစာကို . . . ဖတ်ကြ၏</u> (နေဟမိ ၉း၃)။ နေဟမိ ၈ အတိုင်း၊ ယခုတွေ့ရသောအမှုတွင် သမ္မာကျမ်းစာက အဓိက နေရာယူခဲ့ပါသည်။ နှုတ်ကပတ်တော်အပေါ် လူထု၏ ဆက်ကပ်မှု၊ စိတ်ရှည်စွာ စေ့စေ့နားထောင်မှုတို့ကို တွေ့ရပါသည်။ သူတို့သည် “နေ့လေးစုတစု” (နေဟမိ ၉း၃) ကို “ပညတ္တိ ကျမ်းစာ” ကြားနာခြင်းအားဖြင့် အသုံးပြုခဲ့ကြ၏။ ပထမနေ့မှ စ၍ နှုတ်ကပတ်တော်ကို ကြားနာခဲ့ကြပြီး (နေဟမိ ၈း၂)၊ ဒုတိယနေ့ရက်တွင် ခေါင်းဆောင်များက အနက်ဖွင့် ရှင်းပြခဲ့ကြပါသည် (နေဟမိ ၈း၁၃)။ ထို့ပြင်၊ ပွဲတော်ရက် ခုနစ်ရက်လုံးလုံး၊ “ပဌမနေ့မှစ၍ နောက်ဆုံးသောနေ့ တိုင်အောင်” (နေဟမိ ၈း၁၈) နှုတ်ကပတ်တော် ဖတ်ခဲ့ကြပါသည်။ ယခု သူတို့သည်၊ “မိမိတို့ နေရာ၌ ရပ်နေ၍ မိမိတို့ ဘုရားသခင် ထာဝရဘုရား၏ ပညတ္တိကျမ်းစာကို . . . ဖတ်ကြ၏” (နေဟမိ ၉း၃)။

<u>အပြစ်ကို ဖော်ပြတောင်းပန်၍၊ မိမိတို့ ဘုရားသခင် ထာဝရဘုရားကို နေ့လေးစုတစု ကိုးကွယ်ကြ၏</u> (နေဟမိ ၉း၃)။ ယနေ့ “ဖော်ရွေသော” အသင်းတော်၏ စိတ်သဘောထားက စစ်မှန်သော ဝတ်ပြုကိုးကွယ်ခြင်းကို များစွာ ဖျက်ဆီးလျက် ရှိပါသည်။ သမ္မာကျမ်းစာ၌ ဆက်ကပ်ခြင်း ရှိလျက်၊ ဆုတောင်းခြင်း ပြုခြင်းက စစ်မှန်သော ဝတ်ပြုကိုးကွယ်ခြင်းသို့ ပို့ဆောင်တတ်၏။ တမန်တော် ၆ ထဲ၌ တွေ့ရသော ဓမ္မသစ်အသင်းတော်သည် နှုတ်ကပတ်တော်ကို အဓိကထားလျက် အမှုတော်ကို ဆောင်ရွက်ခဲ့ကြပါသည်။ ခရစ်ယာန် အဖွဲ့အစည်းတွင်၊ ဘုရားသခင်၏ နှုတ်ကပတ်တရားတော် ဟောပြောခြင်းနှင့် ဆုတောင်းခြင်းကို အဓိကထားလျက်၊ ထိုအခြေခံ တရားနည်းလမ်းအောက်၌ အချင်းချင်း တာဝန်ခွဲဝေလျက်၊ မိမိတို့၏ ကျရာတာဝန်ကို ကျေပွန်စွာ အတူတကွ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော် မှန်ကန်စွာ နားလည် သဘောပေါက်ခြင်းမှ ဆုတောင်းခြင်း အသက်တာ မွေးဖွားလာတတ်၏။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို အဓိကထားသော လူထုသည် စစ်မှန်သော ဝတ်ပြုကိုးကွယ်ခြင်းကို ဖော်ဆောင်ကြပြီး၊ သမ္မာကျမ်းစာ၌ ဖော်ပြထားသော ဘုရားသခင်၏ အလိုတော်ကို နာခံလျက် လက်တွေ့ ဆောင်ရွက်ကြပါသည်။

**ဆင်ခြင်ရန်** - ဝိညာဉ်တော် ဦးဆောင်သော ဝတ်ပြုကိုးကွယ်ခြင်းသည် သမ္မာကျမ်းစာ၌ အခြေခံသော ဝတ်ပြုကိုးကွယ်ခြင်း ပေတည်း။

**ဆုတောင်းချက်-** (ဆာလံ ၄၃း၃-၄ ကို အသုံးပြုပါ)။

တနင်္လာ၊ မတ် (၉)
**နေဟမိ ၉း၁-၃**
ဝတ် ၂၃း၃၃-၃၇

*"သတ္တမလ ဆယ်ငါးရက် နေ့မှစ၍ ခုနစ်ရက်ပတ်လုံး ထာဝရဘုရားအို့ သကေနေပွဲကို ခံရကြမည်"*

## လူထု ဝတ်ပြုခြင်း၌ ပါဝင်သော အချက်များ (၄)

"တနှစ်တွင် သုံးကြိမ်မြောက်အောင် သင်တို့ ယောကျ်ား အပေါင်းတို့သည်၊ သင်၏ ဘုရားသခင် ထာဝရဘုရား ရွေးကောက်တော်မူသော အရပ်၌ ရှေ့တော်မှာ မျက်နှာပြရကြမည်" (တရား ၁၆း၁၆) ဟု မောရှေအားဖြင့် ဘုရားသခင် မိန့်တော်မူသော၊ ယေရုရှလင်မြို့၌ လူထုစုဝေးခြင်း သုံးကြိမ်အနက်၊ တဲတော်ပွဲသည် တတိယတခုဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော် ကြားနာခဲ့ကြစဉ် မိန့်တော်မူသည်အတိုင်း၊ သူတို့သည် ဤပွဲ၌ တဲများကို တည်ဆောက်လျက် ထိုထဲတွင် နေထိုင်ကြမည်ဖြစ်ပါသည်။ ထို့ပြင်၊ "ထာဝရဘုရား ထံတော်သို့ အဘယ်သူမျှ လက်ချည်း မပေါ်မလာရ။ . . . လူအသီးအသီးတို့သည် တတ်နိုင်သည်အတိုင်း ဆက်ရကြမည်" (တရား ၁၆း၁၆-၁၇) ဟု မောရှေ မိန့်တော်မူချက်က လူထု ပြုရမည့် တုန့်ပြန်မှုနှင့် တာဝန်ကို ဖော်ပြလျက်ရှိပါသည်။

<u>ထိုလ နှစ်ဆယ်လေးရက်နေ့တွင်</u> (နေဟမိ ၉း၁)။ ပညတ္တိကျမ်းစာအရ၊ ဤတဲတော်ပွဲသည် ဆယ့်ငါးရက်နေ့၌ စလျက်၊ ဝတ် ၂၃း၃၉ အရ၊ နှစ်ဆယ့်နှစ်ရက်နေ့တွင် ပြီးဆုံးမည်ဖြစ်ပါသည် (အကြောင်းမှာ၊ ထိုပွဲသည် ခုနစ်ရက်သာကြာသည်ဖြစ်၍၊ ရှစ်ရက်မြောက်သည် ဥပုသ်နေ့ဖြစ်၏)။ သို့သော်လည်း၊ နှစ်ဆယ့်လေးရက်နေ့တွင်၊ လူတို့သည် "အစာရှောင်လျက်၊ လျှော်တေအဝတ်ကို ဝတ်လျက်" (နေဟမိ ၉း၁) စုဝေးနေကြသည်ကို တွေ့ရပါသည်။ ဤအချက်က၊ ဝတ်ပြုခြင်း ပြီးဆုံးသော်လည်း၊ လူထု ပြုရမည့် တုန့်ပြန်မှုနှင့် တာဝန်သည် ပြီးဆုံးခြင်းမရှိကြောင်း ဖော်ပြလျက်ရှိ၏။ ထိုသို့သော အစာရှောင်ခြင်း၊ လျှော်တေအဝတ် ဝတ်ခြင်းသည် ဝတ်ပြုစဉ် ကြားနာခဲ့သော နှုတ်ကပတ်တရားတော်၏ တန်ခိုး ပေါ်လွင်ထင်ရှားခြင်းဖြစ်ပါသည်။ မိမိတို့အပြစ်ကြောင့် ဝမ်းနည်းလျက် ပြန်လာခဲ့ကြ၏။ သူတို့သည် အစာရှောင်ခဲ့ကြပါသည်။ လေဝိအမျိုးသားတို့က၊ "ဤနေ့ရက်သည် သန့်ရှင်းသောနေ့ ဖြစ်သောကြောင့်၊ . . . ထာဝရဘုရား ပေးတော်မူသောအခွင့်နှင့် အားယူ၍ ဝမ်းမြောက်ကြလော့" (နေဟမိ ၈း၉-၁၂) ဟု တိုက်တွန်းသဖြင့်၊ သူတို့သည် ဝမ်းမြောက်ခြင်း ရှိကြ၏။

<u>ဣသရေလအမျိုး စစ်ဖြစ်သော သူတို့သည် တပါးအမျိုးသား ရှိသမျှနှင့် ကွာ၍</u> (နေဟမိ ၉း၂)။ ထိုအမှုအပေါင်း ဖြစ်ပျက်ပြီးနောက်၊ သူတို့သည် ပြန်သွားခဲ့ကြပါသည်။ ထို့နောက်၊ ဘုရားသခင်၏ နှုတ်ကပတ်တော် သူတို့အသက်တာ၌ မည်သို့သောအမှုပြုလျက်၊ အကျိုးပြုသည်ကို ဖော်ပြခဲ့ပါသည်။ အသီးအခြားနေခြင်းအမှုကို ထိုတဲတော်ပွဲ ပြီးမှသာ စတင်သည် မဟုတ်ပါ။ ပွဲကာလအတွင်း၊ ဖြစ်ပွားပြီး၊ ပွဲအပြီး၌လည်း ဆက်လက်ဖြစ်ပွားခဲ့ပါသည်။ ထို့ပြင်၊ နေဟမိ ၈ ထဲ၌ တွေ့ရသော လူထုစည်းဝေးခြင်းတွင် တပါးသူများ ဖော်ပြခြင်း မရှိခဲ့ပါ။ မောရှေ၏ ပညတ္တိကျမ်းအတိုင်း၊ ပွဲဆင်နွှဲခြင်းတွင် အသီးအခြားနေခြင်း လက်တွေ့ လိုက်လျှောက်ဖို့လိုအပ်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - အသီးအခြားနေခြင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော် လိုက်လျှောက်ခြင်း ဖြစ်၏။
**ဆုတောင်းချက်-** (၃ ရာ ၈း၅၂-၅၃ ကို အသုံးပြုပါ)။



တနင်္လာ၊ ဇန်နဝါရီ (၂၆)
**နေဟမိ ၄း၇-၁၁**
၂ ကော ၄း၈-၁၆

*"ထို့ကြောင့် ငါတို့သည် အားလျော့စိတ်ပျက်ခြင်း နှင့် ကင်းလွတ်ကြ၏"*

## ဆောင်ရွက်လိုခြင်း၊ ဆုတောင်းလိုခြင်း စိတ်သဘော (၅)

မြို့ရိုးတည်ဆောက်ခြင်းအမှုသည် တဖြည်းဖြည်း ခက်ခဲလေလေ ဖြစ်ပါသည်။ အမှုတော်ကြီးထွားလေလေ တာဝန် ဝတ္တရား ပိုများလေလေ ဖြစ်တတ်ပါသည်။ မြို့ရိုးသည် ယခုတွင် တဆက်တည်း (နေဟမိ ၄း၆) ဖြစ်ခဲ့ပြီးဖြစ်သော်လည်း၊ လုပ်စရာများစွာ ကျန်နေသေး၏။ ရန်သူသည်လည်း အတွင်း အပြင်မှ နေ၍ တိုက်ခိုက်ဖို့ ခြိမ်းခြောက်လျက်ရှိပါသည်။ တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်း အမှု အပြင်၊ ရန်သူ၏ တိုက်ခိုက်ခြင်းကို ခုခံဖို့ရန် အစောင့်ချထားခြင်းနှင့် အမှိုက်များ ဖယ်ရှင်းခြင်း အမှု ဆောင်ရွက်ဖို့ရှိခဲ့ပါသည်။

<u>ဝန်ထမ်းသော သူတို့သည် အားကုန်ကြပြီ</u> (နေဟမိ ၄း၁၀)။ ဘုရားသခင်၏ အမှုတော်ဆောင်ရွက်ခြင်းသည် အလွန် ခက်ခဲသောအမှု ဖြစ်သောကြောင့်၊ လူ့ အစွမ်း ခွန်အားကို အားကိုးခြင်းဖြင့် အောင်မြင်စွာ ဆောင်ရွက်၍ မရပါ။ လူ့ အစွမ်းသတ္တိနှင့် ဉာဏ် ကိုသာ အားကိုးလျှင် အောင်မြင်ခြင်း ရမည်မဟုတ်ပါ။ တည်ဆောက်ခြင်း အလုပ်သည် အလွန် ခက်ခဲသောကြောင့်၊ ဆောက်လုပ်သောသူများ၏ အားအင် ကုန်ခမ်းလာခဲ့ပါသည်။ သို့သော်လည်း၊ ထိုအားအင် ကုန်ခမ်းခြင်းသည် စိတ်ဓာတ် အင်အား ကုန်ခမ်းခြင်း မဟုတ်ပါ။

<u>မြို့ရိုး ပြီးစီးအောင် မတတ်နိုင်ကြ</u> (နေဟမိ ၄း၁၀)။ တည်ဆောက်ခြင်းအမှု တိုးတက်ခြင်း ရှိလာသည်နှင့်အမျှ၊ လုပ်ဆောင်သောသူများ၏ အားအင် လျော့လာခဲ့ပါသည်။ ထို့ကြောင့်၊ တည်ဆောက်ခြင်း အမှု မပြီးစီးမီ အင်အားကုန်ခမ်းလာခဲ့ပါသည်။ စိတ်ဓာတ်ကျစေသော စကားပြောခြင်းသည် အလုပ်၌ ညည်းထွားခြင်းကို ဖြစ်ပေါ်စေတတ်ပါသည်။ ရန်သူ၏ စကားကြောင့် စိတ်ဓာတ် မကျခဲ့ကြသော်လည်း၊ စည်းလုံးမှု မရှိသော ညည်းထွားခြင်း အတွင်း စကားကြောင့် ပြဿနာ ပေါ်ပေါက်ခဲ့ပါသည်။ စစ်မှန်သော ခွန်အားသည် ခန္ဓာကိုယ် ခွန်အား မဟုတ်ပါ။ ဘုရားသခင် ယုံကြည် ကိုးစားခြင်းမှ လာသော ခွန်အားသာလျှင် စစ်မှန်သော ခွန်အားဖြစ်ပါသည်။ အမှုကို ပြီးစီး ဆောင်ရွက်ဖို့ရန် ရဲရင့်ခြင်း လိုအပ်ပါသည်။ ထို့သို့ ရန်သူများ ဝိုင်းရံလျက် ခြိမ်းခြောက်သော အချိန်တွင်၊ အလုပ်ကို အာရုံ မစိုက်နိုင်ဘဲ၊ ကြုံတွေ့သည့် အခက်အခဲနှင့် ဝန်ထုပ်များကို အာရုံ စိုက်လာကြ၏။ ကြောက်ရွံ့စိတ်နှင့် ယိမ်းယိုင်သော အတွေးတို့သည် အမှုတော်အတွက် အန္တရာယ်ရှိသော ခြိမ်းခြောက်မှုများ ဖြစ်ကြပါသည်။

**ဆင်ခြင်ရန်** - ရဲရင့်ခြင်း ဆိုသည်မှာ ဘုရားသခင်ကို ယုံကြည်ကိုးစားလျက်၊ မှန်သောအမှု ပြုခြင်း ဖြစ်ပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်ကို ကိုးစားမည်အကြောင်း ကျွန်ုပ်အား ယုံကြည်ခြင်း ပေးသနားလျက်၊ နာခံခြင်း ရှိမည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ ဇန်နဝါရီ (၂၇)
**နေဟမိ ၄း၁၂-၂၃**
၅ ရာ ၂၈း၂၀-၂၁

*"အားယူ၍ ရဲရင့်သောစိတ်နှင့် လုပ်ဆောင်လော့"*

## ဆောင်ရွက်လိုခြင်း၊ ဆုတောင်းလိုခြင်း စိတ်သဘော (၆)

အားအင်ကုန်ခမ်းသောအခါ ပြုရမည့်အမှုကို Dinsdale T. Young က ဤသို့ ရေးသားထားပါသည်၊ "ထိုသို့သော အခက်အခဲတွင် ကြီးမြတ်သော ယုံကြည်မှု ရှိဖို့လိုပါသည်။ သင်၏ ယုံကြည်ခြင်း မကျဆုံး စေပါနှင့်။ ကြိုးစားလျက် အားတင်းထားပါလော့။ ဘုရားသခင်ကို ကိုးစားလျက်၊ စိတ်ရှည်စွာ စောင့်ပါလော့။ အခြေအနေ ဆိုးရွားသောအချိန်၌ မျှော်လင့်ခြင်း ကြီးစွာဖြင့် စိတ်ငြိမ်သက်စွာ ယုံကြည်ကိုးစားခြင်း ရှိတတ်သော John Wesley ကဲ့သို့ ကျင့်ပါလော့။ 'ခက်ခဲသော အသက်တာ၌ ကောင်းကင်ဘုံရှိ အဖ ဘုရားသခင်ကို သူငယ်၏ယုံကြည်ခြင်းကဲ့သို့သော ယုံကြည်ခြင်းဖြင့် ကိုးစားတတ်ပြီး၊ စိုးရိမ် ပူပန်မှုမှ ထိုယုံကြည်ခြင်းက သူ့ကို စောင့်ရှောက်တတ်၏' ဟု မိတ်ဆွေ တဦး ပြောပြသည့် အမှုတော်ဆောင် တပါးကဲ့သို့ ကျင့်ပါလော့။ အားနည်းလျက်ရှိသော သင့် စိတ်ဝိညာဉ်အား၊ 'ဘုရားသခင်ကို မျှော်လင့်လော့၊ ကိုယ်တော်ကို ကျွန်တော် ချီးမွမ်းပါမည်' ဟု ဆိုလော့။"

<u>လာ၍ ရန်သူတို့သည် နေရာအရပ်တို့က၊ သင်တို့ကို တိုက်လာကြလိမ့်မည်</u> (နေဟမိ ၄း၁၂)။ အားနည်းလျက်ရှိသည့် ဝန်ထမ်းသောသူတို့သည် နေဟမိနှင့် ဆောက်လုပ်သောသူတို့ကို လိုအပ်ခဲ့ပါသည်။ သူတို့သည် ဆုတောင်းလျက်၊ အလုပ်လုပ်နေခဲ့ကြပါသည်။ ထိုသို့ ရန်သူ၏ အမျိုးမျိုးသော ချဉ်းကပ်မှုများကို ရင်ဆိုင်သောအခါ၊ မခြားမလပ် ဆုတောင်းကြပြီး၊ အလုပ်ကို ကြိုးစား လုပ်ဆောင်လျက် (နေဟမိ ၄း၆)၊ သတိရှိသော အစောင့်များကို ထားခဲ့ကြပါသည် (နေဟမိ ၄း၉)။ သို့သော်လည်း၊ အမျိုးမျိုးသော ခြိမ်းခြောက်မှုနှင့် အန္တရာယ် သတင်းများကို ဆက်လက် ကြား ခဲ့ကြရပါသည်။

<u>ထို့ကြောင့် . . . ထား၊ လှံ၊ လေး လက်နက်ပါသောလူများကို . . . ငါခန့်ထား၏</u> (နေဟမိ ၄း၁၃)။ မြို့ရိုး တည်ဆောက်ခြင်း အစပြုသောအချိန်မှ စ၍ လိုအပ်သော ပြင်ဆင်မှုကို ပြုလုပ်ခဲ့ကြပြီး၊ ဆက်လက် ပြုလုပ်ဖို့ လိုအပ်ခဲ့ပါသည်။ မိမိကိုယ်ကို ကာကွယ်ဖို့ ပြင်ဆင်ခဲ့ကြပါသည်။ သူတို့သည် ရန်သူ အလွယ်တကူ ဝင်လာနိုင်သော "နိမ့်သောအရပ်" နှင့် ရှင်းလင်းစွာ မြင်ရသော "မြင့်သော အရပ်များ" ကို ဦးစားပေးလျက် အစောင့်များ ထားခဲ့ပါသည်။ အရပ်ရပ်မှ တိုက်လာကြမည်ဟု သတင်း ရခဲ့ကြသောကြောင့်၊ အစောင့်များတို့သည် တိုက်ခိုက်ဖို့ရန်နှင့် ရန်သူဝင်လာမည်ကို သေချာ စောင့်ကြည့်ဖို့ရန် လိုအပ်ပါသည်။ တိုက်လာသော ရန်သူများကို နှင်ထုတ်ဖို့ရန်နှင့် မိမိကိုယ်ကို ကာကွယ်ဖို့ရန် လက်နက်များ ကိုင်ဆောင်ခဲ့ကြပါသည်။ ရန်သူကို လုံးဝ အခွင့်အရေး ပေး၍ မရပါ၊ အစဉ် သတိကြီးစွာ စောင့်နေကြလျက်၊ အခြေအနေတိုင်းအတွက် ကြိုတင်ပြင်ဆင်ခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - ရဲရင့်ခြင်းကို ပြင်ဆင်မှုက အားဖြည့်လျက်ရှိပါသည် (ဧဖက် ၆း၁၀-၁၂)။
**ဆုတောင်းချက်-** အို အဖဘုရား၊ အချိန်တိုင်း အသင့်ရှိမည်အကြောင်း မစတော်မူပါ။



တနင်္ဂနွေ၊ မတ် (၈)
**နေဟမိ ၈း၁၃-၁၈**
ဟောရှေ ၆း၁-၆

*"ပညာကိုလည်း ရကြလိမ့်မည်။ ထာဝရဘုရားကို သိခြင်းငှါ လိုက်ရှာကြလိမ့်မည်"*

## လူထု ဝတ်ပြုခြင်း၌ ပါဝင်သော အချက်များ (၃)

ဘယ်လို လူဘဲဖြစ်ဖြစ်၊ လူ၏ အဓိက တာဝန်သည် ဘုရားသခင်အပေါ် ပြုရမည့် တာဝန်ဖြစ်ပြီး၊ ဘုရားသခင် မိန့်တော်မူချက်ကို နာခံရမည်ဖြစ်ပါသည်။ ဟောရှေက၊ "ယဇ်ပူဇော်ခြင်း အကျင့်ထက် သနားခြင်း ဂရုဏာ အကျင့်ကိုငှင်း၊ မီးရှို့ရာယဇ်ပူဇော်ခြင်းထက် ဘုရားသခင်နှင့် ကျွမ်းဝင်ခြင်းကိုငှင်း ငါနှစ်သက်၏" (ဟောရှေ ၆း၆) ဟု ဆိုခဲ့ပါသည်။ ရှောလုထံ ရှေမွေလက၊ "ထာဝရဘုရား၏ အမိန့်တော်ကို နားထောင်ခြင်း၌ အားရတော်မူသကဲ့သို့၊ မီးရှို့ရာယဇ် အစရှိသော ယဇ်မျိုးတို့ကို ပူဇော်ခြင်း၌ အားရတော်မူမည်လော။ အလိုတော်သို့ လိုက်ခြင်းသည် ယဇ်မျိုးထက် သာ၍ ကောင်း၏။ နားထောင်ခြင်းသည် သိုးထီး ဆီဥထက် သာ၍ ကောင်း၏" (၁ ရာ ၁၅း၂၂) ဟု ဆိုခဲ့ပါသည်။ ဤကျမ်းချက်များက သမ္မာကျမ်းစာကို ကျွန်တော်တို့ အလေးထား မည်အကြောင်း၊ ဘုရားသခင်၏သားသမီးများ အသက်တာ၌ နှုတ်ကပတ်တော်၏ အဓိကကျမှုကို ဖော်ပြပါသည်။

<u>ဒုတိယ နေ့ရက်တွင် . . . စည်းဝေးကြ၏</u> (နေဟမိ ၈း၁၃)။ ဘုရားသခင်အကြောင်း နှုတ်ကပတ်တော်အားဖြင့် သိကျွမ်းခြင်းအမှုသည် ကျွန်တော်တို့၏ တသက်တာ တာဝန်ဖြစ်ပါသည်။ ထိုသို့ သိကျွမ်းဖို့ရန် နှုတ်ကပတ်တော်ကို နေ့စဉ် ကျွန်တော်တို့ လေ့လာရပါမည်။ လူထု စည်းဝေး ပြီးဆုံးပြီးနောက်၊ အမျိုးသူကြီးများသည် ပညတ္တိကျမ်း ဆက်လက် ဖတ်ရွတ်ဖို့ရန် စုဝေးခဲ့ကြ၏။ သူတို့သည် ဧဇရ၏ ပညတ္တိကျမ်း ရှင်းပြချက်ကို ခံယူဖို့ရန် ပြန်လာခဲ့ကြပြီး၊ မောရှေအားဖြင့် ဘုရားသခင် မိန့်တော်မူသောတရားများကို များစွာ သင်ယူခဲ့ကြပါသည်။ သင်ယူသောအရာကို လက်တွေ့ လုပ်ဆောင်ရပါမည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို နားလည်သဘောပေါက်ဖို့ရန် ဧဇရနှင့် လေဝိအမျိုးသားများက အနက်ဖွင့်ခြင်းအမှုကို ဆောင်ရွက်ခဲ့ကြပါသည်။ နားလည် သဘောပေါက်သော နှုတ်ကပတ်တရားကို လက်တွေ့လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ထိုအချက်ကို စုဝေးသော အမျိုးသူကြီးများက သဘောပေါက်ခဲ့ကြပါသည်။

<u>လူများတို့သည် ထွက်သွား၍၊ သစ်ခက်တို့ကို ဆောင်ခဲ့ပြီးလျှင် . . . သစ်ခက်တဲများကို လုပ်ကြ၏</u> (နေဟမိ ၈း၁၇)။ ဖတ်ရွတ်သောအားဖြင့်၊ မိမိတို့၏တာဝန်ကို သိခဲ့ကြ၏။ ဘုရားသခင် မိန့်တော်မူသောအမှုကို ပြုဖို့ရန် နာခံခဲ့ကြပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်အတိုင်း၊ သူတို့သည် မိမိတို့၏တာဝန်ကို "အလွန် ဝမ်းမြောက်လျက်" (နေဟမိ ၈း၁၇) ဆောင်ရွက်ခဲ့ကြ၏။ ထို့ပြင်၊ နှုတ်ကပတ်တော်ကို နေ့စဉ် ဖတ်ရွတ် လေ့လာခဲ့ကြပါသည်။ လူထုသည် နှုတ်ကပတ်တော်ကို ချက်ချင်း နာခံလျက်၊ "ထိုပွဲကို ခုနစ်ရက်ပတ်လုံး ခံကြ၏" (နေဟမိ ၈း၁၈)။ ကျွန်တော်တို့အတွက် သင်ခန်းစာဖြစ်ပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို လေ့လာလျက်၊ နားလည်သဘောပေါက်သောအရာကို လက်တွေ့ လိုက်လျှောက်ရပါမည်။ အမှုတော်ဆောင်များသည် နှုတ်ကပတ်တော် ခံယူလိုသော၊ မိမိတို့ထံလာသော သူများအားအတွက် နှုတ်ကပတ်တော် ဖတ်ရွတ်လျက်၊ အနက်ဖွင့် ပေးရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော် ကြားနာခြင်းနှင့် နာခံခြင်း၌ ကောင်းကြီး မင်္ဂလာရှိ၏။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တရားကို ကြားနာလျက် လိုက်လျှောက်သောသူ ဖြစ်မည်အကြောင်း မစတော်မူပါ။

စနေ၊ မတ် (၇)
**နေဟမိ ၈း၉-၁၂**
ထွက် ၂၄း၁-၁၁

*"လူများအပေါင်းကလည်း . . . တသံတည်း ပြန်ပြောကြ၏"*

## လူထု ဝတ်ပြုခြင်း၌ ပါဝင်သော အချက်များ (၂)

နေဟမိ ၈၊ ထွက်မြောက်ရာကျမ်းနှင့် အခြား နေရာတွင် တွေ့ရသော လူထု ဝတ်ပြုခြင်း၌ ပါဝင်သော တတိယအချက်မှာ လူထု၏ တုန့်ပြန်မှုပင်ဖြစ်ပါသည်။ စစ်မှန်သော ဝတ်ပြုကိုးကွယ်ခြင်းတွင် ကျမ်းစာသွန်သင်တော်မူသော အချက်များ ပါဝင်သည် သာမက၊ ပါဝင်သောသူများဘက်မှ ကျမ်းစာသွန်သင်ချက်နှင့် ကိုက်ညီသော တုန့်ပြန်မှု ပါဝင်မည်ဖြစ်ပါသည်။

<u>လူအပေါင်းတို့သည် ဟောပြောသော စကားတို့ကို နားလည်သောကြောင့်</u> (နေဟမိ ၈း၁၂)။ ဝတ်ပြုခြင်း၌ လူထုသည် ခံယူသူသက်သက် မဟုတ်ဘဲ၊ လက်တွေ့ ဆောင်ရွက်သူဖြစ်ကြပါသည်။ သို့သော်လည်း၊ ထိုသို့ လုပ်ဆောင်မှုသည် ဘုရားသခင်အကြောင်း၊ နှုတ်ကပတ်တော်၌ ဖော်ပြသော အလိုတော်နှင့် ဝတ်ပြုခြင်း၌ ဘုရားသခင် ဆောင်ရွက်စေတော်မူသောအမှုတို့ကို နားလည်သဘောပေါက်ခြင်းဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့ကြောင့်၊ ဝတ်ပြုခြင်း၌ ပါဝင်သော လူထုသည် သမ္မာကျမ်းစာကို ကောင်းကောင်းနားလည်သောသူများ ဖြစ်ကြရပါမည်။ ယနေ့ အသင်းတော်များကို ကြည့်လျှင်၊ ဤအမှု၌ ရှုတ်ထွေးမှုများ ရှိပါသည်။ လူထု၏ တုန့်ပြန်မှုဟု ဆိုသည်အတိုင်း၊ လူထုသည် အစပြုသောသူ မဖြစ်ကြရပါ။ ဆိုလိုသည်မှာ ထိုတုန့်ပြန်မှုသည် ဘုရားသခင်၏ဖြစ်တည်မှုနှင့် အလိုတော်၊ ရည်ရွယ်ချက်များအပေါ် အမှီပြုရမည်ဖြစ်ပါသည်။ ဝတ်ပြုခြင်း ပြုဖို့ရန် မိန့်တော်မူသော ဘုရားသခင်က စံနှုန်းနှင့် တောင်းဆိုမှုများ ချမှတ်တော်မူ၏။ ထိုဘုရားသခင်ကို ချဉ်းကပ်သောအခါ၊ ထိုချမှတ်ထားသော၊ တောင်းဆိုသောအရာများကို ကျွန်တော်တို့ သိဖို့လိုပါသည်။ စုဝေးသော လူထုသည်၊ ဖော်ပြခဲ့သည်အတိုင်း၊ ဝတ်ပြုခြင်း၌ ဆက်ကပ်လျက်၊ ရိုသေခြင်း၊ စိတ်အားထက်သန်ခြင်းဖြင့် ပါဝင်ခဲ့ကြပါသည်။ လူထု တုန့်ပြန်မှုသည် မိမိတို့၏ ခံစားမှုမှ မဟုတ်ဘဲ၊ အလွန် သန့်ရှင်းတော်မူသော ဘုရားသခင်ရှေ့၌ မိမိတို့၏ မထိုက်တန်မှုနှင့် အပြစ်များကို နားလည်သဘောပေါက်ခြင်းမှ ပေါက်ပွားလာခြင်းဖြစ်ပါသည်။ ထိုအခါ၊ လူအပေါင်းတို့သည် ငိုကြွေးကြသည် (နေဟမိ ၈း၉)။ ထို့နောက် လေဝိအမျိုးသားများက ဘုရားသခင်၌ ဝမ်းမြောက်ခြင်းရှိကြရန် နှိုးဆော်ခဲ့ကြ၏။ ထိုအခါ၊ သူတို့ ပြုသင့်သည့်အမှုကို နားလည်လျက် တိတ်ဆိတ်စွာ နေခဲ့ကြပါသည် (နေဟမိ ၈း၁၁-၁၂)။ သိနတောင်၌ ပြုသကဲ့သို့၊ လူထု၏ တုန့်ပြန်မှုသည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ပဋိညာဉ်၌ အခြေခံသော တုန့်ပြန်မှုဖြစ်ပါသည် (ထွက် ၂၄း၃-၇၊ ၂၄း၈-၁၁)။ ထို့ကြောင့်၊ လူထု တုန့်ပြန်မှုသည် ကျေးဇူးတော်နှင့် ဂရုဏာတော်အားဖြင့် မိမိထံ ခေါ်တော်မူလျက်၊ မိမိ၏နှုတ်ထွက်စကားကို ဖော်ပြတော်မူသော ဘုရားသခင်ထံ ဝမ်းမြောက်ခြင်းနှင့် နာခံခြင်းအားဖြင့် လူထု ဆောင်ရွက်သောအမှု ဖြစ်ပါသည်။ တစ်ဦးတည်းဖြစ်ဖြစ်၊ အစုလိုက်ဖြစ်ဖြစ်၊ ပြုသော တုန့်ပြန်မှုသည် ဘုရားသခင်၏ နှုတ်ကပတ်တော် နာခံခြင်းအားဖြင့် ပြုသောအမှု ဖြစ်ရပါမည်။

**ဆင်ခြင်ရန်** - (ယောဟန် ၄း၂၃-၂၄ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** (ဝတ်ပြုကိုးကွယ်နေစဉ် ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို နာခံလိုက်လျှောက်မည်အကြောင်း မစတော်မူပါ)။



ဗုဒ္ဓဟူး၊ ဇန်နဝါရီ (၂၈)
**နေဟမိ ၄း၁၂-၂၃**
ဆာလံ ၁၉း၇-၁၄

*"အို ထာဝရဘုရား အကျွန်ုပ်၏ ကျောက်၊ အကျွန်ုပ်ကို ရွေးနှုတ်တော်မူသော ဘုရား"*

## ဆောင်ရွက်လိုခြင်း၊ ဆုတောင်းလိုခြင်း စိတ်သဘော (၇)

ဘုရားသခင်၏အမှုတော် ဆောင်ရွက်ခြင်း၌ ကြိုတင်ပြင်ဆင်မှုနှင့် သတိရှိမှု၏ အကျိုးကို နေဟမိ ၄း၁၂-၂၃ ထဲတွင် ဖော်ပြထားပါသည်။ ဆောက်လုပ်သောသူများသည် အခက်အခဲများကြား၌ ယုံကြည်ခြင်းဖြင့် ဆောက်လုပ်ခဲ့ကြပြီး၊ တိုးတက်မှု ရှိခဲ့ပါသည်။ သူတို့သည် ဘုရားသခင်၏ လမ်းပြခြင်း လက်တော်အကြောင်းကို ကြားသိပြီး၊ ဤအမှုသည် ဘုရားသခင်၏အမှုတော် ဖြစ်ကြောင်း သိခဲ့ပြီးနောက် ထိုမြို့ရိုး တည်ဆောက်ခြင်းကို စတင်ခဲ့ကြခြင်း ဖြစ်ပါသည်။ သူတို့၏ ယုံကြည်ခြင်းသည် ဘုရားသခင် ဖော်ပြတော်မူသော တရားပေါ်၌ တည်သော ယုံကြည်ခြင်းဖြစ်ပြီး၊ အလွန်အကျွံ ယုံကြည်ခြင်း မဟုတ်ပါ။

<u>ရန်သူတို့ကို မကြောက်ကြနှင့်။ . . . ထာဝရဘုရားကို အောက်မေ့ကြလော့</u> (နေဟမိ ၄း၁၄)။ ယုံကြည်ခြင်းနှင့် အလွန်အကျွံပြုမူခြင်း၏ ခြားနားခြင်းမှာ အသိဉာဏ်ဖြစ်ပါသည်။ ယုံကြည်ခြင်းသည် "မမြင်သေးသော အရာတို့ကို သိမှတ်စွဲလမ်းခြင်း" (ဟေဗြဲ ၁၁း၁) ဖြစ်၍၊ ဘုရားသခင် ဖော်ပြတော်မူသောတရား၌ အခြေခံလျက် ရှိပါသည်။ ယုံကြည်ခြင်းဖြင့် လုပ်ဆောင်ခြင်းသည် ဘုရားသခင် ဖော်ပြတော်မူသောတရားအတိုင်း လုပ်ဆောင်ခြင်းဖြစ်ပါသည်။ နေဟမိက ထာဝရဘုရားအား အောက်မေ့ကြဖို့ရန် တိုက်တွန်း နှိုးဆော်ခဲ့ပါသည် (နေဟမိ ၄း၁၄)။ အလွန်အကျွံ ယုံကြည်ခြင်းကို "အတုအယောင် ယုံကြည်ခြင်း" ဟု ခေါ်နိုင်ပါသည်။ ယုံကြည်ခြင်းသည် ဘုရားသခင်၏ ဂတိတော်ကို သိမှတ်ပြီး၊ အတုအယောင် ယုံကြည်ခြင်းသည် ဂတိတော် ဘောင်ကို ကျော်လျက် ဘုရားသခင် အမှုပြုတော်မူသည်ဟု ယုံကြည်ခြင်းဖြစ်ပါသည်။ နေဟမိက လူတို့အား ရဲရင့်ခြင်း ရှိလျက်၊ ညီအစ်ကိုများ အဖို့ တိုက်ခိုက်ကြဟု တိုက်တွန်းခဲ့ပါသည် (ထာဝရဘုရားကို အောက်မေ့ကြလော့။ ညီအစ်ကို . . . အဘို့ တိုက်ကြလော့)။ ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်သည်ဖြစ်သောကြောင့်၊ အောင်မြင်မည်၊ ယခု ခြိမ်းခြောက်မှုများကို လျစ်လျူရှု ကြပါဟု မဆိုခဲ့ပါ။ ထွက် ၁၄း၁၃ ထဲတွင်၊ "မစိုးရိမ်ကြနှင့်။ ငြိမ်ဝပ်စွာ ရပ်နေကြ။ ထာဝရဘုရားသည် ယနေ့ပြတော်မူသော ကယ်တင်ခြင်းကို ကြည့်ရှုကြလော့" ဟု ဣသရေလလူတို့အား မောရှေ မိန့်တော်မူသကဲ့သို့၊ နေဟမိ မိန့်တော်မမူခဲ့ပါ။ နေဟမိသည် သတိရှိစွာ အစောင့်များကို နေရာချထားခဲ့ပါသည်။ လုပ်ဆောင်သော အမှုသည် ပင်ပန်းသော အမှုဖြစ်၍၊ ခြိမ်းခြောက်မှုကို အကြိမ်ကြိမ် ခံခဲ့ကြပါသည်။ ကဲ့ရဲ့ ပြက်ယယ်ပြုခြင်း ကဲ့သို့ ယခု ခြိမ်းခြောက်မှုသည် လွယ်လွယ် ကျော်လွှန်သွားလိမ့်မည် ဟု နေဟမိ သတိလက်လွှတ် မတွေး ခဲ့ပါ။ သူသည် ကြိုတင်ပြင်ဆင်လျက်၊ လူတို့အား ယုံကြည်ခြင်း၌ ခိုင်မာစွာ ရပ်တည်ဖို့ရန် အားပေး တိုက်တွန်းခဲ့ပါသည်။ သူတို့သည် ဆုတောင်းခြင်းကို ပြုခဲ့သော်လည်း၊ လိုအပ်သော လက်တွေ့ လုပ်ဆောင်မှုကိုလည်း ဆောင်ရွက်ခဲ့ကြပါသည်။ သူတို့အတွက် ဘုရားသခင် တိုက်တော်မူမည် ဟူသော ယုံကြည်ခြင်းက လုံခြုံမှုအတွက် သူတို့ပြုသင့်သော အမှုကို ဆောင်ရွက်ဖို့ရန် တိုက်တွန်းခဲ့ပါသည်။

**ဆင်ခြင်ရန်** - မသဲ ၇း၂၂-၂၃ က လူ့အတွေးအခေါ်၏ အန္တရာယ်ကို ဖော်ပြလျက်ရှိပါသည်။
**ဆုတောင်းချက်-** (ဆာလံ ၁၉း၁၃ ကို အသုံးပြုပါ)။

ကြာသပတေး၊ ဇန်နဝါရီ (၂၉)

**နေဟမိ ၄း၁၂-၂၃** *"တကြိမ် နှစ်ကြိမ်မက*

၄ ရာ ၆း၇-၁၂ *ရန်သူတို့ကို ရှောင်လေ၏"*

## ဆောင်ရွက်လိုခြင်း၊ ဆုတောင်းလိုခြင်း စိတ်သဘော (၈)

ရန်သူသည် ကြိုးစားအလုပ်လုပ်ခဲ့ပြီး၊ ဘုရားသခင်၏အစေခံကျွန်တို့သည်လည်း ထိုသို့ မအားမလပ် ကြိုးစားလုပ်ဆောင်ခဲ့ကြ၏။ ထိုရန်သူတို့သည် မြို့ရိုးတည်ဆောက်ခြင်းအမှုကို ရပ်တန့် စေဖို့ရန် ကြံစည်လျက် အစီအစဉ် ဆွဲခဲ့ကြပါသည်။ တဘက်တွင်၊ ဘုရားသခင်၏ ကျွန်တို့သည် ဆုတောင်းလျက် အမှုကို ဆောင်ရွက်ခဲ့ကြပြီး၊ အားအင် ကုန်ခမ်းသည့်တိုင် မိမိကိုယ်ကို ကွယ်ကာ လျက် လိုအပ်သော အစီအစဉ် ရေးဆွဲ လုပ်ဆောင်ခဲ့ကြပါသည်။ နေဟမိသည် လူတို့အား လက်နက် တပ်ဆင်ပေးလျက်၊ ရန်သူများ လာတိုက်မည် မတိုက်မည်ကို မသိသော်လည်း၊ ကြိုတင်ကာကွယ်မှု ပြုလုပ်ခဲ့ပါသည်။ ဤအမှုကို ပြုစဉ် မည်သို့သော စိတ်သဘော နေဟမိ၌ ရှိသည်ကို မဖော်ပြထား သော်လည်း၊ ကျွန်တော်တို့ သိမြင်နိုင်သည်မှာ သူ၏စိတ်ဓာတ် ခိုင်မာခြင်း ပင်ဖြစ်ပါသည်။

<u>ရန်သူ အကြံကို ဘုရားသခင် ဖျက်ဆီးတော်မူ၏</u> (နေဟမိ ၄း၁၅)။ ရန်သူတို့သည် နောက်ဆုတ်ခဲ့ကြ၏။ သူတို့၏အကြံအစည် ပေါက်ကြားခြင်းရှိလျက်၊ နေဟမိနှင့် လူထုသည် ပြန်လည် ခုခံကာကွယ်ဖို့ရန် ပြင်ဆင်ခဲ့ကြကြောင်း သိကြသောအခါ၊ စိတ်ပြောင်းခဲ့ကြပါသည်။ ထိုအမှု၌ နေဟမိသည် မိမိတို့ လုပ်ဆောင်သင့်သောအမှုကို ဆောင်ရွက်ခဲ့ကြသော်လည်း၊ ရန်သူ စိတ်ပြောင်း ခြင်း အမှုအား အနှုန္တ တန်ခိုးရှင် ဘုရားသခင် ပြုတော်မူသော အမှုဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ဘုရားသခင်သည် မိမိ၏ အစေခံကျွန်များကို ထောက်ပံ့ မစတော်မူခြင်းအမှု၌ အံ့ဘွယ်အမှုထက် လမ်းပြစောင့်ရှောက်တော်မူခြင်းကို ပိုအသုံးပြုတော်မူတတ်၏။ ဘုရားသခင်သည် သူတို့တွက် တိုက်တော်မူ (နေဟမိ ၄း၉) ၍၊ အောင်မြင်မှုပေးတော်မူမည် (နေဟမိ ၂း၂၀) မှန်သော်လည်း၊ သူတို့သည် ထ၍ လုပ်ဆောင်ဖို့ရန်၎င်း (နေဟမိ ၂း၂၀)၊ နေ့ညဉ့် မပျက် ရန်သူကို စောင့်ကြည့်ဖို့ရန် ၎င်း (နေဟမိ ၄း၉)၊ ဘုရားသခင်သည် ကြီးမြတ်တော်မူကြောင်းကို အောက်မေ့လျက် ယုံကြည်ကိုးစား ဖို့ရန်၎င်း (နေဟမိ ၄း၁၄) တာဝန်ရှိကြပါသည်။ ထိုသို့ သူတို့၏တာဝန်ကို ထမ်းဆောင်ကြသောအခါ၊ ဘုရားသခင်သည် ရန်သူ၏အကြံကို ဖျက်ဆီးတော်မူခဲ့ပါသည်။

<u>ငါတို့ ရှိသမျှသည် အသီးအသီး လုပ်ရာအရပ်မြို့ရိုးသို့ ပြန်လုပ်ကြ၏</u> (နေဟမိ ၄း၁၅)။ ထိုသို့ မြို့ရိုးတည်ဆောက်စဉ် အခက်အခဲများ ကြုံတွေ့ရပြီး၊ ရင်ဆိုင် ကျော်ဖြတ်ခဲ့ကြပါသည်။ အပြင် ပိုင်းမှ ဆန့်ကျင်ခြင်း ခံရသောအခါ၊ ဆောက်ရွက်ခဲ့ပြီးသော အမှုကို ကာကွယ်ခဲ့ကြ၏။ ရန်သူ နောက်ဆုတ်လျက် ဆန့်ကျင်မှု အရှိန် လျော့သောအခါ၊ တည်ဆောက်ခြင်းအလုပ် ပြန်လည် ဆောင်ရွက်ခဲ့ကြ၏။ "ငါတို့ ရှိသမျှသည်" ပြန်လုပ်ကြ၏ဟူသော နေဟမိ စကားက၊ ထိုသို့သော ဆန့်ကျင်မှုကြား၌ ထိုကြီးမားသော အမှုကို ကြိုးစားဆောင်ရွက်ကြကြောင်း၊ ထိုအမှုအတွက် သူတို့၏ ဆုံးဖြတ်ချက်နှင့် ဆက်ကပ်ခြင်း ကြီးမားမှုကို ဖော်ပြလျက် ရှိပါသည်။ ဘုရားသခင်၏အမှုတော် ပြီးစီး ဆောင်ရွက်ခြင်းအမှုကို မြင်တွေ့လိုသော ခိုင်မာသည့် စိတ်သဘောကို ကျွန်ုပ်တို့အား ဘုရားသခင် ပေးသနားတော်မူပါစေသော်။ ထိုအခါ၊ ဆန့်ကျင်မှုကြား၌လည်း ကျွန်တော်တို့သည် အမှုတော်ကို ကြိုးစား ဆောင်ရွက်နေကြမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ အစေခံတို့သည် ဘဝ အခက်အခဲနှင့် အမှုတော်ကို ဘုရားသခင် ကြည်ညိုသောစိတ်နှင့် ရင်ဆိုင် ဆောင်ရွက်ကြပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်ကို ယုံကြည်ကိုးစားလျက်၊ အခြေအနေတိုင်း၌ ကိုယ်တော့် အမှုတော်ကို ဆောင်ရွက်နိုင်မည်အကြောင်း မစတော်မူပါ။



သောကြာ၊ မတ် (၆)

**နေဟမိ ၈း၁-၈** *"ထာဝရဘုရားသည် . . . သိနာတောင်ပေါ်သို့*

ထွက် ၁၉း၇-၁၇ *ဆင်းသက်တော်မူသောကြောင့်"*

## လူထု ဝတ်ပြုခြင်း၌ ပါဝင်သော အချက်များ (၁)

နေဟမိ ၈ ၌ တွေ့ရသော လူထု စုဝေးခြင်းက လူထု ဝတ်ပြုခြင်း၌ ပါဝင်သော အချက်များကို ဖော်ပြထားပါသည်။ လူထု ဝတ်ပြုကိုးကွယ်ခြင်း၌ မဖြစ်မနေ ပါဝင်ရမည့်အချက်များကား အဘယ်နည်း။ ဤမေးခွန်းသည် အမျိုးမျိုးသော ဝတ်ပြုခြင်း ပုံစံ ခေတ်စားလာပြီး၊ ထိုထူးခြားသော ပုံစံကို ဝိညာဉ် ပြည့်ဝခြင်း၊ လမ်းပြခြင်းဟု ဆိုကြသော ခေတ်ကာလ အတွက် အလွန်အရေးကြီးသော မေးခွန်းဖြစ်ပါသည်။ နေဟမိ ၈ ၌ တွေ့ရသော အစည်းအဝေးသည် တရားဟောရာကျမ်း ၃၁ ၌ မောရှေ မိန့်တော်မူသောအချက်နှင့် ကိုက်ညီမှုရှိကြောင်း ဖော်ပြခဲ့ပါပြီ။ ထိုအစည်းအဝေးတွင် ဘုရားသခင်၏နှုတ်ကပတ်တော် ဖတ်ကြားခြင်း၊ အနက်အဓိပ္ပါယ်ရှင်းပြခြင်းသည် အဓိကဖြစ်ပါသည်။

<u>လူအပေါင်းတို့သည် . . . စည်းဝေးကြ၏</u> (နေဟမိ ၈း၁)။ လူထု စုဝေးခြင်း မရှိလျှင်၊ လူထု ဝတ်ပြုခြင်းလည်း မရှိနိုင်ပါ။ ဝတ်ပြုခြင်း၌ ပါဝင်သောအချက်နှင့် ပတ်သက်၍ စိန်ခေါ်မှုများစွာ ယနေ့ ရှိလာခဲ့ပါသည်။ အကြောင်းမှာ၊ ယနေ့ခေတ်သည် စက်မှု ထွန်းကားသော ခေတ်ဖြစ်၍၊ များစွာသော သူများသည် မိမိတို့အိမ်မှ ဝတ်ပြုခြင်းကို ကြည့်ရှု ပါဝင်လိုခဲ့ကြ၏။ "အချင်းချင်း စည်းဝေးခြင်းအမှုကို မရှောင်မလွှဲကြနှင့်" (ဟေဗြဲ ၁၀း၂၅) ဟူသောအချက် ကို မေ့လျော့ခဲ့ကြပါသည်။ ထွက်မြောက်ရာကျမ်း ၉ ထဲတွင်၊ ပထမဆုံး လူထု စုဝေးခြင်းကို တွေ့ရပါသည်။ "တံပိုးသည် ကြာကြာ မြည်သောအခါ၊ လူများတို့သည် တောင်သို့ လာရကြမည်ဟု မောရှေအား မိန့်တော်မူ၏" (ထွက် ၁၉း၁၃)။ ဘုရားသခင်နှင့် တွေ့ဆုံမည့် သတ်မှတ်သော နေ့တွင်၊ "မောရှေသည် . . . လူများတို့ကို တပ်ထဲက ဆောင်ခဲ့" (ထွက် ၁၉း၁၇) ရမည်ဖြစ်ပါသည်။

<u>ပရိသတ် . . . ရှေ့သို့ . . . ပညတ္တိကျမ်းကို ယဇ်ပုရောဟိတ် ဧဇရသည် ဆောင်ခဲ့၍</u> (နေဟမိ ၈း၂)။ လူထု ဝတ်ပြုခြင်း၌ ပါဝင်သည့် ဒုတိယအချက်သည် သမ္မာကျမ်းစာ ဖတ်ရွတ်ခြင်းနှင့် အနက် အဓိပ္ပါယ် ရှင်းပြခြင်း ဖြစ်ပါသည်။ ဝတ်ပြုကိုးကွယ်ခြင်း၌ ဘုရားသခင်၏နှုတ်ကပတ်တော် အဓိကကျမှုအကြောင်းကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ လူထု ဝတ်ပြုကိုးကွယ်ခြင်း၏ အထွဋ်အထိပ်သည် ဘုရားသခင်၏နှုတ်ကပတ်တော် ဖတ်ရွတ်ခြင်းနှင့် နှုတ်ကပတ်တော် အနက်ဖွင့်ခြင်း ပင်ဖြစ်ပါသည်။ ထွက်မြောက်ရာကျမ်းထဲ၌ တွေ့ရသော၊ သိနတောင်၌ မောရှေသည် လူထုအား ဘုရားသခင်နှင့် တွေ့ဖို့ရန် ခေါ်ဆောင်သောအခါ၊ ဘုရားသခင်သည် လူထုအား "မိန့်တော်မူ၏" (ထွက် ၂၀း၁)။ ထိုအခါ၊ လူတို့က မောရှေအား၊ "အကျွန်ုပ်တို့အား ဘုရားသခင် မိန့်တော်မမူပါစေနှင့်။ အကျွန်ုပ်တို့သည် သေမည်ကို စိုးရိမ်ပါသည်၊" အကျွန်ုပ်တို့အား ကိုယ်တော် မိန့်တော်မူပါ ဟု လျှောက်ခဲ့ကြပါသည် (ထွက် ၂၀း၁၉)။ ဘုရားသခင်သည် မိမိသားသမီးများထံ မိမိ၏နှုတ်ကပတ်တော်ကို ဟောပြောဖို့ရန် သစ္စာရှိသော၊ သန့်ရှင်းသော သူများကို အသုံးပြုတော်မူ၏။

**ဆင်ခြင်ရန်** - (ယောဟန် ၄း၂၃-၂၄ ကို ဖတ်ပါ)။

**ဆုတောင်းချက်-** (ဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ်၌ အစဉ် ပါဝင်မည်အကြောင်း မစတော်မူပါ)။

ကြာသပတေး၊ မတ် (၅)
**နေဟမိ ၈း၁-၈**
၁ တိ ၄း၁၂-၁၆

*"ကျမ်းစာကို ဖတ်ခြင်း၊
တိုက်တွန်းသွေးဆောင်ခြင်း၊
ဆုံးမဩဝါဒပေးခြင်းကို ကြိုးစား၍ ပြုလော့"*

## အမှုတော်၌ ဘုရားသခင်၏နှုတ်ကပတ်တော် အဓိကကျမှု (၃)

နေဟမိ ၈ တွင်၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို နှစ်သက်သော လူထုသည် ထိုနှုတ်ကပတ်တော်ကို ရိုသေ အလေးထားခြင်း၊ ဆက်ကပ်ခြင်းနှင့် စိတ်ရှည်စွာ ကြားနာဖို့ရန် စုဝေးကြကြောင်း တွေ့ရသည်သာမက၊ မိမိတို့၏တာဝန်ကို သစ္စာရှိစွာ ထမ်းရွက်လျက်၊ အမှုတော်၌ ဆက်ကပ်သော ဘုရားသခင်၏အမှုတော်ဆောင်များကိုလည်း တွေ့ရပါသည်။ နှုတ်ကပတ်တော်ကို ဖတ်ရွတ်ဖို့ရန် ဧဇရကို တောင်းကြသောအခါ၊ သူသည် တာဝန်ကျေစွာ ဖတ်ရွတ်ခဲ့ပါသည်။ ဧဇရ ဘေး၌ ရပ်နေကြသော လေဝိအမျိုးသားတို့က ဘုရားသခင်၏နှုတ်ကပတ်တော် ကြားနာဖို့ရန် လာကြ သော သူအပေါင်းတို့အား ဖတ်ကြားသော နှုတ်ကပတ်တရား၏အနက်အဓိပ္ပါယ်ကို နားလည် သဘောပေါက် စေဖို့ရန် တာဝန်ယူ ရှင်းပြခဲ့ကြပါသည်။

<u>ဧဇရသည် . . . လူအပေါင်းတို့ရှေ့မှာ ကျမ်းစာကို ဖွင့်သောအခါ</u> (နေဟမိ ၈း၅)။ မိမိ၏ တာဝန်ကို ကျေပွန်စွာ ထမ်းရွက်ခဲ့သော ဧဇရ ဆောင်ရွက်သည့်အမှု အဆင့်ဆင့်သည် ယနေ့ အချို့ အသင်းတော်များအဖို့ ထူးဆန်းသောမှု ဖြစ်ပါလိမ့်မည်။ ဧဇရသည် ဘာကို ပြုခဲ့ပါသနည်း။ ပထမအချက်၊ သူသည် တရားဟောရာသစ်သား ပလ္လင်ပေါ်မှာ ရပ်လျက်၊ လူအပေါင်း ရှေ့၌ ကျမ်းစာကို ဖွင့်ခဲ့ပါသည် (နေဟမိ ၈း၄)။ သူ့ကို လူအပေါင်းက မြင်ရကြ၏။ နှုတ်ကပတ်တော် အမှုတော်ဆောင်တဦးသည် ဘုရားသခင်၏လူများ ရှေ့၌ရပ်လျက် ကျမ်းစာ မဖွင့်ခဲ့လျှင် ပုံမှန် မဟုတ်ပါ။ ဒုတိယအချက်၊ "ဧဇရသည် မြတ်စွာ ဘုရားသခင် ထာဝရဘုရားကို ကောင်းကြီးပေး၏" (နေဟမိ ၈း၆)။ သူသည် ကျမ်းစာ ဖတ်ခြင်း၊ ဟောပြောခြင်း မပြုမီ ဆုတောင်းခဲ့ပါသည်။ "ငါတို့သည် ကိုယ်အကြောင်းကို ဟောပြောကြသည် မဟုတ်။ ယေရှုခရစ်သည် သခင်ဖြစ်တော်မူကြောင်းကို" (၂ ကော ၄း၅) ဟောပြောကြသည် ဟူသောအချက်ကို များစွာသော ယနေ့ အမှုတော်ဆောင်များ မေ့လျော့ခဲ့ကြပြီး၊ ဘုရားသခင်၏ကောင်းကြီးမင်္ဂလာ၊ လမ်းပြတော်မူခြင်းနှင့် ဝိညာဉ်တော်ကို မတောင်း ဘဲ နေခဲ့ကြ၏။ ဆုတောင်းခြင်း မပါသော တရား ဟောခြင်းသည် ဘာသာတရား ဟန်ဆောင်မှုသာဖြစ် ပါသည်။ တတိယအချက်၊ "ဘုရားသခင်၏ ပညတ္တိကျမ်းစာကို သေချာစွာ ဖတ်ရွတ်" (နေဟမိ ၈း၈) ခဲ့ကြပါသည်။ လူထုထံ ကျမ်းစာဖတ်ခြင်းသည် လူအပေါင်း ကြားရဖို့ရန် သေချာ ရှင်းလင်း ပြတ်သားစွာ ဖတ်ရမည်ဖြစ်၏။ မြန်မြန် ပြီးရန်ဟု ဆိုလျက်၊ လျင်မြန်စွာ မဖတ်ရပါ။ အမှုတော် ဆောင်သည် ဖတ်သော ကျမ်းစာနှင့် လူထု အပေါ်၌ ဝိညာဉ်နှင့်ဆိုင်သော ဝတ္တရား ရှိပါသည်။ "ကျမ်းစာကို ဖတ်ခြင်း . . . ကို ကြိုးစား၍ပြုလော့" (၁ တိ ၄း၁၃) ဟု တိမောသေအား တမန်တော် ပေါလုက တိုက်တွန်းသည်ဖြစ်သောကြောင့်၊ ကျမ်းစာကို အမှုတော်ဆောင်သည် တရားပလ္လင်၌သာ ဖတ်ရမည် မဟုတ်ပါ။ သမ္မာကျမ်းစာ သိကျွမ်းခြင်း မရှိသောသူသည် တရားဟောဆရာ မဖြစ်ထိုက်ပါ။ လူထု ကျမ်းစာဖတ်ခြင်း၌ ဦးဆောင်သောသူသည် ဖတ်ရွတ်မည့် ကျမ်းပိုဒ်ကို ရင်းနှီးခြင်း ရှိရပါမည်။ ဘုရားသခင် သိမှတ်တော်မူသော သူဖြစ်ဖို့ရန် ကျွန်တော်တို့ ကြိုးစားအားထုတ်ကြရပါမည်။ သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်ဖို့ရန်၊ ရှေးဦးစွာ ထိုတရားကို သေချာ လေ့လာ ဖတ်ရွတ်ရမည် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျွန်တော်တို့ ယုံကြည်သောအခါ၊ ကျွန်တော်တို့သည် မိမိ၏တာဝန်ကို အလေးထားတတ်လာ၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကြည့်မှန်တည်းဟူသော ကိုယ်တော်၏နှုတ်ကပတ်တော်၌ မိမိကိုယ်ကို ဆင်ခြင်သုံးသပ်မည်အကြောင်း မစတော်မူပါ။



သောကြာ၊ ဇန်နဝါရီ (၃၀)
**နေဟမိ ၄း၁၂-၂၃**
၁ သက် ၅း၁-၁၁

*"အခြားသောသူတို့သည် အိပ်ပျော်သကဲ့သို့၊
ငါတို့သည် အိပ်မပျော်ဘဲ သမ္မာသတိရှိ၍
စောင့်ကြကုန်အံ့"*

## ဆောင်ရွက်လိုခြင်း၊ ဆုတောင်းလိုခြင်း စိတ်သဘော (၉)

လူတို့သည် တည်ဆောက်ခြင်းအလုပ်ကို ပြန်လုပ်ခဲ့ကြသော်လည်း၊ သူတို့၏ လက်နက်များကို မချထားခဲ့ကြပါ။ အလုပ် ဆက်လုပ်ခဲ့ကြပြီး၊ ရန်သူကိုလည်း သတိထားဖို့လိုပါသည်။ ထို့ကြောင့် သူတို့သည် မြို့ရိုးကို တည်ဆောက်သော သူများဖြစ်သည် သာမက၊ ရန်သူကို ကင်းစောင့်သော ဘုရားသခင်၏ အစေခံကျွန်များ ဖြစ်ကြပါသည်။ ဆိုလိုသည်မှာ၊ မြို့ရိုး တည်ဆောက်ခြင်းအပြင် အသစ်သော တာဝန်များကိုလည်း ထမ်းရွက်ခဲ့ကြပါသည်။

<u>ထိုအချိန်မှစ၍ ဤသို့ဖြစ်ခဲ့ပါသည်</u> (နေဟမိ ၄း၁၆)။ ထိုတည်ဆောက်ခြင်းအမှု၌ ဆုတောင်းခြင်းနှင့် ကြိုးစားအားထုတ်ခြင်း လိုအပ်ပါသည်။ ရန်သူ၏ ခြိမ်းခြောက်မှုကြောင့် ပို၍ သတိထားဖို့လည်း လိုအပ်လာပါသည်။ ထို့ကြောင့် အစဉ် ကင်းစောင့်လျက် နေခဲ့ကြပါသည်။ ထိုသို့ ပြုရခြင်းမှာ၊ သူခိုးသည် ဘယ်အချိန်၌ လာမည်ကို မသိသကဲ့သို့၊ ရန်သူသည် ဘယ်အချိန်၌ လာတိုက်မည်ကို မသိခဲ့ကြသောကြောင့် ဖြစ်ပါသည်။ ဘုရားသခင်၏အမှုတော် ဆောင်ရွက်ခြင်း၌ သတိ မထား ဘဲနေလျှင် အလွန် အန္တရာယ် များလှပါသည်။ ဆောင်ရွက်လိုသော သူသည်၊ မိမိ၏အလုပ်ကို အလေးထား ရပါမည်။

<u>ဆောင်ရွက်သောသူ အပေါင်းတို့သည် လက်တဘက်နှင့်လုပ်ကြ၏။ လက်တဘက်နှင့် လက်နက်ကို ကိုင်ကြ၏</u> (နေဟမိ ၄း၁၇)။ ထိုမြို့ရိုး တည်ဆောက်ခြင်းအမှုတွင် လူအပေါင်း ပါဝင်ဖို့ လိုအပ်သောကြောင့်၊ လူတိုင်း ပါဝင်ခဲ့ကြပါသည်။ အချို့သည် ဆောက်လုပ်သောသူ ဖြစ်ကြပြီး၊ အချို့သည် ဝန်ကိုထမ်းသော သူများဖြစ်ကြပါသည်။ သို့သော်လည်း၊ အဘယ် တာဝန်ကိုဘဲ ထမ်းရွက် ထမ်းရွက်၊ သူတို့အားလုံးသည် မိမိနှင့် အလုပ်ကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်ဖို့ရန် လုံခြုံမှုအတွက် လက်နက်ကိုယ်စီ ကိုင်ဆောင်ခဲ့ကြပါသည်။ ရန်သူတို့သည် ခဏတာ နောက်ဆုတ်ခဲ့ကြသော်လည်း၊ သတိလက်လွတ် နေလို့ မရပါ။ အမှုကို ပြီးစီး ဆောင်ရွက်မည်အကြောင်း သတိဖြင့် စောင့်ကြည့်လျက် လုပ်ဆောင်ခဲ့ကြပါသည်။ အမှုတော်အတွက် လိုအပ်သောအရာများကို ပြင်ဆင်လျက် ကြိုးစားအားထုတ်ခဲ့ကြပါသည်။ တည်ဆောက်ဖို့ လိုအပ်သောအခါ၊ ဆောက်လုပ်ခဲ့ကြပြီး၊ စစ်တိုက်ဖို့ လိုအပ်လာခဲ့လျှင်လည်း၊ တိုက်ဖို့ အသင့် ရှိခဲ့ကြပါသည်။ သူတို့သည် မြို့ရိုး တည်ဆောက်ဖို့ရန် ထခဲ့ကြသည် ဖြစ်သောကြောင့်၊ ထိုအမှု ပြီးစီးဖို့ရန် အတွက် လိုအပ်သောအရာ မှန်သမျှကို ဆောင်ရွက်ဖို့ အသင့် ရှိခဲ့ကြပါသည်။ သူတို့သည် ဆောင်ရွက်လိုသော စိတ်သဘော ရှိကြသည်ဖြစ်သောကြောင့်၊ ပေးအပ်သည့် ဘယ်အမှုကို မဆို ဆောင်ရွက်ဖို့ အသင့်ရှိကြ၏။ အလုပ် မရွေးကြပါ။ အခွင့်ရှိသည်အတိုင်း ထ၍ လုပ်ဆောင်တတ်ကြပါသည်။

**ဆင်ခြင်ရန်** - သမ္မာသတိရှိခြင်းသည် အမှုတော်ဆောင်ရွက်ခြင်း၌ မရှိမဖြစ်လိုအပ်သော အရာဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ အမှုတော်ဆောင်ရွက်ခြင်း၌ အဆင်သင့်ဖြစ်ခြင်းနှင့် စိတ်အားထက်သန်ခြင်း ရှိမည်အကြောင်း မစတော်မူပါ။

စနေ၊ ဇန်နဝါရီ (၃၁)
**နေဟမိ ၄း၁၂-၂၃**
လု ၉း၂၃-၂၆၊ ၅၇-၆၂

*"ငါ၌ ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ် ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကို နေ့တိုင်းထမ်း၍ ငါ့နောက်ကို လိုက်ရမည်"*

## ဆောင်ရွက်လိုခြင်း၊ ဆုတောင်းလိုခြင်း စိတ်သဘော (၁၀)

အောင်မြင်သော အမှုအတွက် ကြိုတင်ပြင်ဆင်မှုနှင့် အစီအစဉ် ဆွဲခြင်း လိုအပ် ပါသည်။ နေဟမိသည် အမှု ပြီးစီး ဆောင်ရွက်ဖို့ လိုအပ်မည့်အရာများကို အစမှ ကြိုတင် စဉ်းစားခဲ့ပါသည်၊
(၁) ရှင်ဘုရင် မေးတော်မူသောအခါ၊ နေဟမိက အချိန်ကို သတ်မှတ်ခဲ့ပြီး၊ ထိုအမှုအတွက် လိုအပ်သည့် အထောက်အပံ့နှင့် ထောက်ခံစာများကို တောင်းလျှောက်ခဲ့ပါသည်။
(၂) ပြုမည့်အမှု၏ အခြေအနေကို ကောင်းကောင်း သိဖို့ရန် အချိန်ယူ လေ့လာလျက်၊ လူတို့အား ထိုအမှုအတွက် ဆက်ကပ်ကြဖို့ရန် ဖိတ်ခေါ်လျက် တိုက်တွန်း နိုးဆော်ခဲ့ပါသည်။

သို့သော်လည်း၊ ကြုံတွေ့နိုင်သော အမှုအပေါင်းအတွက် ဘယ်သူမှ စုံလင်စွာ ပြင်ဆင်ခြင်း မပြုနိုင်ပါ။ ဆောင်ရွက်မည့်အမှု အောင်မြင်ဖို့ရန် သေချာ ပြင်ဆင်မှုနှင့် အစီအစဉ် ဆွဲခြင်းသာ လိုအပ်သည် မဟုတ်ပါ။

<u>တံပိုးမှုတ်သောသူသည် ငါ့အနားမှာ ရပ်နေ၏</u> (နေဟမိ ၄း၁၈)။ ဤ ကျမ်းပိုဒ်၌ ကြိုတင် မမြင်ခဲ့သော အဖြစ်အပျက်ကို ဖော်ပြထားပါသည်။ နေဟမိက ယခု အခြေအနေကို ကြိုတင် မသိခဲ့၊ ထို့ကြောင့် အစီအစဉ်လည်း မဆွဲခဲ့ပါ။ သို့သော်လည်း၊ အခြေအနေအရ လိုအပ်သော ပြင်ဆင်မှုနှင့် အစီအစဉ်ကို ဆွဲလျက်၊ ကောင်းမွန်စွာ ဆောင်ရွက်ခဲ့ပါသည်။ ဆောက်လုပ်သော သူတို့သည် လက်နက်ကိုင်လျက် အလုပ်လုပ်ခဲ့ကြပါသည်။ မြို့ရိုးသည် ကျယ်ဝန်းလှသည်ဖြစ်သောကြောင့်၊ ရန်သူသည် နေရာတိုင်းမှ ဝင်ရောက် တိုက်ခိုက်လာနိုင်ပါသည်။ ထို့ကြောင့် ရန်သူတိုက်ခိုက်လာလျှင် ပြန်တိုက်မည်အကြောင်း လူများကို စုစည်းဖို့ရန် အချက်ပေး တံပိုးမှုတ်သံ လိုအပ်ပါသည်။ ထို့ကြောင့် နေဟမိက လူတဦးကို ထိုအမှုတွက် တာဝန်ပေး ခန့်ထား ခဲ့ပါသည်။

<u>မျှူးမတ်၊ မင်းအရာရှိ ကြွင်းသော သူတို့အား ငါဆို၏</u> (နေဟမိ ၄း၂၀)။ ရန်သူ တိုက်ခိုက်လာလျှင်၊ အချက်ပေး တံပိုးမှုတ်ဖို့ တစုံတဦး ခန့်ထားခြင်းသည် သင့်တော်သောအမှု ဖြစ်ပါသည်။ ထိုသို့ တံပိုးမှုတ်သံကို ကြားသောအခါ၊ လူတို့သည် စုဝေးလာကြမည်ဖြစ်ပါသည်။ ထိုသို့ အချက်ပေးမည့်သူ ခန့်ထားဖို့ရန် နေဟမိသည် လူတို့အား စည်းရုံးလျက် လိုအပ်မှုကို ဤသို့ ဖော်ပြခဲ့ပါသည်၊ "အလုပ်သည် ကြီးကျယ်လှ၏။ မြို့ရိုးပေါ်မှာ တယောက် တခြားစီသူနှင့် ငါဝေးဝေးလုပ်ရ၏။" ထိုသို့ အချက်ပေးသံကို ကြားလျှင် မည်သို့ တုန့်ပြန်မည်ကိုလည်း လမ်းညွှန်ခဲ့ပါသည်၊ "တံပိုးမှုတ်သံကို ကြားလေရာရာ အရပ်မှ ငါတို့ထံသို့ စည်းဝေးကြ။" တည်ဆောက်ခြင်းအမှု ဆက်လက် ဆောင်ရွက်ခဲ့ကြပြီး၊ ထိုအမှုနှင့် အလုပ်လုပ်သော သူများ ကာကွယ်ဖို့ လိုအပ်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - လူမှုဆက်ဆံရေးနှင့် ထိန်းထိန်းသိမ်းသိမ်းနေထိုင်တတ်မှုတို့သည် အမှုတော် အောင်မြင်ခြင်းအတွက် အထောက်အကူ ပေးတတ်၏။

**ဆုတောင်းချက်-** အဖဘုရား၊ သူတပါး ကောင်းစားမှုကို အလေးထားလျက် အမှုတော် ဆောင်ရွက်မည်အကြောင်း မစတော်မူပါ။



ဗုဒ္ဓဟူး၊ မတ် (၄)
**နေဟမိ ၈း၁-၈**
ရောမ ၁၀း၁၄-၁၇

*"ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း၊ ဘုရားသခင်၏စကားတော်အားဖြင့် ဖြစ်၏"*

## အမှုတော်၌ ဘုရားသခင်၏နှုတ်ကပတ်တော် အဓိကကျမှု (၂)

ဘုရားသခင်၏အမှုတော် ဆက်လက်ဆောင်ရွက်ဖို့ရန် လူထုအား အသင့်ပြင်ဆင်ခြင်း အမှု၌ သူတို့ကိုယ်တိုင် ပါဝင်ဖို့ လိုအပ်ပါသည်။ နေဟမိ ၈ တွင်၊ လူတို့၏ နေ့စဉ် အသက်တာနှင့် ထိုလူထု အစည်းအဝေး၌ ဘုရားသခင်၏နှုတ်ကပတ်တော် အဓိကကျမှုကို ဖော်ပြလျက်ရှိပါသည်။ မောရှေ မိန့်တော်မူသကဲ့သို့၊ ယခု အဖြစ်အပျက်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်အတိုင်း ပြုသောအမှုများဖြစ်ပါသည်။ ဘုရားသခင်၏အမှုတော်ကို အောင်မြင်စွာ ဆောင်ရွက်မည့်သူသည် မည်သို့သော သူများဖြစ်ကြသည်ကိုလည်း ဖော်ပြခဲ့ပါသည်။ လူထု စည်းဝေးပွဲ၌ တွေ့ရသော လူတို့၏ ပါဝင်မှုနှင့် စိတ်သဘောကို မေ့ထား၍ မရပါ။

<u>လူအပေါင်းတို့သည် ပညတ္တိကျမ်းစကားကို စေ့စေ့နားထောင်ကြ၏</u> (နေဟမိ ၈း၃)။ မောရှေ ပညတ္တိကျမ်းမှ ဘုရားသခင်၏နှုတ်ကပတ်တော် ဖတ်ကြားခြင်းနှင့် ရှင်းပြခြင်းကို ကြားနာလိုသော လူထုက စေ့စေ့ နားထောင်လျက် နှလုံးသွင်းခဲ့ကြပါသည်။ ထိုသို့ ထာဝရဘုရား၏နှုတ်ကပတ်တော်ကို လူထုရှေ့၌ ဖတ်ကြားဖို့ ဖွင့်သောအခါ၊ လူအပေါင်းတို့သည် ထလျက် ရှိသေမှုကို ပြခဲ့ကြပါသည် (နေဟမိ ၈း၅)။ လူအပေါင်းတို့သည် "နံနက်အချိန်မှစ၍ မွန်းတည့်အချိန်တိုင်အောင် ရေတံခါးလမ်းတွင်" (နေဟမိ ၈း၃) စုဝေးခဲ့ကြပါသည်။ ထိုအမှုအားဖြင့်၊ သူတို့၏ဆက်ကပ်မှုကို မြင်တွေ့ရပါသည်။ ဝတ်ပြုကိုးကွယ်ခြင်း၊ မိသာဟာရဖွဲ့ခြင်းအတွက် မိမိတို့၏အချိန်ကို ပေးခဲ့ကြပြီး၊ နှုတ်ကပတ်တော် ဖတ်ရွတ်ခြင်းကို စိတ်ရှည်စွာ နားထောင်ခဲ့ကြပါသည်။ ယနေ့ အသင်းတော်များတွင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော် ဖတ်ရွတ်ခြင်းနှင့် ဟောပြောခြင်းကို အလေးထားခြင်း သိပ်မရှိတော့ပါ။ အချို့ အသင်းတော်များတွင်၊ ထိုသို့သော ကျမ်းစာ ဖတ်ခြင်းအစီအစဉ်ပင် မတွေ့ရပါ။ ကျွန်တော်တို့သည် "စင်ကြယ်သော ဩဝါဒကို နားမခံနိုင်ဘဲ၊ ယားတတ်သော နားရှိလျှင်၊ မိမိတပ်မက်ခြင်းအတိုင်း များပြားသော ဆရာတို့နောက်သို့ လိုက်ကြ" (၂ တိ ၄း၃) သော ကာလ၌ နေထိုင်လျက်ရှိပါပြီ။ ယနေ့တွင်၊ ကျွန်တော်တို့သည် ပို၍အဆင်ပြေသော ဘုရားကျောင်းများ၌ စည်းဝေးရသောအခွင့် ရခဲ့ကြပါသည်။ သို့သော်လည်း၊ ဝတ်ပြုခြင်း အစီအစဉ် တိုလှပါသည်။ ထိုသို့ ဖြစ်ပါလျက်၊ များစွာသော သူများသည် ဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ် ပြီးသည်နှင့် အပြိုင်နက်၊ ထောင်မှ လွတ်မြောက်သောသူကဲ့သို့ ချက်ချင်း ထွက်သွားခဲ့ကြပါသည်။ အချို့သည် ဝတ်ပြုကိုးကွယ်ခြင်း ပြီးသွားသဖြင့် ဝမ်းမြောက်ခြင်း ရှိခဲ့ကြ၏။ အချို့သည် အမျိုးမျိုး မြည်တမ်းတတ်ကြ၏၊ အစီအစဉ် ကြာလွန်းသည်၊ တရားဟောဆရာ လေရှည်လွန်းသည်၊ အပြန်အလှန် ကျမ်းစာ ဖတ်ရွတ်ခြင်း အချိန်ကြာလွန်းသည်၊ စသဖြင့် ဆိုတတ်ကြ၏။ ဝတ်ပြုကိုးကွယ်ခြင်း အပြီးတွင် များစွာသောသူတို့ ချက်ချင်း သွားရောက်သော နေရာများက ပြသနာကို ပိုဆိုးစေခဲ့ပါသည်။ ဘုရားကျောင်းကို တတ်လျက် ဝတ်ပြုကိုးကွယ်မှု ပြုခဲ့သော်လည်း၊ ဘုရားကျောင်း အပြင်ပိုင်း၌ ခရစ်တော်၏အသက်တာ မတွေ့ရပါ။

**ဆင်ခြင်ရန်** - ဖတ်ရှုသော နှုတ်ကပတ်တော်အား နာခံသော စိတ်နှလုံးအားဖြင့် အကျိုးဖြစ်ပွားစေ၏။

**ဆုတောင်းချက်-** အဖဘုရား၊ အသင်းတော်သို့ ကြည်ညိုသောစိတ်၊ ဆက်ကပ်သောစိတ်ဖြင့် အကျွန်ုပ်အား ချဉ်းကပ်စေတော်မူပါ။

**နေဟမိ ၈း၁-၈**

တရား ၃၁း၉-၁၃

*“ကြား၍ နားလည်သဖြင့်၊ သင်တို့၏ ဘုရားသခင် ထာဝရဘုရားကို ကြောက်ရွံ့၍”*

## အမှုတော်၌ ဘုရားသခင်၏နှုတ်ကပတ်တော် အဓိကကျမှု (၁)

နေဟမိ အခန်းကြီး ၇ သည် မြို့ရိုး ပြီးစီးခြင်း၊ လူတို့အား (ယေရုရှလင်မြို့ထဲ၌ လူနည်းသောကြောင့်) မြို့ထဲ၌ နေထိုင်ကြဖို့ရန်နှင့် ဗိမာန်တော် တည်ဆောက်ခြင်းအတွက် အလှူပေးကြဖို့ရန် တိုက်တွန်းခြင်းဖြင့် အဆုံးသတ်ခဲ့ပါသည်။ ဇေရမှတ်စာထဲ၌ ဖော်ပြခဲ့သည်အတိုင်း သူတို့သည် ပေးလှူခဲ့ကြသော်လည်း၊ ဆက်လက်လုပ်ဆောင် ပြီးစီးဖို့ လိုအပ်သောအမှု ရှိသေး၏။ ထို့ကြောင့်၊ နေဟမိ ၈ တွင်၊ မြို့ရိုး မဟုတ်တော့ဘဲ လူတို့အကြောင်းကို ဖော်ပြခဲ့ပါသည်။ မြို့ရိုးကို အုတ်ခဲများ၊ သဲများနှင့် ဘိလက်မြေများဖြင့် တည်ဆောက်ခဲ့ကြ၏၊ လူတို့မူကား ဘုရားသခင်၏နှုတ်ကပတ်တော်ဖြင့် တည်ဆောက်ရမည်ဖြစ်ပါသည်။

<u>ဣသရေလ အမျိုးသားလူအပေါင်းတို့သည် . . . စည်းဝေးကြ၏</u> (နေဟမိ ၈း၁)။ ဤစကားစုက ဘုရားသခင်၏လူများ စည်းဝေးခြင်းကို ဖော်ပြခဲ့ပါသည်။ ဤစည်းဝေးခြင်းသည် ပထမဆုံးအကြိမ် မဟုတ်ပါ။ ပထမအကြိမ် ပြန်လာကြသောအချိန်၌ ဤကဲ့သို့ စည်းဝေးခဲ့ကြကြောင်း ဧဇရ ၃း၁-၇ ထဲတွင် ဖော်ပြခဲ့ပါသည်။ ထိုပထမအကြိမ် စည်းဝေးခြင်းသည် ဣသရေလ ဘုရားသခင်ထံ မီးရှို့ရာယဇ် ပူဇော်ဖို့ရန်နှင့် တဲတော်ပွဲ ဆင်နွှဲဖို့ရန် ဖြစ်ပါသည်။ နေဟမိ ၈း၁-၈ ထဲတွင်၊ ထိုသို့ စည်းဝေးကြခြင်းသည် “မောရှေ ပညတ္တိကျမ်းစာကို ဆောင်ခဲ့ပါဟု ကျမ်းတတ်တရာ ဧဇရ” (နေဟမိ ၈း၁) ကို ခေါ်လျက်၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကြားနားဖို့ရန် ဖြစ်ပါသည်။ ထိုသို့စည်းဝေးဖို့ရန် မောရှေသည် တရားဟောရာကျမ်း ၃၁း၁၀-၁၃ ထဲတွင် မိန့်တော်မူခဲ့ပါသည်။ မောရှေ မိန့်တော်မူသည်အတိုင်း၊ “ရွေးကောက်တော်မူလတ့်သော အရပ်” (တရား ၃၁း၁၁) ဖြစ်သည့် “ရေတံခါးလမ်းတွင်” စည်းဝေးခဲ့ကြပါသည်။ ထိုလူအစုအဝေးတွင်၊ “နားထောင် နားလည်နိုင်သမျှသော ပရိသတ် ယောကျ်ား မိန်းမတို့” (နေဟမိ ၈း၂) ပါဝင်ကြပါသည်။ “ယောကျ်ား၊ မိန်းမ၊ သူငယ်များ၊ တည်းခိုသော တပါးအမျိုးသားများတို့ကို . . . စုဝေးစေကြလော့” (တရား ၃၁း၁၂) ဟု မောရှေ မိန့်တော်မူသည်အတိုင်း ထိုသို့ စည်းဝေးကြခြင်းဖြစ်ပါသည်။ မောရှေ ပညတ္တိကျမ်း၏ မိန့်တော်မူချက်အတိုင်း၊ “ဣသရေလအမျိုး၌ ထာဝရဘုရား၊ ထားတော်မူသော မောရှေ ပညတ္တိကျမ်းစာကို” (နေဟမိ ၈း၁) လူထုရှေ့၌ ဖတ်ရွတ်ဖို့ရန်နှင့် ရှင်းပြဖို့ရန် ယူဆောင်လာခဲ့ကြပါသည်။ ခရစ်တော်၏အသင်းတော်၌ ယေရှု ခရစ်တော်၏ သတင်းကောင်းကို မရှက်မကြောက် ဟောပြောသော၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဘုရားသခင်၏လူများ နားလည်သဘောပေါက်လျက် ကောင်းကြီးခံစားဖို့ရန် ရှင်းပြ ဟောပြောသော၊ ဧဇရကဲ့သို့သော အမှုတော်ဆောင် အစဉ် ရှိပါစေသော်။ အာခိပ္ပုကဲ့သို့ “ဓမ္မဆရာ၏အမှုအရာကို ပြည့်စုံခြင်းငှါ” (ကောလော ၄း၁၇) ကျွန်တော်တို့ သတိပြုကြပါစို့။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်က ဘုရားသခင် ကြောက်ရွံ့ခြင်းကို စိတ်နှလုံးထဲသို့ သွန်းလောင်းလျက်ရှိ၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်တော်တို့သည် သားသမီးများနှင့်တကွ ကိုယ်တော်အကြောင်းကို ကြားသိလျက် ကြောက်ရွံ့ခြင်း ရှိမည်အကြောင်း မစတော်မူပါ။





**နေဟမိ ၄း၁၂-၂၃**

လု ၉း၂၃-၂၆၊ ၅၇-၆၂

*“မိမိအသက်ကို ကယ်ဆယ်ခြင်းငှါ အလိုရှိ၏၊ ထိုသူသည် အသက်ရှုံး လိမ့်မည်”*

## ဆောင်ရွက်လိုခြင်း၊ ဆုတောင်းလိုခြင်း စိတ်သဘော (၁၁)

ကောင်းမွန်သော အစီအစဉ်၊ ကြိုတင်ပြင်ဆင်မှုနှင့် မမြင်နိုင်သော အဖြစ်အပျက်ကြုံတွေ့သောအခါ လိုအပ်သလို လှုပ်ရှားနိုင်မှုများအပြင်၊ အောင်မြင်မှု၏ ကြိုးစားအားထုတ်မှု၊ အထူးသဖြင့် ဝိညာဉ်အရေး ကြိုးစားအားထုတ်မှုတွင် ပေးဆပ်မှုနှင့် ဆက်ကပ်မှု လိုအပ်ပါသည်။ မြို့ရိုးတည်ဆောက်သောသူတို့သည် ကြိုးစားလုပ်ဆောင်လျက်၊ ဆုတောင်းခဲ့ကြသော်လည်း၊ လုပ်စရာများ ရှိသေးပါသည်။ သူတို့သည် မြို့ရိုးကို ပြုပြင် တည်ဆောက်ကြ၏၊ ဝန်များကို ထမ်းခဲ့ကြ၏၊ အမှိုက်များ ရှင်းလင်းခဲ့ကြ၏၊ ရန်သူကိုလည်း နှင်ထုတ်ခဲ့ကြ၏၊ သို့သော်လည်း၊ ထိုတည်ဆောက်ခြင်းအမှု ပြီးစီးဖို့ရန် ပေးဆပ်စရာ ရှိသေး၏။

<u>ထိုသို့ ငါတို့သည် အလုပ်လုပ်ကြ၏</u> (နေဟမိ ၄း၂၁)။ အခန်းကြီး ၄ ထဲ၌ တွေ့ရသော နေဟမိနှင့် ဆောက်လုပ်သောသူများ၏ ကြိုးစားအားထုတ်မှုကို ပုံဆောင်လျက်၊ “ဓါးနှင့်သံလက်” (The Sword and The Trowel) ဟူ၍ ခေတ်အဆက်ဆက် ဆိုရိုးစကား ဖြစ်လာခဲ့ပါသည်။ ဤ ဆိုရိုးစကားက၊ ဆက်ကပ် ဆောင်ရွက်မှု၊ အခက်အခဲနှင့် ဆန့်ကျင်မှုကြား၌ ပြီးစီးဆောင်ရွက်သောအမှုကို ဖော်ပြလျက်ရှိပါသည်။ ဟေဗြဲ ၁၂း၁-၂ ထဲတွင်၊ ပေါလုက များစွာသော သက်သေအပေါင်းနှင့် ခရစ်တော် အကြောင်းကို ဖော်ပြလျက်၊ ယုံကြည်သူများအား အမှုတော်ဆောင်ရွက်ခြင်း၌ ပေးဆပ်သည်းခံခြင်း ရှိကြရန် တိုက်တွန်း ခဲ့ပါသည်။ “သင်တို့သည် ဒုစရိုက်အပြစ်ကို ဆိုင်ပြိုင်တိုက်လှန်၍ ကိုယ်အသွေးထွက်သည်တိုင်အောင် မခံရကြသေး” (ဟေဗြဲ ၁၂း၄) ဟု ဆိုခဲ့ပါသည်။ ဟေဗြဲ ၁၁ ၌ တွေ့ရသော ယုံကြည်ခြင်း သူရဲကောင်းများမှစ၍ အသင်းတော် သမိုင်း၏ ရဲရင့်သော ခေါင်းဆောင်များကို ကြည့်ခြင်းဖြင့် ဘုရားသခင်၏အမှုတော် ဆောင်ရွက်ခြင်း၌ ကြီးမားသော ပေးဆပ်မှု လိုအပ်ကြောင်း တွေ့ရပါသည်။ ယနေ့၌ပင် ထိုသို့သော ပေးဆပ်မှု လိုအပ်လျက်ရှိပါသည်။ နေဟမိက သူတို့၏ အချိန်ပေးမှုကို “လူတဝက်သည် မိုးလင်းသည်မှစ၍ ကြယ်ပေါ်သည်တိုင်အောင်” (နေဟမိ ၄း၂၁) ဆောင်ရွက်ကြကြောင်း ဖော်ပြခဲ့ပါသည်။ ထိုသို့ လုပ်ဆောင်ကြခြင်းမှာ လုပ်အား တဝက်လျော့သောကြောင့်လည်း ဖြစ်ပါသည်။ လူအချို့သည် မိမိအိမ်၌ မအိပ်ဘဲ၊ အလုပ်ထဲ၌ လိုအပ်သော အချိန်တိုင်း အသင့် ဆောင်ရွက်နိုင်ရန်နှင့် ကင်းစောင့်အမှုကို ဆောင်ရွက်ဖို့ရန် မြို့ထဲ၌ နေထိုင်ခဲ့ပါသည်၊ “သို့ပြုလျှင် ကျွန်တို့သည် နေ့အခါ အလုပ်လုပ်လျက်၊ ညဉ့်အခါ အလှည့်လှည့် စောင့်လျက် ရှိကြလိမ့်မည်” (နေဟမိ ၄း၂၂)။ မြို့ရိုးတည်ဆောက် ပြီးစီးနိုင်ဖို့ရန် လူတိုင်း ပေးဆပ် ဆောင်ရွက်ခဲ့ကြပါသည်။ ထိုအကြောင်းကို နေဟမိက ဤသို့ ဖော်ပြခဲ့ပါသည်၊ “ထိုသို့ ငါနှင့် ငါ့ညီ၊ ငါ့ကျွန်၊ ငါနောက်၌ လိုက်သော တပ်သားတို့သည်၊ ကိုယ်အဝတ်ကို မချွတ်ဘဲ နေရကြ၏” (နေဟမိ ၄း၂၃)။ ဆောင်ရွက်လိုခြင်း စိတ်သဘောသည် ပေးဆပ်လိုခြင်း စိတ်သဘော ဖြစ်၍၊ ဒါဝိဒ်ကဲ့သို့ ဤသို့ ဆိုရမည်ဖြစ်ပါသည်၊ “ထိုသို့ ငါမယူရ။ စင်စစ် အဘိုးပေး၍ ငါဝယ်မည်။ ကိုယ်ငွေမကုန်ဘဲ ငါ၏ ဘုရားသခင် ထာဝရဘုရားအား မီးရှို့ရာယဇ်ကို ငါမပူဇော်လို” (၂ ရာ ၂၄း၂၄)။

**ဆင်ခြင်ရန်** - ပေးဆပ်ခြင်းဖြင့် အမှုတော် ဆောင်ရွက်ခြင်းက ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေ၏။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်အသက်တာသည် သန့်ရှင်းသော၊ ကိုယ်တော် လက်ခံတော်မူသော၊ အသက်ရှင်သောယဇ် ဖြစ်ပါစေသော်။

တနင်္ဂနွေ၊ ဖေဖော်ဝါရီ (၁) ညနေပိုင်း
**နေဟမိ ၅း၁-၅**
တမန် ၆း၁-၇

*"တပည့်တော်တို့သည် များပြားသည်ရှိသော်၊ . . . မြည်တမ်း၍ . . . အပြစ်တင်ကြ၏"*

## အမှုတော်၌ အဆီးအတားများနှင့် စိတ်ခေါ်မှုများ (၁)

ဘုရားသခင်၏အမှုတော် ဆောင်ရွက်ခြင်းတွင် ဆုတောင်းခြင်း၊ ကြိုးစားအားထုတ်ခြင်းနှင့် သမ္မာသတိရှိခြင်းများ မရှိမဖြစ် လိုအပ်ပါသည်။ နေဟမိ အခန်းကြီး ၅ ထဲတွင်၊ ဘုရားသခင်၏အမှုတော် ဆောင်ရွက်ခြင်း၌ မည်သို့ သမ္မာသတိရှိရမည်ကို ဖော်ပြထားပါသည်။ အပြင်ပိုင်း ရန်သူ၏ခြိမ်းခြောက်မှုနှင့် ကဲ့ရဲ့ခြင်း အကြား၌ နေဟမိနှင့် ယုဒလူတို့သည် တည်ဆောက်ခြင်းအမှုကို ဆက်လက် ဆောင်ရွက်နိုင်ခဲ့ပါသည်။ နေဟမိ ၅ ထဲတွင်၊ ပိုကြောက်စရာကောင်းသော အတွင်းရန်သူအကြောင်းကို တွေ့ရပါသည်။ သမ္မာလတ်နှင့် သူ၏အပေါင်းအပါများကို သတိနှင့် စောင့်ကြည့်ခဲ့ကြပြီး၊ အလွန် ကောက်ကျစ်စဉ်းလဲလှသော မိမိတို့၏ စိတ်နှလုံးကို စောင့်ကြည့်ဖို့ သတိမဲ့ခဲ့ကြပါသည်။

<u>ထိုအခါ ယောက်ျား မိန်းမများတို့သည် အမျိုးသားချင်း ယုဒ လူတို့ကို အလွန် အပြစ်တင်၍ မြည်တမ်းကြ၏</u> (နေဟမိ ၅း၁)။ မြို့ရိုးတည်ဆောက်ခြင်းအလုပ်သည် ကြီးကျယ်လှသည်ဖြစ်၍ လူတို့ကို စည်းရုံးခဲ့ကြပါသည်။ ထိုသို့ စည်းလုံးညီညွတ်စွာ လုပ်ဆောင်နိုင်ဖို့ရန် လူတိုင်း ပေးအပ်ထားသော မိမိတို့၏တာဝန်ကို ကျေပွန်စွာ ထမ်းရွက်ရမည်ဖြစ်ပါသည်။ သို့သော်လည်း၊ အချို့သည် မိမိတို့တာဝန်ကို မကျေပွန်၊ ညီအစ်ကိုတို့ကို ညှင်းဆဲခဲ့ကြပါသည်။ လူတို့သည် ဖိတ်ခေါ် နိုးဆော်ခြင်းကို လက်ခံလျက်၊ မိမိတို့၏ စီးပွါးရေးနှင့် ဂုဏ်ပုဒ်များကို ဘေးဖယ်ထားလျက် ကျရာတာဝန်ကို ထမ်းရွက်ခဲ့ကြပါသည်။ ယနေ့ အသင်းတော်၌ အမျိုးမျိုးသော လူများကို ဘုရားသခင်က ခေါ်တော်မူလျက် ခရစ်တော်၏ကိုယ်၌ တလုံးတဝတည်း ဖြစ်စေသကဲ့သို့ ဖြစ်ပါသည်။ လုပ်ဆောင်သောသူများတွင် လူအမျိုးမျိုးပါဝင်ခဲ့ကြပါသည်။ အချို့သည် သားသမီးများစွာ ကျွေးမွေးသောသူဖြစ်၍ (နေဟမိ ၅း၂)၊ အချို့သည် မိမိ ဥစ္စာများကို အပေါင်ထားသောသူဖြစ်လျက် (နေဟမိ ၅း၃)၊ အချို့သည် ငွေ ချေးယူသောသူဖြစ်ပြီး (နေဟမိ ၅း၄)၊ အချို့မူကား သူတပါးကို အမြတ်ထုတ်သောသူ ဖြစ်၏။

လူတို့သည် မိုးလင်းစမှ စ၍ မှောင်သည်အထိ လုပ်ကို လုပ်ကြသောကြောင့်၊ အခက်အခဲနှင့် စိန်ခေါ်မှု ရင်ဆိုင်ရပါသည်။ သူတို့သည် ထိုမြို့ရိုးတည်ဆောက်ခြင်းအမှုအတွက် အရာအားလုံး ပေးဆပ်ခဲ့ကြသောကြောင့်၊ မိမိတို့၏ လယ် ဥယျာဉ်၌ အလုပ် မလုပ်နိုင်တော့ဘဲ၊ အသက်မွေးဖို့ နည်းလမ်း မရှိဖြစ်ခဲ့ကြပါသည်။ ထိုအခါ မိမိကိုယ်ကို မလုပ်ကျွေးနိုင်သော၊ သူတပါးအပေါ် မှီခိုသောသူများပြားလာခဲ့၏။ ချမ်းသာ ကြွယ်ဝသောသူသည် အခွင့်ကောင်းယူလျက်၊ ထိုသို့ ခက်ခဲသောသူများအပေါ် အမြတ်ထုတ်လျက် ညှင်းဆဲခဲ့ကြပါသည်။ သူတို့သည် တူညီသောဘဝကို ဖြတ်သန်းလျက်၊ အမျိုးသားချင်း ဖြစ်၍၊ တူညီသော ဘာသာတရား ကိုးကွယ်ခဲ့ကြသော်လည်း၊ မိမိကိုယ်ကျိုးရှာခြင်းကြောင့် ဤမဖြစ်သင့်သောအမှုဖြစ်ပွားခြင်းဖြစ်ပါသည်။ သူတို့သည် ညီအစ်ကိုတို့၏ အခက်အခဲကို ဂရုမစိုက်ဘဲ၊ မိမိ၏အကျိုးအမြတ်ကိုသာ ကြည့်သောသူများဖြစ်ကြပါသည်။

**ဆင်ခြင်ရန်** - (သု ၄း၂၃ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** (ဆာလံ ၁၁၉း၃၅-၃၆)။




**နေဟမိ ၇း၆၆-၇၃**
ဧဇ ၂း၆၄-၇၀

*"ဘုရားသခင်ကို ချစ်သောသူ . . . တို့၏ အကျိုးကို ခပ်သိမ်းသောအရာတို့သည် တညီတညွတ်တည်း ပြုစုကြသည်"*

## အမှုတော်၌ အောင်မြင်ဖို့ရန် အရင်းခံဖြစ်သော ပေးကမ်းခြင်း

ထာဝရဘုရား၏အမှုတော်ကို၊ ဘုရားသခင်၏ နည်းလမ်းအတိုင်း၊ ဘုရားသခင် ရွေးနှုတ်တော်မူသော သူများက ဆောင်ရွက်ရမည် သာမက၊ လိုလိုလားလား ထောက်ပံ့ခြင်းလည်း ပြုရပါမည်။ နေဟမိမှတ်စာ ပထမ တဝက်တွင်၊ ဘုရားသခင်၏အစေခံကျွန်များ မြို့ရိုး တည်ဆောက်ဖို့ရန် အလွန် စိတ်အားထက်သန်မှု ရှိခြင်းအကြောင်းကို ဖော်ပြထားပါသည် (နေဟမိ ၂း၂၀)။ မြို့ရိုး တည်ဆောက်ခြင်း ပြီးစီးသောအခါ၊ ထိန်းသိမ်း စောင့်ရှောက်ခြင်းအမှုအတွက် လိုလိုလားလား ဆက်ကပ်ကြခြင်းအကြောင်းကို မြင်တွေ့ခဲ့ရပါသည်။ ဘုရားသခင်၏အမှုတော်အတွက် လူထု ပါဝင်ပေးကမ်းခြင်းအမှုသည် လူထု လူနေမှု ဘဝ တခုပင်ဖြစ်ခဲ့ပါသည်။ တဲတော် တည်ဆောက်ဖို့ရန် တောတဲ၌ လိုလိုလားလား ပေးကမ်းခဲ့ခြင်းမှ စ၍ ခေတ်အဆက်ဆက် ဘုရားသခင်၏လူတို့သည် ဘုရားသခင်၏အမှုတော်အတွက် အလိုအလျောက် လိုလိုလားလား ပေးလှူခြင်းဖြင့် ထောက်ပံ့ခဲ့ကြပါသည်။

<u>အဆွေ အမျိုးသူကြီး အချို့တို့သည် . . . လှူကြ၏</u> (နေဟမိ ၇း၇၀)။ ထိုသို့ ဘုရားသခင်၏လူအပေါင်း စာရင်းပြု မှတ်သား ဖော်ပြခြင်းနှင့်တကွ အမှုတော်အတွက် ပေးလှူသော ပမာဏကိုလည်း ဖော်ပြခဲ့ပါသည်။ ဧဇရမှတ်စာထဲ၌လည်း၊ "အဆွေအမျိုးသူကြီးအချို့သည် . . . ဗိမာန်တော်ကို မိမိနေရာ၌ တည်ဆောက်ခြင်းငှါ၊ တတ်နိုင်သမျှအတိုင်း အလိုလို လှူ၍ . . . " (နေဟမိ ၂း၆၈-၆၉) ဟု ဖော်ပြခဲ့ပါသည်။ "အဆွေအမျိုးသူကြီး အချို့တို့သည် အမှုတော်ကို ဆောင်ရွက်စရာ လှူကြ၏" ဟူ၍၎င်း၊ "အဆွေအမျိုးသူကြီး အချို့တို့သည် ဘဏ္ဍာတော်ထဲသို့ သွင်းလေ၏" ဟူ၍၎င်း ဖော်ပြခဲ့ပါသည်။ "ကြွင်းသောသူတို့သည်လည်း" လိုလိုလားလားဖြင့် သူတို့၏ ရွှေနှင့် ငွေများ၊ နှင့် ယဇ်ပုရောဟိတ် အဝတ်စုံတို့ကို ပေးလှူခဲ့ကြပါသည် (နေဟမိ ၇း၇၁-၇၂)။ ဤပေးလှူခြင်းအမှုသည် ဘုရားသခင်၏အမှုတော် ဆောင်ရွက်ဖို့ရန်နှင့် ဆက်လက် ထိန်းသိမ်းဖို့ရန် ပြုကြခြင်းဖြစ်ပါသည်။ ရှင်ဘုရင် ကုရုက၊ ယေရုရှလင်မြို့ ပြန်လည်တည်ဆောက်ဖို့ရန် ပြန်သွားရသောအခွင့် မိန့်တော်မူသောအချိန်၌လည်း ပြန်မသွားသောသူတို့သည် ပြန်သွားသောသူတို့ကို ထောက်ပံ့ကူညီဖို့ရန် တိုက်တွန်း ခဲ့ပါသည်။ "ဘုရားသခင်၏ လူတည်းခိုရာ အရပ်ရပ်၌ နေသော သူတို့သည်၊ ယေရုရှလင်မြို့မှာ ရှိတော်မူသော ဘုရားသခင်၏အိမ်တော်အဘို့ အလိုလို လှူသော အလှူမှတပါး၊ ရွှေ၊ ငွေ၊ ဥစ္စာ၊ တိရစ္ဆာန်နှင့် မစစေဟု မိန့်တော်မူ၏" (ဧဇ ၁း၄)။ ပြန်သွားရခြင်း၏ အဓိက ရည်ရွယ်ချက်သည် ယေရုရှလင်မြို့၌ ဘုရားသခင်၏အိမ်တော် တည်ဆောက်ခြင်းဖြစ်ပါသည်။ ထို့ကြောင့်၊ မြို့ရိုး တည်ဆောက်ခြင်း ပြီးစီး၍ လုံခြုံရေး ဆောင်ရွက်ခဲ့ကြသော်လည်း၊ အမှုတော် ပြီးစီးခြင်း မရှိသေးကြောင်း လူထုက ကောင်းကောင်း သိခဲ့ကြပါသည်။ ထိုမြို့ရိုး ပြီးစီးမှုသည် ဗိမာန်တော် တည်ဆောက်ခြင်းအတွက် ခွန်အားဖြစ်စေပါလိမ့်မည်။ ထိုဗိမာန်တော် တည်ဆောက်ခြင်းအတွက် များစွာသော အလှူ လိုအပ်ပါလိမ့်မည်။

**ဆင်ခြင်ရန်** - ပေးကမ်း စွန့်ကြဲခြင်းဖြင့် ဘုရားသခင်၏အမှုတော်၌ ကျွန်တော်တို့ ပါဝင်ကြ၏။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏အမှုတော်အတွက် အကောင်းဆုံး လုပ်ဆောင်မည့်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ မတ် (၁)
**နေဟမိ ၇း၆၁-၆၅**
ဇေ ၂း၅၉-၆၃

*"သူ၏မရီးသည် . . . သူ့အပါးသို့ချဉ်း၍ သူ၏ခြေနင်းကို ချွတ်လျက်"*

## အမှုတော်အတွက် ယုံကြည်ကိုးစားရာ ကွယ်ကာစောင့်ရှောက်ခြင်း (၄)

နေဟမိမှတ်စာနှင့် ဇေရမှတ်စာ၌ တွေ့ရသော နာမည်စာရင်းမှ စတုတ္ထ အုပ်စုကို ကြည့်ခြင်းအားဖြင့်၊ ဘုရားသခင်၏ စနစ်တကျ တရားနည်းလမ်းအတိုင်း ဆောင်ရွက်မှုနှင့် ကျေးဇူးတော်ဖြင့် တရားမျှတစွာ ဆောင်ရွက်ခြင်း ပေါင်းစပ်မှုကို တွေ့ရပါသည်။ ကျေးဇူးပြုလျက် သူတပါးကို လက်ခံအသိအမှတ်ပြုခြင်းအမှုတွင်၊ ဘုရားသခင်၏နည်းလမ်း စံနှုန်းအတိုင်း မှန်ကန်စွာ ပြုရမည်အကြောင်း အထူးသတိပြုဖို့လိုပါသည်။

<u>ထိုမှတပါး . . .</u> (နေဟမိ ၇း၆၁)။ ယခု ဖော်ပြသော နာမည်စာရင်းသည် အမျိုး သေချာမှုမရှိသော သူများဖြစ်ပါသည်။ ရှင်ဘုရင်က ကြေငြာချက် ထုတ်သောအခါ၊ ဣသရေလအမျိုးသားများနှင့်အတူ ကျွန်ခံရာမှ ထွက်လာသော၊ ဘုရားသခင်၏ နှိုးဆွမှုခံရသော သူအချို့ရှိခဲ့ပါသည်။ သို့သော်လည်း၊ သူတို့သည် "ဣသရေလအမျိုး မှန်သည်မမှန်သည်ကိုငှင်း၊ မိမိတို့ အဆွေ အမျိုးကိုငှင်း မပြနိုင်" (နေဟမိ ၇း၆၁) သော သူများဖြစ်ပါသည်။ "ယဇ်ပုရောဟိတ်အမျိုးထဲက" (နေဟမိ ၇း၆၃) အချို့သောသူဟု ဆိုသော်လည်း၊ စာရင်းဝင်သော လူစုတွင် မိမိတို့ စာရင်းကို ရှာ၍ မတွေ့သောကြောင့်၊ အမျိုးမစစ်" (နေဟမိ ၇း၆၄) သော သူများလည်း ရှိခဲ့ပါသည်။ သူတို့ကို ပြန်ပို့ခြင်း၊ မောင်းထုတ်ခြင်း မပြုနိုင်ကြပါ။ ဘုရားသခင်၏ တရားမျှတမှုကို လွန်ကျူး၍ မရပါ။ ထို့ကြောင့်၊ ထိုသူတို့ကို သီးခြား ရေတွက်လျက် ဖော်ပြခဲ့ကြပါသည်။ "ဥရိမ်နှင့် သုမိမ်ပါသော ယဇ်ပုရောဟိတ်" အားဖြင့် အတည်ပြုခြင်း မရှိမှီတိုင်အောင် "သူတို့သည် အလွန်သန့်ရှင်းသော အရာတို့ကို မစားရ" (နေဟမိ ၇း၆၅) ဟူ၍ငှင်း၊ "ယဇ်ပုရောဟိတ်အရာကို မခံရကြ" (နေဟမိ ၇း၆၅) ဟူ၍ သေချာတားမြစ်ထားပါသည်။ ထိုသို့ ပြုရခြင်းမှာ၊ ထိုသူတို့၏အပြစ်အား ဘုရားသခင်၏လူစုအပေါ် ကျရောက်၍ ဘုရားသခင်၏ အမြတ်တော်နှင့် စီရင်ခြင်း မခံရဖို့ရန် ဖြစ်ပါသည်။ သို့သော်လည်း၊ သူတို့၏ နာမည်များကို စာရင်းမှ ဖယ်ထုတ်ခြင်း မပြုကြပါ။ နာမည် စာရင်းထဲ၌ သူတို့ ပါဝင်ခြင်းက ကျွန်ုပ်တို့အား ဘုရားသခင်၏ ခေါ်တော်မူခြင်းနှင့် တရားမျှတခြင်းကို တန်ဖိုးထားစေရန်ဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို သူတို့သည် အထူးအလေးထားခဲ့ကြပါသည်။ အာရုန်၏ ယဇ်ပုရောဟိတ်အမျိုးဖြစ်ကြောင်း သက်သေ မပြနိုင်သော၊ သံသယရှိသော ထိုသူတို့သည် ထိုအကျိုးကို မခံဖို့ရန် သဘောတူခဲ့ကြပါသည်။ သူတို့သည် ယဇ်ပုရောဟိတ်အရာကို မခံရကြ၊ အကျိုးကိုလည်း မခံရကြပါ။ ဤအချက်မှ ကျွန်တော်တို့ ယနေ့ ယူရမည့် အလွန်အရေးကြီးသော သင်ခန်းစာ တခု ရှိပါသည်။ သမ္မာကျမ်းစာထဲ၌ ဘုရားသခင် ဖော်ပြ သတ်မှတ်ထားသော စံနှုန်း မမှီသော သူများကို သင်းအုပ်ဆရာအဖြစ် များစွာသောအသင်းတော်က ခန့်အပ်တတ်ကြပါသည်။ ထိုသို့ သင်းအုပ်ဆရာအဖြစ် အတင်း ခန့်အပ်ခြင်းသည် ကောရ၏ ပုန်ကန်ခြင်းနှင့် တန်းတူ အပြစ်ဖြစ်ပါသည်။ ထို့ကြောင့်၊ တယောက်ယောက်ကို အလွန်သန့်ရှင်းသောအရာ စားဖို့ ခန့်အပ်ခြင်း မပြုမှီ၊ ကျွန်တော်တို့သည် သမ္မာကျမ်းစာကို သေချာ လေ့လာရမည်ဖြစ်ပါသည်။ ဘုရားသခင်၏စံနှုန်းအတိုင်း ခန့်အပ်ခြင်း ပြုရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - (ဆာလံ ၂၄း၃-၅ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** (ဆာလံ ၁၃၉း၂၃-၂၄ ကို အသုံးပြုပါ)။



တနင်္လာ၊ ဖေဖော်ဝါရီ (၂)
**နေဟမိ ၅း၁-၅**
ဝတ် ၂၅း၃၅-၄၃

*"သူ့ကို ကြမ်းတမ်းစွာ မစီရင်ရ။ သင်၏ ဘုရားသခင်ကို ကြောက်ရွံ့ရမည်"*

## အမှုတော်၌ အဆီးအတားများနှင့် စိတ်ခေါ်မှုများ (၂)

ဘုရားသခင်၏အမှုတော် ဆောင်ရွက်ခြင်း၌ အတွင်းရေး ပြဿနာနှင့် စိတ်ဝမ်းကွဲခြင်းသည် သမ္မာလတ် ဦးဆောင်သော ရန်သူအဖွဲ့ထက် ပို၍ ကြောက်စရာကောင်းလှပါသည်။ ထို့ကြောင့် စိတ်ဝမ်းကွဲခြင်းသည် ရန်သူ၏တိုက်ခိုက်မှုကဲ့သို့ပင် အန္တရာယ်ကြီးလှပါသည်။ ယာကုပ်က ဤသို့ ရေးသားခဲ့ပါသည်၊ "ငုဏ်ပြိုင်ခြင်း၊ ရန်တွေ့ခြင်း ရှိလျှင်၊ မငြိမ်မဝပ် ရုန်းရင်းခတ်ခြင်း၊ ဆိုးညစ်စွာ ပြုမူခြင်းအမျိုးမျိုး ရှိတတ်၏" (ယာကုပ် ၃း၁၆)။ စိတ်ဝမ်းကွဲလျက်၊ အချင်းချင်း တိုက်ခိုက်ကြလျှင် အောင်မြင်မှု လုံးဝ မရှိနိုင်ပါ။ ကိုယ်ကျိုးရှာခြင်းက လူတို့၏ စည်းလုံးမှု၊ အင်အား နှင့် ဘုရားသခင်အတွက် ပြုသောအမှုများကို ဖျက်ဆီးတတ်ပါသည်။

<u>အစာခေါင်းပါးသော ကာလ</u> (နေဟမိ ၅း၃)။ အလုပ်ကလည်း ကြီးကျယ်လှပြီး၊ အခက်အခဲကလည်း များလှပါသည်။ ထို့ပြင်၊ အစိုးရထံ ပေးရမည့် အခွန်ကလည်း ရှိသေး၏ (နေဟမိ ၅း၄)။ ယေရုရှလင်မြို့၌ သူတို့ ခံစားခဲ့သော ကဲ့ရဲ့ခြင်းက မြို့ရိုးတည်ဆောက်ခြင်း၌ သူတို့ကို စည်းလုံးမှုရှိစေခဲ့ပါသည်။ ထို့ပြင် အပြင်ပိုင်း ဆန့်ကျင်မှုကြောင့် ပို၍ကြိုးစားလျက် ဆက်လက် လုပ်ဆောင်ခဲ့ကြပါသည်။ သို့ဆိုလျှင် အဘယ်ကြောင့် ခက်ခဲမှုနှင့် အစာခေါင်းပါးခြင်းက ဆင်းရဲသော အိမ်နီးချင်းအပေါ် ကိုယ်ချင်းစာစိတ် မရှိဘဲ နေစေခဲ့ပါသနည်း။ လိုအပ်သောသူများကို မည်သို့ ပြုစုကျွေးမွေးရမည်ကို ဘုရားသခင်၏ ပညတ်တရား၌ ဖော်ပြခဲ့သည် မဟုတ်လော။ အဘယ့်ကြောင့် မြည်တမ်းခြင်းကို ပြုခဲ့ကြပါသနည်း။ ဆင်းရဲသားများကို မည်သို့ ပြုစုရမည်ကို ဘုရားသခင် လမ်းညွှန်ပေးခဲ့ပြီ မဟုတ်လော။ "ထိုဆင်းရဲသော ညီအစ်ကို၌ သင်သည် သနားသော စိတ်ကို မချုပ်တည်းရ။ လက်ကိုလည်း မပိတ်ရ။ သင်၏လက်ကို သူ့အဘို့ ကျယ်ကျယ်ဖွင့်၍" (တရား ၁၅း၇-၈) ဟု ဖော်ပြခဲ့သည် မဟုတ်လော။ အမျိုးသားချင်း ဆင်းရဲသော ကျွန်ကိုလည်း၊ "အစေခံကျွန် ပြုသကဲ့သို့၊ သူ့ကို အနိုင်မပြုရ" (ဝတ် ၂၅း၃၉) ဟု ပညတ်ထားသည် မဟုတ်လော။ ညီအစ်ကို ကဲ့သို့ ဆက်ဆံရမည် မဟုတ်လော။ အကန့်အသတ် မရှိ ထိန်းချုပ်ပိုင်ခွင့် မရှိ၊ "သတ္တမနှစ် ရောက်သော်၊ ကိုယ်ဘိုးကို မတောင်းဘဲ လွှတ်ရမည်" (ထွက် ၂၁း၂) ဟု ဖော်ပြခဲ့သည် မဟုတ်လော။ သို့သော်လည်း၊ ယုဒလူတို့သည် ကိုယ်ကျိုးရှာခြင်းနှင့် လောကီစည်းစိမ်တပ်မက်ခြင်း၏ ဖုံးလွှမ်းခြင်းကို ခံရသောကြောင့်၊ ညီအစ်ကိုတို့၏ အခက်အခဲကို စာနာခြင်း မရှိ၊ ပညတ်တရားအတိုင်း ကျွေးမွေးစောင့်ရှောက်မှု မပြုခဲ့ကြပါ။ မိမိတို့ အကျိုးအတွက် အခွင့်ကောင်းယူလျက်၊ "ဘုရားသခင်ကို ကြောက်ရွံ့သော စိတ်နှင့်" စာနာစိတ် ရှိရမည့်အစား၊ အမြတ်ထုတ်ခဲ့ကြပါသည်။ အတွင်းရန်သူသည် အချင်းချင်း စိတ်ဝမ်းကွဲ စေလျက်၊ ဘုရားသခင်၏ ပညတ်တော်ကို ဆန့်ကျင်စေခဲ့ပါသည်။ ထိုအတွင်းရန်သူသည် အလွန် ကြောက်စရာကောင်းလှသည် ဖြစ်သောကြောင့်၊ ကျွန်တော်တို့ အထူး သတိထား စောင့်ကြည့်ဖို့ လိုအပ်ပါသည်။

**ဆင်ခြင်ရန်** - ခံစားရသော ကျေးဇူးတရားများသည် မိမိအဖို့သာ မဟုတ်ဘဲ၊ သူတပါးအတွက် အသုံးပြုဖို့ရန် ဖြစ်ပါသည်။
**ဆုတောင်းချက်-** အို အဖဘုရား၊ ကိုယ်တော်ကို ယုံကြည်ကိုးစားလျက်၊ နှုတ်ကပတ်တော်အတိုင်း အသက်ရှင်မည် အကြောင်း မစတော်မူပါ။

အင်္ဂါ၊ ဖေဖော်ဝါရီ (၃)
**နေဟမိ ၅း၆-၁၃**
မသဲ ၁၂း၂၂-၃၀

*"တိုင်းနိုင်ငံမည်သည်ကား၊ မိမိနှင့် မသင့်မတင့် ကွဲပြားလျှင် ပျက်စီးခြင်းသို့ ရောက်လိမ့်မည်"*

## အမှုတော်၌ အဆီးအတားများနှင့် စိတ်ခေါ်မှုများ (၃)

ဘုရားသခင်၏အမှုတော်ကို တက်တက်ကြွကြွ ဆောင်ရွက်နေသော သူတဦးသည် ညီအစ်ကိုအပေါ် ပြုရမည့် ဘုရားသခင် ပေးထားသည့် တာဝန်ကို မမြင်ဘဲ ရှိနိုင်ပါသည်။ နေဟမိ ၅ ထဲ၌ တွေ့ရသည့် လူတို့၏ အခက်အခဲနှင့် မြည်တမ်းခြင်းသည် ခေတ်အဆက်ဆက် လူတို့ ကြုံတွေ့ရသော အရာဖြစ်ပါသည်။ များစွာသောအမှု၌ စည်းလုံးခြင်း ရှိလျက်ပင်၊ ကိုယ်ကျိုးရှာခြင်းက စိတ်ဝမ်းကွဲမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။ မိမိသည် ကိုယ်ကျိုးရှာသောသူ ဖြစ်မဖြစ်ကိုပင် မသိဘဲ ရှိနိုင်ပါသည်။ ကိုယ်အကျိုး စီးပွားရှာလျက် အချင်းချင်း ခေါင်းပုံဖြတ်မှု၊ အမြတ်ထုတ်မှု၊ လှည့်စားခြင်းနှင့် ပြည့်နှက်နေသော ဤကမ္ဘာလောကကြီးထဲ၌ ဘုရားသခင်၏သားသမီးဖြစ်သော ကျွန်တော်တို့သည်လည်း ညီအစ်ကိုအပေါ် သနားကြင်နာခြင်း မရှိ၊ ပေးကမ်းခြင်း မပြုဘဲ နေနိုင်ပါသည်။

<u>ကိုယ်အလိုအလျောက် ဆင်ခြင်ပြီးမှ၊ မှူးမတ်နှင့် မင်းအရာရှိတို့ကိုခေါ်၍ . . . ဆုံးမသဖြင့်</u> (နေဟမိ ၅း၆-၇)။ နေဟမိ ပြုသောအမှုသည် နှစ်သက်စရာ မကောင်းသောအမှု ဖြစ်ပါသည်။ သမ္မာလတ်နှင့် အပေါင်းအပါတို့၏ ဆန့်ကျင်မှုကြား၌ ဦးဆောင်မှုကို ပြုစဉ် နေဟမိသည်၊ "မှူးမတ်၊ မင်းအရာရှိ၊ ကြွင်းသောသူတို့အား ခေါ်၍ . . . ထာဝရဘုရားကို အောက်မေ့" (နေဟမိ ၄း၁၄) ဖို့ရန် တိုက်တွန်း နိုးဆော်ခြင်းကိုလျက် "အလုပ်သည် ကြီးကျယ်လှ၏။ မြို့ရိုးပေါ်မှာ တယောက်တခြားစီသူနှင့် ငါဝေးဝေးလုပ်ရ" (နေဟမိ ၄း၁၉) သောကြောင့်၊ စည်းလုံးစွာ အလုပ်လုပ်ကြဖို့ရန်လည်း အားပေး ပြင်ဆင်ခဲ့ပါသည်။ ထိုအခါ၊ အလွန် ဒေါသထွက်စရာကောင်းသော သတင်းကို နေဟမိ ကြားလျက် (နေဟမိ ၅း၆)၊ မှူးမတ်များနှင့် မင်းအရာရှိများကို ခေါ်ဖို့ လိုအပ်လာခဲ့ပါသည်။ တိုက်တွန်း နိုးဆော်ဖို့ရန် မဟုတ်ဘဲ၊ ဆုံးမဖို့ရန် ဖြစ်ပါသည်။ ဤသည်ကား၊ ကိုယ်ကျိုးရှာခြင်း၏ ရလဒ် ပင်ဖြစ်ပါသည်။ သူတို့သည် မြို့ရိုးတည်ဆောက်ခြင်းအမှု၌ အတူတူဆောင်ရွက်လျက်၊ ရန်သူကို အတူတကွ တိုက်လှန် နှင်ထုတ်ခဲ့ကြသော်လည်း၊ ပြန်သွားကြသောအခါ ဘုရားသခင်၏အမှုတော် အတူတကွ ထမ်းရွက်သော ညီအစ်ကိုတို့အား ညှဉ်းဆဲလျက် အတိုးစားတတ်ကြပါသည်။ ထို့ကြောင့်၊ "နေအောက်မှာ ပြုသမျှသော ညှဉ်းဆဲခြင်းတို့ကို ငါထပ်၍ ဆင်ခြင်၏ . . . သို့ဖြစ်၍ သေလွန်ပြီးသော လူသေသည် အသက်ရှင်သေးသော လူရှင်ထက် သာ၍ မင်္ဂလာ ရှိသည်ဟု" (ဒေ ၄း၁-၂) ရှောလမုန် ဆိုခြင်းသည် အံ့ဩစရာ မရှိပါ။ နိုင်ငံ၌ ချစားခြင်းအမှုကို ပြုသောသူသည် နိုင်ငံရေးသမားများသာလျှင် မဟုတ်၊ အလွန် ကြီးမြတ်လှသော ဘုရားသခင်၏အမှုတော် ဆောင်ရွက်သောသူများလည်း ပါဝင် ခဲ့ကြပါသည်။ ချေးငှားခြင်းအမှုကို (လိုအပ်သောသူ၊ ဆင်းရဲသားများကို ထောက်ပံ့ဖို့ရန် ဖြစ်သော်လည်း၊ ထိုသို့ မဟုတ်ဘဲ) ချေးငှားသောသူ ပို၍ချမ်းသာကြွယ်ဝဖို့ရန် အသုံးချခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - မိမိကိုယ်ကျိုးကိုသာ ရှာခြင်းသည် ရိုးသားသောသူကိုပင် ဖျက်ဆီးတတ်၏။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်ကျိုး မရှာဘဲ အမှုတော်ကို ဆောင်ရွက်မည်အကြောင်း အကျွန်ုပ်အား ရောင့်ရဲခြင်းနှင့် ဉာဏ်ပညာ ပေးသနားတော်မူပါ။



စနေ၊ ဖေဖော်ဝါရီ (၂၈)
**နေဟမိ ၇း၄၆-၆၀**
ဇေ ၂း၄၂-၅၈

*"ဆင်းရဲသောသူဘက်၌ မငဲ့ကွက်၊ ကြီးသော သူ၏ မျက်နှာကို မထောက်ဘဲ"*

## အမှုတော်အတွက် ယုံကြည်ကိုးစားရာ ကွယ်ကာစောင့်ရှောက်ခြင်း (၃)

နေဟမိမှတ်စာနှင့် ဧဇရမှတ်စာထဲတွင် ဖော်ပြသော နာမည်စာရင်းထဲမှ တတိယ အုပ်စုသည် လူတို့ သတိမထား၊ မေ့လျော့တတ်သော သူများဖြစ်ကြပါသည်။ လောကီလူသားတို့သည် အလုပ်ကြမ်းကို တန်ဖိုးမထား၊ အလေးမထားတတ်ကြပါ။ ထို့ကြောင့်၊ ချွေးထွက်လျက် လုပ်ဆောင်ရသောအမှု၊ အလေးမခြင်း အလုပ်တို့ကို လုပ်ကိုင်သောသူတို့အား အလေးမထား၊ တန်ဖိုးမထားကြပါ။ သို့သော်လည်း ဘုရားသခင်သည် ထိုသို့ မြင်တော်မမူ။ မိမိ၏သားသမီးအားလုံးကို သိတော်မူလျက်၊ သတိရတော်မူပြီး၊ အစဉ် အောက်မေ့တော်မူ၏။

<u>ဘုရား ကျွန်ခံသူ . . .</u> (နေဟမိ ၇း၄၆)။ ဘုရား ကျွန်ခံသူဟု ဖော်ပြခြင်းခံရသော သူတို့သည် ဗိမာန်တော်၌ အမှုပြုသော လေဝိအမျိုးသားတို့ကို အကူအညီပေးဖို့ရန် ရွေးချယ်ခြင်းခံရသောသူများဖြစ်ကြပါသည်။ သူတို့သည် ဗိမာန်တော်၏အမှု၌ အလုပ်ကြမ်းဟု သတ်မှတ်သော၊ သစ်ခွဲခြင်းနှင့် ရေခပ်ခြင်းအမှုတို့ကို ဆောင်ရွက်ကြပါသည်။ သူတို့သည်လည်း ဒါဝိဒ် အုပ်စိုးစဉ် ခန့်ထားခြင်းခံရသောသူ၊ ၅ ရာ ၉း၂ ထဲတွင်၊ ယဇ်ပုရောဟိတ်များ၊ လေဝိအမျိုးသားများနှင့်တကွ ဖော်ပြခြင်းခံရသောသူများဖြစ်ကြပါသည်။ သူတို့သည် ဧဇရ ၇း၇၊ ၂၄ တွင် တွေ့ရသော၊ ယေရုရှလင်မြို့သို့ ဧဇရ ရောက်ရှိလာ သောအချိန်၌ ဖော်ပြခြင်းခံရသော ယဇ်ပုရောဟိတ်များ၊ လေဝိအမျိုးသားများနှင့်တကွ ဖော်ပြခြင်း ခံခဲ့ကြပါသည်။ ဧဇရက၊ သူတို့အား၊ "လေဝိသားတို့ အမှုကို ဆောင်ရွက်စေခြင်းငှါ၊ ဒါဝိဒ်နှင့် မှူးတော် မတ်တော် ခန့်ထားသော ဘုရား ကျွန်များ" (ဧဇ ၈း၂၀) ဟု ဖော်ပြခဲ့ပါသည်။

ယောရှုမှတ်စာ အခန်းကြီး ၉ ထဲ၌ တွေ့ရသော ဂိဗောင်မြို့သားတို့သည် ယောရှုအား လှည့်စားလျက် ငြိမ်းချမ်းရေး ပြုခဲ့ကြ၏။ ထို့ကြောင့်၊ သူတို့သည် တသက်လုံး အလုပ်ကြမ်းလုပ်ဖို့ရန် ကျွန်အဖြစ် ပြစ်ဒဏ်ပေးခြင်း ခံရခဲ့ကြ၏ (ယောရှု ၉း၂၁)။ သို့သော်လည်း၊ ဘုရားသခင်သည် ယောရှုနှင့် ဣသရေလလူတို့အား မစတော်မူလျက်၊ ဂိဗောင်မြို့ကို တိုက်ခိုက်ဖို့ရန်လာသော ရန်သူများအပေါ် အောင်မြင်မှု ပေးတော်မူခဲ့ပါသည် (ယောရှု ၁၀)။ ၂ ရာ ၂၁း၁-၉ ထဲတွင် ဖော်ပြခဲ့သည့်အတိုင်း၊ သူတို့သည် ရှောလု၏ သတ်ဖြတ်ခြင်းကို ခံခဲ့ကြသော်လည်း၊ ဘုရားသခင်၏ သစ္စာရှိခြင်းနှင့် တရားမျှတမှုကို ခံစားခဲ့ကြပါသည်။ ထိုနည်းတူ၊ ဘုရား ကျွန်ခံသူတို့သည် လောကီလူသားများအမြင်၌ အလုပ်ကြမ်းကို လုပ်သော၊ နိမ့်ကျသော သူများဟု သတ်မှတ်ခြင်း ခံရကြသော်လည်း၊ ဧဇရမှတ်စာ၌ တွေ့ရသော နာမည်စာရင်းနှင့် နေဟမိမှတ်စာ၌ တွေ့ရသော နာမည်စာရင်းထဲတွင်၊ ဘုရားသခင်၏လူတို့နှင့်အတူ ဖော်ပြခြင်း ခံရခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - (ဝတ် ၁၉း၁၅ နှင့် တမန် ၁၀း၃၄-၃၅ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** အို အဖဘုရား၊ မျက်နှာသာပေးခြင်း မပြုမည်အကြောင်း မစတော်မူပါ။

သောကြာ၊ ဖေဖော်ဝါရီ (၂၇)
**နေဟမိ ၇း၃၉-၆၅**
ဇေ ၂း၃၆-၄၂

*“ခပ်သိမ်းသောအမှုကို တင့်တယ်လျောက်ပတ်စွာ အစဉ်အတိုင်း စီရင်ကြလော့”*

## အမှုတော်အတွက် ယုံကြည်ကိုးစားရာ ကွယ်ကာစောင့်ရှောက်ခြင်း (၂)

နေဟမိမှတ်စာနှင့် ဧဇရမှတ်စာတို့၌တွေ့ရသော နာမည်စာရင်းတို့သည် ဘုရားသခင်၏ တိကျမှုနှင့် ထူးခြားမှုကို ဖော်ပြလျက်ရှိပါသည်။ ဘုရားသခင်သည် မိမိလူတို့ကို သိတော်မူလျက် ဂရုစိုက်တော်မူသည်သာမက၊ သူတို့အတွက် နည်းဥပဒေနှင့် စံနှုန်းကို ဖော်ပြတော်မူ၏။ တောလည်ရာကျမ်း၌ တွေ့ရသော ပထမ စာရင်းတွင် လေဝိအမျိုးသားများအား ဣသရေလအမျိုးသားတို့တွင် ရေတွက်ခြင်း မရှိဘဲ (တော ၁း၄၇)၊ ထူးခြားစွာကို ဖော်ပြခဲ့ပါသည်။ တောလည်ရာကျမ်းထဲတွင်၊ စစ်တိုက်ဖို့အတွက် ဘုရားသခင်အသုံးပြုနိုင်သော လူများကို ရေတွက်ခြင်းဖြစ်ပါသည်။ လေဝိအမျိုးသားတို့သည် ဘုရားသခင်၏ ပညတ်ချက်အတိုင်း၊ ဘုရားသခင်၏အိမ်တော်၌ အမှုဆောင်ရွက်ဖို့ရန် ဆက်ကပ်ထားသောသူများဖြစ်ကြသောကြောင့်၊ စစ်တိုက်ဖို့ရန် ရေတွက်ဝင်ခြင်း၌ မပါဝင်ခြင်းဖြစ်ပါသည်။

<u>ယဇ်ပုရောဟိတ် . . . လေဝိသား . . . သီချင်းသည် . . . တံခါးစောင့်</u> (နေဟမိ ၇း၃၉-၄၄)။ ဣသရေလအမျိုးသားများ နာမည်စာရင်းကို မိသားစု အမျိုးအလိုက် ဖော်ပြပြီးမှ၊ ဘုရားသခင်၏အိမ်တော်၌ အမှုတော်ဆောင်သည့် အမျိုးသားများကို မိသားစု အလိုက် ဖော်ပြခဲ့ပါသည်။ ဘုရားသခင်သည် ဣသရေလလူတို့အား ပြန်သွားဖို့ရန် နှိုးဆော်တော်မူသည်နှင့်အညီ၊ ပညတ်တော်ထဲ၌ ဖော်ပြခဲ့သည်အတိုင်း ဝတ်ပြုကိုးကွယ်ခြင်းနှင့်ဆိုင်သော၊ ဝိညာဉ်ရေးရာအမှုများကို ဆောင်ရွက်မည့် သူများကိုလည်း ယေရုရှလင်မြို့သို့ ပြန်သွားစေတော်မူ၏။ ကျွန်ခံရာပြည်မှ ယေရုရှလင်မြို့သို့ ပြန်သွားကြသောအခါ၊ “ဣသရေလ အမျိုးသားတို့၏ နာမည်များကို မိမိနှလုံးပေါ်မှာ ဆောင်လျက်” (ထွက် ၂၈း၂၉)၊ “သန့်ရှင်းရာအရပ်၌အမှုတော်” (ထွက် ၂၈း၂၉၊ ၃၅၊ ၄၃၊ ၃၉း၄၁) ၌၊ ဘုရားသခင်ရှေ့မှာ အမှုတော်ဆောင်မည့် “ယဇ်ပုရောဟိတ်များ” (ထွက် ၂၈း၁၊ ၃၊ ၄၊ ၄၁၊ ၂၉း၁၊ ၄၄၊ ၃၀း၃၀) လည်း ပြန်သွားခဲ့ကြပါသည်။ ယဇ်ပုရောဟိတ်များ အပြင်၊ ဗိမာန်တော်နှင့် တန်ဆာပလာများကို စောင့်ရှောက်ထိန်းသိမ်းဖို့ရန် (တော ၁း၅၀-၅၃)၊ ယဇ်ပုရောဟိတ်များ၏အမှုကို ဆောင်ရွက်ဖို့ရန် (တော ၃း၉) နှင့် ပညတ်တရားကို သွန်သင်ဖို့ရန် (တရား ၃၃း၈-၁၀)၊ တာဝန်ပေးထားသော လေဝိသားများလည်း ပါဝင်ကြပါသည်။ ဒါဝိဒ်သည် ဗိမာန်တော်၏ ဝတ်ပြုကိုးကွယ်ခြင်းအမှု စီစဉ်တော်မူသောအချိန်၌ လေဝိသားများထဲမှ “သီးချင်းဆိုသောသူများ” (၁ ရာ ၉း၃၃-၃၄) ကို ရွေးချယ်ခဲ့ပါသည်။ ထိုနည်းတူ၊ တံခါးစောင့်အဖြစ် ဒါဝိဒ်သည် လေဝိအမျိုးသားများထဲမှ “တံခါးစောင့်” (၁ ရာ ၉း၂၁-၃၂) ကို တာဝန်ပေးခဲ့ပါသည်။ “ထိုသို့ စောင့်ရ၍ နံနက်တိုင်း တံခါးကို ဖွင့်ရသောကြောင့်၊ ဘုရားသခင်၏အိမ်တော် ပတ်လည်၌ အိပ်ရကြ၏။” ယေရုရှလင်မြို့ ပြန်လည် တည်ထောင်သည်သာမက၊ ပြည်သူတို့၏ ယုံကြည်ခြင်းကို တည်ဆောက်လျက်၊ ဘုရားသခင်နှင့် မိသာဟာရဖွဲ့ခြင်းကို တည်မြဲစေခဲ့ပါသည်။ ထို့ကြောင့်၊ ဘုရားသခင်သည် ပြန်လာခဲ့ကြသော ဣသရေလလူတို့သည် ဗာဗုလုန်သို့ ခေါ်ဆောင်ခြင်း မခံကြမီ ပေးတော်မူခဲ့သော ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ နည်းလမ်းများအတိုင်း ပြုလျက်၊ အသစ်သော နည်းလမ်း မထွင်ကြမည်အကြောင်း သတိပေးခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - (၁ ကော ၁၄း၃၃ နှင့် ၄၀ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်အတိုင်း အမှုတော် ဆောင်မည်အကြောင်း မစတော်မူပါ။



ဗုဒ္ဓဟူး၊ ဖေဖော်ဝါရီ (၄)
**နေဟမိ ၅း၆-၁၃**
၁ တိ ၅း၁၇-၂၅

*“ကြွင်းသောသူတို့သည် ကြောက်စေခြင်းငှါ အပြစ်ရှိသောသူကို လူအပေါင်းတို့ရှေ့မှာ အပြစ်တင်၍ ဆုံးမလော့”*

## အမှုတော်၌ အဆီးအတားများနှင့် စိတ်ခေါ်မှုများ (၄)

ဘုရားသခင်၏လူများ အကြား၌ အသက်တာနှစ်မျိုးဖြင့် နေထိုင်သောသူ ရှိနိုင်ပါသည်။ ဘုရားသခင်၏အမှုတော် ဆောင်ရွက်ခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်း၌ ပါဝင်သောအချိန်နှင့် အပြင်လောက၊ ပုံမှန် နေပုံထိုင်ပုံသည် အလွန်ခြားနားလှပါသည်။ ထိုအချက်ကို မည်သို့ ကိုင်တွယ်ဖြေရှင်းရမည်နည်း။ အလွန် အန္တရာယ်များလှသော အမှုဖြစ်ပါသည်။ ထိုသို့သောသူကို လျစ်လျူရှု ခဲ့ပါလျှင်၊ အမှားကို အားပေးသလိုဖြစ်၍၊ အမှားပြုခွင့် ပေးသလို ဖြစ်သွားပါလိမ့်မည်။ ထိုနည်းတူ၊ မှားယွင်းမှုကို ဖြေရှင်း ဆုံးမခြင်းသည် ခရစ်ယာန်အသက်တာအတွက် လိုအပ်သော ဘုရားသခင်၏ စံနှုန်းကို အသက်သွင်းရာ ရောက်ပါသည်။ မြို့ရိုးတည်ဆောက်ခြင်း ဆောင်ရွက်နေစဉ် နေဟမိထံ ရောက်ရှိလာသော၊ ကိုင်တွယ် ဖြေရှင်းဖို့လိုအပ်သော အမှုသည် အလွန်အရေးကြီးသော အမှုဖြစ်ပါသည်။

<u>သူတို့ တဘက်၌ လူအများတို့ကို စုဝေးစေလျက်</u> (နေဟမိ ၅း၇)။ နေဟမိ ပြုသောအမှုသည် မှန်ကန်သော အမှုဖြစ်ပါသည်။ မြို့ရိုး ပြီးစီးတည်ဆောက်ခြင်းကို ဦးစားပေးဖို့ရန်၊ ထိုအမှုကို ခဏ မဖြေရှင်းဘဲ နေဟမိ ရွှေ့ထားခြင်း မပြုခဲ့ပါ။ “သင်တို့သည် အမျိုးသားချင်းတို့၌ အတိုး စားတတ်ကြသည်တကားဟု ဆုံးမသဖြင့်၊ သူတို့ တဘက်၌ လူအများတို့ကို စုဝေးစေ” ခဲ့ပါသည်။ တဘက်၌ စုဝေးသောသူတို့တွင်၊ ညှဉ်းဆဲခံရသောသူနှင့် အပြစ်ကျူးလွန်ခြင်း မပြုသောသူများ ပါဝင်ကြပါလိမ့်မည်။ ထိုအမှုကို လူထုရှေ့၌ ရှုတ်ချဖို့ လိုအပ်ပါသည်။ အကြောင်းမှာ ထိုအမှုကို ကျူးလွန်ခဲ့သောသူများသည် နေဟမိနှင့်အတူ အလုပ်လုပ်ခဲ့သောသူများဖြစ်ကြ၏။ ထို့ကြောင့်၊ အပြစ် ကျူးလွန်သောသူကို သေချာ စစ်ဆေးလျက်၊ တရားမျှတစွာ ဆုံးဖြတ်ချက်ချဖို့လိုပါသည်။ “ကြွင်းသောသူတို့သည် ကြောက်စေခြင်းငှါ အပြစ်ရှိသောသူတို့ကို” (၁ တိ ၅း၂၀) လူအပေါင်းရှေ့မှာ အပြစ်တင် ဆုံးမဖို့ လိုပါ၏။

<u>သင်တို့သည် . . . ဟု ဆိုလျှင်</u> (နေဟမိ ၅း၈)။ လူထုရှေ့၌ နေဟမိသည် သူတို့၏ မှားယွင်းမှုနှင့် ဆိုးကျိုးကို ဖော်ထုတ်ခဲ့ပါသည်။ သူတို့ပြုခဲ့သောအမှု (အတိုး စားခြင်းနှင့် ရောင်းစားခြင်း) နှင့် မိမိကိုယ်တိုင်နှင့် အပေါင်းအပါများ ပြုသောအမှု (တတ်နိုင်သမျှ အတိုင်း ရွေးနှုတ်ခြင်း) ၏ ဆန့်ကျင်မှုကို နေဟမိ ဖော်ပြခဲ့ပါသည်။ ညီအစ်ကို ယုဒလူချင်းအား ကျွန်အဖြစ် ရောင်းစားခြင်းသည် ကျွန်အဖြစ်မှ ရွေးနှုတ်ခြင်းနှင့် လုံးဝ ကိုက်ညီမှု မရှိပါ။ ရောင်းစားခြင်းသည် ဘုရားသခင်ကို ဆန့်ကျင်သောအမှုဖြစ်၍ (ဝတ် ၂၅း၄၂)၊ လုံးဝ မှားယွင်းသောအမှု ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - လောကီသဏ္ဍာန် ဆောင်ခြင်းသည် လက်တွေ့ လွန်ကျူးခြင်းသို့ ခေါ်ဆောင်တတ်ပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ ခရစ်တော်၏ သဏ္ဍာန်တော်ကို ဆောင်လျက်၊ ချစ်ခြင်းမေတ္တာ၌ ကျင်လည်မည်အကြောင်း ဉာဏ်ပညာ ပေးသနားတော်မူပါ။

*"ထိုအမှုကြောင့် ဘုရားသခင်၏
အမျက်တော်သည် ငြင်းဆန်တတ်သော
သူတို့အပေါ်သို့ သင့်ရောက်ပေ၏"*

## အမှုတော်၌ အဆီးအတားများနှင့် စိတ်ခေါ်မှုများ (၅)

ဘုရားသခင်၏သားသမီးဖြစ်သော ကျွန်တော်တို့သည် ဤလောက၌ ကျွန်ုပ်တို့၏အကျင့်နှင့် ရွေးချယ်မှု၌ အထူးသတိပြုဖို့ လိုအပ်ပါသည်။ လူအများစု ပြုသော၊ လောကီလူသားများ လက်ခံသောအရာပင်လျှင် ဘုရားသခင်၏နှုတ်ကပတ်တော်အရ မှားယွင်းသောအရာ၊ အပြစ် ဖြစ်နိုင်ပါ၏။ မိမိအမျိုးသားချင်း ယုဒလူကို ရောင်းစားခြင်း မပြုရန် ဘုရားသခင် နှုတ်ကပတ်တော်က တားမြစ်ခဲ့ပါသည်၊ "အစေခံကျွန် ဖြစ်စေခြင်းငှါ၊ မရောင်းရ" (ဝတ် ၂၅း၄၂)။ နေဟမိက မိမိ၏အသက်တာအားဖြင့်၊ လူတဦးသည် လောကီသဏ္ဍာန် မဆောင်ဘဲ နေနိုင်ကြောင်း သက်သေ ပြခဲ့ပါသည်။ ဘုရားသခင်၏အမှုတော်ကို ဆောင်ရင်း၊ ထိုဘုရားသခင် ဆန့်ကျင်သောအမှုကိုလည်း ကျူးလွန်ခြင်းသည် လုံးဝ အဓိပ္ပါယ် မရှိသောအရာဖြစ်ပါသည်။

<u>ဘုရားသခင်ကို ကြောက်ရွံ့သော စိတ်နှင့် သင်တို့ ကျင့်သင့်သည် မဟုတ်လော</u> (နေဟမိ ၅း၉)။ မတူညီ ခြားနားခြင်းသည် အခြေခံ စံနှုန်းပေါ်၌ တည်မှီသောအရာဖြစ်ပါသည်။ ကြုံတွေ့ရင်ဆိုင်သော အခက်အခဲကို မည်သို့ ချဉ်းကပ်ရမည်အကြောင်း အခြေခံ စံနှုန်းကို နေဟမိက မေးခွန်း အားဖြင့် ဖော်ပြခဲ့ပါသည်။ နေဟမိနှင့် အပေါင်းအပါတို့သည် ဘုရားသခင်၏နှုတ်ကပတ်တရားတော်အတိုင်း နေထိုင်ခြင်း၊ ဘုရားသခင် နှစ်သက်သော အသက်တာကို ရွေးချယ်ခဲ့ကြ၏။ ထို့အကျင့်သည် လောကီလူသားများအဖို့ သင့်တော်သောအကျင့် မဟုတ်သော်လည်း၊ ဘုရားသခင် နှစ်သက်သော အသက်တာဖြစ်ပါသည်။ လူထု ရှေ့၌ အပြစ်တင်ခြင်း ခံခဲ့သော မှူးမတ်များနှင့် မင်းများတို့သည် လောကီလူများကဲ့သို့ နေထိုင် ကျင့်ကြံခဲ့ပါသည်။ ထိုအခါ ညီအစ်ကိုများ အပေါ် အပြစ် ကျူးလွန်ခဲ့ကြပြီး၊ ဘုရားသခင်၏အမျက်တော်အောက်သို့ ရောက်ခဲ့ကြပါသည်။ ကျွန်ုပ်တို့၏ ရွေးချယ်မှုက ကျွန်ုပ်တို့၏ အကျင့်နှင့် နေထိုင်ပုံကို များစွာ လွှမ်းမိုး ထားပါသည်။ ထို့ကြောင့်၊ ယုံကြည်သူများအား၊ "သင်တို့သည် ဘုရားသခင်၏ ချစ်သားဖြစ်ကြသည်နှင့်အညီ၊ ဘုရားသခင် ကျင့်တော်မူသည်နည်းတူ ကျင့်ကြလော့ . . . မေတ္တာတရား၌ ကျင်လည်ကြလော့" (ဧဖက် ၅း၁-၂) ဟု တိုက်တွန်းထားပါသည်။ ကျွန်ုပ်တို့၏ အကျင့်သည် ကျွန်ုပ်တို့ ရွေးချယ်မှု ရလဒ်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ကျွန်ုပ်တို့ အကျင့်က ကျွန်ုပ်တို့ ရွေးချယ်သော အခြေခံ၊ စိတ်သဘော စံနှုန်းကို ပြသလျက် ရှိပါသည်။ "ညီအစ်ကိုတို့၊ ငါတို့သည် ဇာတိပကတိ အတိုင်း ကျင့်ရမည်အကြောင်း၊ ဇာတိပကတိ၏ကျွန်ဖြစ်ကြသည် မဟုတ်။ သင်တို့သည် ဇာတိပကတိ အတိုင်း အသက်ရှင်လျှင် သေရကြမည်။ ဝိညာဉ်တော်အားဖြင့် ကိုယ်ကာယ၏အကျင့်တို့ကို သေစေလျှင် အသက်ရှင်ကြလိမ့်မည်" (ရောမ ၈း၁၂-၁၃) ဟု ပေါလု သတိပေးခဲ့ပါသည်။ ကျွန်တော်တို့သည် လောကီအကျင့်ကို မလိုက်ဘဲ၊ ဘုရားသခင်အား နာခံလျက် နှုတ်ကပတ်တော်အတိုင်း ကျင့်ကြံရပါမည်။ ဘုရားသခင်ကို ကြောက်ရွံ့သော စိတ်သဘောဖြင့် နေထိုင်ကျင့်ကြံကြရပါမည်။

**ဆင်ခြင်ရန်** - နောင်တ မရမည်အကြောင်း၊ ဘုရားသခင်၏စကားကို နာခံလျက်၊ ဝမ်းမြောက်စွာ အသက်ရှင် ပါလော့။
**ဆုတောင်းချက်-** အဖဘုရား၊ နေ့စဉ် ဘဝအသက်တာ၌ ကိုယ်တော်၏စကားကို နာခံမည်အကြောင်း မစတော်မူပါ။





*"သင်တို့ဆံပင်သည်လည်း အကုန်အစင် ရေတွက်လျက်ရှိ၏"*

## အမှုတော်အတွက် ယုံကြည်ကိုးစားရာ ကွယ်ကာစောင့်ရှောက်ခြင်း (၁)

ဘုရားသခင်သည် မိမိလူတို့ကို ဂရုစိုက်တော်မူကြောင်း သမ္မာကျမ်းစာထဲ၌ ရှင်းလင်းစွာ ဖော်ပြခဲ့ပါသည်။ အဲဂုတ္တုပြည်မှ လွတ်မြောက်လာကြစဉ်၊ နှစ်ကြိမ် လူဦးရေ ရေတွက်ခြင်း ရှိခဲ့ပြီး၊ ပထမအကြိမ်ကို လွတ်မြောက်ပြီး ဒုတိယနှစ်၌ ဖြစ်ပွားခဲ့၍ (တော ၁)၊ ဒုတိယအကြိမ်ကို သုံးဆယ့်ရှစ်နှစ်မြောက်၌ ဖြစ်ပွားခဲ့ပါသည် (တော ၂၆)။

<u>အမျိုးသား . . .</u> (နေဟမိ ၇း၈-၃၈)။ နေဟမိ အခန်းကြီး ၇ ထဲတွင်၊ လူဦးရေ ရေတွက်ခြင်းကို မိသားစု အမျိုးအလိုက်၊ "အမျိုးသား" ဟူသောအသုံးအနှုန်းဖြင့် ရေတွက် ဖော်ပြခဲ့ပါသည်။ ဤရေတွက်ခြင်း ပုံစံသည် တောလည်ရာကျမ်းထဲမှ မိသားစု၊ အမျိုးအလိုက် ရေတွက်ခြင်းနှင့် တူညီမှုရှိပါသည် (တော ၁း၂၀-၄၃)။ ဤ အမျိုးသားဟူသော စကားစုကို နေဟမိ ၇ ထဲတွင်၊ အကြိမ် ၅၀ ထက် မနည်း တွေ့ရပါသည်။ ထိုအမျိုးသားတို့သည် သူတို့၏အကျိုးအတွက် ယေရုရှလင်မြို့သို့ ခရီးထွက်ခဲ့ပြီး (နေဟမိ ၂း၁၀)၊ နေဟမိ ဆုတောင်းပေး ခဲ့သော "ဣသရေလအမျိုးသားများ" (နေဟမိ ၁း၆) ကို ဆိုလိုခြင်းဖြစ်ပါလိမ့်မည်။ ထိုစာရင်းတွင်၊ မိသားစု အမျိုး နာမည်နှင့် သူတို့၏ အရေအတွက်ကို ဧဇရ အခန်းကြီး ၂ ထဲကအတိုင်း ဖော်ပြခဲ့ပါသည်။ ဤစာရင်းသည် နှစ်ပေါင်း ၇၀ ကျော် ပျက်စီးခဲ့ပြီဖြစ်သော ယေရုရှလင်မြို့သို့ ပြန်လည် နေထိုင်စဉ် မိမိအား ယုံကြည်ကိုးစားခဲ့သော သူများကို ကွယ်ကာစောင့်ရှောက်တော်မူသော ဘုရားသခင်၏ သစ္စာရှိတော်မူခြင်း သက်သေတခုဖြစ်ပါသည်။ ဘုရားသခင်သည် လမ်းခရီး၌ သူတို့ကို စောင့်ရှောက်၍၊ ယေရုရှလင်သို့ ကျန်းမာစွာ ခေါ်ဆောင်ခဲ့သည်သာမက၊ အခက်အခဲနှင့် စိန်ခေါ်မှုများအကြား၌ သူတို့ကို ကွယ်ကာတော်မူခဲ့၏။ သူတို့ကို သစ္စာရှိစွာ ဘုရားသခင် စောင့်ရှောက်ကွယ်ကာသည်သာမက၊ လူဦးရေ ကြီးထွားစေတော်မူခဲ့ပါသည်။ ထိုလူဦးရေ များပြားလာခြင်းကို ဧဇရ၏ ဖော်ပြချက်နှင့် နေဟမိ၏ ဖော်ပြချက် ခြားနားမှုတွင် တွေ့နိုင်ပါသည်။ အချို့ အမျိုးတွင် လူဦးရေ လျော့နည်းလာသည်ကို တွေ့ရသော်လည်း၊ လုံးဝ ပျောက်ကွယ် မသွားခဲ့ပါ။ ဥပမာအားဖြင့်၊ "ဇတ္တု အမျိုးသား" (နေဟမိ ၇း၁၃) အရေအတွက်သည် ဧဇရ ဖော်ပြချက်တွင် ၉၄၅ ယောက် (ဧဇ ၂း၈) ဖြစ်ခဲ့ပြီး၊ ယခု နေဟမိ ဖော်ပြချက်တွင်၊ အယောက် ၁၀၀ လျော့ခဲ့ပါသည်။ ထိုနည်းတူ၊ အရေအတွက် တိုးပွားလာသည့် အမျိုးများ ရှိပါသည်။ ဥပမာအားဖြင့်၊ "အာဇဂဒ် အမျိုးသား" (နေဟမိ ၇း၁၇) တို့သည် ဧဇရ ဖော်ပြချက်တွင် ၁၂၂၂ ယောက်ဖြစ်၍ (ဧဇ ၂း၁၂)၊ ယခု နေဟမိ ဖော်ပြချက်တွင် ၂၃၂၂ ယောက် ဖြစ်ပါသည်။ ထိုသို့ လျော့ရခြင်းနှင့် တိုးပွားရခြင်း အကြောင်းရင်းကို ရှင်းလင်းစွာ ဖော်ပြထားခြင်း မရှိပါ။ စာရင်းအရ သေချာသည်မှာ၊ ဘုရားသခင်သည် မိမိလူတို့ကို ဂရုစိုက်တော်မူ၏။ ဘုရားသခင်က သူတို့ကို သိတော်မူ၏၊ လမ်းပြ ပြုစု စောင့်ရှောက်တော်မူလျက် မိမိ၏ဘုန်းတော်အတွက် အသုံးပြုခဲ့ပါသည်။ ဤစာရင်းက မိမိ၏လူတို့ကို ဘုရားသခင် လမ်းပြ ကွယ်ကာ ပြုစု စောင့်ရှောက်တော်မူကြောင်း ရှင်းလင်းစွာ ဖော်ပြလျက်ရှိ၏။

**ဆင်ခြင်ရန်** - (မသဲ ၁၀း၂၈-၃၁ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** (ယောဘ ၄၂း၁-၆ ကို အသုံးပြုပါ)။

ဗုဒ္ဓဟူး၊ ဖေဖော်ဝါရီ (၂၅)
**နေဟမိ ၇း၅-၇**
ဇေ ၂း၁-၂

*"အဆွေအမျိုးအလိုက် စာရင်းယူခြင်းငှါ စုဝေးစေမည်"*

## အောင်မြင်သော အမှုတော်အတွက် အသိအမြင် (၁၃)

နေဟမိမှတ်စာထဲ၌ ယခု တွေ့ရသော နာမည်စာရင်းသည် ဒုတိယအကြိမ်ဖြစ်ပါသည်။ ပထမအကြိမ် နာမည်စာရင်းကို နေဟမိ အခန်းကြီး ၃ ထဲတွင် တွေ့ရပြီး၊ သူတို့သည် ဘုရားသခင်၏ လက်တော်ကို ယုံကြည်ကိုးစားလျက် အလုပ်လုပ်ဖို့ရန် ထခဲ့သောသူများဖြစ်ပါသည်။ ယခု ဒုတိယ နာမည်စာရင်းသည် ဗာဗုလုန် ကျွန်ခံရာမှ ယေရုရှလင်သို့ ပြန်လာသောသူများဖြစ်ကြပါသည်။ ယေရုရှလင် ပြန်လည်တည်ဆောက်ဖို့ဖြစ်ဖြစ်၊ ယေရုရှလင်သို့ ပြန်လာခြင်းဖြစ်ဖြစ်၊ နှစ်ခုစလုံးသည် ဘုရားသခင်၏ အစီအစဉ်ကို ပြည့်စုံစေဖို့ရန် ပြန်လာခြင်းဖြစ်ကြပါသည်။ ဘုရားသခင်၏ အလိုတော်ဖြစ်၍ လူတို့ ကယ်တင်ခြင်းအတွက် ဘုရားသခင်၏ အစီအစဉ် တခုဖြစ်ပါသည်။

<u>ငါ၏ ဘုရားသခင်သည် ငါ့စိတ်နှလုံးထဲသို့ သွင်းပေးတော်မူ၏</u> (နေဟမိ ၇း၅)။ "မြို့သည် ကျယ်ဝန်းသော်လည်း နေသောသူ နည်း" (နေဟမိ ၇း၄) သည်ဖြစ်သောကြောင့်၊ ထိုရှာဖွေခြင်းအမှုကို ပြုဖို့ရန် နေဟမိအား လမ်းပြတော်မူသောသူသည် ဘုရားသခင် ဖြစ်တော်မူ၏။ ဘုရားသခင်သည် သူ၏ စိတ်နှလုံးကို နှိုးဆွတော်မူလျက်၊ "ရှေ့ဦးစွာ ရောက်လာသော သူတို့၏ အဆွေအမျိုး စာရင်း" (နေဟမိ ၅း၆) ကို ရှာဖွေ တွေ့ရှိခဲ့ပါသည်။ မြို့ လုံခြုံမှုသည် မြို့သူမြို့သားတိုင်း၏ တာဝန်ဖြစ်ပြီး၊ ထိုမြို့ကို ထိန်းသိမ်း စောင့်ရှောက်ဖို့ နေထိုင်သောသူ များပြားဖို့လိုအပ်ပါသည်။ မြို့၌ နေထိုင်သောသူ လူဦးရေ များပြားလာခြင်း ရှိမရှိကိုမူ နေဟမိလည်း သေချာ မသိခဲ့ပါ။ သို့သော်လည်း၊ ကျွန်ခံရာမှ ယေရုရှလင်မြို့သို့ ပြန်လာသောသူများ၏ စာရင်းသည် ဘုရားသခင်က မိမိ၏ အလိုတော်နှင့် မိမိလူတို့အပေါ် မိမိ၏အစီအစဉ်ကို သစ္စာရှိစွာ ပြည့်စုံစေမည်အကြောင်း သက်သေ တခုဖြစ်ပါသည်။

<u>တဖန် ငါတွေ့သော စာရင်းတည်းဟူသော . . .</u> (နေဟမိ ၇း၆)။ "ရှင်ဘုရင်၏ စိတ်နှလုံးသည် ရေချောင်းကဲ့သို့ဖြစ်၍၊ ထာဝရဘုရား၏လက်တော်၌ ရှိသဖြင့်၊ အလိုတော် ရှိသည်အတိုင်း လှည့်စေတော်မူ၏" (သု ၂၁း၁) ဟု တွေ့ရသည်အတိုင်း၊ ထိုနာမည်စာရင်းသည် လူတို့နှင့် ရှင်ဘုရင်တို့၏စိတ်နှလုံးကို အုပ်စိုးတော်မူသော ဘုရားသခင်၏ လက်တော်၊ ပြုတော်မူသောအမှု ဖြစ်ကြောင်း သက်သေပြချက် တခုဖြစ်ပါသည်။ ပရောဖက် ယေရမိ၏ ပရောဖက်ပြုချက်အတိုင်း၊ ဘုရားသခင်သည် ရှင်ဘုရင် ကုရု၏စိတ်နှလုံးကို နှိုးဆွတော်မူလျက်၊ ယေရုရှလင်မြို့ ပြန်လည် တည်ဆောက်ဖို့ ပြန်သွားကြရန် ကြေငြာချက် ထုတ်ပြန်ခဲ့ပါသည်။ ထိုအကြောင်းကို ဧဇရ ၁း၁-၄ တွင် ဖော်ပြခဲ့ပါသည်။ ထိုသို့ ပြန်သွားကြခြင်းအကြောင်းသည်လည်း ဘုရားသခင်၏ နှိုးဆော် လမ်းပြ ကွယ်ကာခြင်း အမှုပင်ဖြစ်ပါသည်။ "ဘုရားသခင် နှိုးဆော်တော်မူသော သူအပေါင်းတို့သည်၊ ယေရုရှလင်မြို့၌ ရှိတော်မူသော ထာဝရဘုရား၏အိမ်တော်ကို တည်ဆောက်ခြင်းငှါ ထကြ၏" (ဧဇရ ၁း၅)။ မြို့၌ နေထိုင်သောသူ ယခု နည်းသော်လည်း၊ တနေ့တွင် မြို့အပြည့် နေထိုင်ကြပါလိမ့်မည် (ဇာ ၂း၄)။

**ဆင်ခြင်ရန်** - မိမိသားသမီးများကို ကွယ်ကာဖို့ရန်နှင့် မိမိအလို ပြည့်စုံစေဖို့ရန် ဘုရားသခင်သည် သစ္စာတရားနှင့်ပြည့်စုံတော်မူ၏။

**ဆုတောင်းချက်-** (၅ ရာ ၄း၁၀ ကို အသုံးပြုပါ)။



သောကြာ၊ ဖေဖော်ဝါရီ (၆)
**နေဟမိ ၅း၆-၁၃**
ဖေက် ၅း၈-၁၄

*"သခင်ဘုရား နှစ်သက်တော်မူသော အရာသည် အဘယ်အရာဖြစ်သည်ကို သင်ကြလော့"*

## အမှုတော်၌ အဆီးအတားများနှင့် စိတ်ခေါ်မှုများ (၆)

ဘုရားသခင်ကို ကြောက်ရွံ့သောသူဖြစ်လျက် ကြွယ်ဝချမ်းသာသောသူ ဖြစ်နိုင်ပါသလား။ ဘဝ အသက်ရှင်ခြင်း နည်းလမ်းအမျိုးမျိုး အသုံး မပြုလျှင် ဤလောက၌ ကြွယ်ဝချမ်းသာဖို့ မဖြစ်နိုင်ဟု ထင်မှတ်စရာရှိပါသည်။ ဘဝ တိုးတက်ကြီးပွါးဖို့ရန် မှားယွင်းသော နည်းလမ်းကို အသုံးပြုရမည်လော။ နေဟမိ ခေတ်ကာလ၌လည်း၊ ဘုရားသခင် ကြောက်ရွံ့သောသူများ၏အသက်တာ (နေဟမိကဲ့သို့) သည် မေ့လျော့ခံရပြီး၊ လောကီ နည်းလမ်းများသည် လူထုအသက်တာ၌ များစွာ တွေ့ရပါသည်။ ယနေ့၌လည်း ထိုသို့ဖြစ်လျက် ရှိ၏။ ထိုသို့ ဘုရားသခင် ကြောက်ရွံ့ခြင်း အသက်တာ လူထု ရှေ့၌ ကျော်စောခြင်း မရှိရခြင်းမှာ ဘုရားသခင်၏လူတို့သည် လူတို့ ချီးမွမ်းခြင်းကို မရှာဘဲ၊ ဘုရားသခင် အတွက် တိတ်တဆိတ် နေထိုင်ကျင့်ကြံ ကြသောကြောင့်လည်း ဖြစ်နိုင်ပါသည်။ သမ္မာကျမ်းစာ ထဲ၌ ဖော်ပြထားသော ဘဝ နေထိုင်မှု နည်းလမ်းများသည် ခေတ်အဆက်ဆက်၊ အချိန်တိုင်းအတွက် ဖြစ်သောကြောင့်၊ လက်တွေ့ အသုံးပြုရပါမည်။ ထိုသမ္မာကျမ်းစာ၏ ဘဝနည်းလမ်း အကျင့်များကို ကျွန်တော်တို့ ရွေးချယ် လိုက်လျှောက်ကြရပါမည်။

<u>အတိုးစားသော အမှုကို ပယ်ဖြတ်ကြပါလော့ . . . ယနေ့ပင် . . . သူတို့၌ ခွဲယူပြီးသော ငွေ၊ ဆန်စပါး၊ စပျစ်ရည်၊ ဆီအချို့ကိုငှင်း ပြန်ပေးကြပါလော့</u> (နေဟမိ ၅း၁၀-၁၁)။ ကျွန်တော်တို့သည် ဤလောက၌ နေထိုင်ကြသော်လည်း၊ ဤလောကက ကျွန်တော်တို့ကို ပိုင်သည် မဟုတ်။ ထို့ကြောင့် ဤလောက၏ နည်းလမ်းများကို လိုက်လျှောက်ဖို့ မလိုအပ်ပါ။ ပေါလု တိုက်တွန်းသည်အတိုင်း၊ ကျွန်တော်တို့သည် "အကျိုးမဲ့သော မှောင်မိုက်အမှုတို့နှင့် မဆက်ဆံသည် သာမက၊ ထိုအမှုတို့၏အပြစ်ကို ပြကြ" (ဖေက် ၅း၁၁) ရပါမည်။ မျှုးမတ်နှင့် မင်းအရာရှိများ၏ လုပ်ရပ်သည် ဘုရားသခင်၏ပညတ်တရားနှင့် ဆန့်ကျင်သည် သာမက၊ ရန်သူဖြစ်သော တပါးအမျိုးသားတို့၏ ကဲ့ရဲ့ခြင်းကို တိုးပွားစေမည်ဖြစ်ပါသည် (နေဟမိ ၅း၉)။ ထို့ကြောင့်၊ နေဟမိသည် စံနမူနာပြုလျက် သူတို့ကို ဆုံးမ ပြုပြင်ခဲ့ပါသည်။ "လူသည် ဤစကြဝဠာကို အကြွင်းမဲ့အစိုးရ၍ မိမိအသက်ဝိညာဉ် ရှုံးလျှင် အဘယ်ကျေးဇူး ရှိသနည်း။ မိမိအသက်ဝိညာဉ်ကို အဘယ်ဥစ္စာနှင့် ရွေးနိုင်သနည်း" (မသဲ ၁၆း၂၆) ဟု ယေရှု မိန့်တော်မူသည်အတိုင်း၊ နေဟမိကလည်း၊ လောကီစည်းစိမ်ဥစ္စာ ရရှိပြီး ထာဝရ ပျက်စီးခြင်းခံရမည်မှာ လုံးဝ ထိုက်တန်မှု မရှိကြောင်း ဆုံးမခဲ့ပါသည်။ "အတိုးစားသောအမှုကို ပယ်ဖြတ်ကြပါလော့" ဟု ဆိုခဲ့ပါသည်။ သနားကြင်နာခြင်းသည် ကိုယ်ကျိုးအမြတ်ထက် ပို၍ တန်ဖိုးရှိကြောင်း၊ ဆင်းရဲသူအား ပေးကမ်း မစခြင်းအမှုကို ရွေးချယ်ကြဖို့ အဓိက တိုက်တွန်းခဲ့ပါသည်။ ရောမ ၁၄း၁၆-၁၇ တွင်၊ ပေါလုက ရွေးချယ်မှုကို မည်သို့ပြုရမည်အကြောင်း ဤသို့ ဖော်ပြခဲ့ပါ၏၊ "သင်တို့သည် အခွင့်ရသည် အမှုမှာ ကဲ့ရဲ့စရာ အကြောင်း မရှိစေနှင့်။ ဘုရားသခင်၏ နိုင်ငံတော်သည် အစားအသောက်၌ မတည်။ ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်း၊ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ခံရသော ဝမ်းမြောက်ခြင်း၌ တည်၏။" သင့် အကျိုးအမြတ်အတွက် ညီအစ်ကို အသက်ကို တန်ဖိုး မထားဘဲ မနေပါနှင့်၊ ဆင်းရဲသောသူကိုလည်း ခေါင်းပုံ မဖြတ်ပါနှင့်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏သားသမီးတို့သည် တရားသဖြင့် အမှုပြုကြရပါမည်။

**ဆုတောင်းချက်-** အဖဘုရား၊ မတရားသော လောကီနည်းလမ်းများကို ဆန့်ကျင်မည်အကြောင်း အကျွန်ုပ်အား မစတော်မူပါ။

စနေ၊ ဖေဖော်ဝါရီ (၇)
**နေဟမိ ၅း၆-၁၃**
ဂလာ ၆း၁-၁၀

*“ထမ်းရွက်စရာ ဝန်ချင်းတို့ကို
အချင်းချင်းကူညီ၍ ထမ်းရွက်သောအားဖြင့်
ခရစ်တော်၏တရားကို ကျင့်ကြလော့”*

## အမှုတော်၌ အဆီးအတားများနှင့် စိတ်ခေါ်မှုများ (၇)

မျုးမတ်များနှင့် မင်းအရာရှိများ၏ တုန့်ပြန်မှုသည်၊ ယနေ့ အသင်းတော်နှင့် ယုံကြည်သူအဖွဲ့အစည်းတွင် ဖြေရှင်းစရာရှိသောအမှုကို မဖြေရှင်း ရဲသောသူများတွက်၊ ရဲရင့်ခြင်း ခွန်အားကိုဖြစ်စေပါသည်။ အသင်းတော်၏ ဆုံးမ ပဲ့ပြင်ခြင်းအမှုကို သင်းကွဲစေသောအရာ ကဲ့သို့ရင်း၊ လူတို့ကိုနှင်ထုတ်သောအရာ ကဲ့သို့ရင်း မြင်တတ်ကြပါသည်။ သို့သော်လည်း၊ နေဟမိ ၅ အရ၊ အသင်းတော်၏ ဆုံးမ ပဲ့ပြင်ခြင်းအမှုသည် ဘုရားသခင်ကို ကြောက်ရွံ့သောသူများက မှန်ကန်စွာ ဆောင်ရွက်သောအခါ သင်းကွဲစေသောအရာ မဟုတ်ဘဲ၊ ပြုပြင်သောအရာဖြစ်ကြောင်း ရှင်းလင်းစွာ မြင်ရပါသည်။ ထို့ပြင်၊ ဆုံးမခြင်း အမှုကို အဖျက်သဘောဖြင့် မဟုတ်ဘဲ၊ အပြုသဘောဖြင့် ဆောင်ရွက်လျှင်၊ မကောင်းသောအရာ မဟုတ်ဘဲ၊ ကောင်းသောအရာကို ဖြစ်ပွားစေနိုင်ပါသည်။

<u>သူတို့က ပြန်ပေးပါမည်။ ဘာမျှ မတောင်းမယူပါ . . . ဟု ဝန်ခံကြ၍</u> (နေဟမိ ၅း၁၂)။ ထိုအမှု ဖြေရှင်းခြင်း နည်းလမ်း အောင်မြင်ခဲ့ပါသည်။ နေဟမိ၏ စကား၊ ကျင့်သော အကျင့်နှင့် လူထု စည်းဝေးခြင်းတို့သည် ချက်ချင်း သဘောတူမှုကို ဖြစ်ပွားစေခဲ့ပါသည်။ အခက်အခဲကြုံတွေ့ရစဉ် မိမိကိုယ်ကျိုးရှာလျက်၊ ဆင်းရဲသားများကို ညှဉ်းဆဲသော သူတို့သည် မိမိတို့၏အမှားကို ဝန်ခံကြပြီး၊ ပြောင်းလဲဖို့ သဘောတူခဲ့ကြပါသည်။ စစ်မှန်သော ပြောင်းလဲခြင်းသည် ဘုရားသခင်ကို ကြောက်ရွံ့သော စိတ်သဘောဖြင့် နည်းလမ်းမှန်ကန်စွာ ဆောင်ရွက်ခြင်းဖြင့် ဖြစ်ပွားကြောင်း ထင်ရှားစွာ တွေ့ရပါသည်။ လျစ်လျူရှုလျက်၊ ဘာမှ မပြောဘဲနေလျှင်၊ အချိန်ကြာလာသောအခါ ပုံမှန်ပြန်ဖြစ်လာပါမည် ဟူသော အတွေးသည် အလွန် မှားယွင်းလှသော အတွေးဖြစ်ပါသည်။ အတွင်းရေး မှားယွင်းမှုကို “ပြဿနာ မပေါ်ပေါက်စေခြင်းငှါ” ဟူသော အတွေးဖြင့် မဖြေရှင်းဘဲ နေခြင်း၊ နောက်မှ ဖြေရှင်းမည်ဟု ရက်ရွှေ့ခြင်းတို့သည် မှားယွင်းပါ၏။ နေဟမိ အခန်းကြီး ၃ နှင့် ၄ ထဲတွင်၊ မြို့ရိုး တည်ဆောက်ခြင်း အကြောင်းကို ဖော်ပြခဲ့ပြီး၊ နေဟမိ အခန်းကြီး ၅ ထဲတွင်၊ ယခုအချိန်အထိ မြို့ရိုး တည်ဆောက်ခြင်း မဖော်ပြသေးကြောင်း မှတ်ထားပါလော့။ အဓိက ဖော်ပြသောအရာသည် ကြုံတွေ့ရသော ပြဿနာနှင့် ထိုပြဿနာ ဖြေရှင်းခြင်းဖြစ်ပြီး၊ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ထိုပြဿနာကို ကောင်းမွန်စွာ ဖြေရှင်းခဲ့ကြပါသည်။ ထိုအခါ၊ နေဟမိသည် ဝန်ခံ ဆုံးဖြတ်ချက်ချခြင်းကို ယဇ်ပုရောဟိတ်များအားဖြင့် ကျိန်ဆိုခြင်း ပြုစေခဲ့ပါသည်။ သူတို့သည် လောကီနည်းလမ်းကို လိုက်လျှောက်ခဲ့ကြပါသည်။ ထိုသို့ အနာဂတ်၌လည်း ဘုရားသခင်၏ ပညတ်တရား နည်းလမ်းများကို မေ့လျော့လျက် လမ်းမှားနိုင်သေး၏။ ထို့ကြောင့်၊ ဘုရားသခင်နှင့် ညီအစ်ကိုတို့ထံ ပြုရမည့် မိမိတို့၏ တာဝန် ပြန်လည်သိမှတ်ခြင်းအကြောင်းကို နေဟမိက ယဇ်ပုရောဟိတ်များနှင့် လူထု ရှေ့၌ ဘုရားသခင်ထံ ကျိန်ဆိုခြင်းဖြင့် မြဲမြံတည်တံ့စေခဲ့ပါသည်။

**ဆင်ခြင်ရန်** - (ဇေဖက် ၅း၁၇ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ဘုန်းတော်အတွက် ဉာဏ်ပညာနှင့်ယှဉ်လျက် နေထိုင်လုပ်ဆောင်မည်အကြောင်း မစတော်မူပါ။



အင်္ဂါ၊ ဖေဖော်ဝါရီ (၂၄)
**နေဟမိ ၇း၁-၄**
ရောမ ၁၂း၁-၅

*“အများဖြစ်သောငါတို့သည် ခရစ်တော်၌ တကိုယ်တည်းဖြစ်၍”*

## အောင်မြင်သော အမှုတော်အတွက် အသိအမြင် (၁၂)

မြို့တံခါးများ၌ အစောင့်များ ချထားသော်လည်း၊ မြို့ရိုး၌ နေထိုင်သောသူအပေါင်းတို့သည် သမ္မာသတိရှိဖို့ လိုအပ်ပါသည်။ ဟာနနိသည် သစ္စာရှိသောသူ၊ အထူးသဖြင့် ဘုရားသခင်ကို ရိုသေသောသူဖြစ်ပါသည် (နေဟမိ ၇း၂)။ သူတစ်ဦးတည်း သစ္စာရှိသောသူ မဟုတ်ဘဲ၊ အခြားသူများလည်း သစ္စာရှိကြောင်း သိမှတ်ကြပါစို့။ သို့သော်လည်း၊ သူသည် တမူထူးခြားသောသူ ဖြစ်ပါသည်။ တည်ဆောက်ခြင်းအမှု၌ လူများစွာ လိုအပ်သကဲ့သို့၊ ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်းအမှု၌လည်း လိုအပ်ပါသည်။ ထို့ကြောင့်၊ ယနေ့ အသင်းတော်၌လည်း သစ္စာရှိ၍ ဘုရားသခင်ကို ကြောက်ရွံ့သောသူ များစွာ လိုအပ်ပါသည်။ အမှုတော်အတွက် သစ္စာရှိသောသူများကို ခန့်ထားသကဲ့သို့၊ ခရစ်တော်ကိုယ်၏ အင်္ဂါအသီးသီးတို့သည်လည်း သစ္စာရှိကြဖို့ လိုအပ်ပါသည်၊ “မြို့သူမြို့သားတို့သည် အသီးအသီး မိမိတို့အရပ် မိမိတို့အိမ် တဘက်တချက်၌ ကင်းစောင့်စေဟု စီရင်၏” (နေဟမိ ၇း၃)။

<u>နေမထွက်မှီ ယေရုရှလင်မြို့တံခါးကို မဖွင့်စေနှင့်</u> (နေဟမိ ၇း၃)။ ကင်းစောင့်တို့သည် မိမိတို့၏တာဝန်ကို သစ္စာရှိစွာ ထမ်းရွက်မည်အကြောင်း၊ လိုက်လျှောက်ရမည့် လမ်းညွှန်ချက်နှင့် စံနှုန်းများ ချမှတ်ထားပါသည်။ ထိုချမှတ်ထားသော လမ်းညွှန်ချက်များအတိုင်း မြို့ကို လုံခြုံစွာ ကာကွယ် စောင့်ကြပ်ဖို့ဖြစ်ပါသည်။ သူတို့သည် ထိုချမှတ်ထားသော လမ်းညွှန်ချက်များကို သစ္စာရှိစွာ လိုက်လျှောက်ကြရပါမည်။ ရန်သူ၏ ခြိမ်းခြောက်မှုသည် အစဉ် ကြီးထွားလျက်ရှိပါသည်။ နေမထွက်မှီ၊ မှောင်နေသောအချိန်၌ မြို့တံခါး ဖွင့်ခြင်းသည် ရန်သူ၏တိုက်ခိုက်မှု ခံရနိုင်ခြေ ပိုများပါ၏။ ထို့ကြောင့်၊ သူတပါး အသုံးမပြုသော နည်းလမ်းဖြစ်ပါစေ၊ မိမိတို့၏ လုံခြုံမှုအတွက် ထိုသို့သော လမ်းညွှန်ချက်ကို လိုက်နာ ဆောင်ရွက်ဖို့လိုပါသည်။ ကျွန်တော်တို့သည် “လောကီသဏ္ဍာန် မဆောင်ဖို့ရန်” (ရောမ ၁၂း၂) ပညတ်ထားကြောင်း သတိပြုကြပါစို့။ လမ်းလွဲခြင်း၏အစသည် ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ဝိညာဉ်ဆိုင်ရာ လမ်းညွှန်ချက်များကို ပစ်ပယ်လျက်၊ လောကီလူတို့ လိုက်လျှောက် ကျင့်သုံးသော နည်းလမ်းများ အစားထိုး အသုံးပြုခြင်းပင်ဖြစ်ပါသည်။

<u>တံခါးစောင့်ရှိစဉ်၊ တံခါးတို့ကို ပိတ်၍ ကန့်လန့်ကျင် ထိုးစေ</u> (နေဟမိ ၇း၃)။ နောက်ဆုံးတွင်၊ ဘယ်အမှုကိုမျှ ဖြစ်သလို မလုပ်သင့်၊ ကံပေါ် ပုံမချသင့်ပါ။ သတိမမူခြင်းအစား၊ သတိရှိစွာ ဆောင်ရွက်ခြင်း အစားထိုးရပါမည်။ မြို့တံခါးတို့ကို သေချာ ပိတ်ထားရပါမည်၊ “ပိတ်ထားပြီထင်ပါတယ်” ဟူ၍ မသေမချာ မနေရပါ။ အစောင့်များ ရှိနေစဉ် သေချာ ပိတ်ထားရပါမည်၊ မြို့တံခါးများ ပိတ်၍ ကန့်လန့်ကျင် ထိုးပြီးသည်အထိ အစောင့်များ ရှိနေရပါမည်။

**ဆင်ခြင်ရန်** - (တရား ၁၇း၁၁-၁၃ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** (ဆာလံ ၁၉း၁၃ ကို အသုံးပြုပါ)။

တနင်္လာ၊ ဖေဖော်ဝါရီ (၂၃)
**နေဟမိ ၇း၁-၄**
၁ ပေ ၅း၅-၁၁

*"သင်တို့၏ ရန်သူတည်းဟူသော မာရ်နတ်သည် ဟောက်သော ခြင်္သေ့ကဲ့သို့ အဘယ်သူကို မျိုရမည်နည်းဟူ၍ လှည့်လည် ရှာဖွေလျက် ရှိ၏"*

## အောင်မြင်သော အမှုတော်အတွက် အသိအမြင် (၁၁)

အမှုတော် ဆောင်ရွက်ခြင်း၌ သမ္မာသတိရှိခြင်းသည် မရှိမဖြစ်လိုအပ်သောအရာဖြစ်ပြီး၊ မြို့ရိုးတည်ဆောက်ခြင်းအမှု၌ နေဟမိသည် ထိုအရာကို ပိုင်ဆိုင်ကြောင်း ပြသခဲ့ပါသည်။ သို့ဆိုလျှင်၊ မြို့ရိုး ပြီးစီးပြီးနောက်၊ ထိုသမ္မာသတိရှိခြင်း၊ စည်းကမ်းရှိခြင်းနှင့် ဆက်ကပ်ခြင်းများ လိုအပ်သေးသလား။ ရရှိ ပိုင်ဆိုင်သောအရာများကို ထိန်းသိမ်း ကွယ်ကာ စောင့်ရှောက်ဖို့လိုပါသည်။ သမိုင်း၌၊ ဘုရားသခင်၏ဘုန်းတော်အတွက် ကြီးမြတ်သောအရာများကို စတင်လျက် ပြီးစီး ဆောင်ရွက်ခဲ့ကြသော်လည်း၊ နောင်လာနောက်သားများ ပျင်းရိမှု၊ သမ္မာသတိ မရှိမှုတို့ကြောင့် ပျက်စီး သွားတတ်သည်ကို တွေ့ရပါသည်။ ကျမ်းစာကျောင်းများ၊ အသင်းတော်များနှင့် ခရစ်ယာန် အဖွဲ့အစည်းများလည်း ထိုသို့ ဖြစ်ခဲ့ကြပါသည်။ Warren Wiersbe က၊ "ခရစ်ယာန် အမှုတော်တိုင်းသည် ခေတ် တစ်ခေတ်အတွင်း ပျက်စီးခြင်းသို့ ရောက်နိုင်သည်ဖြစ်သောကြောင့်၊ ဘုရားသခင်၏လူတို့သည် သတိထားရမည်" ဟု ရေးသားခဲ့ပါသည်။

<u>သစ္စာရှိ၍ ဘုရားသခင်ကို အထူးသဖြင့် ရိုသေသော</u> (နေဟမိ ၇း၂)။ ဘုရားသခင်၏အမှုတော်၌ ဆောင်ရွက်ပြီးခဲ့သည့်အမှု ထိန်းသိမ်း ကွယ်ကာ စောင့်ရှောက်ခြင်းသည် ပြီးစီး ဆောင်ရွက်ခြင်း အမှုကဲ့သို့ပင် အလွန်အရေးကြီးလှပါသည်။ အလွန် ပင်ပန်း ခက်ခဲသောအမှုလည်း ဖြစ်ပါ၏။ နေဟမိက ထိုအမှုတော်အတွက် ဟာနနိနှင့် ဟာနန်တို့ကို ခန့်ထားခဲ့ပါသည်။ သူတို့၏နာမည်ကို အရင် ဖော်ပြခဲ့ပြီဖြစ်ပါသည်။ ဟာနနိသည် မိမိရှုရှန်၌ နေစဉ် သတင်းလာပို့ခဲ့သောသူဖြစ်၍ (နေဟမိ ၁း၂)၊ ဟာနန်လည်း မြို့ရိုးတည်ဆောက်ခြင်းအမှု၌ ဖော်ပြခဲ့ပါသည် (နေဟမိ ၃း၈)။ သူတို့သည် နာမည်တူ အခြားပုဂ္ဂိုလ် ဖြစ်မဖြစ် ကျွန်တော်တို့ သေချာ မသိသော်လည်း၊ နေဟမိသည် သူတို့ကို သေချာ စမ်းစစ်ခဲ့ကြောင်း ထင်ရှားပါသည်။ သူတို့သည် စိတ်ခတ်ခိုင်မာလျက်၊ ရင့်ကျက်သောသူဖြစ်၍၊ သစ္စာရှိကြသောကြောင့် ရွေးချယ်ခံရခြင်းဖြစ်ပါသည်။ ဓမ္မသစ်ကျမ်းထဲတွင်၊ အသင်းတော်၏ အမှုတော်၌ တာဝန် ပေးအပ်ခြင်း ခံရဖို့ရန် အသင်းတော်က အရင် စမ်းစစ်ခြင်း ပြုခဲ့ပါသည် (၂ ကော ၈း၂၂၊ ၁ တိ ၃း၁၀)။ တမန်တော် ပေါလုက၊ အမှုတော်ကို "သစ္စာနှင့် ပြည့်စုံ၍ သူတပါးတို့ကို သွန်သင်ခြင်းငှါ၊ တတ်စွမ်းနိုင်သောသူတို့၌ အပ်ပေးလော့" (၂ တိ ၂း၂) ဟု မိန့်တော်မူခဲ့၏။ ၁၂၁၅ ခုနှစ်၌ တရုတ် မဟာတံတိုင်းကြီးကို ကျန်ချင့်ခန်က သတင်းပို့ တမန်တစ်ဦးအား လာဒ်ထိုးလျက် ကျူးကျော် ဝင်ရောက်ခဲ့ပြီး၊ ထိုနည်းတူ၊ ၁၆၄၄ ခုနှစ်တွင်လည်း၊ မန်ချူးက မိန် စစ်ဗိုလ်တစ်ဦးအား လာဒ်ထိုးပြီး၊ ရှန်ဟိုင်း ဂိတ်ကို ကျူးကျော်ဝင်ရောက်ခဲ့သည်ဟု ဆိုကြပါသည်။ ယေရုရှလင်မြို့ရိုးသည်လည်း လုံခြုံမှုရှိမည်အကြောင်း၊ ဂိတ်တံခါးများကို သစ္စာရှိသောသူများက စောင့်ကြပ်ဖို့လိုပါသည်။

**ဆင်ခြင်ရန်** - "ခရစ်ယာန် အမှုတော်တိုင်းသည် မျိုးဆက်သစ်ခေတ်၌ ပျက်စီးခြင်း ကြုံတွေ့နိုင်သော အမှုတော်ဖြစ်ပါသည်။" သမ္မာသတိရှိလျက် ဆုတောင်း မည်လော။

**ဆုတောင်းချက်-** အဖဘုရား၊ အမှုတော်၌ သစ္စာရှိလျက် မြဲမြံတည်ကြည်မည်အကြောင်း မစတော်မူပါ။



တနင်္ဂနွေ၊ ဖေဖော်ဝါရီ (၈)
**နေဟမိ ၅း၁၄-၁၉**
၂ ကော ၁၂း၁၄-၁၉

*"သင်တို့ စိတ်ဝိညာဉ်၏ အကျိုးအလို့ငှါ ငါသည် ကိုယ်ဥစ္စာကိုငှင်း၊ ကိုယ်ကိုငှင်း၊ ကုန်စေခြင်းငှါ အလွန် စေတနာရှိ၏"*

## အမှုတော်၌ စံနမူနာဖြစ်မည်အကြောင်း စတေးခြင်း (၁)

အောင်မြင်မှုအတွက် စတေးခြင်း လိုအပ်ပါသည်။ ရည်မှန်းချက် ပန်းတိုင် ရောက်ဖို့ရန်၊ ကျွန်တော်တို့သည် ဘဝ၌ တစုံတခုကို စတေးတတ်ကြပါသည်၊ အကြောင်းမှာ ထိုပန်းတိုင်ကို တန်ဖိုးထားသောကြောင့် ဖြစ်ပါသည်။ ကျွန်တော်တို့ စတေးလိုက်သောအရာများက ကျွန်ုပ်တို့ ပန်းတိုင်၏ တန်ဖိုးကို ထင်ဟပ်စေတတ်ပါသည်။ ဤမျှလောက် အောင်မြင်မှု ရဖို့ရန် အတွက်၊ နေဟမိသည် မိမိ၏အလုပ်မှ ခွင့်ယူခဲ့ပြီး၊ ယေရုရှလင်မြို့၌ ခက်ခဲစွာ နေထိုင်ဖို့ ခရီးရှည် ထွက်လာခဲ့လျက်၊ ယေရုရှလင်မြို့တွင် များစွာသော ဆန့်ကျင်ခြင်းနှင့် စိန်ခေါ်မှုကြား၌ မိမိ၏တာဝန်ကို ဆောင်ရွက်ခဲ့ပါသည်။ ထိုမျှမက၊ အလုပ်အောင်မြင်ဖို့ရန် အခြားသော တာဝန်များဖြစ်သည့်၊ လူတို့အား ဖိတ်ခေါ်နိုးဆော်ခြင်း၊ အလုပ်လုပ်ဖို့ရန် အစီအစဉ် ဆွဲခြင်း၊ အလုပ်သမားများ ကြီးကြပ်ကွပ်ကဲခြင်း၊ အလုပ်သမားများအား အားပေးနိုးဆော်ခြင်း၊ ဖြစ်ပေါ်လာသော ပြသနာများကို ကောင်းမွန်စွာ ဖြေရှင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

<u>ထိုမှတပါး ယုဒမြို့ဝန် အရာကို ငါခံသောအချိန်</u> (နေဟမိ ၅း၁၄)။ ဤအချက်က နေဟမိ၏ရာထူးကို ဖော်ပြသည်သာမက၊ မိမိ၏တာဝန်ကို နေဟမိ ဘယ်လောက် တန်ဖိုးထားကြောင်းကိုလည်း ဖော်ပြလျက်ရှိပါသည်။ သူသည် တစ်ဆယ့်နှစ်နှစ်ပတ်လုံး ယုဒမြို့ဝန် အမှုကို ဆောင်ရွက်စဉ် စတေးခဲ့သောအရာကို ကြည့်ခြင်းဖြင့် သူဆောင်ရွက်သောမှုကို ဘယ်လောက် တန်ဖိုးကြောင်း ပြသလျက်ရှိပါသည်။ ထို့ပြင်၊ ဤအချက်က နေဟမိ မှတ်စာသည် ဖြစ်ပျက်သော အမှု အလုံးစုံ ပြီးစီးပြီးမှ ရေးသားထားကြောင်း ဖော်ပြလျက်ရှိပါသည်။

<u>ငါနှင့် ငါ့ညီတို့သည် မြို့ဝန် ရိက္ခာကို မစား</u> (နေဟမိ ၅း၁၄)။ ဆောင်ရွက်သောအမှုကို ငွေတပ်မက်ခြင်း၊ ကိုယ်ကျိုးအတွက် ဆောင်ရွက်လျှင် အကျိုးမရှိ ဖြစ်တတ်ပါသည်။ နေဟမိသည် မိမိကိုယ်ကျိုးအတွက် ဆောင်ရွက်သည် မဟုတ်။ ကောက်ခံသော အခွန်များထဲမှ သူသည် ခံစားထိုက်သော ရိက္ခာများကို မယူဘဲ မိမိအလိုအလျောက် ဆောင်ရွက်ခဲ့ပါသည်။ သူသည် မိမိဆောင်ရွက်သောအမှုကို ခံစားထိုက်သော ရိက္ခာလခ ထက် ပိုတန်ဖိုးထားခဲ့ပါသည်။ သူသည် လူထု ခံစားနေရသော အခက်အခဲများကို ထောက်ထား သဖြင့်၊ မိမိ ခံစား ရရှိထိုက်သောအရာကို လိုလိုလားလား စတေးခဲ့ပါသည်။

**ဆင်ခြင်ရန်** - ကိုယ်တော်၏အလိုအတိုင်း ပြုမည်ဟု ဆုံးဖြတ်ချက်ချသောအခါ ကုယ်တော်၏ မစတော်မူခြင်းကို တောင်းလျှောက်နိုင်ပါသည်။

**ဆုတောင်းချက်-** အို အဖဘုရား၊ ယေရှုကို အစဉ် ကိုးစားခြင်းရှိမည်အကြောင်း မစတော်မူပါ။

*"အဘယ်သူ၏ အစာကိုမျှ အလိုအလျောက် မစား။ သင်တို့တွင် တယောက်ကိုမျှ မနှောင့်ရှက်"*

## အမှုတော်၌ စံနမူနာဖြစ်မည့်အကြောင်း စတေးခြင်း (၂)

နိုင်ငံ့ဝန် ထမ်းရွက်ခြင်းသည် အမှု ဆောင်ရွက်ရုံသက်သက် မဟုတ် သောကြောင့်၊ နိုင်ငံ့ဝန်ထမ်းတို့သည် မိမိတို့၏တာဝန်ကို ဆောင်ရွက်ရုံသက်သက် မဆောင်ရွက်ရပါ။ ဆောင်ရွက်သည့် အမှု အရေးကြီးသကဲ့သို့၊ ထိုအမှုကို ဆောင်ရွက်သော အစေခံကျွန်၏ စိတ်သဘောထားနှင့် အကျင့်တို့သည် အလွန် အရေးကြီးလှပါသည်။ ဆောင်ရွက်သောအမှုသည် လူတို့အတွက် တန်ဖိုးရှိသကဲ့သို့၊ ဆောင်ရွက်သောသူ၏ အကျင့်သည်လည်း လူတို့အတွက် စံနမူနာ ဖြစ်ရပါမည်။ ထို့ကြောင့်၊ ဆောင်ရွက်သောသူ၏ အကျင့်၊ စိတ်သဘောထားနှင့် လူတို့အပေါ် လွှမ်းမိုးနိုင်စွမ်းစသည်တို့ကို အထူး သတိပြုဖို့လိုပါသည်။

<u>ငါမူကား ဘုရားသခင်ကို ကြောက်ရွံ့သောကြောင့်၊ အရင် မြို့ဝန်ကဲ့သို့ မပြု</u> (နေဟမိ ၅း၁၅)။ နေဟမိသည် ယုဒကို အုပ်စိုးသော အခြား မြို့ဝန်များနှင့် မတူဘဲ၊ ထူးခြားသော မြို့ဝန်ဖြစ်ကြောင်းကို ဤအချက်၌ ဖော်ပြထားပါသည်။ သူ၏အကျင့်နှင့် ပြုသော၊ မပြုသောအမှုတို့သည် "ဘုရားသခင်ကို ကြောက်ရွံ့သောကြောင့်" ဖြစ်ပါသည်။ ဘုရားသခင်ကို ယုံကြည်သောသူအပေါင်းတို့သည် အပြောနှင့်အလုပ် ကိုက်ညီမှု ရှိရမည်အကြောင်း သမ္မာကျမ်းစာ ဖော်ပြခဲ့ပါသည်။ ထိုသို့ ကိုက်ညီမှု မရှိလျှင် ခရစ်ယာန်သည် ဟန်ဆောင်မှု သက်သက်ဖြစ်ပါလိမ့်မည်။ "ခရစ်ယာန်များသည် သူတို့ ဟောပြောသောတရားကို လက်တွေ့ ကျင့်သုံးပါလျှင်" ခရစ်ယာန်ဘာသာကို လက်ခံမည်ဟု လူတို့က အကြောင်းပြတတ်ခဲ့ကြ၏။ ကျွန်တော်တို့သည် ယုံကြည် ဝန်ခံသောတရားကို အမှန် လက်တွေ့ ကျင့်သုံးဖို့ လိုပါသည်။ နေဟမိ ကဲ့သို့၊ ကျွန်တော်တို့သည် ဘုရားသခင် ကြောက်ရွံ့ခြင်း ရှိလျှင်၊ ထိုသို့ ကျင့်နိုင်မည်ဖြစ်ပါသည်။ ကျွန်တော်တို့ ပြုသောအမှု၊ မပြုသောအမှုသည် ဘုရားသခင် ကြောက်ရွံ့ခြင်းတရား၌ အမြဲပြုရမည်ဖြစ်ပါသည်။ ဖော်ပြတော်မူသော နှုတ်ကပတ်တရားတော် အတိုင်း ကျွန်တော်တို့သည် ကျင့်လျက်၊ ဘုရားသခင်နှင့် ရင်းနှီးကျွမ်းဝင်သော မိသာဟာယကို ဖွဲ့ကြရပါမည်။ ကျွန်ုပ်တို့ အသက်တာ၌ ဘုရားသခင်၏ လမ်းညွှန်ချက်နှင့် နှုတ်ကပတ် တရားတော်ကို လက်ခံခြင်းရှိလျှင်၊ ကိုယ်တော်၏ ထိုတရားတော်နှင့် အလိုတော် ယုံကြည်ပြီး၊ နှစ်သက်ခြင်း ရှိလိမ့်မည်ဖြစ်ပါသည်။ ထိုအခါ၊ နေဟမိကဲ့သို့ ကျွန်တော်တို့သည် မိမိအကျိုးကိုပင် လိုအပ်သော အခါ စတေး နိုင်မည်ဖြစ်ပါသည်။ ထို့ပြင်၊ ဘုရားသခင်၏အမှုတော် ဆောင်ရွက်ခြင်း၌ ကြုံတွေ့ရမည့် ကျော့ကွင်းနှင့် သွေးဆောင်ခြင်းများမှ ကျွန်တော်တို့ကို ထိုတရားက ကွယ်ကာလိမ့်မည်ဖြစ်ပါသည်။ ထိုအခါ၊ ပေါလုကဲ့သို့၊ ဘုရားသခင် ပေးအပ်တော်မူသော တာဝန်ကို ကျွန်တော်တို့သည် မှန်ကန် ရိုးသားစွာ၊ ဝမ်းမြောက်ခြင်းဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည် (နှိုင်း - ၁ ကော ၉း၁၈၊ ၂ ကော ၁၁း၉၊ ၁ သက် ၂း၉၊ ၂ သက် ၃း၈)။ "အစဉ်မပြတ် ကြောက်ရွံ့သောသူသည် မင်္ဂလာရှိ၏။ မိမိ စိတ်နှလုံးကို ခိုင်မာစေသော သူမူကား၊ ဘေးဥပဒ်နှင့် တွေ့လိမ့်မည်" (သု ၂၈း၁၄)။

**ဆင်ခြင်ရန်** - (ကောလော ၃း၁၇ ကို ဖတ်ပါ)။

**ဆုတောင်းချက်-** အို အဖဘုရား၊ ကိုယ်တော်ကို အစဉ် ကြောက်ရွံ့လျက် ရှိပြီး၊ မကောင်းမှုနှင့် အကျွန်ုပ်ကို ကင်းဝေးစေတော်မူပါ။





*"တန်ခိုးသည် ဘုရားသခင်၌ ရှိ၏"*

## အောင်မြင်သော အမှုတော်အတွက် အသိအမြင် (၁၀)

နေဟမိ အခန်းကြီး ၆ အဆုံးသတ်ပိုင်းတွင် မြို့ရိုး တည်ဆောက် ပြီးစီးခြင်းအကြောင်းကို တွေ့ရပါသည်။ မှတ်သားရမည်မှာ၊ နေဟမိ အခန်းကြီး ၁ မှ ၆ အထိတွင်၊ နေဟမိ၏ စိတ်ခံစားချက်မှ စတင်ခဲ့သော ထိုကြီးမြတ်သည့် အမှု စတင်ဆောင်ရွက်ခြင်းနှင့် ပြီးစီးခြင်းအကြောင်းကို ဖော်ပြခဲ့ပါသည်။ ထိုအမှုမှ ရရှိသော သင်ခန်းစာများမူကား၊ ခရစ်ယာန် အမှုတော် အောင်မြင်မှုနှင့် ကောင်းကျိုးအတွက် လိုအပ်သော နည်းဥပဒေသများပင်ဖြစ်ပါသည်။

<u>အရက် ငါးဆယ်နှစ်ရက် ကြာမှ . . . မြို့ရိုးကို လက်စသတ်ကြ၏</u> (နေဟမိ ၆း၁၅)။ ကြီးမြတ်သောအမှုကို ပြင်းထန်သော ဆန့်ကျင် ခြိမ်းခြောက်မှုအောက်၌ စိတ်အားထက်သန်စွာ ကြိုးစားအားထုတ်မှုဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ ယေရုရှလင်မြို့သည် တဖန် ခိုင်ခန့်သောမြို့ ဖြစ်လာခဲ့ပါသည်။ ထိုအမှု လျင်မြန်စွာ ပြီးစီးရခြင်း အကြောင်းရင်းများမှာ အောက်ပါအတိုင်းဖြစ်၏၊

(၁) ထိုအမှုသည် ဘုရားသခင် အလိုရှိတော်မူသောအမှု ဖြစ်ပါသည်။ ဘုရားသခင်၏အမှုတော်၌ ဘုရားသခင်၏ မစထောက်ပံ့ခြင်း ဘယ်တော့မှ ကင်းမဲ့တော်မမူ။ စတင် ဆောင်ရွက်မည့်အချိန်မှစ၍ ထိုအမှုကို ဘုရားသခင်ထံ ဆက်ကပ်ခဲ့ပါသည် (နေဟမိ ၁း၄)။ ကိုယ်ကျိုးအတွက် မဟုတ်ဘဲ၊ ဘုရားသခင်၏ဘုန်းတော်ထင်ရှားဖို့ရန် ဆောင်ရွက်ခြင်းဖြစ်၏။ ဖြစ်မြောက် ပြီးစီးစေတော်မူသော သူသည် ဘုရားသခင် ဖြစ်တော်မူ၏ (ဆာလံ ၃၇း၅)။

(၂) သေချာတွက်ချက် ကြိုတင်ပြင်ဆင်လျက် အစီအစဉ်ဆွဲပြီးမှ ဆောင်ရွက်ခဲ့၏။ ဤအမှု ဆောင်ရွက်လိုသော နေဟမိသည် ထိုအမှု၏အတွက် ပေးဆပ်ရမည့် အဖိုးအခများကို ကြိုတင် တွက်ချက်ခဲ့ပါသည်။ အမှုမဲ့ အမှတ်မဲ့ မဆောင်ရွက်ဘဲ၊ ဦးစွာ သေချာ လေ့လာပြီးမှ ဆောင်ရွက်ခဲ့၏။

(၃) စနစ်တကျ စီစဉ် ဆောင်ရွက်ခဲ့ပါသည်။ ထိုအမှု ဆောင်ရွက်သော သူများတို့သည် စည်းလုံးညီညွတ်ခြင်း ရှိ၍ မိမိကျရာတာဝန်ကို လျင်မြန် ကျေပွန်စွာ ဆောင်ရွက်ခဲ့ကြပါသည်။

(၄) နေဟမိနှင့် မိမိ၏တပည့်တို့သည် အမှုဆောင်ရွက်သောသူများကို အစဉ် ခွန်အားပေးလျက်၊ စိတ်အားထက်သန်စွာ ဆောင်ရွက်ခြင်းငှါ ဘုရားသခင်ကို အောက်မေ့ကြရန် နှိုးဆော်ခဲ့ကြပါသည်။

<u>ထိုအမှုသည် ငါတို့၏ ဘုရားသခင့် အခွင့်နှင့် ပြီးကြောင်းကို ရိပ်မိကြ၏</u> (နေဟမိ ၆း၁၆)။ ရန်သူတို့၏ ကဲ့ရဲ့ခြင်း၊ ပြက်ယယ်ပြုခြင်းနှင့် ဆီးတားခြင်း (နေဟမိ ၄း၁-၃) အကြား၌ ထိုအမှုကို အောင်မြင်စွာ ပြီးစီး ဆောင်ရွက်ခဲ့ကြပါသည်။ ရန်သူ၏ ခြိမ်းခြောက် တိုက်ခိုက်မှု၊ မကောင်း ကြံစည်မှု တို့သည် အရာမရောက်ခဲ့ပါ။ လုပ်ဆောင်သောသူများ၏ ကြိုးစားအားထုတ်မှုနှင့် စိတ်ဓာတ်ခိုင်မာမှုသည် မှတ်သားဖွယ်ဖြစ်ပါသည်။ သူတို့၏ လက်များသည် အားလျော့ခြင်း မရှိခဲ့ပါ။ ထိုသို့ ဖြစ်ရခြင်း အကြောင်းရင်းမှာ နေဟမိ ကိုးစား ဆုတောင်းသော၊ "ကောင်းကင်ဘုံ၏အရှင် ဘုရားသခင် ထာဝရဘုရား" ကြောင့်ဖြစ်ပါသည် (နေဟမိ ၁း၅)။ ဘုရားသခင်၏လက်တော်သည် နေဟမိ၏ တောင်းလျှောက်မှုနှင့် လမ်းခရီးကို ဖြောင့်ဖြူးစေတော်မူ၏ (နေဟမိ ၂း၈၊ ၁၈)။ သူတို့အတွက် ဘုရားသခင် တိုက်တော်မူလျက် (နေဟမိ ၄း၂၀)၊ ဘုရားသခင် ကြောက်ရွံ့ခြင်းက နေဟမိ၏အကျင့်စိတ်သဘောကို လုံးဝ အုပ်စိုးခဲ့ပါသည် (နေဟမိ ၅း၁၅)။

**ဆင်ခြင်ရန်** - (မသဲ ၅း၁၆ ကို ဖတ်ပါ)။

**ဆုတောင်းချက်-** (ဆာလံ ၆၂း၇-၈ ကို အသုံးပြုပါ)။

## အောင်မြင်သော အမှုတော်အတွက် အသိအမြင် (၉)

နေဟမိအား ထိုအမှုတော်နှင့် ကင်းဝေးစေဖို့ရန် ရန်သူ၏ မနားတမ်း သွေးဆောင်မှုသည် အလွန် စိတ်ပျက်စရာ ကောင်းလှပါသည်။ နေဟမိသည် မိမိ၏ ကြိုးစားအားထုတ်မှုနှင့် ခွန်အားကိုသာ ကိုးစားခြင်း မပြုခဲ့ပါ။ ယေရုရှလင်မြို့အကြောင်း ကြားသိလျက် အမှုဆောင်ရွက်လိုခြင်း ရှိသောအချိန်မှစ၍ သူသည် ဘုရားသခင်ထံ ဆုတောင်းခဲ့ပါသည်။ သွေးဆောင်ခြင်းနှင့် ခြိမ်းခြောက်မှုများကြောင့် မိမိ စိတ်ဘောထား ပြောင်းမည့်သူ မဟုတ်ပါ။ အစဉ် ဆန့်ကျင် တိုက်ခိုက်မှု ခံရသော်လည်း၊ စိတ်ပျက်သွားခြင်း မရှိခဲ့ပါ။ ကြုံတွေ့သော ပြဿနာကို မိမိအစွမ်းဖြင့် မဖြေရှင်းဘဲ၊ သမ္မာလတ်နှင့် အပေါင်းအပါတို့ ပြုသောအမှုကို ဘုရားသခင်ထံ ဆုတောင်းခြင်းဖြင့် ဆက်ကပ်ခဲ့ပါသည်။ ထို့နောက် ဘုရားသခင် ပြုစေလိုသော ထိုအမှုကို ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။

<u>အို အကျွန်ုပ် ဘုရားသခင်၊ ထိုသို့ ပြုတတ်သော တောဘိနှင့် သမ္မာလတ်ကိုငှင်း . . . မှတ်တော်မူပါ</u> (နေဟမိ ၆း၁၄)။ ဤဆုတောင်းချက်တွင်၊ ဘုရားသခင်၏အမှုတော် ဆောင်ရွက်စဉ် အစဉ် ကြုံတွေ့ရသော ဖိအားများကို ယုံကြည်သူ မည်သို့ တုန့်ပြန်ရမည်အကြောင်းကို တွေ့ရပါသည်။ များစွာသော သူများသည် သူတပါးကြောင့် ဘုရားသခင်၏အမှုတော် ဆောင်ရွက်ခြင်းမှ သွယ်ဖယ်လမ်းလွဲတတ်ကြပါသည်။ ပြဿနာ ရှာသောသူများကို ဖြေရှင်းဖို့ရန် ဘုရားသခင်၏အမှုတော်ကို ပစ်ထားတတ်ကြ၏။ ထိုသို့ ဖြေရှင်းပြီးမှ အမှုတော်ကို အေးအေးဆေးဆေး ဆောင်ရွက်မည်ဟု တွေးခဲ့ကြပါသည်။ ပြဿနာ ဖြေရှင်းဖို့ ဥပဒေ မရှိသောအခါ ထိုနည်းလမ်းကို လူတို့ လိုက်တတ်ကြ၏။ ဖြေရှင်းဖို့ ဥပဒေ မရှိသည့်တိုင် ပြဿနာကို မိမိအလိုအတိုင်း ကျွန်တော်တို့ မဖြေရှင်းရပါ။ ကျေးဇူးတော် ပလ္လင်တော်ကို ကျွန်တော်တို့ ချဉ်းကပ်ရပါမည်။ ဘုရားသခင်ထံ ဆုတောင်း ရပါမည်။ မဖြေရှင်းနိုင်သော ပြဿနာကြောင့် အမှုတော် မဆောင်ရွက်ဘဲ ပစ်မထားသင့်ပါ။ ဘုရားသခင် ဖြေရှင်းတော်မူနိုင်ကြောင်း ယုံကြည်ကိုးစားရပါမည်။ အရာရာတိုင်း၌ ဆုတောင်းရမည်အကြောင်း မိန့်တော်မူသည်ဖြစ်သောကြောင့် ရှေ့ဦးစွာ ပြုရမည်မှာ ဆုတောင်းခြင်းဖြစ်ပါသည်။ ထိုနည်းတူ၊ နောက်ဆုံး ပြုရမည့်အမှုသည်လည်း ဆုတောင်းခြင်းပင်ဖြစ်ပါသည်။ လုပ်နိုင်သည်ဖြစ်စေ၊ မလုပ်နိုင်သည်ဖြစ်စေ၊ ရွေးချယ်စရာ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကျွန်တော်တို့ ဆုတောင်းကြရပါမည်။ နေဟမိ ကြုံတွေ့နေရသော အတွင်း သစ္စာဖောက်ခြင်း၊ သမ္မာလတ်နှင့် တောဘိ၏ ဝင်ရောက်စွက်ဖက်ခြင်းတို့သည် နောဒိ အမည်ရှိသော ပရောဖက်မ နှင့် အခြား ပရောဖက်များ ပေါ်လာခြင်း၌ ထင်ရှားခဲ့ပါသည်။ နေဟမိ ကြုံတွေ့နေရသော ထိုအမှုများ၏ ရည်ရွယ်ချက်မှာ “ငါကြောက်၍ . . . ပြစ်မှားစေခြင်းငှါ” ဟူသော ဖော်ပြချက်၌ ထင်ရှားခဲ့၏။ နေဟမိ လမ်းမှားစေဖို့ရန် များစွာသော လူတို့သည် ကြိုးစားခဲ့ကြပြီး၊ မြို့ထဲ၌ ရန်သူတို့သည် လွှမ်းမိုးခြင်းရှိလာကြောင်း တွေ့ရပါသည်။

**ဆင်ခြင်ရန်** - (ရောမ ၁၂း၉ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** (ဆာလံ ၂၈း၁-၄ ကို အသုံးပြုပါ)။





## အမှုတော်၌ စံနမူနာဖြစ်မည်အကြောင်း စတေးခြင်း (၃)

တခုခု လုပ်ဖို့၊ မလုပ်ဖို့ ဆုံးဖြတ်ချက် ချဖို့ရန် စဉ်းစားသောအခါ၊ “ဘာ အကျိုးအမြတ် ကျွန်တော် ရမည်နည်း” ဟူသောအချက်က အဓိက ကျတတ်ပါသည်။ ဤမေးခွန်းက လူတဦး၏ မျှော်လင့်ချက်ကို ဖော်ပြပါ၏။ ထိုမျှော်လင့်ချက်သည် ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်းကို ပေးလျက်၊ ကြိုးစားအားထုတ်မှုကို ဖြစ်စေနိုင်သကဲ့သို့၊ ဆောင်ရွက်ရန် ရွေးချယ်သော အမှုပေါ် မူတည်လျက် နာကျင်ခြင်း၊ စိတ်ပျက်ခြင်းသို့လည်း ပို့ဆောင်နိုင်ပါသည်။ ထို့ကြောင့်၊ မျှော်လင့်ချက်သည် လုပ်ဆောင်သော အမှု၏တန်ဖိုးကို ကျဆင်းစေနိုင်သကဲ့သို့၊ ထိုအမှုအား ဆောင်ရွက်ဖို့ရန် ကြိုးစားအားထုတ်မှုနှင့် အလေးထားမှုကို ဖြစ်နိုင်ပါသည်။ သမ္မာကျမ်းစာထဲတွင်၊ ကိုယ်ကျိုးစွန့် အမှုဆောင်ခြင်းအား ကျမ်းစာနှင့် ကိုက်ညီသော တရားနည်းလမ်းဖြစ်ကြောင်း အစဉ် ဖော်ပြလျက်ရှိပါသည်။

<u>ငါနှင့် ငါ့ကျွန်တို့သည် လယ်ယာကို မဝယ်</u> (နေဟမိ ၅း၁၆)။ ခရစ်ယာန် အမှုတော်တိုင်း၌ လိုအပ်သောအရာသည် စစ်မှန်သော ဆောင်ရွက်လိုခြင်း စိတ်သဘောပင်ဖြစ်ပါသည်။ ပြုသမျှသောအမှုတို့ကို စိတ်ပါလက်ပါ ဆောင်ရွက်ရပါမည်။ ထိုသို့သော စိတ်သဘော ရှိသောသူသည် ပြုမည့်အမှု၏ တန်ဖိုးကို ထွက်ချက်လျက်၊ မိမိကိုယ်ကို ပြင်ဆင်ပြီး၊ လိုအပ်သောအခါ ပေးဆပ်စတေးခြင်းကို လိုလားစွာ ပြုတတ်ပါသည်။ ခရစ်ယာန် အမှုတော် ဆောင်ခြင်း၌ ကိုယ်ကျိုးရှာခြင်း စိတ်သဘော ဝင်လာတတ်သော အချိန်သည် ဆောင်ရွက်မည့် အမှုနှင့်ဆိုင်သော အချိန်အခါ၊ အခြေအနေ အရပ်ရပ်ကို ဆွေးနွေးသော အချိန် ဖြစ်ပါသည်။ ထိုသို့ ဆွေးနွေးစဉ် ကိုယ်ကျိုးအမြတ် ထွက်ချက်ခြင်း စိတ်သဘော ဝင်လာတတ်ပြီး၊ ကြာလာသောအခါ ဘုရားသခင်၏အမှုတော်အတွက် အဆီးအတား ဖြစ်လာတတ်၏။ နေဟမိ၏ အသက်တာတွင်၊ စတေးခြင်းက ခရစ်ယာန်အမှုတော်ကို ဆီးတားသည်သာမက၊ ပို၍ အားတတ် ကျယ်ပြန့်စေကြောင်း တွေ့ရပါသည်။ အမှု ဆောင်ရွက်ခြင်းကို နေဟမိ ရပ်တန့် မသွားခဲ့ပါ။ နေဟမိသည် လူများတို့၏ ကျွေးမွေးခြင်းကို မခံရသော်လည်း၊ မြို့ရိုးကို အမြဲ လုပ်၍ နေခဲ့ပါသည် (နေဟမိ ၅း၁၅-၁၆)။ နေဟမိ၏ ပေးဆပ်မှုသည် မြို့ရိုးတည်ဆောက်ခြင်းကို ပို၍ ထိရောက်စေခဲ့ပါသည်။ သူနှင့် သူ၏ကျွန်တို့သည် အခြားသော အမှု၏ နှောင့်ယှက်ခြင်းကို မခံကြရသောကြောင့်၊ မြို့ရိုးတည်ခြင်းအမှုကိုသာ ဝိုင်းညီ၍ ကြိုးစားကြ၏ (နေဟမိ ၅း၁၆)။ အခြားသောအမှုကို စိတ်ဝင်စားခြင်း မရှိသောကြောင့်၊ နေဟမိသည် ထိုမြို့ရိုးတည်ဆောက်ခြင်း၌ ကိုယ်စိတ်နှလုံး ပါဝင်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ယောရှုသည် ဣသရေလ အမျိုးသားများထံ နယ်မြေ ခွဲဝေပေးခဲ့သောအချိန်၌ မိမိအတွက် ရရှိထိုက်သော ဝေစုကို အဓိက မထားဘဲ ဆောင်ရွက်သကဲ့သို့၊ နေဟမိသည်လည်း ဘုရားသခင်၏အမှုတော် ဆောင်ရွက်ခြင်း၌ မိမိနှင့် မိမိ ညီအစ်ကိုများအတွက် အကျိုးအမြတ်ကို မရှာဘဲ ဆောင်ရွက်ခဲ့ပါသည်။ အထူးသဖြင့် ဆင်းရဲသားများ၏ ဥစ္စာပစ္စည်းကို လုံးဝ မယူခဲ့ပါ။

**ဆင်ခြင်ရန်** - ကိုယ်ကျိုးအတွက် သူတပါးအမှု ဆောင်ရွက်ခြင်းသည် အပြစ်ဖြစ်၏။
**ဆုတောင်းချက်-** (သု ၃၀း၈-၉ ကို အသုံးပြုပါ)။

ဗုဒ္ဓဟူး၊ ဖေဖော်ဝါရီ (၁၁)
**နေဟမိ ၅း၁၄-၁၉**
၁ တိ ၃း၁-၈

*"သင်းအုပ်သည် . . . ဥ္စည့်သည်ဝတ်ကို ပြုတတ်သောသူ . . . ဖြစ်ရမည်"*

## အမှုတော်၌ စံနမူနာဖြစ်မည်အကြောင်း စတေးခြင်း (၄)

စတေး ပေးဆပ်ခြင်း နှစ်မျိုးရှိပါသည်။ ပထမ တချက်မှာ အများစု သိထားသည့်အတိုင်း၊ အမှုတော် ဆောင်ရွက်ဖို့ရန် တစုံတခု စွန့်လွှတ်ခြင်းကို ဆိုလိုပါသည်။ နောက်တချက် မှုကား၊ သူတပါးအပေါ် ရက်ရောခြင်း၊ ပြုစုခြင်း၊ ပေးဆပ်ခြင်းကို ဆိုလိုပါသည်။ သူတပါး အပေါ် ထိုသို့သော ပေးဆပ်ခြင်းတွင်၊ ခရစ်ယာန်သည် မိမိ၏ ချစ်ခြင်းမေတ္တာ၊ သနားကြင်နာခြင်းကို သူတပါးအပေါ် ပြသလျက်၊ မိမိ၏ အချိန်နှင့် ဥစ္စာပစ္စည်းများကို ဝေငှပေး တတ်၏။ ထိုအမှုသည် သနားကြင်နာခြင်း အမှုဖြစ်ပြီး၊ သူတပါးကို ဘယ်လောက် တန်ဖိုးထားကြောင်းကိုလည်း ပြသခြင်းဖြစ်ပါသည်။

<u>ယုဒအမျိုးသားတို့နှင့် မင်းအရာရှိ တရာငါးကျိပ်တို့သည် ငါ့စားပွဲ၌ စားသောက်မြဲ ရှိကြ၏</u> (နေဟမိ ၅း၁၇)။ ဤကျမ်းပိုဒ်၌ တွေ့ရသည်မှာ မိမိကိုယ်ကျိုးကို မရှာဘဲ အမှုတော်ကို လိုလိုလားလား ဆောင်ရွက်သော သူတဦး အကြောင်းဖြစ်ပါသည်။ ထို့ပြင်၊ ဤလူသည် သူတပါးအပေါ် ကျေးဇူးပြု တတ်သော၊ ဧည့်ဝတ် ကျေပွန်သောသူ တဦးဖြစ်ကြောင်းလည်း တွေ့ရပါသည်။ နေဟမိသည် မိမိ ကြွယ်ဝချမ်းသာဖို့ကို အဓိက ထားသောသူ မဖြစ်သောကြောင့်၊ ယုဒအမျိုးသားနှင့် မင်းအရာရှိ တရာ ငါးဆယ်ကို ကျွေးမွေးခဲ့ပါသည် (နေဟမိ ၅း၁၆)။ ထို့ပြင်၊ သူတို့ထံမှ အစာအစားနှင့် သောက် စရာ မယူ၊ အခွန်လည်း မကောက်ခဲ့ပါ (နေဟမိ ၅း၁၄-၁၅)။ ထို့ပြင်၊ တပါးအမျိုးသားတို့ထံ ရောင်းစားခြင်း ခံရသော ယုဒလူတို့ကို ပြန်လည် ရွေးနှုတ်ခဲ့ပါသည် (နေဟမိ ၅း၈)။ ထိုအမှုအားလုံးကို "အစာခေါင်းပါးသော ကာလ" (နေဟမိ ၅း၃)၊ လူများတို့သည် ဆန်စပါး ဝယ်ယူဖို့ရန်အတွက် သူတို့၏ လယ်ယာ ဥယျာဉ်များကို အပေါင်ထားကြသည့် ကာလ၊ မှူးမတ်နှင့် မင်းအရာရှိတို့က အမျိုးသားချင်းတို့၌ အတိုးစားကြသော ကာလ (နေဟမိ ၅း၄-၇) ၌ ပြုခဲ့ခြင်းဖြစ်ပါသည်။

<u>နေ့တိုင်း ငါ့စားပွဲကို နွားတကောင်၊ ရွေးသော သိုးခြောက်ကောင် ပြင်ဆင်ရ၏</u> (နေဟမိ ၅း၁၈)။ နေဟမိ ၅း၁၈ သည် နေဟမိ၏ ဖြုန်းတီးခြင်း၊ အစားကြီးခြင်းအကြောင်း ဖော်ပြချက် မဟုတ်ဘဲ၊ သူ၏ ဧည့်ဝတ်ကျေပွန်ခြင်းနှင့် ရက်ရော ပေးဆပ်ခြင်းကို ဖော်ပြခြင်း ဖြစ်ပါသည်။ အမှုတော်အတွက် နေဟမိ၏ ပေးဆပ်မှု မျိုးပင်ဖြစ်ပါသည်။ သူသည် ယုဒလူတို့အတွက် ဝန်ထုပ် ဝန်ပိုး မဖြစ်လိုဘဲ၊ သူတို့အတွက် ပေးဆပ်သောသူ ဖြစ်ခဲ့ပါသည်။ ထိုသို့ နေ့စဉ် ကျွေးမွေးခဲ့ သော်လည်း၊ နေဟမိသည် လူတို့ထံမှ အဘယ်အဖိုးအခကိုမျှ မတောင်းခဲ့ပါ။

**ဆင်ခြင်ရန်** - အမှုတော်ဆောင်ခြင်းသည် ပေးဆပ်ခြင်းဖြစ်ပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ အဖိုးအခများစွာ ပေးဖို့လိုသည့်တိုင် ကိုယ်တော်နှင့် သူတပါးအတွက် ကျွန်တော် အမှုတော် ဆောင်လိုပါ၏။



သောကြာ၊ ဖေဖော်ဝါရီ (၂၀)
**နေဟမိ ၆း၁၀-၁၄**
တရား ၁၃း၁-၅

*"ငါကြောက်၍ ထိုသို့ ပြုသဖြင့်၊ ပြစ်မှားစေခြင်းငှါ၊ ထိုသူကို ငှါးကြ၏"*

## အောင်မြင်သော အမှုတော်အတွက် အသိအမြင် (၈)

ရှေမယ ပြုသကဲ့သို့၊ ဘုရားသခင် ကြောက်ရွံ့ခြင်း မရှိသောသူသည် မိတ်ဆွေကဲ့သို့ဖြင့်၊ ညီအစ်ကိုကဲ့သို့ဖြင့်း ဂရုစိုက်ဟန်ဆောင်လျက် အကြံပေးတတ်ကြပါသည်။ သမ္မာကျမ်းစာထဲ၌ ဘုရားသခင်၏အလိုတော်နှင့် မကိုက်ညီသော အကြံကို မိတ်ဆွေ သူငယ်ချင်းက ပေးသောကြောင့် ပျက်စီးခြင်းသို့ ရောက်သော သူများအကြောင်းကို များစွာ တွေ့ရပါသည်။ အာမနုန်သည် သူ့မိတ်ဆွေ ယောနဒပ်၏ အကြံပေးမှုကို နားထောင်သဖြင့် အသက် ဆုံးရှုံးခဲ့ရ၏။ ရောဗောင်သည်လည်း မှားယွင်းသော ဆုံးဖြတ်ချက် တခုကြောင့် နိုင်ငံတော် နှစ်ခြမ်းကွဲခဲ့ပါသည်။ သမ္မာကျမ်းစာက ရှင်းလင်း စွာ၊ "လူဆိုးတို့သည် သင့်ကို သွေးဆောင်လျှင် ဝန်မခံနှင့်" (သု ၁း၁၀) ဟု သတိပေးခဲ့ပါသည်။ အဘယ်အကြောင်းကြောင့်ဘဲဖြစ်ဖြစ်၊ မှန်ကန်သော၊ ဘုရားသခင်နှင့်ဆိုင်သော ဆုံးဖြတ်ချက် ချဖို့ ကျွန်ုပ်တို့၌ တာဝန်ရှိပါသည်။ အဘယ်သူ၏စကားကို ကျွန်တော်တို့ နားထောင် သင့်သည်ကို ကျွန်တော်တို့ သတိပြုဖို့လိုပါသည်။

<u>ထိုသူကို ဘုရားသခင် စေလွှတ်တော်မမူ . . . ကြောင်း ငါရိပ်မိ၏</u> (နေဟမိ ၆း၁၂)။ အန္တရာယ် ပေါ်များလှသည်ဖြစ်သောကြောင့်၊ ဘုရားသခင် သားသမီးတို့၏ လုံခြုံမှုအတွက်၊ ဝိညာဉ် တိုင်းကို မယုံဘဲ၊ ဘုရားသခင်ထံမှ ဟုတ်မဟုတ် သမ္မာသတိရှိလျက် စမ်းစစ်ဖို့ရန် သတိပေးခဲ့ပါသည်။ ရှေမယ ပေးသောအကြံသည် သမ္မာကျမ်းစာနှင့် ကိုက်ညီမှု မရှိသောကြောင့်၊ နေဟမိသည် အမှား အမှန်ကို ခွဲခြား သိမြင်နိုင်ခဲ့ပါသည်။ ကျွန်တော်တို့ ယုံကြည်ရမည့်အရာနှင့် ဘယ်လို အသက်ရှင် နေထိုင်ရမည်နည်းဟူသော စံနှုန်းနှင့် နည်းဥပဒေသများကို သမ္မာကျမ်းစာက ဖော်ပြလျက်ရှိ၏။ မောရှေက ကျွန်တော်တို့ နာခံမည့်အရာသည် ဘုရားသခင် ဖော်ပြတော်မူသောအရာ ဖြစ်ရမည် အကြောင်း၊ ဘုရားသခင် ဖော်ပြတော်မူသော အလိုတော်ကို ဆန့်ကျင်ဖို့ရန် လမ်းလွဲစေသော အဘယ် ပရောဖက် မဆို၊ ပရောဖက်ပြုချက်၌ အံ့ဘွယ်နိမိတ်လက္ခဏာပြသည့်တိုင်၊ ထိုပရောဖက်အား သတ်ရ မည်အကြောင်း မိန့်တော်မူခဲ့ပါသည်။ ရှေမယ၏ အကြံပေးမှုသည် ဘုရားသခင်ထံမှ မဟုတ်ပါ။ နေဟမိအား အပြစ်ပြုစေဖို့ရန်၊ ကျော့ကွင်း ထောင်ခြင်းဖြစ်ပြီး၊ အပြစ်တင်ခြင်း ခံစေရန် ရည်ရွယ် ခဲ့ခြင်း ဖြစ်ပါသည်။ ရှေမယ၏အကြံကို နာခံခဲ့လျှင်၊ နေဟမိသည် လူထုရှေ့နှင့် မိမိအသိစိတ်၌ သူရဲဘောကြောင်သောသူ ဖြစ်ပါလိမ့်မည်။ ထို့ပြင်၊ ပုန်ကန်ခြင်းအမှု စွပ်စွဲချက်နှင့် ယေရုရှလင်မြို့၌ ရှင်ဘုရင် ဖြစ်လို၏ဟူသော စွပ်စွဲချက်သည် အမှန်ဖြစ်သည်ဟု သတ်မှတ်ကြပါလိမ့်မည်။ ထို့ပြင်၊ ဗိမာန်တော်ထဲသို့ ဝင်ပုန်းခြင်းအမှုသည် အပြစ်လွန်ကျူးခြင်းဖြစ်ပါသည်။ အကြောင်းမှာ၊ အာရုန်၏ သားများမှ အပ၊ အခြားသောသူများ ဝင်ခွင့် မရှိခဲ့ပါ (တော ၁၈း၇)။ အပြစ် ကျူးလွန်စေရန် နေဟမိအား သွေးဆောင်ခြင်းဖြစ်ပါသည်။ ထိုအချက်ကို နေဟမိ သိမြင်ခဲ့ပါသည်။ ကျွန်တော်တို့ သည် မိမိ၏တာဝန်ကို ကျေပွန်စွာ ထမ်းရွက်မည်အကြောင်း အစဉ် သမ္မာသတိရှိဖို့ လိုပါသည်။ ကြား သိသော စကားကို မှန်မမှန် သမ္မာကျမ်းစာအားဖြင့် အစဉ်အမြဲ၊ ဗေရိလူများကဲ့သို့၊ စေ့စေ့ကြည့်ရှု စမ်းစစ်ရပါမည်။ ထိုအခါ၊ "မတရားသော သူတို့၏ ပရိယာယ်အားဖြင့်၊ သင်တို့သည်လည်း သွေး ဆောင်ရာသို့ လိုက်၍၊ သင်တို့ တည်ကြည်ခြင်းမှ မရွေ့လျော့မည်အကြောင်း" တည်း (၂ ပေ ၃း၁၇)။

**ဆင်ခြင်ရန်** - (၁ ယော ၄း၁-၃ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** အဖဘုရား၊ အမှုတော်အတွက် ဉာဏ်ပညာနှင့် အဆိုးအကောင်း ခွဲခြားတတ်သော ဉာဏ်အမြော်အမြင် ပေးသနားတော်မူပါ။

*"ငါတို့သည် အမျိုးမျိုးသော နှောင့်ရှက်ခြင်းကို ခံရသော်လည်း၊ အကျိုးနည်းခြင်းသို့ မရောက်"*

## အောင်မြင်သော အမှုတော်အတွက် အသိအမြင် (၇)

ဘုရားသခင်၏အလိုတော်နှင့် ထမ်းရွက်စေတော်မူသော အမှုတော်ကို ဆောင်ရွက်ခြင်း၌ နေဟမိ၏ အမှုတော်ဆောင်ခြင်း လမ်းခရီးသည် အခက်အခဲ၊ စိန်ခေါ်မှုနှင့် ပြည့်လျက်ရှိခဲ့ပါသည်။ သို့သော်လည်း၊ ဖော်ပြထားသောအချက်တို့သည် ကြုံတွေ့ရသော ထိုအခက်အခဲများသာ မဟုတ်ဘဲ၊ ထို ဘုရားသခင်၏ အစေခံကျွန်၏ ဆုံးဖြတ်ချက် ခိုင်မာမှုနှင့် အမှုတော် အောင်မြင်ခြင်းအကြောင်း လည်း ပါဝင်ပါ၏။ နေဟမိ၏ စိတ်နှလုံးထဲ၌ ဘုရားသခင် ထားတော်မူသောအမှုသည် အဘယ် ဆန့်ကျင်မှု ရှိသည်ဖြစ်စေ ဘုရားသခင်၏ဘုန်းတော်ထင်ရှားဖို့ရန်အတွက် နေဟမိ ပြီးစီး ဆောင်ရွက် နိုင်မည့် အမှုပင်ဖြစ်ပါသည်။ နေဟမိသည် မိမိ၏အရှင် ဘုရားသခင်ကို ယုံကြည်ကိုးစားလျက်၊ ထိုအမှုပြုဖို့ရန် မိမိကိုယ်ကို ဆက်ကပ်ထားခဲ့ပါသည်။

<u>ဘုရားသခင်၏ အိမ်တော်အတွင်းခန်းထဲမှာ ငါတို့သည် စုဝေး၍</u> (နေဟမိ ၆း၁၀)။ နေဟမိ ကြုံတွေ့နေရသော ဆန့်ကျင်မှုနှင့် ပတ်သက်ပြီး တွေ့ရသည်မှာ၊ အလုပ် မလုပ်ဘဲ နေစေဖို့ရန် ထင်မှတ်မထားသော သူက ထင်မှတ်မထားသော နေရာသို့ သွေးဆောင်လျက် လုပ်ကြံရန် ကြံစည်ခြင်း ပါဝင်ခဲ့ပါသည်။ ဘုရားသခင်၏ အမှုတော် ဆောင်ရွက်ခြင်းအမှုမှ သွယ်ဖယ် စေနိုင်သောအရာဖြစ် လျှင်၊ ကောင်းသောအမှုဟု ထင်ရသော အမှုပင်ဖြစ်စေ၊ အဘယ်အမှုကိုမျှ မပြုသင့်ကြောင်း ဖော်ပြခဲ့ ပြီးဖြစ်ပါသည်။ နေဟမိသည် မိမိ၏ လုံခြုံမှုအတွက် ဗိမာန်တော်ထဲ၌ ပုန်းနေဖို့ရန် ရှေမယ၏ သွေးဆောင်မှုကို ခံခဲ့ပါသည်။ ဤသို့ တွေးကြည့်ပါ၊ ဘုရားသခင်ကို ယုံကြည်ကိုးစားလျက် အမှုတော် ဆောင်ရွက်ခဲ့ပြီးနောက် ကြောက်ရွံ့ခြင်းရှိလျက် ထွက်ပြေး ပုန်းအောင်းခဲ့လျှင်၊ ဆုံးဖြတ်ချက် ခိုင်မာစွာ ချမှတ်လျက်၊ ဘုရားသခင်၏ အမှုတော်အတွက် မိမိ၏ရပိုင်ခွင့်နှင့် လုပ်ပိုင်ခွင့် (နေဟမိ ၄း၂၃၊ ၅း၁၄) တို့ကို စတေးခဲ့ပြီးနောက်၊ "ကိုယ်တော်ကို သတ်အံ့သောငှါ လာကြလိမ့်မည်" (နေဟမိ ၆း၁၀) ဟူသော မခိုင်လုံသည့် သတင်း၊ ခြိမ်းခြောက်မှုကြောင့် မိမိ၏ လုံခြုံမှုအတွက် ထွက်ပြေးခဲ့ လျှင်၊ သင်မည်သို့ သတ်မှတ်မည်နည်း။ ထိုသူသည် ဘုရားသခင်ထံ ဆုတောင်းလျက်၊ "ယေရုရှလင် မြို့ကို စစ်ချီ၍ တိုက်မည်။ ထိုအမှုကို ဖျက်မည်" (နေဟမိ ၄း၈) ဟု ဆိုကြသောအခါ၊ အစောင့်များ ချထားလျက်၊ ဆောက်လုပ်သောသူများအား လက်နက် ကိုင်ဆောင်စေခဲ့သောသူဖြစ်ခဲ့၏။ ထိုသူအား ဆုတောင်းဖို့ရန် မဟုတ်ဘဲ၊ မိမိ၏ လုံခြုံမှုအတွက် ဗိမာန်တော်ထဲသို့ လာရောက် ပုန်းအောင်းဖို့ရန် သွေးဆောင်ခြင်း ခံရခဲ့ပါသည်။ ထို သွေးဆောင်ခြင်းနောက်သို့ နေဟမိ လိုက်ခဲ့လျှင်၊ ထိုသတင်းသည် ဆောက်လုပ်သောသူများ နှင့် မိမိအသက်ကို မငဲ့ကွက်ဘဲ ညဥ့်အချိန် ကင်းစောင့်သောသူများအတွက် မည်သို့သော သက်ရောက်မှု ရှိပါလိမ့်မည်နည်း။ နေဟမိသည် ဆုံးဖြတ်ချက် ခိုင်မာစွာဖြင့် ကြောက်ရွံ့ခြင်း မရှိဘဲ၊ "ငါ မဝင်" (နေဟမိ ၆း၁၁) ဟု တုန့်ပြန်ခဲ့ပါသည်။ မိမိ၏ အသက် လုံခြုံမှု အတွက်ဖြစ်သော်လည်း၊ ထိုအပြစ်ကို မကျူးလွန်ဘဲ ငြင်းပယ်ခဲ့ပါသည် (တော ၁၈း၇၊ ၆ ရာ ၂၆း၁၈)။

**ဆင်ခြင်ရန်** - (ဆာလံ ၅၅း၂၂ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** (ဆာလံ ၅၅း၂၃ ကို အသုံးပြုပါ)။





*"အို အကျွန်ုပ် ဘုရားသခင် . . . အကျွန်ုပ်ကို အောက်မေ့၍ ကျေးဇူးပြုတော်မူပါ"*

## အမှုတော်၌ စံနမူနာဖြစ်မည်အကြောင်း စတေးခြင်း (၅)

နေဟမိ အသက်တာက သူသည် ဘုရားသခင်နှင့် ဘုရားသခင်၏ သားသမီးများ အတွက် မိမိ၏ ပျော်ရွှင်ဖွယ် ဘဝကို စွန့်လွှတ်လျက်၊ အမှုတော် ကြိုးစား ဆောင်ရွက် လိုသောသူ ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ သူသည် ဘုရားသခင် ထမ်းရွက်စေတော်မူသောအမှုကို ပြီးစီး ဆောင်ရွက်ဖို့ရန်နှင့် လူအပေါင်းအတွက် စံနမူနာ ဖြစ်ဖို့ရန် အရာအားလုံးကို စတေးခဲ့ပြီး၊ မိမိအစွမ်းရှိသမျှဖြင့် ကြိုးစား အားထုတ်လျက် အမှုတော် ဆောင်ရွက်ခဲ့ပါသည်။ သူသည် သမ္မာသတိရှိလျက်၊ ဆက်ကပ်သောသူ ဖြစ်ပါသည်။ သူသည် ပညာနှင့်ယှဉ်၍ အမှုကို ဆောင်ရွက်ပြီး၊ ဆုတောင်းခြင်းဖြင့် အမှုတော်ကို ချဉ်းကပ်လျက်၊ သစ္စာရှိသောသူ ဖြစ်ပါသည်။ ထိုသို့ မိမိတတ်နိုင်သမျှ အစွမ်းဖြင့် ကြိုးစားအားထုတ် ပြီးနောက်၊ မိမိကိုယ်ကို ဘုရားသခင်ထံ ဆက်ကပ်ခဲ့ပါသည်။

<u>အကျွန်ုပ် ဘုရားသခင်၊ . . . အကျွန်ုပ်ကို အောက်မေ့၍ ကျေးဇူးပြုတော်မူပါ</u> (နေဟမိ ၅း၁၉)။ နေဟမိ၏ ဤဆုတောင်းချက်က ဘုရားသခင်နှင့် သူ၏ ရင်းနှီးကျွမ်းဝင်သော ဆက်နွယ်မှုကို ဦးစွာ ဖော်ပြခဲ့ပါသည်။ ဘုရားသခင်အား အကျွန်ုပ်၏ ဘုရားသခင်ဟု ခေါ်ခဲ့ပါသည်။ သူ၏ ကြိုးစား အားထုတ်မှု၊ ဆက်ကပ်မှု၊ သစ္စာရှိမှုနှင့် ပေးဆပ်မှုတို့သည် ဘုရားသခင်အကြောင်း သိကျွမ်းခြင်းနှင့် ရင်းနှီး ဆက်နွယ်မှုမှ ပေါက်ပွားလာခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်အပေါ် ထားရှိသော ယုံကြည်ခြင်းနှင့် သိကျွမ်းခြင်း အပေါ်မူတည်၍ အမှုတော်ကို ဆောင်ရွက်လျက်၊ ပေးဆပ် တတ်ကြပါသည်။ ဒံယေလ၏ မိတ်ဆွေ သုံးဦး ကဲ့သို့ ကျွန်ုပ်တို့၏ ဘုရားသခင် ကိုးစားခြင်းသည် ထိုဘုရားသခင်အကြောင်း သိခြင်း၌ တည်လျက်ရှိပါသည်။ ထို့ကြောင့်၊ ယုံကြည်ခြင်း၊ ဆက်ကပ်ခြင်း နှင့် အမှုတော် ဆောင်ရွက်ခြင်း၌ ကြီးထွားလိုသောသူသည် ဦးစွာ "ကျေးဇူးတော်၌၎င်း၊ ငါတို့ကို ကယ်တင်တော်မူသော အရှင်သခင် ယေရှုခရစ်ကို သိကျွမ်းခြင်း၌၎င်း ကြီးပွါး" (၂ ပေ ၃း၁၈) ခြင်း ရှိရပါမည်။ နေဟမိ၏ ဆုတောင်းချက်က ဘုရားသခင်အပေါ် ထားရှိသော သူ၏ ယုံကြည် ကိုးစားခြင်းကိုလည်း ဖော်ပြလျက်ရှိပါသည်။ "အကျွန်ုပ်ကို အောက်မေ့၍ ကျေးဇူးပြုတော်မူပါ" ဟုသာ ဆိုခဲ့ပါသည်။ မိမိအတွက် ဘုရားသခင် ပြုသမျှသည် ကောင်းသောအရာ ဖြစ်မည်အကြောင်း နေဟမိ သိခဲ့ပါသည်။ ဘုရားသခင်၏ ကောင်းမြတ်ခြင်းနှင့် အသိဉာဏ်ကို သူ ယုံကြည် ကိုးစားခဲ့ပါ သည်။ သူသည် ဘုရားသခင် အလိုရှိသောအရာ၊ ဘုရားသခင် ကြောက်ရွံ့ခြင်းသည် ကိုယ်အကျိုးကို ဖြစ်စေကြောင်းကို၎င်း (တရား ၆း၂၄)၊ ဘုရားသခင်ကို သစ္စာရှိစွာ ရှာသောသူတို့သည် "ကောင်းသော အရာ တစုံတခုမျှ မလိုရာ" (ဆာလံ ၃၄း၁၀) ဟူသောအချက်ကိုလည်း သိနားလည်ခဲ့ပါသည်။ ထို့ပြင် သူ၏ဆုတောင်းချက်က၊ ဘုရားသခင်၏ ဂုဏ်တော်များကို သိသည်နှင့် အညီ၊ သူပြုသောအမှု တိုင်း၌ သူ၏စိတ်သဘောထား ဖြူစင်မှုကို ပြသခဲ့ပါသည်။ သူသည် မိမိကိုယ်ကျိုးအတွက် အမှုတော် ကို ဆောင်ရွက်သည် မဟုတ်ပါ။ "ဤလူတို့အဘို့ အကျွန်ုပ် ပြုသမျှအတွက်" ဟု ဘုရားသခင်ထံ ဆုတောင်းခဲ့ပါသည်။ ကိုယ်ကျိုးမရှာဘဲ၊ သစ္စာရှိစွာ အမှုတော်ဆောင် ခဲ့၏။ "သန့်ရှင်းသူတို့ကို အထက် က လုပ်ကျွေးသည်သာမက၊ ယခုပင် လုပ်ကျွေးခြင်းအမှုကို၎င်း၊ ထိုသို့ပြုသောအားဖြင့် နာမတော်ကို ထောက်၍ ပြသော မေတ္တာကို၎င်း၊ ဘုရားသခင်သည် မေ့လျော့သည် တိုင်အောင် အဓမ္မအမှုကို ပြုတော်မူသည် မဟုတ်" (ဟေဗြဲ ၆း၁၀) ကြောင်း သူသိခဲ့ပါသည်။

**ဆင်ခြင်ရန်** - (ဗျာ ၂၂း၁၂ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်ကျိုးအတွက် မဟုတ်ဘဲ၊ ကိုယ်ကျိုးစွန့် အမှုတော် ဆောင်မည် အကြောင်း အကျွန်ုပ်ကို မစတော်မူပါ။

သောကြာ၊ ဖေဖော်ဝါရီ (၁၃)
**နေဟမိ ၆း၁-၄**
မသဲ ၁၀း၁၆-၂၃

*"လူတို့ကို သတိပြုကြ"*

## အောင်မြင်သော အမှုတော်အတွက် အသိအမြင် (၁)

ယနေ့ ကျမ်းပိုဒ်တွင်၊ မြို့ရိုးတည်ဆောက်ခြင်းအမှုကို ပြန်လည် ဖော်ပြခဲ့ပါသည်။ ဆောင်ရွက်သည့် အမှု တိုးတက်လာသည်နှင့်အမျှ ရန်သူ၏ ဆန့်ကျင်မှုသည်လည်း (နေဟမိ ၄း၇ ၌ ဖော်ပြခဲ့ပါပြီး) ပို၍ ပြင်းထန်လာသည်ဖြစ်၍ ပိုခက်ခဲလာခဲ့ပါသည်။ မြို့ရိုးတည်ဆောက်ခြင်းအမှု အလွန် တိုးတက်ခြင်းရှိခဲ့ပါသည်။ ရန်သူ၏ အရင် ဆန့်ကျင်မှု မအောင်မြင်ခဲ့ပါ။ လူတို့သည် အမှု ဆောင်ရွက်ဖို့ စိတ်အားထက်သန်ခဲ့ကြသောကြောင့်၊ မအောင်မြင်ခဲ့ကြခြင်း ဖြစ်ပါသည်။ ရန်သူတို့သည် နောက်တဖန် ဆန့်ကျင်ဖို့ရန် စုဝေးခဲ့ကြပါသည်။ ယခုတွင်၊ နေဟမိကို တိုက်ခိုက်ဖို့ရန် ကြံစည် ခဲ့ကြပါသည်။

<u>သမ္ဘာလတ်နှင့် ဂေရှင်တို့က . . . ငါ့ကို မှာလိုက်ကြ၏</u> (နေဟမိ ၆း၂)။ မြို့ရိုးတည်ဆောက်ခြင်းအမှုကို ဆန့်ကျင်သောသူတို့သည် ထိုဆောက်လုပ်ခြင်းအမှုနှင့် လုပ်ဆောင်သောသူများကို ကဲ့ရဲ့ခဲ့ကြပါသည်။ ခြိမ်းခြောက်မှုလည်း ပြုခဲ့ကြ၏။ ထို့နောက်၊ မမျှော်လင့်ဘဲ ရင်းနှီးသည့် လေသံဖြင့် ချဉ်းကပ်လာခဲ့ပါသည်။ "လူတို့ကို သတိပြုကြ" ဟူသော ခရစ်တော်၏စကားကို သတိရစေခဲ့ပါသည်။ ရန်သူသည် နည်းဗျူဟာ ပြောင်းလဲတတ်၏။ တိုက်ခိုက် ခြိမ်းခြောက်ခြင်းဖြင့် မအောင်မြင်သောအခါ၊ ထရိုဂျန် သစ်သား မြင်းရုပ် နည်းတူ၊ လှည့်စားခြင်းကို အသုံးပြုတတ်ပါသည်။ ယေရှုက တပည့်တော်တို့အား၊ "မြွေကဲ့သို့ လိမ္မာ" ကြဖို့ သတိပေးတော်မူခဲ့၏။ ထို့ကြောင့်၊ ကျွန်တော်တို့သည် ရန်သူ၏ လှည့်စား သွေးဆောင်ခြင်းများကို အထူးသတိပြုဖို့ လိုအပ်ပါသည်။

<u>မကောင်းသော အကြံရှိ၍</u> (နေဟမိ ၆း၂)။ ဘာကို ကြံစည်လျက် ဖိတ်ခေါ်ခဲ့ပါသနည်း။ ဆန့်ကျင်ခြင်း အရင် ပြုခဲ့ပြီးမှ၊ မိတ်ဆွေသဖွယ် ဖိတ်ခေါ်လာသောအခါ၊ သူတို့နှင့် မိသာဟာယ ဖွဲ့လျှင်၊ ပေါင်းဘော်လျှင် အဘယ်သို့သော အကျိုးဆက် ဖြစ်လာနိုင်သည်ကို သေချာ တွက်ချက် စဉ်းစားဖို့ လိုအပ်ပါသည်။ မိသာဟာယဖွဲ့ခြင်းကို အတူတကွ ဆောင်ရွက်လိုခြင်း စိတ်သဘောထား အပေါ်၌ အခြေခံလျက် ပြုဖို့လိုပါသည်။ သမ္ဘာလတ်နှင့် သူ၏အပေါင်းအပါတို့သည် ယခု အချိန်ထိ မြို့ရိုးတည်ဆောက်ခြင်းအမှုကို မဆီးတားနိုင်သေးပါ။ ခြိမ်းခြောက်ခြင်း၊ ကဲ့ရဲ့ခြင်းတို့ကို အသုံးပြုလျက် နေဟမိကို နိုးဆွခဲ့ကြသော်လည်း မအောင်မြင်ခဲ့ကြပါ။ ထို့ကြောင့်၊ နည်းဗျူဟာ ပြောင်း၍ အလုပ်နှင့် နေဟမိ ဝေးကွာ စေဖို့ရန် ကြံစည်ခဲ့ကြပါသည်။ ခေါင်းဆောင် အချင်းချင်း တွေ့ဆုံ ဆွေးနွေးခြင်း ပြုမည်ဟု ဆိုလျက် နေဟမိအား ဖိတ်ခေါ်ခဲ့ကြပါသည်။ သို့သော်လည်း၊ သူတို့၏ အကြံမှုကား၊ နေဟမိအား သီးခြားခေါ်ပြီး သတ်လျက်၊ မြို့ရိုးတည်ဆောက်ခြင်းအမှုကို ရပ်တန့်စေဖို့ရန် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဖော်ရွေသော ဖိတ်ခေါ်ခြင်းသည် ထောင်ချောက်၊ လှည့်ဖြားခြင်း ဖြစ်နိုင်ပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်ကိုသာ အာရုံပြုလျက် စေ့စေ့ကြည့်မည်အကြောင်း မစတော်မူပါ။



ဗုဒ္ဓဟူး၊ ဖေဖော်ဝါရီ (၁၈)
**နေဟမိ ၆း၅-၉**
၁ ယော ၃း၁၉-၂၄

*"ချစ်သူတို့၊ ကိုယ်စိတ်နှလုံးသည် ကိုယ်ကို အပြစ်မတင်လျှင်၊ ဘုရားသခင့်ရှေ့တော်၌ ရဲရင့်ရသောအခွင့် ရှိကြ၏"*

## အောင်မြင်သော အမှုတော်အတွက် အသိအမြင် (၆)

နေဟမိမှတ်စာမှ ကျွန်တော်တို့ သင်ယူရမည့် သင်ခန်းစာမှုကား၊ ဘုရားသခင်၏ အစေခံကျွန်သည် ဘုရားသခင်၏အမှုတော်နှင့် ဘုရားသခင် ထမ်းရွက်စေလိုသော အမှုကို ဆက်ကပ်သော စိတ်ဖြင့်၊ ကြိုးစားအားထုတ်လျက် ဆောင်ရွက်ရမည်ဟူသော အချက်ပင်ဖြစ်ပါသည်။ နေဟမိ၏ စိတ်သဘောထားမှုကား၊ ဘုရားသခင်၏အမှုတော် ဆောင်ရွက်ခြင်းမှ သွေဖယ်စေနိုင်သော အဘယ်အမှုမျှ၊ မိမိကိုယ်ကို ကွယ်ကာဖို့ရန် အစည်းအဝေးသို့ သွားရောက်ခြင်း အပါအဝင်၊ အဘယ်အရာမျှ မလုပ်သင့်၊ မလုပ်ရ ဟူသော စိတ်သဘောထားဖြစ်ပါသည်။ ဘုရားသခင် ထမ်းရွက်စေတော်မူသော အမှုနှင့် အမှုတော်ကိုသာ ကြိုးစားဆောင်ရွက်ခြင်းက နေဟမိအား အလွန်ပြင်းထန်သော စွပ်စွဲမှု ခံရသောအချိန်၌ပင် ကြည်လင် ရှင်းလင်းသော စိတ်သဘောကို ပိုင်ဆိုင်စေခဲ့ပါသည်။

<u>ငါကလည်း . . . စေလွှတ်၍ ပြန်ပြော၏</u> (နေဟမိ ၆း၈)။ ထိုမှားယွင်းသော စွပ်စွဲချက်ဖြစ်ကြောင်း ရှင်းလင်းလှသောကြောင့် အလုပ်ပျက်လျက် မိမိကိုယ်ကို ကာကွယ်ပြောဆိုဖို့ မလိုအပ်ပါ။ မိမိကိုယ်တိုင် သွားရောက် ဖြေရှင်းစရာ မလို၊ နှုတ်စကား ပါးခြင်းဖြင့် တုန့်ပြန်ခြင်းသည် လုံလောက်၏ ဟု နေဟမိ သတ်မှတ်ခဲ့ပါသည်။ မိမိ ပြန်လာရခြင်း၏ ရည်ရွယ်ချက်သည် ရှင်ဘုရင်ထံမှ ရယူခဲ့သော စာများအားဖြင့် အစကတည်းမှ ရှင်းရှင်းလင်းလင်း ရှိခဲ့ပါသည် (နေဟမိ ၂း၉)။ သမ္ဘာလတ်ကိုယ်တိုင်ကလည်း "ဣသရေလ အမျိုးသားတို့၏ အကျိုးကို ပြုစုခြင်းငှါ၊ လူတယောက် လာကြောင်းကို" (နေဟမိ ၂း၁၀) သိခဲ့ပါသည်။ ထို့ပြင်၊ ရောက်ရှိလာသောအခါ၊ သူပြုသောအမှုသည် တခုတည်းဖြစ်ပါသည်။ ယေရုရှလင်မြို့သို့ ရောက်လာရခြင်း၏ ရည်ရွယ်ချက်ဖြစ်သော မြို့ရိုး တည်ဆောက်ခြင်းမှလွဲ၍ သူသည် အခြား ဘာအမှုကိုမျှ မပြုခဲ့ပါ။ ထို့ကြောင့်၊ စွပ်စွဲချက်ကို ရဲရင့် ပြတ်သားစွာ၊ "သင်ပြောသော စကားတခွန်းမျှ မမှန်၊ ကိုယ်စိတ်ထဲမှ အချည်းနှီး ထင်တတ်သည်ချည်း" (နေဟမိ ၆း၈) ဟု ပြန်လည် တုန့်ပြန်လျက် ပြောခဲ့ပါသည်။

<u>ထို့ကြောင့်၊ *အိုဘုရားသခင်၊* ယခု ငါ့လက်တို့ကို အားရှိစေတော်မူပါ</u> (နေဟမိ ၆း၉)။ ထိုသို့ သမ္ဘာလတ်အား ပြန်လည် တုန့်ပြန်ဖို့ လူစေလွှတ်စဉ်၊ နေဟမိသည် ဘုရားသခင်ထံ ဆုတောင်းခဲ့ပါသည်။ သူသည် စွပ်စွဲချက်ကို မှန်ကန်စွာ ဖြေရှင်းကိုင်တွယ်ခဲ့ပါသည်။ သူသည် မိမိ၏တာဝန်ဆောင်ရွက်ခြင်း၌ လုံးဝ စွပ်စွဲလို့ မရအောင်၊ အပြစ် အနာအဆာ ကင်းစွာ နေထိုင်ခဲ့ပါသည်။ ထိုသို့ စွပ်စွဲခြင်း ခံရသောအခါ၊ ဆွေးနွေးဖို့ရန် ဖိတ်ခေါ်ကြသော်လည်း၊ အလုပ်ပျက် သွားရောက်ခဲ့ခြင်း မပြုခဲ့ပါ။ သူတို့ကို မှန်ကန်စွာ တုန့်ပြန်ခဲ့ပြီး၊ အလုပ်ကို ဆက်လုပ်ခဲ့ပါသည်။ ထိုသို့ အလုပ်ကို အာရုံစိုက် လုပ်ဆောင်စဉ်၊ ဘုရားသခင်ထံ ဆုတောင်းလျက် ခွန်အား တောင်းလျှောက်ခဲ့ပါသည်။ ဘုရားသခင်အတွက် ကောင်းမြတ်သောအမှုကို လုပ်ဆောင်သော၊ များစွာသော လူတို့သည် စွပ်စွဲခြင်း ခံရကြသောအခါ၊ ထိုအမှုတော်ကို စွန့်လွှတ်တတ်ကြပါသည်။ သို့သော်လည်း၊ နေဟမိသည် ထို ကောင်းမြတ်သောအမှုကို ဆက်လက် လုပ်ဆောင်နိုင်ဖို့ရန် ခွန်အား တောင်းလျှောက်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - (ဂလာ ၁း၁၀ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** အဖဘုရား၊ ရန်သူ၏ တိုက်ခိုက်စွပ်စွဲမှုများအကြား သစ္စာရှိသော ဘဏ္ဍာစိုး ဖြစ်မည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ ဖေဖော်ဝါရီ (၁၇)

**နေဟမိ ၆း၅-၉**

ဇေ ၄း၁-၅

*“ပြည်သားတို့သည် ယုဒ အမျိုးတို့ကို လက်အား လျော့စေ၍”*

## အောင်မြင်သော အမှုတော်အတွက် အသိအမြင် (၅)

ဘုရားသခင် အမှုတော်၏ ရန်သူများသည် နေဟမိအား ကြိုးစား သွေးဆောင်ခဲ့ကြသော်လည်း မအောင်မြင်ခဲ့ကြပါ။ ထိုအခါ၊ နည်းဗျူဟာ အသစ်ကို ကြံစည်ခဲ့ကြပါသည်။ စွပ်စွဲ ခြိမ်းခြောက်ခြင်းကို အသုံးပြုခဲ့ပါသည်။ ယေရုရှလင် မြို့ရိုး တည်ဆောက်ခြင်း တိုးတက်လာသည်နှင့်အမျှ ဆန့်ကျင်ခြင်းအမှုသည်လည်း လျော့မသွားခဲ့ပါ။ ဇေရမှတ်စာ အခန်းကြီး ၄ တွင်၊ ရန်သူတို့သည် တည်ဆောက်ခြင်းအလုပ်၌ ပါဝင်ဖို့ကြိုးစားခဲ့ကြသော်လည်း၊ မအောင်မြင်ခဲ့ကြပါ။ ထိုအခါ၊ ခြိမ်းခြောက်ခြင်းကို ပြုခဲ့ကြပါသည်။ ထိုသို့ ရှင်ဘုရင်ထံ တိုင်ကြားစာ ရေးခဲ့ကြသောအခါ၊ အောင်မြင်ခဲ့ကြပြီး၊ အလုပ် ရပ်တန့်ခဲ့ရပါသည်။

<u>သင့်ကို ရည်ဆောင်၍ ယေရုရှလင်မြို့၌ ဟောပြောရသော ပရောဖက်တို့ကို သင်ခန့်ထားပြီ</u> (နေဟမိ ၆း၇)။ နေဟမိ အပေါ် စွပ်စွဲသောအချက်သည် တံဆိတ် မခတ်သောစာ၌ လူထု သိအောင် ရှင်းလင်းစွာ ဖော်ပြခဲ့ကြပါသည်။ သူသည် ပုန်ကန်ခြင်းအမှုကို ကြံစည် ဦးဆောင်လျက်ရှိကြောင်း စွပ်စွဲခဲ့ကြ၏။ သမ္ဘာလတ်က နေဟမိသည် ပေရသိ ဘုရင်ကို ပုန်ကန်လျက် နိုင်ငံတည်ထောင်ရန် ကြံစည်ကြောင်း၊ ယေရုရှလင်မြို့၌ မိမိအကြောင်းကို ဟောပြောမည့် ပရောဖက်များ ခန့်ထားကြောင်း စွပ်စွဲခဲ့ပါသည်။ ယေရုရှလင်မြို့၌ နေဟမိကို ထောက်ခံသောသူများအား သံသယဝင်စေဖို့ရန် သမ္ဘာလတ်သည် ထိုသို့ ပြုရခြင်းဖြစ်ပါသည်။ နေဟမိအား တဦးတည်း အထီးကျန် ဖြစ်စေဖို့ရန် ကြိုးစားခဲ့ကြပါသည်။

<u>ထိုစကားအတိုင်း ရှင်ဘုရင်အား ကြားလျှောက်ရမည်</u> (နေဟမိ ၆း၇)။ သူတို့၏ ကောက်ကျစ်သော ရည်ရွယ်ချက်ကို ဖုံးကွယ်ဖို့ရန် နေဟမိအား ဂရုစိုက်ချင် ယောင်ဆောင်ခဲ့ပါသည်။ ထိုသတင်းကို ရှင်ဘုရင် ကြားသိခဲ့လျှင်၊ ထိုပုန်ကန်ခြင်းအမှုကို ရှင်ဘုရင်ကိုယ်တိုင် ဖြေရှင်းလိမ့်မည် ဖြစ်သောကြောင့်၊ ထိုသို့ မဖြစ်မီ၊ မိမိ၏ ဖိတ်ခေါ်ခြင်းကို လက်ခံလျက်၊ ထိုအမှုကို ပြောင်းလဲစေမည်ဟူသော သဘောဖြင့် နေဟမိကို သွေးဆောင်ခဲ့ပါသည်။ သို့သော်လည်း၊ နေဟမိ လက်မခံခဲ့ပါ။ “သို့ဖြစ်၍ လာပါ။ တိုင်ပင်ကြကုန်အံ့” ဟု ကူညီမစချင် ယောင်ဆောင်လျက် ဆိုခဲ့ကြပါသည်။ အိမ်နီးချင်း ကောင်း ယောင်ဆောင်လျက်၊ လူများအကြား ပျံ့နှံ့လျက်ရှိသော သတင်းကို ဖြေရှင်းဖို့ရန် ကူညီမည်ဖြစ်သောကြောင့် သင့်အကြောင်းကို ကျွန်ုပ်တို့အား အသိပေးဖို့ရန် လာပါဟု သွေးဆောင်ခြင်းဖြစ်ပါသည်။ သို့မဟုတ်လျှင်၊ ထိုပုန်ကန်ခြင်း သတင်းသည် ရှင်ဘုရင် ကြားသိလျက်၊ နေဟမိနှင့် ယုဒလူများအပေါ် ဆိုးကျိုး ဖြစ်လာမည်ဟု ဆိုလိုကြခြင်းဖြစ်ပါသည်။

ထို တံဆိပ် မခတ်သောစာကို အကူအညီ လိုအပ်သော မိတ်ဆွေအား ဂရုစိုက်ချင် ယောင်ဆောင်လျက် ရေးသားသောစာ ဖြစ်ပါသည်။ အမှန်မှာ၊ မြို့ရိုး တည်ဆောက်ခြင်း အမှုကို ဆီးတားဖို့ရန် ထိုသတင်းအားလုံးကို ကြံစည် ဖန်တီးသောသူသည် သူတို့ကိုယ်တိုင် ပင်ဖြစ်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - (သု ၂၀း၆ နှင့် ၂၈း၂၀ ကို ဖတ်ပါ)။

**ဆုတောင်းချက်-** အို အဖဘုရား၊ အို အဖဘုရား၊ ကိုယ်တော်၏အမှုတော် ဆောင်ရွက်ဖို့ရန် သည်းခံနိုင်ခြင်း နှင့် ခွန်အား တန်ခိုးများ ပေးသနားတော်မူပါ။



စနေ၊ ဖေဖော်ဝါရီ (၁၄)

**နေဟမိ ၆း၁-၄**

ရောမ ၁၅း၁၄-၂၄

*“သင်တို့ရှိရာသို့ သွားခြင်းငှါ တာရှည်စွာ ကာလပတ်လုံး အလိုရှိသောကြောင့်”*

## အောင်မြင်သော အမှုတော်အတွက် အသိအမြင် (၂)

ဆန့်ကျင်မှုနှင့် တိုက်ခိုက်မှု ရင်ဆိုင်နေရပြီး၊ ရန်သူသည် နည်းဗျူဟာပြောင်းလျက် ချဉ်းကပ်လာသောအခါ၊ ထိုအပြောင်းအလဲကို ကျွန်တော်တို့သည် အခြေအနေ ကောင်းလာမည်ဟု မှားယွင်းစွာ ထင်မှတ် တတ်ကြပါသည်။ ထို့ပြင် ကျွန်တော်တို့သည် မိမိရပ်တည်ချက်ကိုရင်း၊ လုပ်ဆောင်သောအမှုနှင့် အကျိုးတရားကိုရင်း ပြန်လည် သုံးသပ်တတ်ကြပါသည်။ ထိုအချက်သည် ကျွန်ုပ်တို့၏ ကျဆုံးခြင်း အစဖြစ်တတ်ပါသည်။ ခြိမ်းခြောက်ခြင်းဖြင့် ရန်သူက အောင်မြင်မှု မရသောအခါ၊ လှည့်စားခြင်းဖြင့် ကျွန်ုပ်တို့၏ အမြင်ကို ပြောင်းလဲစေလျက် အောင်မြင်မှု ရတတ်ပါသည်။

<u>ငါသည် ကြီးသော အမှုကို ဆောင်ရွက်ရသောကြောင့်</u> (နေဟမိ ၆း၃)။ မိတ်ဆွေ အယောင်ဆောင် ဖိတ်ခေါ်မှု နေဟမိ တုန့်ပြန်ချက်က မြို့ရိုးတည်ဆောက်ခြင်းအမှု၌ သူ၏ဆုံးဖြတ်ချက် ခိုင်မာမှု၊ ဆက်ကပ်မှုနှင့် အသိအမြင်ကို ရှင်းလင်းစွာ ဖော်ပြလျက်ခဲ့ပါသည်။ ထိုအမှု၌ သူနှင့် လူထုသည် အမျိုးမျိုးသော အခက်အခဲကို သည်းခံ ကျော်ဖြတ်ခဲ့ကြပါသည်။ ယခုတွင်၊ မြိုးရိုးသည် တဆက်တည်းဖြစ်၍ မြို့တံခါးများ တပ်ဆင် ပြုပြင်ခြင်းသာ ကျန်တော့သော်လည်း၊ နေဟမိ၏ အလုပ်အပေါ် ထားရှိသည့် စိတ်သဘောသည် ပြောင်းလဲခြင်း မရှိခဲ့ပါ။ သူ၏ ဆက်ကပ်မှုနှင့် ဆုံးဖြတ်ချက်သည် အရင်အတိုင်း ဖြစ်ပါသည်။ “ပြီးခါ နီးပြီ” ဟု သူ မတွေး၊ “ငါသည် ကြီးသော အမှုကို ဆောင်ရွက်နေ၏” ဟု သတ်မှတ်ထားပါသည်။ ဘုရားသခင်၏အမှုတော်သည် အစမှ အဆုံးထိ ကြီးသောအမှု ဖြစ်ပါသည်။ ပြီးခါနီး၊ ကျန်နေသေးသော အမှုသည်လည်း ကြီးသောအမှု ဖြစ်ပါသည်။ ဘုရားသခင်၏အမှုတော် ကြီးမြတ်မှုသည် လုပ်စရာ ဆောင်ရွက်သောအမှု များသည်၊ နည်းသည် ဟူသော အရေအတွက်ဖြင့် သတ်မှတ်သည် မဟုတ်ပါ။

<u>ထိုအမှုကို မဆောင်ရွက်ဘဲ သင်တို့ ရှိရာသို့ ဆင်းသွား၍၊ အဘယ့်ကြောင့် အမှုပျက်ရမည်နည်း</u> (နေဟမိ ၆း၃)။ နေဟမိအပေါ် ဘုရားသခင် တင်တော်မူသော ဝန်ထုပ်သည် ထိုအမှု ပြီးစီး ဆောင်ရွက်ရန် ဖြစ်ပါသည်။ ပြီးစီးခြင်း မရှိဘဲ၊ အစပြုရန်သာ မဟုတ်ခဲ့ပါ။ မြို့ရိုးကို ပြီးစီးသည်အထိ တည်ဆောက်ရန် ဖြစ်ပါသည်။ မြို့ရိုး တည်ဆောက်ခြင်း တိုးတက်လာသည်နှင့်အမျှ ဝန်ထုပ် ပေါ့သွားသည်ဟူ၍ မရှိပါ၊ ဆောက်လုပ်ခြင်း ပြီးစီးသည်အထိ ထိုဝန်ထုပ်ကို ထမ်းနေရပါမည်။ ထိုနည်းတူ၊ ပေါလုသည်လည်း ရောမ ခရစ်ယာန်များအပေါ် ကာလရှည်စွာ ထမ်းရသော မိမိစိတ်သဘောကို ဖော်ပြခဲ့ပါသည် (ရောမ ၁း၁၀-၁၃၊ ၁၅း၂၃)။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အမှုတော်ကို အဆုံးတိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်၏နှုတ်၊ အပြုအမူနှင့် စိတ်သဘောတို့သည် ကြင်နာခြင်း ရှိမည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ ဖေဖော်ဝါရီ (၁၅)
**နေဟမိ ၆း၁-၄**
သူကြီး ၁၆း၁၃-၂၁

*"သူ အသက် သေလုအောင် နှောင့်ရှက်သောကြောင့်"*

## အောင်မြင်သော အမှုတော်အတွက် အသိအမြင် (၃)

ရန်သူ၏ မနားတမ်း တိုက်ခိုက်မှုကို ခံရသောကြောင့် အလွန် ပင်ပန်းခဲ့ပါလိမ့်မည်။ ရှံဆုံကဲ့သို့ နေဟမိသည် ရန်သူ၏ အစဉ် တိုက်ခိုက်မှုကို ခံနေရပါသည်။ ရှံဆုံသည် ကျဆုံး ခဲ့သော်လည်း၊ နေဟမိ မူကား ထိုဆန့်ကျင်မှုကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ပါသည်။ သူတို့နှစ်ဦးသည် ခြားနားမှုလည်း ရှိခဲ့ပါသည်။ ရှံဆုံသည် မိမိ၏ ဇာတိအလို လိုက်နေစဉ် ထိုသို့သော တိုက်ခိုက်မှုကို ခံရပြီး၊ နေဟမိ မူကား ဘုရားသခင်၏အမှုတော် ဆောင်ရွက်နေစဉ် ရန်သူ၏ ဆန့်ကျင်မှု ခံရခြင်း ဖြစ်ပါသည်။ ရှံဆုံသည် မတူညီသော အဖြေများကို ပေးခဲ့ပြီး၊ နေဟမိ မူကား တူညီသော အဖြေကို အစဉ် ပေးခဲ့ပါသည်။

<u>ငါသည်လည်း ယခင်ကဲ့သို့ ပြန်ပြော၏</u> (နေဟမိ ၆း၄)။ ဆုံးဖြတ်ချက် ခိုင်မာမှုကို လူတဦး၏ရပ်တည်မှု၌ တွေ့ရပါသည်။ သမ္ဘာလတ်နှင့် သူ၏အပေါင်းအပါတို့သည် နေဟမိ၏ ပထမအကြိမ် တုန့်ပြန်မှု၌ စိတ်ပျက် မသွားဘဲ၊ ဆက်လက် ကြိုးစားခဲ့ကြပါသည်။ သို့သော်လည်း၊ နေဟမိသည် မိမိ၏ ဆုံးဖြတ်ချက်၌ မြဲမြံခြင်းရှိသည်ဖြစ်သောကြောင့်၊ ထိုနည်းတူ ပြန်လည် တုန့်ပြန်ခဲ့ပါသည်။ မိမိ၏ တုန့်ပြန်မှုသည် မေးခွန်း ဘယ်လိုလာလာ ပြောင်းလဲခြင်း မရှိခဲ့ပါ။ နေဟမိသည် ပြုသောအမှုအပေါ် ဆုံးဖြတ်ချက် ခိုင်မာသည်ဖြစ်၍ ကျန်ရှိသေးသောအမှု နည်းသည်ဖြစ်စေ၊ မိမိ၏ ဆက်ကပ်မှု ပြောင်းလဲခြင်း မရှိ၊ အပြီးတိုင် လုပ်ဆောင်မည်ဟု ထိုအမှု၏ ကြီးမြတ်မှုကို ဖော်ပြခဲ့ပါသည်။ ဆောင်ရွက်မည့် အမှု နည်းသောကြောင့်၊ ထိုအမှု၏ ကြီးမြတ်မှု လျော့သွားခြင်း မရှိပါ။ သမ္ဘာလတ်နှင့် သူ၏အပေါင်းအပါတို့၏ ကြိုးစားအားထုတ်မှုကို နေဟမိက မိမိ၏ ဆုံးဖြတ်ချက် မြဲမြံမှုဖြင့် တုန့်ပြန်ခဲ့ပါသည်။ နေဟမိ၏ ရှုရှန်မှ ယေရုရှလင်မြို့သို့ ထွက်လာရခြင်း စိတ်သဘောထားသည် ယေရုရှလင်မြို့ ရောက်သောအခါ၌လည်း ပြောင်းလဲခြင်း မရှိခဲ့ပါ။ ဆောင်ရွက်သောအမှုအပေါ်၌လည်း အသိအမြင် စိတ်ထား ပြောင်းလဲခြင်း မရှိခဲ့ပါ။ လုပ်ဆောင်သောအမှုနှင့် ကင်းကွာလျက်နေမည်ကိုလည်း မလိုလားခဲ့ပါ။ မိမိ မရှိဘဲ၊ မြို့ရိုးတည်ဆောက်ခြင်းအမှု တိုးတက်ခြင်း ရှိမည်ဟု မထင်ခဲ့ပါ။ မိမိအတူပါရှိခြင်းသည် ထိုအမှုအတွက် အလွန်အရေးကြီးကြောင်း သူ၏ တုန့်ပြန်မှု၌ ထင်ရှားစွာတွေ့ရပါသည်။ ဘုရားသခင်၏အမှုတော် ဆောင်ရွက်ခြင်းအမှုသည် အလွန်ကြီးမြတ်သောအမှုဖြစ်ကြောင်း ကျွန်တော်တို့ နားလည်သဘောပေါက်ဖို့ရန် ဘုရားသခင် မစတော်မူပါစေသော်။ ပြုသောအမှု၌ ကြိုးစားအားထုတ်မှုနှင့် ဆက်ကပ်မှုသည် ထိုအမှုပေါ် ထားရှိသော အသိအမြင်ပေါ်၌ အခြေခံထားပါသည်။ ဒေလိလကဲ့သို့ ဤလောကီလူတို့သည် ကျွန်ုပ်တို့၏အသိအမြင်ကို ပြောင်းလဲစေလျက်၊ ဤလောကီသဏ္ဍာန်ဆောင်ဖို့ရန် အစဉ် ကြိုးစားနေမည်ဖြစ်ပါသည်။ ထိုအခါ၊ ဝိညာဉ် ခွန်အားနှင့် စိတ်နှလုံး မြဲမြံမှုသည် ဘုရားသခင်ပြုတော်မူသောအမှု၊ ခေါ်တော်မူခြင်းနှင့် ထိုဘုရားသခင်အပေါ် ထားရှိသော ယုံကြည်ခြင်းနှင့်ဆက်ကပ်မှု၌ အခြေခံလျက်ရှိပါသည်။

**ဆင်ခြင်ရန်** - (ရောမ ၁၂း၁-၂ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** (သင့်ကို မစခြင်းငှါ အလိုရှိတော်မူသော၊ ကယ်တင်ရှင်အား သင့်အား မစဖို့ရန် တောင်းလျှောက်ပါလော့)။



တနင်္လာ၊ ဖေဖော်ဝါရီ (၁၆)
**နေဟမိ ၆း၅-၉**
၄ ရာ ၁၈း၂၆-၃၂

*"မြို့ရိုးပေါ်မှာ ထိုင် . . . သောသူတို့ရှိရာသို့ စေလွှတ်တော်မူသည် မဟုတ်လော"*

## အောင်မြင်သော အမှုတော်အတွက် အသိအမြင် (၄)

သမ္ဘာလတ်နှင့် သူ၏အပေါင်းအပါတို့သည်၊ နေဟမိအား အလုပ်နှင့် ကင်းကွာ စေဖို့ရန် ခေါ်ထုတ်ဖို့ ဖိတ်ခေါ်သော်လည်း မအောင်မြင်သောအခါ၊ သူတို့ထံ ထွက်လာစေဖို့ရန် ခြိမ်းခြောက်ခြင်းကို အသုံးပြုဖို့ ဆုံးဖြတ်ခဲ့ကြပါသည်။ နေဟမိအား မှားယွင်းစွာ စွပ်စွဲလျက်၊ မိမိကိုယ်ကျိုးကို ရှာသောသူ၊ ပုန်ကန်ခြင်းအမှုကို ပြုဖို့ရန် ကြိုးစားနေသူဟု ဆိုခဲ့ကြပါသည်။

<u>နောက်ပဉ္စမအကြိမ်၌ . . . ကျွန်တွင် တံဆိပ် မခတ်သော စာပါ၏</u> (နေဟမိ ၆း၅)။ ဤတိုက်ခိုက်မှုသည် လုံးဝ အသစ်အဆန်း မဟုတ်ခဲ့ပါ။ အသစ်သော ချဉ်းကပ်မှု၊ တိုက်ခိုက်မှု အသွင်သစ်သာလျှင် ဖြစ်ပါသည်။ အရင် ဖိတ်ခေါ်မှု မအောင်မြင်ခဲ့ပါ။ ထို့ကြောင့်၊ တံဆိပ် မခတ်သောစာ (လူအပေါင်း သိစေဖို့ရန် ရည်ရွယ်ခဲ့ကြခြင်းဖြစ်ပါသည်) ကို မိမိကျွန်အား စေလွှတ်လျက် ပို့ခဲ့ပါသည်။ တံဆိပ် မခတ်သောစာဖြစ်သောကြောင့်၊ လူတိုင်း ဖတ်ခွင့်ရှိပြီး၊ ကြားရသောခွင့် ရှိပါသည်။

ရာဗရှာခသည် ဟေဇကိမင်း၏ တမန်တို့အား (ရှုရိ ဘာသာစကားဖြင့် မဟုတ်ဘဲ) ခြိမ်းခြောက်ခြင်း စကားကို လူထုအပေါင်း ကြားသိစေဖို့ရန် ယုဒ ဘာသာဖြင့် ကျယ်လောင်စွာ ပြောခဲ့သကဲ့သို့ ဖြစ်ပါသည်။ ရည်ရွယ်ချက်မူကား၊ ကြားသောသူတို့အား ကြောက်စိတ်ဝင် စေဖို့ရန် ဖြစ်ပါသည်။ ထိုနည်းတူ၊ သမ္ဘာလတ်သည် နေဟမိထံသို့ မိမိ၏ကျွန်ကို စေလွှတ်လျက်၊ ပြီးစီးခါနီးနေသော မြို့ရိုးတည်ဆောက်ခြင်းအမှု၌ နေဟမိအား ပြင်းထန်သော စွပ်စွဲချက်များ ရေးထားသော ထို တံဆိပ် မခတ်သည့်စာကို ပို့ခဲ့ပါသည်။

<u>သင်နှင့် ယုဒလူတို့သည် ပုန်ကန်မည်အကြံရှိသည် . . . ထိုစကားနှင့်အညီ သင်သည် . . . မြို့ရိုးကို တည်၏</u> (နေဟမိ ၆း၆)။ ထိုမှားယွင်းသော စွပ်စွဲချက်ဖြင့် နေဟမိအား ခေါ်ထုတ်ရန် ကြံစည်သည်သာမက၊ လူတို့သည် နေဟမိအား အမြင်မှားစေရန် ရည်ရွယ်ခဲ့သည်ဟု ထင်ရပါသည်။ ထိုစာ၌ပါသော အကြောင်းအရာသည် အလွန် ပြင်းထန်သော စွဲချက်များဖြစ်သောကြောင့်၊ လူတို့သည် နေဟမိ အပေါ် သံသယ ဝင်လျက်၊ ကြောက်စိတ် ဝင်ပြီး သူနှင့်အတူ လက်မတွဲ လိုတော့ဘဲ အလုပ် မလုပ်ဘဲ နေကြမည်အကြောင်း ရည်ရွယ်ခဲ့ပါသည်။ လူတို့သည် နေဟမိထံ သံတမန်များ စေလွှတ်ခြင်းကို မြင်ခဲ့ကြပါလိမ့်မည်။ ထိုအခါ၊ သူတို့သည် သိချင်စိတ် ရှိခဲ့ကြပါလိမ့်မည်။ ဦးစွာ စွပ်စွဲချက် မတင်ခဲ့သော်လည်း၊ ယခု ပဉ္စမအကြိမ်တွင် လူထုသိစေရန် သတင်း ဖော်ပြခဲ့ပါသည်။ သူတို့၏ ဖိတ်ခေါ်ခြင်းကို မဖြစ်မနေ လက်မခံစေဖို့ရန်၊ မိမိ၏ နာမည်ဆိုးသတင်းကို ဖြေရှင်းရမည်အကြောင်း နေဟမိအား အတင်း ဖမ်းချုပ်ဖို့ ကြံစည်ကြခြင်း ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - (ဆာလံ ၃၇း၇-၈ ကို ဖတ်ပါ)။
**ဆုတောင်းချက်-** အို အဖဘုရား၊ ကိုယ်တော်၏အမှုတော် ဆောင်ရွက်ဖို့ရန် သည်းခံနိုင်ခြင်း နှင့် ခွန်အား တန်ခိုးများ ပေးသနားတော်မူပါ။